www.burmeseclassic.com

# ဦးဆောင်သူနှင့် အသိပညာ အလိမ္မာစွမ်းအား

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်သူနှင့် အသိပညာ အလိမ္မာစွမ်းအား

ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ
အုပ်ရေ ၅၀၀
ဒီဇိုင်း– မျိုးဆွေသန်း
အတွင်း၊ အဖုံးဖလင်–ဦးထွန်းဆိုင်၊ မြကျွန်းသာ

စာမူခွင့်ပြုချက်အမှတ် ၄၀၀၆၉၉၀၅၁၁ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၀၀၇၄၂၀၆၁၁ တို့အရ
ဒေါက်တာမတင်ဝင်း (၃၇၇၄) ဝင်းရတနာစာပေ၊ ၁၅၀၁၊
အထက်ပန်းဆိုးတန်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်က ထုတ်ဝေ၍
မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်ရင် ရွှေခြေသေ့ပုံနှိပ်တိုက်၊ အမှတ်
၂၀၈၊ မြေညီထပ်၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ် ရန်ကုန်မြို့က
ပုံနှိပ်သည်။

စာအုပ်ချုပ် ကိုမြင့်
တန်ဖိုး (၂၀၀၀) ကျပ်
နန့်ချစ်ကြည်စာပေမှ စီစဉ်ဖြန့်ချိပါသည်
ဖုန်း ၃၉၃၀၇၅၊ ၀၉၅၀၁၂၆၉၀

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၀၀၁

တင်ဝင်း ။ မ ။ ဒေါက်တာ (ပညာရေးတက္ကသိုလ်)
ဦးဆောင်သူနှင့် အသိပညာ အလိမ္မာစွမ်းအား/ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)၊ ရန်ကုန်။
ဝင်းရတနာစာပေ၊ အဌမအကြိမ်၊ ၂၀၁၁။
၂၀၃ စာ၊ ၁၃ . ၅ × ၂၁ စင်တီ။
(၁) ဦးဆောင်သူနှင့် အသိပညာ အလိမ္မာစွမ်းအား

## မာတိကာ

၁။ ဘိုးဘွားတွေက ကိုယ်ပိုင်မြေကို နေဖို့ထားခဲ့တယ် ၅
၂။ ဇာတိမြေကို စွဲလမ်းတွယ်တာခြင်း ၁၀
၃။ ကျေးရွာဂုဏ်ကို အောက်မေ့ခြင်းကို လေးမြတ်စွာပူဇော်ခြင်း ၁၄
၄။ ငယ်ငယ်တုန်းကစခဲ့တဲ့ အသိပညာသင်ယူမှု
အခက်အခဲများအကြောင်း ၁၇
၅။ အလွမ်းပြေအောင် စာဟောင်းတွေကို ပြန်ဖတ်ရတယ် ၂၂
၆။ ရှင်သန်အောင် ကြိုးစားခြင်း ၂၅
၇။ မြဝတီမင်းကြီး ဦးစ ၃၀
၈။ တွေးတောစဉ်းစားတာ ကောင်းပါတယ်၊ ဒါပေမယ့်
နည်းလမ်းမှန်ဖို့ လိုပါတယ် ၃၅
၉။ ခရီးသွားရင်း ပညာရှာခြင်း ၃၈
၁၀။ မိမိတို့မှာ ဒီလိုဒုက္ခမျိုးကို မရောက်တာပဲ ကျေးဇူးတင်ရမယ် ၄၀
၁၁။ လောကကြီးဟာ တုန်လှုပ်နေတယ် ၄၃
၁၂။ အရေးကြီးရင် သွေးနီးရာချိတတ်တာက
မြန်မာတိုင်းရင်းသားများရဲ့ စရိုက်သဘာဝ ၄၆
၁၃။ မင်းလိုလူစား ၇၅ ဟော ၅၇
၁၄။ မွေးကတည်းက ပါလာတဲ့ အမတော ၆၂
၁၅။ တပည့်သားမြေး မွေးမြူတတ်ခြင်း ၆၆
၁၆။ ဘဝနေနည်း ၇၀
၁၇။ စည်း ၇၇
၁၈။ ကိုယ်ပိုင်နိုင်ငံ ကိုယ်ပိုင်မြေရှိတဲ့သူမှသာ သိက္ခာနဲ့ပြည့်စုံတယ် ၈၄
၁၉။ ကြည်း ရေ လေ အင်အားမရှိတဲ့ပါတဲ့ မြန်မာပြည် ၈၅
၂၀။ လူအမျိုးမျိုး နတ်အဖုံဖုံနဲ့ ကြုံတဲ့အခါ ၁၀၁
၂၁။ စကားပုံများနှင့် ထင်ဟပ်ဟာ တင်ပြချင်စရာ
အချက်ကလေးများ ၁၀၅

www.burmeseclassic.com

၂၂။ ကျေးဇူးဆပ်ခြင်းနှင့် လှူဒါန်းခြင်း ၁၀၈
၂၃။ စ ကား ၁၁၄
၂၄။ စာလောက်သာ ပညာဟု မမှတ်ပါနှင့်၊
လက်အလုပ်များကိုလည်း တတ်အောင်သင်ပေးပါ ၁၂၀
၂၅။ စာရေးဆရာ ပြောချင်တာကို တည့်တည့်ဖတ်စေချင်ပါတယ် ၁၂၆
၂၆။ ပုဂံပြည်ကိုရောက်ခဲ့တယ်၊ ပြောစရာတွေများခဲ့တယ် ၁၂၈
၂၇။ မကောင်းတဲ့စကားကို တကူးတကသယ်ဆောင်ပြီး လာတဲ့သူရဲ့
စကားကို နားမထောင်နဲ့၊ မကောင်းတဲ့အကြောင်းကို
သယ်ဆောင်လာတယ်ဆိုတာ အကောင်ပုပ်ကို ချီလာတဲ့
လင်းတနဲ့တူတဲ့ လူစားပါပဲ ၁၃၃
၂၈။ ရာဇဝတ်မှုကို ဘယ်လိုထိန်းပြီး ပပျောက်အောင်
ဘယ်လိုလုပ်ကြမလဲ ၁၃၆
၂၉။ စိတ်ကိုထိန်းကျင့်မရှိရင် ရာဇဝတ်မှုဖြစ်ဖို့ လွယ်ကူပါတယ် ၁၄၀
၃၀။ ဝိပါကဝဋ်ဆိုရင်တော့လည်း မရှောင်သာ ၁၄၃
၃၁။ ရာဇဝတ်မှုခင်းကို တားဆီးနိုင်အောင် ကြိုးစားလို့ရပါတယ် ၁၄၇
၃၂။ မှုခင်းများ နည်းပါးလာအောင် ဘယ်လိုလုပ်ရပါ့ ၁၅၀
၃၃။ ကလေးများ လိုက်နာရမယ့်စည်းကမ်းကို
နားလည်လက်ခံနိုင်မယ့်နည်းကိုသုံးပြီး သွန်သင်ပါ ၁၅၅
၃၄။ သားသမီးကို ငယ်စဉ်ခါက မဆုံးမသော်
မိဘတလည်း ရန်သူမည်၏ ၁၅၈
၃၅။ ဗီဇပတ်ဝန်းကျင်နှင့် ရာဇဝတ်မှုခင်းများ ၁၆၃
၃၆။ ရာဇဝတ်မှုခင်းများ ၁၆၆
၃၇။ ဘယ်နေရာရောက်ရောက် အရှုံးမရှိစေနဲ့၊
အမြတ်ရအောင် ယူတတ်ပါစေ ၁၆၉
၃၈။ မလိမ်နဲ့ မညာနဲ့ မအနဲ့ လက်ကောက်ဝတ်ရလိမ့်မယ် ၁၇၇
၃၉။ နောက်မှရတဲ့နောင်တ သုံးမရ ၁၈၀
၄၀။ ကျေးဇူးတင်ပါတယ် မေမေ ၁၈၆
၄၁။ ပဒေသာပင် မကွယ်အောင် စည်းရှိကြပါ ၁၈၉
၄၂။ ကိုယ့်အတွေး ကိုယ့်အကြံ ကိုယ့်ကံနှင့်ကိုယ်သာ ၁၉၂



## ဘိုးဘွားတွေက ကိုယ်ပိုင်မြေကို နေဖို့ ထားခဲ့တယ်

နိုင်ငံရပ်ခြားမှာ ပညာသင်ယူစဉ်က လွတ်လပ်တဲ့ကိုယ်ပိုင်နိုင်ငံကို ပိုင်ဆိုင်တဲ့ ကျောင်းသူဖြစ်တဲ့အတွက် အများနဲ့ယှဉ်ရင် မျက်နှာမငယ်ရတဲ့အခါတိုင်း ဘိုးဘွားစဉ်ဆက်ကို ဦးညွှတ်မိပါတယ်။ အဲသည်လို မျက်နှာမငယ်ဘဲ ဝင့်ဝင့်ထည်ထည် နေနိုင်ခဲ့တာဟာ ရှေးက ဒို့ဘိုး ဒို့ဘွားတွေ တော်ခဲ့လို့ ရှေ့ရေးကို တွေးတောကာ စီစဉ်သင့်တာ စီစဉ်ခဲ့လို့ပဲလို့ သင်ပြတဲ့သူက ကျွန်မရဲ့ဆရာဖြစ်သူ 'ဆရာမြင့်' ဖြစ်ပါတယ်။ တခြားဆရာတွေကရော မသင်ဘူးလားလို့ဆိုတော့ ဆရာမြင့်လို သမိုင်းဆရာမဟုတ်တဲ့အတွက် အခုလိုစကားနဲ့တော့ မသင်ပါဘူး။ အကြောင်းတိုက်ဆိုင်တဲ့အခါမှာတော့ သင်ကြားတာကို တင်ပြမှာ ဖြစ်ပါတယ်။

ဆရာမြင့်ကတော့ မြေပုံဆွဲတဲ့အခါမှာ မူလတန်း အထက်တန်း အဆင့် ကျောင်းသားကျောင်းသူများပီပီ မြေပုံရဲ့အနားကို ရေးပြီး ပြီးရောဝိုက်ချပြီးရေးလိုက်လို့ကတော့ အတန်းတစ်တန်းလုံး သင်ခန်းစာအသစ်တစ်ခုကို နားထောင်ရတော့တာပါပဲ။ ဒါပေမယ့် ပျင်းစရာမကောင်းတော့ဘဲ စိတ်ဝင်စားစွာ နားထောင်ကြပါတယ်။

ဆရာက ပြောပါတယ်။ "တပည့်တို့ အခု ဆရာတို့ရေးသားနေတဲ့ နိုင်ငံတော်ရဲ့ အနားရေးဆိုတာ အခုခေတ်အထိ ကိုယ်ပိုင်နိုင်ငံဟာ ဟောသည်လိုရှိခဲ့တယ်ဆိုတာ ပြသထားတဲ့အမှတ်အသားဖြစ်လို့ အရေးကြီးတယ်။ ဖြစ်သလို မရေးကြပါနဲ့။ အတွန့်ကလေးတွေ၊ အကွေးကလေးတွေဆိုတာကလည်း ရာသီဥတုကြောင့် ရေတိုက်စားတာကြောင့် ဖြစ်ပေါ်ခဲ့တဲ့ နေရာတွေကို ပျောက်ပျက်မသွားအောင်၊ နေရာပျက်မသွားအောင် လူတွေက စောင့်ရှောက်ပြီး သူတို့ခေတ်က ယခုအထိ လူတွေနေထိုင်ကြတဲ့ နေရာဒေသတွေ ဖြစ်တယ်။

အဲသည်လိုနေထိုင်ခဲ့ကြတဲ့အခါမှာ ဘယ်သူကမှ ရန်မပြုဘဲ အေးအေးဆေးဆေး နေရလိမ့်မယ် မထင်နဲ့။ မမေ့မလျော့ မပေါ့မတန်ဘဲ ကိုယ့်မြေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရေကို စောင့်ရှောက်နေရတာဗျ"လို့ အညာလေသံနဲ့ ပြောပါတယ်။ "ကိုယ့်ရေကို ကိုယ်စောင့်ရှောက်ရတယ်ဆိုတာကို နည်းနည်းနားထွေးချင် ထွေးမယ်။ သောက်ရေခွက်၊ သောက်ရေပုံးထဲက ရေကို ပြောတာမဟုတ်ဘူး။ မင်းတို့ငါတို့ နေထိုင်တဲ့ နိုင်ငံအစပ်ရဲ့ တချို့နေရာတွေမှာ ရေပြင်နယ်နိမိတ်တွေရှိတယ်၊ အဲသည်ရေပြင်နယ်နိမိတ်ကိုလည်း စောင့်ရှောက်နိုင်မှ တန်ကာကျတာဗျ"လို့ ဆရာက မာန်ပါပါနဲ့ ပြောပါတယ်။

"အဲသည်လို စောင့်ရှောက်တယ်၊ စောင့်ရှောက်ရတယ်လို့ ဆရာက ပြောတိုင်း သက်သောင့်သက်သာနဲ့ တံတိုင်းကလေးကာရုံနဲ့ ပြီးတာမဟုတ်ဘူးနော်၊ သစ်တပ်ကလေးဆောက်ပြီး စောင့်ကြည့်နေရုံနဲ့ ပြီးတာမဟုတ်ဘူးနော်။ ငါတို့နိုင်ငံဝန်းကျင်က နယ်နိမိတ်အတွန့်အကွေးတွေဟာ အသက်ကိုစတေးပြီး မပပျောက်အောင် သတိကြီးစွာထားပြီး စောင့်ရှောက်ထားရတာပါ။ သားတို့ သမီးတို့ရေ၊ သွေးနဲ့ရေးထားရတဲ့ နယ်နိမိတ်ဟာ မင်းတို့ကိုသည်ကိုယ်ပိုင်မြေကို ပိုင်တဲ့ ဂုဏ်အင်ကြီးမားသူများ ဖြစ်တယ်ဆိုတာ သက်သေပြနေတဲ့ အမှတ်အသားတွေပါ။ အဲသည်တော့ စိတ်အာရုံကို စုစည်းပြီး ဘိုးဘေးများကို ကျေးဇူးတော် အနုသ္သအတွက် ပေးဆပ်တဲ့အနေနဲ့ ကောင်းကောင်းရေးဆွဲလိုက်ကြစမ်းပါ"လို့ ပြောခဲ့ပါတယ်။ ကောင်းစွာရေးဆွဲခြင်းဆိုတာ စိတ်ကလည်း အသိတရားနဲ့ မြတ်နိုးစွာ လေ့လာပြီး ဒီနေရာတွေမှာ သွေးမြေကျခံပြီး ကိုယ်ပိုင်မြေကို ကာကွယ်ခဲ့ကြတဲ့ဘိုးဘေးများ၊ရဲ့ကျေးဇူးကို လေးမြတ်တဲ့စိတ်ထားနဲ့ ဂုဏ်ယူကာ ပီပီသသ မြေပုံကို ဆွဲရမှာ"လို့ ပြောပါတယ်။

စာရေးသူဟာ ယခုအထိ မြေပုံကို ပုံကျအောင် မရေးတတ်သေးပေမယ့် ဘိုးဘွားများရဲ့ ကျေးဇူးတော်အနုသ္သကိုတော့ မမေ့နိုင်တော့ပါဘူး။

မိမိတို့မြေဟာ ဘယ်နေရာက နေဘယ်နေရာအထိ ကျယ်ဝန်းတယ်ဆိုတာကို သတ်မှတ်ပြီး တံခွန်အလံစိုက်ခဲ့လို့ အခုအချိန်အခါမှာ ကိုယ်ပိုင်မြေပေါ်မှာ တင့်တောင့်တင့်တယ် နေနိုင်တာဖြစ်ပါတယ်။ တချို့သောသူများဟာ ပြည်နှင့်ကြွယ်ဝမှုတော့ရှိပါရဲ့၊ ကိုယ်ပိုင်မြေပေါ်မှာ မနေနိုင်တဲ့အတွက် အခုအချိန်အထိ ငွေကြေးသာ ပြည့်စုံတယ်။ ထည်ဝါတင့်တယ်တဲ့ဘဝကို မရဘဲ နေကြရတုန်းပဲ ဖြစ်ပါတယ်။ စစ်ပွဲတွေဆင်နွှဲနေရဆဲဖြစ်တဲ့ နိုင်ငံတွေဟာ မူလကတော့ ပြည့်စုံကြွယ်ဝခဲ့ပါတယ်။ ဒါပေမယ့် ကျူးကျော်သူ



များနဲ့ရင်ဆိုင်ရတဲ့အခါမှာ ဘယ်နေရာက နေဘယ်နေရာအထိ ငါတို့ပိုင်ခဲ့တယ်ဆိုတာကို သက်သေမပြနိုင်တဲ့အတွက် နိုင်ငံလွတ်လပ်ရေးအတွက် ဆောင်ရွက်ရာမှာ တော်တော်ခက်ပါတယ်။ အဲသည်အခက်အခဲများဟာ အတားအဆီးများ ဖြစ်သွားတော့တာပါပဲ။

အဲသည်လိုနဲ့ စစ်ညောင်းကြာရှည်နေတဲ့ နိုင်ငံများဟာ မရေတွက်နိုင်အောင် အရှေ့အလယ်ပိုင်းမှာ အခုထက်ထိရှိနေတုန်းဖြစ်ပါတယ်။ သတင်းတစ်ပုဒ်ကို ကြည့်ဖြစ်တဲ့အခါ ကာ့ဒ်လူမျိုး သူငယ်ချင်းများဆီကို အလည်အပတ် ပြန်သွားတဲ့ သတင်းစာဆရာတစ်ယောက်ကို ကြိုဆိုနေကြပါသတဲ့။ သူတို့ကြိုဆိုပုံက ဓာတ်ဆီပုံးတစ်ပုံးထဲမှာ နှင်းဆီစက်တစ်စက် စိုက်လို့၊ နှင်းဆီက ညှိုးနေပြီပေါ့။ သူငယ်ချင်းက ရှေးဟောင်းနှောင်းဖြစ် ပြောကြတော့ ဆက်ဒမ်ဟူစိန်လက်ထက်တုန်းက သူငယ်ချင်းတစ်ယောက်က သစ္စာဖောက်ပြီး အခုနိုင်ငံခြားကပြန်လာတဲ့ သူငယ်ချင်း ဘယ်မှာပုန်းနေတယ်ဆိုတာ ဆက်ဒမ်ကို သွားပြီးပြောလိုက်တော့ သတင်းစာဆရာ ဖြစ်လာတဲ့လူငယ်ဟာ အကြီးအကျယ် အနှိပ်စက်ခံရတာပေါ့။ နောက်မှ ထွက်ပြေး လွတ်မြောက်ပြီး အတန်ကြာ နိုင်ငံရပ်ခြားမှာ လှည့်နေခဲ့ပါတယ်။ ဆက်ဒမ်သေဆုံးတော့မှ ပြန်နိုင်တယ်ပေါ့။ ဒီနေရာမှာ စာဖတ်သူ လူငယ်များကို ပြောချင်တာက အခုသတင်းစာဆရာဖြစ်နေတဲ့ နိုင်ငံခြားကပြန်လာတဲ့သူရော၊ သူ့ကိုကြိုဆိုတဲ့သူများရော ကာ့ဒ်လူမျိုးတွေ ဖြစ်ပါတယ်။ သူတို့က ပါလက်စတိုင်း၊ အီရန်၊ အီရတ်၊ တူရကီ၊ ဆီးရီးယားစတဲ့ နိုင်ငံတွေထဲက ဘယ်နိုင်ငံကမှ အထင်လည်းမကြီး၊ လက်လည်းမခံတဲ့ လူမျိုးများဖြစ်ပါတယ်။တာ့ကြောင့် အဲသည်လို ဖြစ်ရတာလဲဆိုတော့ အခုပြောခဲ့ပြီးတဲ့ နိုင်ငံများ၊ ရှိနေပြီဖြစ်တဲ့ ကာလအထိ ကာ့ဒ်တို့က အခုနပြောခဲ့တဲ့ နိုင်ငံများရဲ့မြောက်ပိုင်း၊ တောင်တန်းများရဲ့ အောက်မှာရှိတဲ့ မြေဆီဩဇာကောင်းတဲ့ တောင်ခြေမှာ စိုက်ပျိုးချိန်တန်ရင် စိုက်ပျိုးတယ်။ အသီး အနှံများ ရင့်မှည့်လို့ ရိတ်သိမ်းချိန်တန်ရင် ရိတ်သိမ်းတယ်။ပြီးရင် အခြေတကျမနေကြဘဲ တခြားတစ်နေရာကို ရွှေ့ပြောင်းကြပါတယ်။အစောပိုင်းကတော့ မသိသာပါဘူး။ အဲသည်လိုပဲ အခြားလူမျိုးတွေလည်း နေကြတာကိုး။ ဒါပေမယ့် အမေရိကန်တို့လည်း အရှေ့အလယ်ပိုင်းကို တစ်စတစ်စနဲ့ ဝင်လာရော ပထမတော့ ခွဲခြားအုပ်ချုပ်တဲ့ နည်းစနစ်ကို သုံးကြပါတယ်။ အာရစ်များစုစည်းပြီး နေကြမယ့်အစား

www.burmeseclassic.com

www.burmeseclassic.com



အာရစ်ထဲမှာ လူမျိုးဂျင်းမှ တူတာမဟုတ်ဘဲ ကိုယ့်လူမျိုးအလိုက်ခွဲနေကြပါဆိုတဲ့ ဆွဲဆောင်မှုလုပ်လိုက်တာ ကြီးမားကျယ်ပြောတဲ့အာရစ်နယ်ကြီးဟာ အစိတ်စိတ် အမြွှာမြွှာကွဲပြီး နိုင်ငံသေးသေးကလေးများအဖြစ် အကွဲကွဲအပြားပြား ဖြစ်သွားတာပေါ့။ တကယ်တော့ နိုင်ငံတွေကို ခွဲခြမ်းစိတ်ဖြာပြီး အားနည်းတဲ့ နယ်ကလေးတွေ ဖြစ်စေချင်လို့ အကျိုးလိုသလိုလိုနဲ့ မကောင်းတာလုပ်စေချင်လို့ သွေးဆောင်တာပဲ ဖြစ်ပါတယ်။

ကာ့ဒ်လူမျိုးတွေက သူတို့သွားနေကျလမ်းကို သွားကာ ပြန်ကာလုပ်ရင်း သူ့ရာသီအလိုက် စိုက်ပျိုးရင်းနဲ့ စနစ်တွေ ပြောင်းသွားတာကို မသိလိုက်ပါဘူး။ဒီလောက်တောင်ပဲလားလို့ဆိုရင် ဆေးလံသီခေါင်တဲ့ တောင်ကြောရဲ့အခြေမှာ နေကြသူများဆိုတော့ တခြားလူတွေ ဘာလုပ်နေတယ်ဆိုတာကို မသိကြတော့ပါဘူး။

သိလည်းသိရော အထက်မှာပြောခဲ့တဲ့ နိုင်ငံတိုင်းဟာ ကိုယ့်နယ်ကိုကိုယ်ကာရံထားပြီးဖြစ်သွားကြပြီး ကာ့ဒ်များမှာ ဝင်ပြီးကြသူများကလည်း ပြန်ထွက်မရ၊ ထွက်ပြီးသူများကလည်း ပြန်ဝင်လို့မရဘဲ နေစရာရော၊ ပြေးစရာရော ပျောက်သွားတဲ့အဖြစ်နဲ့ တိုးခဲ့ကြပါတယ်။ သူတို့ရဲ့ တစ်ခါက မိတ်ဆွေများက အဝင်မခံရုံမကပါဘူး၊ ကာ့ဒ်ဆိုရင် လက်စတုံးသွားအောင် လုပ်ကြပါတယ်။ အိမ်နီးချင်းနိုင်ငံများက သူတို့အချင်းချင်း မသင့်တင့်လို့ ဝေဟင်နယ်နိမိတ်ကိုတောင် ဖြတ်ခွင့်မပေးဘဲ ထားခဲ့ကြတာပါ။ ဒါပေမယ့် ကာ့ဒ်နယ်မြေကို ဗုံးကြဲချင်လို့ပါလို့ ခွင့်တောင်းရင် ဝေဟင်နယ်နိမိတ်ကို ဖြတ်သန်းခွင့်ပေးပြီး ကာ့ဒ်တွေရဲ့နယ်ကို ကောင်းကင်ကနေ ဗုံးချခွင့်ပေးခဲ့တာ အကြိမ်ကြိမ်ပါပဲ။

ကာ့ဒ်များရဲ့ဒုက္ခကို သိထားတဲ့ စားနေကျကြောင်ဖားကြီး (အမေရိကန်)က မင်းတို့က အတွင်းသူပုန်ထပြီး ဆက်ဒမ်ဟူစိန်ကို တိုက်ကြပါ။ ငါတို့ကလည်း၊ သူ့ကိုတိုက်မယ်ဆိုပြီး ဆက်ဒမ်ရဲ့ပိုင်နက်အီရတ်ကို ဗုံးဝင်ပြီး ကြဲပါမယ်။ သူတို့ထင်သလောက် ဆက်ဒမ်က တောင့်မခံနိုင်ဘဲ အမေရိကန် ဆက်ဒမ်ကို ထိရက်လည်းရောက်သွားရော အမေရိကန်များလည်း ပြန်ထွက်သွားပါတယ်။ အမေရိကန်များကို ယုံစားမိတဲ့ ကာ့ဒ်တွေကတော့ ဆက်ဒမ်ဟူစိန်က အငြိုးအတေးကြီးစွာနဲ့ နှိပ်စက်ငြင်းပန်းတာကို ခံရတော့တာပေါ့။ ကာ့ဒ်စကားကို ကာ့ဒ်နယ်မြေထဲမှသာ ပြောခွင့်ရှိပါတယ်။အဲသည်လို ကိုယ့်



စကားကိုယ်တောင် တစ်နေရာတည်းမှာသာ ပြောခွင့်ရှိတယ်ဆိုမှတော့ ကိစ္စအဝဝမှာ ချုပ်ချယ်တာခံရပြီပေါ့။ ဆက်ဒမ်က နှိပ်စက်တာက စစ်ပွဲမဖြစ်ခင်ကထက် ဆိုးလာတော့ ကုလသမဂ္ဂကတောင် ပေးထားတဲ့ကတိကို တည်ပါလို့ ဘုရှ်တို့သားအဖကို သတိပေးရပါတယ်။ ပေးထားတဲ့ကတိက လွတ်မြောက်တဲ့ ကာ့ဒ်နယ်မြေကို ပြန်ရစေမယ်ပေါ့။ သူတို့ကို ကုလသမဂ္ဂက သတိပေးတော့ တဲကလေးတွေ ဆောက်ပေးတာတို့၊ အစားအစာကလေးတွေ ဝေပေးတာတို့လောက်ပါပဲ။ အခုအထိ ကာ့ဒ်များဟာ အမည်ခံလွတ်လပ်ရေးသာ ရသေးတာပါ။

ကိုင်း အခုနသတင်းစာဆရာက ဘာဖြစ်လို့ ဝင်ခွင့်ရသလဲဆိုတော့ ကာ့ဒ်များကို လွတ်လပ်အောင်လုပ်ပေးလိုက်ပြီဆိုတဲ့ ဝါဒဖြန့်စကားကို အတည်ပြုပေးစေချင်လို့ ဆက်ဒမ်မရှိတဲ့နောက်မှ အမေရိကန်ဘက်သားများက စီမံတာ ဖြစ်ပါတယ်။ မြင်ရတာကတော့ ရေနံသိပ်ပေါတဲ့ အီရတ်နိုင်ငံမှာ သူငယ်ချင်း ပြန်ရင် ကားထဲထည့်ဖို့ ရေနံတစ်ပုံးနဲ့ ကြိုဆိုပါတယ်ဆိုတဲ့ နှင်းဆီတစ်ပွင့်ပဲ ဖြစ်ပါတယ်။ နှင်းဆီညှိုးနေတာကလည်း တကယ်တမ်းတော့ ကာ့ဒ်များဟာ နှင်းဆီပန်းစစ်ပေမယ့် ညှိုးနွမ်းပြီး မလန်းဆန်းပါဘူးဆိုတာ ပြောချင်တာပါ။

သူငယ်ချင်းအပြန်မှာ ကာ့ဒ်လူငယ်တွေက "သူငယ်ချင်း မင်းတို့အနောက်နိုင်ငံသားတွေ လုပ်ပေးနိုင်မယ်ဆိုရင် ၁၉၂၀ ခု၊ သူတို့ ဝင်မလာခင်က အခြေအနေကို ပြန်ထားပေးပါလို့ ပြောလိုက်ပါ။ ကောင်းအောင်လုပ်ပေးမယ်ဆိုပြီး တောင်လုပ်မြောက်လုပ် လုပ်ပေးတာကိုခံရရင်း ငါတို့မှာ တစ်နေ့တခြား မျှော်လင့်ချက်မဲ့လာတယ်ကွာ"လို့ ပြောလိုက်တာကို ဖတ်ရင်း ဒီစာကို ရေးထားခဲ့တာ နည်းနည်းတောင် ကြာသွားပါပြီ။ ကြီးကြီး ပြောချင်တာက ကိုယ့်နိုင်ငံအရေးဆိုတာ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ် လုပ်ကိုင်ရတာဖြစ်တယ်။ သူများပြောတိုင်း နားမယောင်ပါနဲ့။ ဘိုးဘွားတွေက နေဖို့ ကိုယ်ပိုင်မြေ ထားခဲ့တယ်။ သူများက ဓာလောက်ကြည့်ပါရစေဆိုရင်တောင် မယုံပါနဲ့၊ အရေးကြီးတာက ကိုယ်ပိုင်ပြီးသားကို လက်မလွှတ်ဖို့နဲ့ ကိုယ့်တိုးတက်မှုကို ကိုယ်ဖန်တီးဖို့ပဲ ဖြစ်ပါတယ်။

၇၊ ၃၊ ၂၀၁၀။

www.burmeseclassic.com

## ဓာတ်မြေကို ခွဲလမ်းတွယ်တာခြင်း

ဓာတ်ခွဲဆိုတာ ခွဲထိုက်တဲ့အတွက် ခွဲရတဲ့အခွဲ ဖြစ်ပါတယ်။ ခွဲသင့်တာကြောင့် ခွဲပါရ ခွဲသာခွဲကြကုန်ပါကုန်လေ့လို့သာ အားပါးတရ တိုက်တွန်းလိုပါတယ်။

တကယ့်အဖြစ်အပျက်ကလေးတစ်ခုကို ပြောချင်ပါတယ်။ စာရေးသူဟာ ရုရှားကို ပညာသင်သွားတဲ့အချိန်က အလွန်ငယ်ပါသေးတယ်။ သူများနိုင်ငံကို ရောက်တော့လည်း ထဘီဝတ်တာကို သွားတဲ့အချိန်က ပြန်တဲ့အချိန်အထိ ဝတ်ပါတယ်။ ဘယ်နိုင်ငံကလဲလို့ မေးရင် မြန်မာနိုင်ငံကပါရှင်လို့ ယဉ်ယဉ်ကျေးကျေး ဖြေပါတယ်။ ဒီမှာ ခင်ဗျားက ဗီယက်နမ်ကလားဟင်လို့ မေးလိုက်ရင် ကျွန်မက စာမတတ်သေးဘူး၊ စာပြန်ဖတ်ပါဦး၊ စာအုပ်တွေထဲမှာ ပုံတွေလည်း ပါတတ်ပါတယ်လို့ ပြောလိုက်တာပါပဲ။ စိတ်လည်း သိပ်တိုတာပါပဲ။ ဒီလောက်လှတဲ့ မြန်မာလုံချည်ကို အမြဲဝတ်ထားတာ အရှေ့တိုင်းက မြန်မာအမျိုးသမီးမှန်း သိအောင်လို့ ဖြစ်ပါတယ်။ဟယ် အဲသည်လိုသွားပြောတာ လူကြီးလူကောင်းများနဲ့ သွားတွေ့နေတယ်ဆိုရင် အားနာစရာတွေ ဖြစ်ကုန်မှာပေါ့လို့ စိုးရိမ်စွာ ပြောချင်တဲ့သူများလည်း ရှိနိုင်ပါတယ်။ တကယ်တော့ လူကြီးလူကောင်းများက ဘယ်နိုင်ငံကပါလဲခင်ဗျာလို့သာ မေးတတ်ကြတာပါ။ မသိဘဲနဲ့ ဘယ်နိုင်ငံက မဟုတ်လားလို့ မမေးတတ်ပါဘူး။ဓာတ်ကိုခွဲတဲ့စိတ်ပြင်းထန်ပေမယ့် တခြားနိုင်ငံက ယဉ်ကျေးမှုများကိုလည်း တတ်နိုင်သလောက် သွားရောက်လေ့လာခဲ့ပါတယ်။ သူငယ်ချင်း တက္ကသိုလ်ဆရာမနဲ့အတူ ပင်လယ်နက်ကမ်းခြေက တာဂန်ရော့ဆိုတဲ့မြို့ကလေးကို အခုတ်တရ သွားခဲ့ဖူးပါတယ်။ အဲသည်မှာ မဟာပီတာရဲ့ ကိုယ်တိုင်းကိုယ်ထွာအတိုင်း သွန်းလုပ်ထားတဲ့ ကြေးသွန်းရုပ်ကြီးရှိတဲ့အတွက် သွားရောက်ကြည့်ရှုတာ ဖြစ်ပါ တယ်။ အားလုံးလေ့လာပြီးတော့ သူငယ်ချင်းတို့အိမ်ကို ပြန်လာပါတယ်။ အဲသည်နေ့က သူငယ်ချင်းရဲ့ မွေးနေ့ဖြစ်တော့ တစ်အိမ်လုံး ပြင်ကြဆင်ကြနဲ့ပျော်ရွှင်တက်ကြွစွာ လှုပ်ရှား



နေကြပါတယ်။ စာရေးသူလည်း ရေဇလုံတစ်ခုကိုယူပြီး အဝတ်ကို ရေနှစ်လိုက် ရေညှစ်လိုက်နဲ့ သန့်ရှင်းရေးကို ကူပြီးလုပ်ပေးနေပါတယ်။ အဲသည်လို မိသားစုနဲ့ သန့်ရှင်းရေးလုပ်နေရင်းက မြန်မာပြည်က အမေတစ်ယောက်တည်း ကူမယ့်သူလည်း မရှိဘဲ ဘယ်လိုများ အိမ်သန့်ရှင်းရေး လုပ်နေပါလိမ့်လို့ တွေးမိလိုက်ပါတယ်။ အဲသည်လို အမေ့ကိုလွမ်းတဲ့စိတ်၊ အိမ်ကိုလွမ်းတဲ့စိတ်၊ ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်ဌာနီကို လွမ်းတဲ့စိတ်ဆိုတာ တစ်ကြိုးတည်းနဲ့ ခိုင်အောင်သီထားတဲ့ ရတနာတွေလိုပါပဲ၊ တစ်ခုနဲ့ညှိတာနဲ့ အကုန်လုံးပါလာပြီး စာရေးသူဟာ ရေဇလုံကိုကိုင်ရင်း ရှိုက်ကြီးတငင် ငိုတော့တာပါပဲ။

အိမ်ရှင်ဖြစ်တဲ့သူငယ်ချင်းက ချက်ချင်းပြေးလာပြီး 'ဝင်း ဘာဖြစ်လို့လဲ၊ သားကလေး ဘာလော်ဂျာက စိတ်ဆိုးအောင် လုပ်လို့လား၊ နေလို့ရော ကောင်းရဲ့လား' လို့ မေးခွန်းတစ်ခုပြီးတစ်ခု မေးတော့တာပါပဲ။ စာရေးသူကလည်း တကယ့်ကိုသည်းကြီးမဲကြီးငိုနေတယ်ဆိုတော့ တော်တော်နဲ့ မဖြေနိုင်ပါဘူး။ နည်းနည်းအငိုတိတ်လာတဲ့အခါကျမှ အိမ်ကိုလွမ်းတယ်၊ အမေ့ကို လွမ်းတယ်လို့ ဖြေနိုင်ပါတယ်။

သူငယ်ချင်းက စာရေးသူထက်အသက်ကြီးတဲ့ ကလေးတစ်ယောက်အမေ ဖြစ်ပါတယ်။ သူက စာရေးသူ ဖြေတဲ့စကားကို ကြားတဲ့အခါမှာ 'အံမာလေး ဝင်းရယ် မူလတုန်းကတော့ ဝင်းကို ချစ်ခင်တယ်၊ အခုတော့ ချစ်ခင်ရုံမက လေးစားပါတယ်။ ကိုယ့်တိုင်းပြည်ကို မမေ့တမ်း ခွဲလမ်းတသပြီး လွမ်းနေတတ်တဲ့သူဆိုတော့ လေးစားရတာပေါ့။ အစောပိုင်းကတည်းက ရိုးရာအဝတ်အစားကို အမြဲခွဲဝတ်တာ၊ ဝင်းနေတဲ့အခန်းထဲမှာ မြန်မာနဲ့ ပတ်သက်တဲ့ အထိမ်းအမှတ်ရုပ်ပုံများနဲ့ တန်ဆာဆင်ထားတာတွေဟာ ဝင်းစိတ်ကို ဖော်ပြနေတာ သတိထားမိသား။ အခုကျတော့ ပိုပြီးလေးစားသွားပြီ ဝင်းရယ်။ နင်က အိမ်ကို သတိမရဘူး၊ မပြန်ချင်ဘူးလို့သာ ပြောရင် နင်ဘယ့်လောက်ပဲ စာတော်နေပါစေ နင့်ကို ငါ အထင်သေးမိမှာပဲ'လို့ ပြောပါတယ်။

အဲသည်လိုနဲ့ သူငယ်ချင်းမွေးနေ့ အိမ်အလှပြင်ဆင်ခြင်းဟာလည်း အဆင်ပြေစွာပြီးသွားပြီး ညနေခင်းမှာ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုစားပွဲ ကျင်းပဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရပ်ခြားမှာနေခဲ့ရတဲ့ ကာလတစ်လျှောက်လုံး မြန်မာအချင်းချင်း ဆုံစည်းကြရင်လည်း မြန်မာများပီပီ အချင်းချင်း ချစ်ခင်စည်းလုံးစွာ ရှိခဲ့ကြတာကိုလည်း အနုပြန်သတိရတော့ ဂုဏ်ယူမိပါတယ်။ စာရေးသူ နေမကောင်းလို့ ဆေးရုံတက်ရတော့ ရုရှနိုင်ငံဒေသအသီးသီးမှာ ပညာသင်နေကြတဲ့ ကျောင်းသားများထဲက အချို့ကလည်း မော်စကို ကိုရောက်နေတော့ ဆေးရုံကို လိုက်လာကြပါတယ်။ ဆေးရုံတွင်းကို သူတို့ ဝင်လို့မရပါဘူး။ အာရှဗုတ်ကွေးဖြစ်နေတဲ့ကာလ ဖြစ်လို့ပါပဲ။ အဲသည်တော့ ညီမလေး ဆေးရုံနတင်ပေါ်မှာ နေရတာ ပျင်းနေမှာပဲ၊ အဲသည်တော့ လှေကားထိပ်အထိ တွဲခေါ်သွားမယ်။ နင်က ခုံပေါ်မှာထိုင်ဆိုပြီး အအေးမမိအောင် သူတို့ဝတ်လာကြတဲ့ အပေါ်ရုံ အနွေးထည်ကြီးတွေကို တစ်ယောက်ပြီး တစ်ယောက် ချွတ်ပြီး (စာရေးသူငယ်ငယ်တုန်းက ပိန်ပိန်ရယ်) တစ်ကိုယ်လုံး ပတ်ပြီး ခြုံပေးထားပါတယ်။ နာလန်မထတတ်သေးတဲ့ စာရေးသူကို ရယ်စရာတွေပြောတော့ စာရေးသူကလည်း လူမမာစိတ်ပျောက်သွားပြီး ရယ်ရတာ မောနေပါတယ်။ ဆေးရုံတွင်းမှာဆိုပေမယ့် လှေကားထိပ်ဆိုတော့ အအေးဓာတ်က နည်းနည်းတော့ ဝင်တာပေါ့။ မြန်မာချင်းတွေ့ပြီး မြန်မာစကားပြောနေတဲ့ စာရေးသူတို့အဝန်းအဝိုင်းလေးမှာတော့ နွေးနေတာပါပဲ။ ကျောင်းသားတစ်ယောက်က စိန့်ပီတာစဘတ်က မော်စကိုရောက်နေလို့ ကြုံတာနဲ့ ဝင်လာတာပါ။ သူ့ကို ကျောင်းသားတစ်ယောက်အနေနဲ့ ကျွန်မက မသိသလို သူကလည်း မသိခဲ့ပါဘူး။ဒါပေမယ့်ဆေးရုံမှာ မြန်မာကျောင်းသူတစ်ယောက် တက်ရောက်ပြီး ဆေးကုသမှု ခံယူနေရတယ်လို့ တစ်ယောက်ကနေ တစ်ယောက်ပြောရင်း သွားပြီးအားပေးရမှာပေါ့ဆိုတဲ့ ဇာတိသားအချင်းချင်း ရိုင်းပင်းချင်တဲ့စိတ်နဲ့ ရောက်လာတာပါ။ ဆေးရုံရောက်တော့ သူနဲ့သိပြီးသူတွေနဲ့ပါတွေ့ပြီး ပျော်ရွှင်ခဲ့ကြပါတယ်။

အဲသည်လိုနဲ့ နည်းနည်းကြာရော၊ ဆေးရုံကဆရာမကြီးတစ်ယောက်က 'ဟဲ့ အဲမာလေး ဒီကလေးမကလေးကို အအေးမိပြီး သေစေချင်လို့လား၊ နင်တို့ဝတ်ရုံတွေကို ခြုံပေးထားတဲ့အတွက် လုံမယ်များထင်သလား၊ အာရှတုတ်ကွေးဟာ နင်တို့အင်္ကျီကတစ်ဆင့် ကလေးမကလေးကို ကူးသွားရင် အခက်ပဲ၊ ထကြစမ်း'လို့ ဟောက်တော့တာပါပဲ။ ပြီးတော့ စာရေးသူကို လာခဲ့စမ်း ငါ့သမီးလေး၊ ငါတို့ပြုစုတုန်းက ဒီလောက်မရယ်နိုင်ပါဘူး။



သူ့ဇာတိသားတွေနဲ့ တွေ့တော့မှပဲ လူမမာရုပ်တောင် ပျောက်သွားတယ်လို့ မြည်တွန်တောက်တီးလုပ်ရင်း ခုတင်ပေါ်ကိုပြန်ပြီးနေရာတကျ တင်ပေးခဲ့ပါတယ်။

အဲသည်အကြောင်းကို အခါပေါင်းများစွာ အမှတ်ရခဲ့ပေမယ့် အခုမှ ချပြီးရေးတာက အကြောင်းရှိပါတယ်။စာရေးသူရေးသားတာကို မကြိုက်တဲ့ သူများလည်း ရှိနိုင်ပါတယ်။ မကြိုက်ရင် ပယ်လိုက်ပါ။ အခုရေးချမိတာကတော့ မိမိတို့တိုင်းပြည်မှာ နေတုန်းမှာသာ အချင်းချင်း ချစ်သယောင်ခင်သယောင်ဖြစ်ခဲ့ပြီး၊ အဝေးကိုရောက်တာနဲ့ မခေါ်နိုင် မပြောနိုင်ဖြစ်ကုန်ကြတယ်ဆိုရင်လည်း ဝမ်းသာစရာမကောင်းပါဘူး။ မိမိတို့နိုင်ငံမှာ ရှိနေတဲ့သူတွေဟာ တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်တဲ့သူတွေ ဖြစ်တဲ့အတွက် ဒီလိုမြေကြီးကို အသက်သွေးနဲ့ရင်းပြီး ကိုယ်ပိုင်မြေအဖြစ် လက်ဆင့်ကမ်းခဲ့တဲ့ ဘိုးဘွားမိဘများကို လေးစားသောအားဖြင့် ကျေးဇူးဂုဏ်ကို ဂုဏ်ပြုသောအားဖြင့် သင့်တင့်စွာနေနိုင်အောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။ အဲသည်အကြောင်းကလေးကို တင်ပြချင်လို့ ရပ်ဝေးမှာ အချင်းချင်း တောင့်ရောက်ခဲ့တဲ့ အဖြစ်ကလေးများကို တင်ပြလိုက်တာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးဂုဏ်ကို အောက်မေ့ခြင်းကို လေးမြတ်စွာပူဇော်ခြင်း

စာရေးသူ ဆက်လက်တင်ပြချင်တာကတော့ ကျေးဇူးဂုဏ်ကို အောက်မေ့ခြင်းကို လေးမြတ်စွာ ပူဇော်ခြင်းနဲ့ ဖော်ပြဖို့သင့်ပါတယ်ဆိုတဲ့အကြောင်း ဖြစ်ပါတယ်။

စာရေးသူဟာ ဆင်ဖြူကျွန်းမြို့မှာ မွေးခဲ့သူဖြစ်ပါတယ်။ စစ်အတွင်းမှာ လူဖြစ်ရတဲ့သူဆိုတော့ ဆင်ဖြူကျွန်းမှာ ကွန်းမခိုင် ဖေဖေ အလုပ်လုပ်တဲ့ ဘီအိုစီကုမ္ပဏီရှိတဲ့ ရေနံချောင်းမှာ နေခဲ့ပါတယ်။ မြန်မာမိသားစုများရဲ့ထုံးစံအတိုင်း ကလေးမျက်နှာမြင်တဲ့အခါ ဆင်ဖြူကျွန်းကို ပြန်ပြီး မျက်နှာမြင်ခဲ့ပါတယ်။ ရေနံချောင်းကို မိသားစုလိုက် ပြန်လာတာကတော့ စာရေးသူအသက် ၈ နှစ်ကျော်ကျော်လောက်မှာ ဖြစ်ပါတယ်။ အင်မတန်ငယ်သေးတဲ့ အရွယ်ဖြစ်ပေမယ့် ဆင်ဖြူကျွန်းမြို့ရဲ့ကျေးဇူးဂုဏ်ကို သိခဲ့ပါတယ်။ စစ်ပြေးခဲ့ရတဲ့ အကြောင်းကိုတော့ စာမဖွဲ့သာလို့ မဖွဲ့တော့ပါဘူး။ ဆင်ဖြူကျွန်းမြို့သူမြို့သားများရဲ့ အချင်းချင်း ရိုင်းပင်းကူညီကြတဲ့ ချစ်စရာကောင်းတဲ့ သဘာဝကလေးကိုတော့ တင်ပြလိုပါတယ်။

စာရေးသူတို့ စစ်ပြေးစဉ်က တောကျောင်းကို ပြေးတာပါ။ စစ်ပြီးတော့လည်း အခြေအနေက အခြေတကျ မဖြစ်သေးဘူး။ ညည်းတို့ ရေနံချောင်းကို မပြန်ပါနဲ့ဦးလို့ မေမေကြီးဒေါ်မြသီးက ပြောတာနဲ့ ဆင်ဖြူကျွန်းမှာ ဆက်နေခဲ့ကြတာပါ။ အဲသည်လိုဆက်နေဖြစ်လို့လည်း ဆင်ဖြူကျွန်းမြို့ရဲ့ အလှကို စာရေးသူ ခံစားခဲ့ရတာပေါ့။ စစ်ပြေးစက ဆင်ဖြူကျွန်းတောင်ဘက်ထိပ်မှာရှိတဲ့ အိမ်ကလေးတစ်အိမ်မှာ စာရေးသူရယ်၊ မောင်လေးရယ်၊ မေမေရယ် နေခဲ့ကြပါတယ်။ အဲသည်မှာ ထမင်းဟင်း ကမ်းလှမ်းခြင်း ဓလေ့ကလေးကို ကျွန်မစတင်ပြီး ရင်းနှီးရတာပါပဲ။ မေမေက မန်ကျည်းသီးစိမ်းကို ငါးပိနဲ့ရောပြီး တခြားဟင်းချက်စရာများ ထပ်ထည့်ကာ ချက်လေ့ရှိပါတယ်။ စာရေးသူတို့အိမ်ရှေ့မှာရှိတဲ့ ခြေတံရှည်အိမ်ပေါ်မှာ



နေထိုင်တဲ့ အဘိုး အဘွားများကို ဟင်းခွက်ကမ်းလေ့ရှိပါတယ်။ မေမေတို့ကတော့ ငါးရံ့ခြောက်နဲ့ရေရှောချက်တဲ့ဟင်းကို ကြိုက်တတ်ကြပေမယ့် စာရေးသူကတော့ မန်ကျည်းသီးစိမ်းထောင်း၊ ချဉ်ချဉ်ကို ငါးပိနဲ့ နယ်စားဖတ်စားချက်တာကို ကြိုက်တတ်ပါတယ်။

ပြောချင်တာကတော့ တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက်ဆိုတာ အနည်းနဲ့ အများ ကျယ်ပြောတတ်ပေမယ့် ရပ်ကွက်သူ ရပ်ကွက်သားများကတော့ ထမင်းဟင်းကို အပြန်အလှန်ကမ်းပြီး စားကြကာ အဆွေအမျိုးစိတ်နဲ့ နေခဲ့ကြပါတယ်။ ဆင်ဖြူကျွန်းမြို့ မြောက်ပိုးတန်းရပ်ကို မဟာမိတ်တွေက ဗုံးချတဲ့နေ့က မေမေက ကြိုတင်မှာထားတဲ့အတိုင်း ကျွန်မကို ကျောပိုးပြီး မောင်လေးကို ခါးတစ်ခွင်ကာ စလင်းချောင်းသောင်ပြင်ပေါ်မှာ ဓားချထားခဲ့ပါတယ်။ဗုံးကျတဲ့နေရာက ပေါက်ကွဲသံကို ကြားနေရတာကြောင့် ထိတ်လန့်ကြောက်ရွံ့ရတာကတစ်မျိုး၊ မေမေက ပစ္စည်းသိမ်းနေလို့ လိုက်မလာသေးတာက တစ်မျိုးကြောင့် ကြောက်နေတုန်းမှာ အိမ်ရှေ့အိမ်က ကိုကြီးတခင်တို့က ငမျောက် (မောင်လေး) ကို ငါတို့ခေါ်သွားမယ်၊ လှည်းနဲ့တင်သွားမယ်ဆိုပြီး မောင်လေးကိုခေါ်ပြီး ထွက်သွားကြပါတယ်။ အတော်ကြာမှ မေမေရောက်လာပါတယ်။ မောင်လေးကိုမတွေ့တော့ ဟောတော့ မောင်လေး တယ်ရောက်သွားလဲဆိုပြီးတော့ ထိတ်လန့်တကြား ဖြစ်သွားပါတယ်။ ကျွန်မက မေမေရေ ကိုကြီးဘခင်တို့ ခေါ်သွားတယ်၊ သူတို့ဥယျာဉ်မှာရှိမယ်လို့ ပြောသွားတယ်လို့ ပြောတဲ့အခါမှာ မေမေက စိတ်အေးသွားပါတယ်။ မောင်လေးပြန်လာတော့ ဗုံးတွေလည်း ချပြီးသွားပြီ၊ ကလေးကတော့ အိပ်ပျော်လို့၊ မေမေလည်း သားကိုမြင်ရတော့ စိတ်အေးသွားပြီး သားအမိသုံးယောက် ဖက်ပြီးအိပ်ကြပါတယ်။ ဒီနေရာမှာ သူစိမ်းတွေဖြစ်ပေမယ့် ဒုက္ခများရတဲ့အထဲ မခေါ်နိုင်ပါဘူးဆိုတဲ့စကားကို မကြားရဘဲနဲ့ ငါတို့ခေါ်သွားမယ်၊ တယ်ကိုသွားမယ်လို့ တိတိကျကျပြောပြီး ကလေးကိုခေါ်သွားတာ ဘာပဲပြောပြော အမေ့အတွက် ကလေးတစ်ယောက်စာ သက်သာသွားတာပါပဲ။ မေမေက ဆင်ဖြူကျွန်းကို ဗုံးချတဲ့နေ့ နောက်တစ်နေ့ကျမှ ရေနံချောင်းက အမေ့တကောနဲ့ ပြန်ရောက်လာပါတယ်။ အဲဒီနောက်ပိုင်းမှာ ပို့ပြီးသတိထားမိတာက ဆင်ဖြူကျွန်းသူ ဆင်ဖြူသားချင်း ပိုပြီးတော့ ကျစ်ကျစ်လျစ်လျစ် ဆွေမျိုးသားချင်း အရင်းအခြာများလို ခင်မင်သွားကြတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စစ်ပြီးပြီဆိုတော့ နေရှင်နယ်ကျောင်းလည်း ပြန်ဖွင့်ပါတယ်။ အစောပိုင်းက ဖွင့်တဲ့ကျောင်းတစ်ကျောင်းမှာ ကျွန်မ မပျော်ပိုက်ခဲ့သရွေ့ နေရှင်နယ်ကျောင်းကျတော့ ပျော်လည်းပျော်ပိုက်ပါတယ်။ စာတတ်တဲ့အရှိန်ကလည်း တစ်ဟုန်ထိုးတက်လာပါတယ်။ အခုအထိ မျက်စိထဲ မြင်နေတာကတော့ သဲထည့်ထားတဲ့ ဗလားကြီးထဲကို ရေတွေလောင်းထည့်ပြီး ဆရာမ ဒေါ်ပုလေးက သူ့လက်နဲ့ မွှေပါတယ်၊ မွှေရင်းမွှေရင်းနဲ့ ရေတွေက ဗလားကြီးရဲ့အောက်ကို ရောက်သွားပြီး သဲတွေကတော့ ကုန်းပြင်လေးတစ်ခုလို ရှိနေပါတယ်။ အဲသည်လိုဖြစ်အောင်လည်း ဆရာမဒေါ်ပုလေးက လုပ်လိုက်တာပါပဲ။ ပြီးတော့ 'ကိုင်း ကလေးတို့၊ ရေပတ်လည်ဝိုင်းလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်သည်'လို့ ရွတ်ပြပါတယ်။ ပြီးတဲ့အခါမှာ ရေပတ်လည်ဝိုင်းနေသော ကုန်းမြေကို ဘယ်လိုခေါ်သလဲလို့ မေးပါတယ်။ ကျွန်မတို့တစ်တွေကလည်း သံရှည်ဆွဲပြီးတော့ ကျွန်းဟုခေါ်သည်လို့ သံပြိုင် အော်ဟစ်ဖြေဆိုကြပါတယ်။ ကျွန်မဘဝ အစပိုင်းမှာ ဆရာမဒေါ်ပုလေးရဲ့ လက်ဖြူဖြူဝဝလေးတွေကိုကြည့်ရင်း စာတစ်ပုဒ်ပြီးတစ်ပုဒ် တတ်လာတာပါပဲ။ တကယ်တမ်းတော့ ကျွန်မမှာ ပြောစရာအများကြီးရှိပါတယ်။ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်သွားမှာစိုးလို့ တိုတိုနဲ့လိုရင်းပြောရရင် ကျွန်မရဲ့ အောင်မြင်မှုဟူသမျှဟာ ဆင်ဖြူကျွန်းမှာ အမြစ်သက်ပြီးတော့ တိုးထွက်လာခဲ့တဲ့ အောင်မြင်မှုများသာ ဖြစ်ပါတယ်။ ကျွန်မ အောင်မြင်မှုက မပြည့်ဝသေးဘူးလို့ဆိုရင် ကျွန်မရဲ့ချို့ယွင်းချက်ပဲ ဖြစ်ပါတယ်။ ဆင်ဖြူကျွန်းကတော့ သာသနာရေး၊ လူမှုရေး၊ စာပေပညာ အစရှိတဲ့ လိုအပ်သမျှ အခြေခံအုတ်မြစ်တွေကို ကလေးဘဝကတည်းက ပြည့်စုံအောင် ခိုင်ခိုင်မာမာ အမြစ်တွယ်သွားအောင် သွန်သင်လိုက်နိုင်ပါတယ်ရှင်။

## ငယ်ငယ်တုန်းကစခဲ့တဲ့ အသိပညာသင်ယူမှု အခက်အခဲများအကြောင်း

ပြောချင်တဲ့အကြောင်းကတော့ မှုလတန်းအောက်ဆင့်လောက်က စာရေးသူရဲ့ဘဝ အကြောင်းဖြစ်ပါတယ်။ တကယ်တော့ ဆင်ဖြူကျွန်းသူပေါက်စနက စခဲ့တဲ့ ပညာသင်ကြားရေးနဲ့ပတ်သက်လို့ တစ်ခါမက ရေးခဲ့ပေမယ့် ရေးလို့လည်း မဝသလို၊ ဖတ်သူတွေအဖို့လည်း ဖတ်လို့ဝမှာမဟုတ်ပါဘူး။ စပြီးပြောရမှာကတော့ စစ်ကြီးပြီးစမှာ စစ်အတွင်းက ဖြတ်သီး ကြက်သွန်ရောင်းခဲ့ရှာတဲ့ ဆရာမက ချက်ချင်းသူ့ဈေးသည်အလုပ်ကိုလည်း မဖြတ်နိုင်သေးတော့ တစ်ဖက်ကမေးပြီး ဈေးကိုသွားရတဲ့အခါရှိပါတယ်။ ကလေးသေးသေးကလေးတွေကို ကလေးကြီးတွေက စောင့်ရှောက်ပေးဖို့တာဝန်ကို ဆရာမက ပေးထားခဲ့ပါတယ်။

ကလေးတွေကိုး။ ဆရာလည်း မရှိ၊ ဆရာမလည်းမရှိတော့ ပြောင်းဆန်အောင် ဆော့ကြတာပေါ့။ စာရေးသူလို ကျောင်းသားငယ်ငယ်ကလေးကတော့ နိုင်ဖတ်ပေါ့။ မုန့်ကို လုစားတာခံရတယ်။ ကလေးကြီးများထဲမှာ ကိုယ့်ဆွေမျိုးလည်းပါပါတယ်။ မမကြူလို့ခေါ်တဲ့ ဆွေမျိုးက သူတို့လို ကျောင်းသားကြီးများ မမြင်အောင် သစ်သားနဲ့လုပ်ထားတဲ့ စားပွဲခုံအောက် ဝင်ပြီးပုနေတဲ့ကျွန်မကို မြင်သွားပြီး ဟယ် ကျွန်မကလေးတော်လို့ ပြောပါတယ်။ စာရေးသူက ကျွန်မဆိုတာ နားမလည်သေးတော့ ကျွန်မဆိုတာ ဘာလဲလို့ မေးလိုက်ပါတယ်။ မမကြူက ကျွန်မဆိုတာ သူများခိုင်းတာကို လိုက်လုပ်ပေးရတဲ့သူလို့ ဖွင့်ဆိုပါတယ်။ စာရေးသူရဲ့အသက်က စစ်ပြီးစမှာ ရှိလှငါးနှစ်ပေါ့။ ဒါပေမယ့် ကျွန်မဆိုတဲ့ စကားရဲ့ဖွင့်ဆိုချက်ကို မနှစ်မြို့ရမှန်း သိတော့ စားပွဲအောက်က ထွက်လာခဲ့ပါတယ်။ အခု စာရေးနေရင်း တွေးမိတော့ သိပ်ပြီးရယ်ချင်တာပါပဲ။ စားပွဲအောက်ထွက်ပြီး ခြေတံရှည်ရှည်နဲ့ မမကြူပြေးတဲ့နောက်ကို လိုက်ပေမယ့် ဘယ်မှာမီမှာလဲ။ အဲသည်တော့ လက်ထဲက ကျောက်သင်ပုန်းနဲ့ ပစ်ထည့်လိုက်ပါတယ်။ ကျောက်

www.burmeseclassic.com

www.burmeseclassic.com



သင်ပုန်း ကွဲသွားတာကို ငုံကြည့်ပြီး ကွဲတဲ့အစအနများကို ကောက်ကာ အိမ်အရောက် တအီအီငိုရင်း ပြန်လာခဲ့ပါတယ်။

အဲသည်အချိန်က ဆင်ဖြူကျွန်းမြို့တောင်ပိုင်းမှာ အချိန်မရွေးဆိုသလို မတင်ဝင်း တအီအီငိုသံကြားတာ မဆန်းကြတော့ပါဘူး။ မယ်ရင့်သမီးတော့ ထုံးစံအတိုင်း ပြန်လာပြန်ပြီ။ ဒီတစ်ခါ ငိုရင်းပေမယ့် ဆင်ခြေက ဘာများပါလိမ့်လို့ ပြောကြပါလိမ့်မယ်။ တကယ်လည်း ဆင်ခြေရှိပါတယ်။ ကျောင်းဆရာရယ်လို့ တိတိကျကျမရှိတဲ့ မြို့ရဲ့အစွန်ပိုင်းဒေသကလေးမှာ စစ်ပြီးစ တစ်လျှောက်လုံး နေခဲ့တဲ့ကလေးအတွက် ကျောင်းဆရာမဟုတ်တဲ့ ငြုတ်သီးကြက်သွန်သည်က ကျောင်းဆရာလာပြီး လုပ်ပေးနေတယ်။ ဆရာမခများလည်း သူ့ဈေးပန်းကို မစွန့်လွှတ်နိုင်သေးတဲ့အချိန်မှာ ကလေးများကိုလည်း ကြီးနိုင်ငယ်ညှဉ်းဘဝမှာ ထားရတော့တာပေါ့။

အဲသည်အချိန်မှာ နေရှင်နယ်ကျောင်းလို့ခေါ်တဲ့ ဆင်ဖြူကျွန်းမြို့ မြောက်ပိုင်းမှာ ဖွင့်ထားတဲ့ အမျိုးသားကျောင်း ပြန်ဖွင့်ပြီတဲ့ဆိုတဲ့ သတင်းကို မေမေက* ရလာခဲ့ပါတယ်။

အဲသည်တော့ အိမ်နီးချင်း ကလျာဏမိတ်ဆွေ ကြီးကြီးတင့်ကို တိုင်ပင်ပြီး အငိုသန်တဲ့ကျွန်မကို အမျိုးသားကျောင်းကိုသွားပြီး အပ်တော့တာပါပဲ။ ထူးခြားတာကတော့ စတင်ပြီးအပ်တဲ့နေ့ကစပြီး အတန်းတစ်တန်းပြီး တစ်တန်း တက်လာတဲ့အထိ ကျွန်မ မငိုတော့တာပါပဲ။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းမှာသင်ကြားတဲ့ ဆရာများကို ယုံစားအားထားတဲ့အတွက် မငိုတော့တာပါပဲ။ ကလေးများကို ဆရာ ဆရာမများက စိတ်ရောကိုယ်ပါ လုံခြုံအောင် စောင့်ရှောက်ပါတယ်။ မသိနားမလည်တာရှိရင် ရှင်းပြပါတယ်။ အတန်းထဲ ကျောင်းသားငယ်ရော၊ ကျောင်းသားကြီးရော အချင်းချင်း သင့်တင့်စွာနေထိုင်ကြသလို အချင်းချင်းလည်း လိုအပ်တဲ့နေရာမှာ လိုအပ်သလို စောင့်ရှောက်တတ်ကြပါတယ်။

ဆင်ဖြူကျွန်းမြို့ အမျိုးသားကျောင်းမှာ စတင်ပြီး ပညာသင်ယူရကတည်းက ကျွန်မဟာ ပုံပြင်ကို ပီပီပြင်ပြင် နားထောင်ရတဲ့ အခွင့်အရေးကို ရခဲ့ပါတယ်။ ပုံပြင်ကိုသင်ပေးတဲ့ ဆရာမက ဆရာမလေးဒေါ်ပုလေး ဖြစ်ပါတယ်။ ကလေးတွေက ဆရာမ ထိုင်နေတဲ့နေရာမှာ ဝိုင်းထိုင်ပြီး သူပြောတဲ့ပုံပြင်ကို နားထောင်နေရတာကို ပျင်းတယ်၊ ညောင်းတယ်၊



အိမ်ပြန်ချင်တယ် ပြောဖို့နေနေသာသာ အချိန်ကုန်လို့တောင်မှ ကုန်မှန်းမသိဘဲ ပုံပြင်ဇာတ်လမ်းကို ဆုံးအောင်နားထောင်ပါရစေလို့ တောင်းဆိုတတ်ကြပါတယ်။ ကျွန်မရဲ့မေမေက ပြောပါတယ်၊ ကျောင်းမသွားချင်လို့ ငိုကြီးချက်မဖြစ်ဖြစ်နေတတ်တဲ့ သမီးဟာ စာတတ်လာမယ့်ကလေး မဟုတ်နိုင်ဘူးဆိုပြီး စိတ်ဆင်းရဲခဲ့ရတာ၊ ဘွဲ့တွေဘာတွေရလာကာမှ ဟင်းချနိုင်တယ်တဲ့။ တကယ်တော့ ဆင်ဖြူကျွန်းက နေရှင်နယ်ကျောင်းက စာရေးသူကို ကယ်လိုက်တာပါပဲလို့ ဆိုရပါမယ်။

စာရေးသူအတွက်ကတော့ ဆင်ဖြူကျွန်းက နေရှင်နယ်ကျောင်းဟာ အင်မတန်ထူးဆန်းတဲ့ ခံစားချက်ကို ပေးခဲ့တဲ့ကျောင်းဖြစ်ပါတယ်။ ထူးခြားတဲ့ အစည်းအဝေးပွဲများ ကျင်းပတဲ့အခါပဲဖြစ်ဖြစ်၊ မြို့လုံးကျွတ် စည်းဝေးပွဲတွေ ကျင်းပတဲ့အခါပဲဖြစ်ဖြစ် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရှိရှိသမျှ အိမ်များကလူတွေဟာ အစောင့်ကိုသာချန်ပြီး နေရှင်နယ်ကျောင်းတော်ကို လာပြီး စုဝေးတတ်ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လာရောက်ပြီး ဟောပြောမလို့တဲ့ ရဲစခန်းရှေ့ကကွင်းထဲ စုပါဆိုလည်း စုကြတာပါပဲ။ အဲသည်ကာလဝန်းကျင်မှာ ဗိုလ်ချုပ်အောင်ဆန်းအမည်က ထင်ပေါ် ကျော်ကြားတယ်လေ။ မိဘများနဲ့ နေရှင်နယ်ကျောင်းကို သွားတော့ ကျွန်မစိတ်ကို ဆွဲဆောင်နိုင်တဲ့ပုံတစ်ပုံကို နေရှင်နယ်ကျောင်းက တိုင်တစ်တိုင်မှာ ချိတ်ထားပါတယ်။ လူကြီးတစ်ယောက် လက်ထဲမှာ ဓားတစ်ချောင်းကို ကိုင်ထားပါတယ်။ လက်ကိုမြှောက်ထားပါသေးတယ်။ ကျွန်စနစ်ကို ဖျက်ကြလော့ဆိုတဲ့ ကြွေးကြော်သံကိုလည်း ရေးထားပါသေးတယ်။ ခက်တာက သူ့ခြေထောက်မှာက သံခြေကျင်းတွေ ခတ်ထားတာ ဖြစ်ပါတယ်။ ကျွန်မက တကယ့်ကို ငယ်ငယ်ကလေးရယ်၊ အသက် ၇ နှစ်လောက်ကတည်းက အဖမ်းစားခံရတာက ဟိုလူကြီးမှာ ခတ်ထားတဲ့ သံခြေကျင်းတွေကို ဘယ်လိုချွတ်ပါ့မလဲဆိုတဲ့ကိစ္စ ဖြစ်နေပါတယ်။ နေရှင်နယ် ကျောင်းကို လူကြီးတွေနဲ့ လိုက်သွားတဲ့အခါတိုင်း ဓားကိုင်ထားတဲ့ လူကြီးခြေထောက်မှာ တပ်ထားတဲ့ သံခြေချင်းတွေကို ဘယ်လိုချွတ်မှာပါလိမ့်လို့ တွေးမိနေခဲ့တာ ကာလအတော်ကြာပါတယ်။ အဲသည်လိုနေရင်း ဆင်ဖြူကျွန်းမြို့အပါအဝင် မြို့ရွာများစွာမှာ မျက်ရည်ကျကြရတာက ဗိုလ်ချုပ်တို့ ကျဆုံးတဲ့သတင်းကို ကြားကြရတဲ့အခါ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုနပြောခဲ့တဲ့အတိုင်း သိပ်ငယ်သေးတဲ့ကျွန်မအနေနဲ့ နားမလည်သေးဘဲ ကြားခဲ့ရတာက လွတ်လပ်ရေးရအောင် ဗိုလ်ချုပ်က ဦးဆောင်ပြီး လုပ်မှာဆိုတဲ့စကား ဖြစ်ပါတယ်။ အဲသည်လိုစကားမျိုး ကြားထားခဲ့ပြီးတဲ့နောက် ဗိုလ်ချုပ်ကလည်း ကျဆုံးသွားပြီ၊ အမေတို့ ပြောနေကျ ဗိုလ်ချုပ်က လွတ်လပ်ရေးရအောင် လုပ်ပေးမှာဆိုတဲ့ ကိစ္စကြီးကလည်း မပြီးပြတ်သေးဆိုတော့ နားမလည်ဘဲနဲ့ လူကြီးများနဲ့ ရောနှောပြီး စိတ်ပျက်နေတဲ့ ကျွန်မက 'အမေ ဗိုလ်ချုပ်တို့ မရှိတော့ဘူးဆိုရင် ဘယ်လိုလုပ်မှာလဲ' လို့မေးလိုက်ပါတယ်။ 'ဘာကိုမေးတာလဲ' လို့ အမေက ပြန်မေးတော့ 'လွတ်လပ်ရေးကို ဗိုလ်ချုပ်က ရအောင်လုပ်ပေးမှာဆို၊ အခု သူမှမရှိတော့တာ အမေတို့ ဘယ်လိုလုပ်မှာလဲ'လို့ မေးလိုက်ပါတယ်။ အဲသည်တော့မှ အမေ့မျော်မှာလည်း ကလေးရှေ့မှာ ပြောထားတဲ့စကားပဲ၊ ကလေးက ငယ်သေးတော့ သတိထားမိမှာ မဟုတ်ဘူးလို့ ထင်ထားတာ မဟုတ်ပါကလားလို့ ထိတ်လန့်သွားပါသတဲ့။ နောက်မှ ပြန်ပြောတဲ့စကားပါ။

ကျွန်မကို ပြန်ဖြေတုန်းကတော့ 'သမီးရယ်၊ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်တဲ့ အမေတို့မြန်မာတွေ ပြောတဲ့စကားရှိတယ်။ နောက်လူတွေက လုပ်မှာပေါ့'တဲ့။ စာရေးသူတို့မိသားစုလည်း သံခြေကျင်းခတ်ထားခံရတဲ့ အရုပ်ကြီးရှိတဲ့ ဆင်ဖြူကျွန်းက ရေနံချောင်းကို ပြောင်းမလာခင်မှာပဲ သံခြေချင်းကျွတ်သွားတဲ့ အရုပ်ကြီးကို မြင်ခဲ့ရုံမက လွတ်လပ်ရေးဆိုတာ တယ်ပြီးပျော်စရာကောင်းတယ်လို့ ကလေးစိတ်နဲ့ ပျော်ရွှင်အောင် လွတ်လပ်ရေးပွဲ ကျင်းပခြင်းများနဲ့ ကြုံခဲ့ရပါတယ်။

စာဖတ်သူများအဖို့ ဘာတွေရေးထားတာပါလိမ့်လို့ ဖြစ်သွားနိုင်တဲ့ ကျွန်မစာကို ကျွန်မပြန်ပြီး ရှင်းလိုပါတယ်။

ပထမရှင်းလင်းချက်ကတော့ ကလေးဟာ ဘယ်လောက်ပဲငယ်ငယ်၊ စဉ်းစားတွေးတောနိုင်တဲ့ အစွမ်းအစ သူ့ဆီမှာရှိတယ်ဆိုတာ လူကြီးများ သတိထားကြဖို့ လိုအပ်ပါတယ်။ ခေတ်အပြောင်းမို့ပါလို့ ဘယ်လိုပဲ ဆင်ခြေပေးပေး၊ ဈေးထဲက ပစ္စည်းမျိုးစုံရောင်းတဲ့ အမျိုးသမီးကြီးကို ဆရာအဖြစ် လက်မခံနိုင်တာဟာ ကလေးအပြစ်မဟုတ်ပါဘူး။ တကယ်လို့ သူက ကလေးများနားလည်နိုင်မယ့်စကားများနဲ့ ပုံပြင်များ ပြောမယ်၊ ကလေးများကို စုစုစည်းစည်းနဲ့ ဂရုစိုက်ပေးမယ်ဆိုရင် သည်းခံနိုင်ဖွယ်ရှိကောင်း ရှိပါမယ်။ အခု



တော့ ကြီးနိုင်ငယ်ညှဉ်းလုပ်တတ်တဲ့ ကလေးကြီးများလက်ထဲမှာ ထည့်ထားခဲ့ပြီး သူက ဈေးသွားရောင်းနေတော့ သူ့တပည့်ဖြစ်လာရတဲ့ ကလေးများက ငယ်သေးလို့သာ ငိုနေတာ ဖြစ်ပါတယ်။ ကြီးရင်တော့ တုံ့ပြန်ပုံက ပိုပြီးဆိုးသွားနိုင်ပါတယ်။

အဲသည်တော့ ပညာတတ် ကလေးသူငယ်ကမှ ပညာရှိ လူတော်လူကောင်းကလေးများ ပေါ်ပေါက်လာနိုင်တယ်ဆိုတာကို သတိထားပြီး သူ့အရွယ်နဲ့သူ နားလည်နိုင်တဲ့ အကြောင်းအရာများကို သင်ကြားပေးမယ်ဆိုရင် ကျောင်းဆိုတာဟာ တော်လည်းတော်တဲ့ ထက်လည်းထက်မြက်တဲ့ သူများ မွေးဖွားကြီးပြင်းရာနေရာ ဖြစ်လာနိုင်ပါတယ်။ အခုတော့ ကလေးများဟာ သူတို့နားမလည်နိုင်တာကို စိတ်အဆင်းရဲခံပြီး စဉ်းစားလို့စဉ်းစားရ၊ အသက်မကြီးတကြီးဖြစ်လာတော့လည်း နိုင်ငံ့အရေး ပေါက်နဲ့ကြေးဆိုတဲ့ ပတ်ဝန်းကျင်မှာ ကိုယ်က ကျေးလိုလို ပေါက်လိုလို၊ ဘာကောင်မှန်းမသိဘဲ ဖြစ်နေတတ်ပါတယ်။ တကယ်တော့ နိုင်ငံရေးသမားများဟာ စနစ်တကျ စိတ်ရင်းစေတနာနဲ့ လုပ်နည်းကိုင်ဟန်များဟာ ထိုက်သင့်အားလျော်စွာ ဒွန်တွဲပြီး ရင့်ကျက်လာအောင် လေ့ကျင့်ပေးထားမှသာ သူ့အတွက်ရော နိုင်ငံ့အတွက်ပါ အကျိုးပြည့်ဝမှာ ဖြစ်ပါတယ်။ ကိုင်း ပြောတဲ့သူကတော့ ပြောခဲ့ပြီ။ လက်မခံချင်ရင်လည်း ရပါတယ်။

လောကကြီးဟာ အပြောင်းလဲကြီးပြောင်းလဲနေတဲ့အတွက် ငါတို့ခေတ်တုန်းကနဲ့တော့ မတူပေါင်လို့ ပြောချင်ရင် အဲဒါမှ သဘာဝကျတယ်လို့ ပြန်ပြောရမှာ ဖြစ်ပါတယ်။ပြောင်းလဲနေတဲ့ကာလကဖြင့် တော်တော်ကြာနေပြီ၊ ငါတို့ခေတ်ကအတိုင်း ထားနေချင်သေးတယ်ဆိုရင်ဖြင့် ခေတ်ကနောက်ကျတာထက် ခေတ်စာရင်းတောင် ဝင်မှာမဟုတ်ဘဲ ဖြစ်သွားနိုင်ပါတယ်။

အရေးကြီးတာက စေတနာစိတ်ကောင်းရှိဖို့၊ အဲသည်လို စေတနာစိတ်ကောင်းရှိဖို့ ဆိုတာကလည်း စေတနာစိတ်ကောင်းဆိုတာ ဘယ်လိုစိတ်ထားမျိုးလဲဆိုတာကို သိတတ်နားလည်ဖို့လိုပါတယ်။ လောကကြီးမှာ လိုတာတွေကလည်း ဖြည့်မကုန်၊ ပြင်မကုန်ဘဲနဲ့ လူတွေကလည်း အပြောင်းအလဲများတော့ စိတ်ရှည်သည်းခံနိုင်မှ လိုရာပန်းတိုင်ကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

၄၊ ၁၂၊ ၂၀၁၀။

www.burmeseclassic.com

www.burmeseclassic.com

## အလွမ်းပြေအောင် စာဟောင်းတွေကို ပြန်ဖတ်ရတယ်

အလွမ်းပြေအောင် စာဟောင်းတွေကို ပြန်ဖတ်ရတယ်လို့ ခေါင်းစဉ်တင်ထားပေမယ့် ရှေးက ရေးခဲ့တဲ့စာတွေက ဟောင်းတယ်လို့မှမရှိတာပဲ။ ပြန်ပြီးဖတ်တိုင်း အကျိုးရနေတာတ်ပါတယ်။

အခုတလော ကလေးတွေ စာမဖတ်ချင်ကြတော့ဘူး။ ခေတ်အခြေအနေကလည်း ဘယ်လိုဖြစ်နေတာကိုးစသည်ဖြင့် ပြောတတ်ကြတဲ့ စကားတွေကို နားထောင်ရင်း သြော် သူတို့ကိုယ်တိုင်က မျက်စိ အကြည့်မှား၊ အတွေးမှားနေကြတာကိုး။ လုပ်နည်းကိုင်ဟန်ကလည်း မှားကုန်တာ မဆန်းပါဘူးလို့ တွေးမိပါတယ်။ တစ်ခါက ဟောပြောပွဲကြီးတစ်ခုမှာ ကျွန်မတို့သမိုင်းကို အခုခေတ်မှာ အသုံးမဝင်တော့လို့ မဖတ်တော့ဘူးလို့ ပြောလွှတ်လိုက်တဲ့ လူငယ်တစ်ယောက်ရဲ့စကားကို နားထောင်ပြီး အိမ်အပြန်မှာ ကျွန်မ တော်တော်ခံစားခဲ့ရပါတယ်။ ကလေးတွေ စာမဖတ်ချင်၊ သမိုင်းမဖတ်ချင်တာနဲ့ တိုင်းပြည်ပဲ ခုချက်ချင်းပျက်တော့မလို ခံစားရပါတယ်။ အိမ်ပြန်ရောက်တော့ အသက် ၇၁ ပြည့်လုပြည့်ခင်ဖြစ်နေပြီဖြစ်တဲ့ ကျွန်မဟာ မူလကတည်းက စိတ်မာတဲ့သူမဟုတ်ရင် ဒုက္ခများသွားနိုင်ပါတယ်။ ဒါပေမယ့် ကံကကောင်းချင်တော့ သီတဂူဆရာတော်ကြီးရဲ့တရားကို နာကြားဖို့ အခွင့်ကြုံသွားပါတယ်။ အဲသည်နေ့ကမှ ဆရာတော်ကြီးက နိုင်ငံခြားက ပြန်လာတာပါ။ တစ်နိုင်ငံပြီးတစ်နိုင်ငံကူးပြီး ဟောပြောနေရလို့ အလွန်ပင်ပန်းနေတဲ့အတွက် ဆွေးနွေးခြင်းများကို သည်းခံပါ၊ မေးမြန်းခြင်းများကိုလည်း လက်မခံပါစေနဲ့လို့ တောင်းပန်ထားပါသတဲ့။ ဖြစ်ချင်တော့ ထိုင်းနိုင်ငံရောက်တဲ့အခါမှာ လေယာဉ်ကွင်းမှာ လေယာဉ်တွေတန်းစီပြီး ဖြည်းဖြည်း ရွေ့နေရတာနဲ့ ကြုံတာနဲ့ နိုင်ငံရပ်ခြားတိုင်းပြည်တစ်ပြည်က လင်မယားနှစ်ယောက်က ဆရာတော့်ကို မေးခွန်းတွေတန်းစီပြီး မေးတော့တာပါပဲတဲ့။ သူတို့မေးတာက "ယခု ဖြစ်ပေါ်နေတဲ့ ကမ္ဘာလောကကြီး အခြေအနေနဲ့ ဗုဒ္ဓဘာသာ အယူအဆနဲ့ဆိုရင် ဘာဖြစ်နိုင်သလဲ"လို့ မေးပါသတဲ့။



ဆရာတော်ကြီးက ဒီမေးခွန်းမျိုးဖြေရတာဟာ ကျုပ်တို့အဖို့တော့ ထမင်းစားရေသောက်ပါပဲတဲ့။ အဲသည်တော့ ချက်ချင်းဖြေလိုက်ပါတယ်တဲ့။ "လောကကြီးဟာ တုန်လှုပ်နေတယ်၊ လောကကြီးဟာ ရွေ့လျားနေတယ်၊ လောကကြီးဟာ ပြောင်းလဲနေတယ်။ အဲသည်လို မမြဲတဲ့သဘောတရားအရ အခုရှိနေတဲ့အတိုင်း၊ အခုဖြစ်ပေါ်နေတဲ့အတိုင်းကတော့ မြဲနေ တည်နေမှာမဟုတ်ပါဘူး။ အပြောင်းအလဲတွေကတော့ ဖြစ်နေမှာပါပဲ။ မြတ်စွာဘုရားဟောပြောခဲ့တဲ့တရားဟာ မမှားနိုင်ပါဘူး။အဲသည်လိုမမြဲတဲ့ တရားကြောင့် အခုမကောင်းတာဟာ နောက်ဆိုရင် ကောင်းသွားမှာလို့လည်း မျက်စိမှိတ်ပြီး ယုံကြည်ပါလို့ ပြောလို့မရပါဘူး။ ပြောင်းလဲတတ်တဲ့သဘောတရားကိုလိုက်ပြီး လူတွေကလည်း ပိုပြီးများ ကောင်းမလားဆိုတဲ့ အတွေးနဲ့၊ မျှော်လင့်ချက်နဲ့ ပြောင်းလဲခြင်း၊ ပြုပြင်ခြင်းတွေ လုပ်ကြဦးမှာဖြစ်တယ်။ အဲသည်လိုပြောင်းလဲတာ လွန်သွားလို့လည်း သဘာဝလောကကြီးဟာ အလုအပတွေပျက်၊ သဘာဝကပေးတဲ့ ပြည့်စုံမှုတွေ ပျက်စီးကုန်တာပေါ့"လို့ ဆရာတော်ကြီးက ဖြေတော်မူလိုက်ပါသတဲ့။ အဲသည်လိုပျက်စီးတာကိုလည်း ကောင်းအောင်ကြိုးစားကြဦးမှာပါပဲ။ အဲသည်လိုကြိုးစားတဲ့အခါမှာ အားကိုးအားထားပြုရမှာက မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားသာဖြစ်ပါတယ်လို့ မိန့်တော်မူခဲ့ပါသတဲ့။

တခြားသူတွေတော့ မသိပါဘူး။ လူငယ်တွေက သမိုင်းမဖတ်တော့ဘူးပြောတာနဲ့ ရင်ထဲမှာတင်းကျပ်နေတဲ့ ခံစားမှုဟာ ချက်ချင်းလို သက်သာသွားတာကတော့ အမှန်ပါပဲ။ မြဲတာမှ မဟုတ်တာ။ မကောင်းဘူး၊ သုံးလို့ မရဘူးလို့ ထင်နေတရာက ဖတ်လို့ကောင်းတယ်၊ တွေးတောစဉ်းစားလိုက်တဲ့အခါမှာ လိုချင်တဲ့အဖြေရတယ်လို့ စဉ်းစားမိပြီး စာပေတွေ၊ ကဗျာတွေကို ပြန်ဖတ်တဲ့ခေတ်လည်း ပြန်ရောက်လာနိုင်ပါတယ်။ အဲသည်အချိန်ကျရင်တော့ ကျွန်မတို့ မရှိနိုင်တော့ပါဘူး။ အခု ကျန်းမာရေးကောင်းနေရာက ကိုယ့်ဘာသာကိုယ် မထင်မှတ်တဲ့အချိန်မှာ အဆုံးအထိရေးမယ်လို့ စဉ်းစားထားတဲ့ "သာသနာ့သြဇာနဲ့ မြန်မာပညာရေး"ဆိုတဲ့ စာအုပ်ကိုလည်း ရေးလို့ ပြီးဖို့မပြောနဲ့၊ နိဒါန်းတောင်မှ ပြီးအောင်ရေးနိုင်ပါ့မလား မသိပါဘူး။ အခုရေးရင်ရောလို့ မေးရင် ကြားထဲမှာ ရေးဖို့လျာထားတဲ့ စာအုပ်တစ်အုပ်ကလည်း ရှိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သမီး စိတ်ချမ်းသာအောင် ကိုယ်တိုင်ဆုံးဖြတ်ထားတဲ့ ကိစ္စတစ်ခုကို ပြောလိုက်ပါတယ်။ အမေကတော့ အစွဲအလမ်းနဲ့ နောက်ဘဝအထိ မကျွတ်မလွတ်နိုင်တဲ့ အဖြစ်မျိုးအထိတော့ မဖြစ်စေပါဘူး။ နိုင်ရင်နိုင် မနိုင်ရင် ပစ်ချလိုက်မှာပါပဲ။ လုပ်ကြည့်မယ်၊ မရတော့လည်း ချထားလိုက်ရမှာပေါ့လို့ ပြောရတယ်။ ချမထားဘဲ ဆက်လက်ရွက်ဆောင်နိုင်အောင် ဆုတောင်းပေးကြစေလိုပါတယ်။ အနှစ် ၂၀ လောက်တော့ အလုပ်လုပ်လို့ ရနိုင်ပါသေးတယ်။

*၂၆၊ ၁၂၊ ၂၀၁၀။*

## *ရှင်သန်အောင် ကြိုးစားခြင်း*

စာရေးဆရာဆိုတာ လူက အငြိမ်ကြီး ငြိမ်နေပေမယ့် စိတ်ကတော့ နိုင်ငံအနှံ့အပြားကို ပြေးလွှားနေတတ်ပါတယ်။ ဒေသတွေကို သူဖြတ်သန်းပြီးသွားရင်း ရှေးခေတ်ကို ပြန်ရောက်လိုက်၊ ခေတ်သစ်ကို ပြန်လာလိုက် မရောက်သေးတဲ့ခေတ်ကို သူ့ပဲပိုင်သလိုလိုနဲ့ စီမံခန့်ခွဲလိုက်ဆိုတဲ့ ရှင်သန်နည်းနဲ့ ရှင်သန်နေပါတယ်။

တကယ်လို့ သူဟာ ဘယ်သူ့အကြောင်းကိုမှ မတွေးတော့ဘူး၊ လေဟာပြင်ထဲမှာ လွှင့်ပါသွားတဲ့ တစ်ခါက အင်မတန်တန်ဖိုးကြီးခဲ့တဲ့ အနုပညာပစ္စည်းတစ်ခုလို နေမယ်ဆိုရင်တော့ သူ့အသက်က ရှင်သန်နေတုန်းပေမယ့် ပတ်ဝန်းကျင်က မသိတော့ဘဲ သေဆုံးပျောက်ကွယ်သွားတဲ့ လူလို လူမသိ သူမသိ ဖြစ်သွားတတ်ပါတယ်။

ခေတ်တွေကလည်း အပြောင်းအလဲ မြန်လိုက်တာ စာဖတ်သူများ သိကြတဲ့အတိုင်း မထင်မှတ်လောက်အောင် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းတဲ့ ဘေးအန္တရာယ်များဟာ နိုင်ငံတော်တော်များများမှာ ကျရောက်ခဲ့ကြလို့ စိတ်ဆင်းရဲစွာနဲ့ နောက်ထပ် ဘယ်မှာမှ အဲဒီလိုမဖြစ်ပါစေနဲ့ဆိုတဲ့ စိတ်နဲ့ မေတ္တာပို့သနေတဲ့ကြားက ဟော သဘာဝဘေးအန္တရာယ်ကြီးက ကြုံကြုံရယ်မှဖန်ဖန် မြန်မာနိုင်ငံပိုင်နက်ထဲမှာ ထပ်ပြီးတော့ ဖြစ်ပွားခဲ့ပြန်ပါတယ်။

စာရေးသူနဲ့ သမီးဟာ အတူတူ စုတင်ပေါ်မှာ စကားပြောနေရင်း ပုခက်လွှဲသလို ငြိမ့်ငြိမ့်ညောင်းညောင်း လှုပ်ရှားခြင်းကို ခံစားကြရပါတယ်။

ဝုန်းဒိုင်းမကြီးဘဲ ငြိမ့်ငြိမ့်ညောင်းညောင်းနဲ့ဆိုပေမယ့် မမြင်ရတဲ့ စိတ်မျက်စိထဲမှာ အန္တရာယ်ဆိုတာ ပေါ်လာပါတယ်။ သမီးကလည်း အင်မတန်စိတ်မာတဲ့သူ အကြောက်အလန့်မရှိ၊ မိအိုဖအိုအတွက် ခိုင်ခံ့တဲ့ ကိုးစားရာသူလေးဖြစ်လို့ ကျွန်မက သမီးရေ၊ လျှင်လှုပ်နေတာ သိလား၊ သိပါတယ် မေမေ။ ကြောက်လား၊ မကြောက်ပါဘူးလို့ ပြောပါတယ်။ အမှန်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာပါပဲ။ ကြောက်စရာမို့လို့ ကြောက်တာဟာ သဘာဝပဲ၊ ရှက်စရာမဟုတ်ပါဘူး။ ကျွန်မက သမီးရေ၊ လက်အုပ်ကလေး ချီပြီး ဘုရားစာ ရွတ်ကြရအောင်၊ ယောဆရာတော်ဘုရားကြီးကလည်း ရတနာသုံးပါးကို အမြဲမပြတ် သတိထားပြီး ကိုးကွယ်ဆည်းကပ်၊ အန္တရာယ်ဖြစ်လာရင် အင်မတန်ကိုးစားထိုက်တဲ့ အကာအကွယ်ကြီး ရလိမ့်မယ်လို့ သွန်သင်တော်မူခဲ့တာကို ခံယူခဲ့ဖူးလို့ သားအမိနှစ်ယောက်စလုံး ဘုရားစာရွတ်ကာ ရတနာသုံးပါးအပေါ်ကို စိတ်စိုက်ပြီး နေခဲ့ပါတယ်။

ဒီကြားထဲမှာ ကျွန်မက လျှောင်ဒဏ်ဆိုတာက သိပ်အကြာကြီး ဖြစ်မှားလေ့မရှိပါဘူး၊ စက္ကန့်ပိုင်း လွန်လှရင် မိနစ်ပိုင်းပေါ့။ ဒါပေမယ့် သူက အန္တရာယ်ဆိုတော့ ကိုယ့်ကိုယ်ထဲက အကြောက်တရားများနဲ့တွဲရင် ကြာတယ်လို့ ထင်ရသတဲ့လို့ သမီးကိုပြောပါတယ်။ သမီးကလည်း ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့ လိုက်နေပါတယ်။ ကျွန်မတို့ ခုတင်ကတော့ တောင်နဲ့မြောက် ပုခက်လွှဲသလို ယိမ်းထိုးနေပါတယ်။ ဒါပေမယ့် ဘယ်နံရံကိုမှ မတိုက်ဘဲ ကြားထဲမှာတင် ယိမ်းထိုးပြီး ခဏနေတဲ့အခါ ရပ်သွားပါတယ်။ တကယ်တော့ လျှောင်ကသာ ရပ်သွားတာ၊ ကြောက်စိတ်က မရပ်သေးပါဘူး။ ကြောက်တယ် ကြောက်တယ်ဆိုပြီး တုန်လှုပ်နေလောက်အောင် ဖြစ်ရမယ့်အရွယ်လည်း မဟုတ်တဲ့အတွက် အဲဒီလိုတော့ ခံစားရင်တောင်မှ နှုတ်ကမထွက်မိပါဘူး။

ဒါပေမယ့် ဒါ မရှိတော့ဘူး၊ ရပ်သွားပြီဆိုတဲ့တိုင်အောင် ရပ်သွားပြီဆိုတဲ့ အသိထဲကမှ စိတ်ထဲက နည်းနည်းများ ရှိနေသေးလား မသိဘူး သမီးရယ်လို့ ကျွန်မက ပြောမိပါတယ်။

ကလေးတွေက တစ်ချိန်တုန်းက မိခင်ရင်ခွင်ထဲတိုးပြီး အကြောက်ကို ဖြေကြတယ်။ မေမေ ကြောက်တယ်ဆိုပြီး အော်ကြတယ်။ အဲဒီကလေးလေးတွေက ကျွန်မသမီးလိုပေါ့လေ။ ကြီးပြင်းလာတဲ့အခါမှာ အမေအိုကြီးကို (ကျွန်မကတော့ ကိုယ့်ကိုယ်ကို အိုတယ်လို့ မထင်ပေါင်၊ ဒါပေမယ့် အိုတာတော့အမှန်ပဲ။ ကိန်းဂဏန်းနဲ့တွက်လည်း အိုပြီ၊ လုပ်ဆောင်နိုင်တဲ့ စွမ်းရည်နဲ့တွက်လည်း တစ်စိတ်တစ်ပိုင်းတော့ အိုပြီ။ အဲသည်လို လူအိုတွေအတွက်)ရင့်ကျက်ဖွံ့ဖြိုးလာပြီဖြစ်တဲ့ လူငယ်တွေဟာ အားထားစရာ ပင်ပို့တွေပဲ။ အဲဒီလိုတွေးလိုက်ပြီး လျှောင်ကိုမေ့ကာ ငါဟာ တော်တော်ကံကောင်းတဲ့



အမျိုးသမီးပဲ၊ အသက်ကြီးတော့ တစ်နည်းသာတယ်ဆိုပြီး အတွေ့အကြုံတွေနဲ့ ထုံမွှမ်းကာ သားအရွယ်သမီးအရွယ်တွေကို ပညာပေးတုန်း၊ သွန်သင်တုန်းပဲ ရှိပါသေးတယ်။ ဆရာမကြီး ဘယ်အချိန်တွေမှာ သွန်သင်လဲလို့မေးရင် လျှောင်လှုပ်နေချိန်လည်း ကိုယ်သိသမျှကို တွက်တွတ် တွတ်တွတ်နဲ့ ပြောနေတာဟာ တစ်နည်း သွန်သင်တာပါပဲ။ တကယ်တော့ သမီးကလည်း ထုတ်ဝေသူ စာပေပညာနဲ့ ခေါင်းနဲ့ပန်းလို နေတဲ့သူဆိုတော့ သိပြီးသားအကြောင်းအရာတွေကို အမေ ပြန်ပြောနေမှန်း နားလည်ပါတယ်။ ဒါပေမယ့် ပြောချင်တဲ့သူက ပြောတာကို ယဉ်ကျေးစွာ၊ ဟုတ်ကဲ့ပါ အမေ၊ ဟုတ်ကဲ့ပါ မေမေနဲ့ နားထောင်နေတာကိုက တိုင်တစ်တိုင်ထဲရှိရင် လဲပြိုနိုင်ပေမယ့် တိုင်နှစ်တိုင်၊ တစ်တိုင်နဲ့တစ်တိုင် ကျားကန်ထားရင် တွန်းအားအပြန်အလှန်ရကာ ခိုင်ခိုင်မာမာ ဆက်ရပ်တည်နိုင်သလိုပါပဲ။ ကျွန်မတို့ အေးအေးဆေးဆေး လျှောင်ဒဏ်ကို ကျော်လွှားနိုင်ပါတယ်။ ဒါပေမယ့် သမီးရေ၊ လျှောင်က သိသိသာသာလေး ခံစားရတဲ့အထိ ပြင်းထန်တယ်ဆိုတော့ တချို့နေရာတွေမှာ အန္တရာယ်ရှိမယ်၊ အဲဒီအန္တရာယ်ရှိမယ့်သူတွေ အန္တရာယ်ကနေပြီး လွတ်မြောက်ကြပါစေဆိုပြီး မေတ္တာပို့ကြပါတယ်။

နောက်တစ်နေ့ရောက်လာတော့ ခေတ်ရဲ့သမီးဖြစ်တဲ့သူက သတင်းစာကို အရင်ဖတ်တယ်၊ နောက် နိုင်ငံတကာသတင်း ထုတ်လွှင့်ချက်တွေကို ကြည့်တယ်။ အဲဒီတော့ အန္တရာယ်ခံရတဲ့သူတွေ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာပဲ ရှိတယ်ဆိုတာကို သိရတော့တာပေါ့။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် ဝမ်းသာစရာမှ မကောင်းတာ၊ ဒီအန္တရာယ်နဲ့ပတ်သက်ပြီး နောက်ထပ်ဆက်မဖြစ်ပါစေနဲ့၊ ဘယ်နိုင်ငံမှလည်း မဖြစ်ပါစေနဲ့ဆိုတဲ့ မေတ္တာပို့သခြင်း အလုပ်ကို ဆက်လုပ်နေပါတယ်။

အလုပ်လုပ်နေရင်းလည်း မေတ္တာပို့သနေတာက မပြတ်ပါဘူး။ ကျွန်မစိတ်ထဲမှာ ခံစားရတဲ့ အချက်တစ်ခုကို ပြောချင်ပါတယ်။ အဲဒီလို သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်တဲ့သူတွေဟာ မိမိကိုယ်ကိုမိမိ ဆုံးမကြဖို့လိုပါတယ်။ ပထမဦးဆုံး နှလုံးသွင်းရမှာကတော့ လူအဖြစ်ကို ရဖို့ဟာ ခက်ခဲပါတယ်။

အခု ကျွန်မတို့ နိုင်ငံသားတွေအနေနဲ့ပဲ စဉ်းစားကြရအောင်ပါ။

www.burmeseclassic.com



သေဆုံးတဲ့သူတွေရှိသလို အသက်ရှင်ကျန်ရစ်ခဲ့တဲ့သူတွေလည်း ရှိပါတယ်။ သေဆုံးသွားတဲ့သူအတွက် မေတ္တာပို့သခြင်း၊ အလှူတန်းပြုလုပ်ပြီး ဆုတောင်းခြင်း၊ ကျန်ရစ်ခဲ့တဲ့သူတွေအတွက် လိုအပ်တဲ့ပစ္စည်း အစားအစာ စသည်တို့ကို ဝေငှပေးကမ်းခြင်းစတဲ့ အလုပ်တွေအပြင် 'မိမိတို့ရဲ့ရှင်သန်ခြင်းဟာ အသက်ရှင်နေတဲ့အချိန်မှာလည်း အဓိပ္ပာယ်ရှိရှိ၊ မိမိရော မိမိတို့ရဲ့ သားချင်းများ (တစ်နိုင်ငံလုံးမှာရှိတဲ့ သားချင်းများ) ကျစ်လျစ်ခိုင်မာစွာ စုစည်းပြီး ချစ်နိုင်ကြဖို့ လိုပါတယ်။ အဲဒီလို ချစ်နိုင်တဲ့စိတ် မွေးသွားရင် ဒေါသတွေ မောဟတွေ လောဘတွေနဲ့ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားရမယ့်နေရာမှာ ဆိုးရွားတဲ့အပြုအမူတွေ အတွေးအခေါ်တွေ တစ်စခန်း မထနိုင်အောင် ရပ်တန်းက ရပ်ကြဖို့လိုပါတယ်။'

ရပ်ဝတ္ထုကိုကြည့်ရင်တော့ ငြိမ်ငြိမ်သက်သက်ထိုင်နေပေမယ့် စိတ်ထဲကတော့ အားလုံးသော ညီနောင်သားချင်းများ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ခိုင်ခိုင်မာမာ အပြန်အလှန် တွေးပိုက်ပြီး အားရှိအောင် နေလိုက်စေချင်ပါတယ်။ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် တွေးပိုက်ပြီး အားရှိအောင် နေရင်းက အတန်ကြာငြိမ်သက်သွားတဲ့အခါမှာ တွေးဖက်ထားတဲ့ လက်တွေကို ဖြေပြီး ကိုယ်ထမ်းဆောင်ရမယ့်တာဝန်၊ ကိုယ့်ရဲ့စိတ်အင်အား လူအင်အား
၁၊ တွေနဲ့ နည်းနည်းလေးကစပြီး တစ်ရစ်တစ်ရစ် မြင့်တက်လာတဲ့ မေတ္တာစိတ်၊ ကြင်နာစိတ်တွေကို အသစ်အသစ် ထပ်မံမွေးဖွားရင်း အန္တရာယ်ဟူသမျှကို စိတ်ထဲမဝင်စေဘဲ တစ်ခုတစ်ခုလုပ်တော့မယ်ဆိုရင် တည်ဆောက်လို့ရသမျှတွေဟာ မိမိတို့တစ်နိုင်ငံလုံးမှာ နေထိုင်ကြတဲ့ မိမိတို့ပိုင်နယ်မြေမှာရှိကြသူများကို မျှတဝေငှပြီး ခိုင်မာတဲ့ အမိနိုင်ငံတော်ကြီးကို ပိုပြီးရှင်သန်ထက်မြက်လာအောင် အဟောင်းတွေနဲ့တင် မရပ်ဘဲ အသစ်အသစ်သော အညွှန့်တွေပါ အန္တရာယ်တောက ထိုးပြီးတက်လာအောင် ကြိုးစားလိုက်ကြရအောင်လေ။

ဘေးအန္တရာယ်ကို ရင်ဆိုင်ရင်း စိတ်ဓာတ်ကျရမှာ မဟုတ်ဘူး၊ အဲဒီအလှည့်အပြောင်းကနေပြီး ကောင်းမြတ်တဲ့စိတ်စေတနာတွေ နိုးလာရမှာ။ ကိုင်း ပြောနေ ကြာတယ်၊ ရှင်တို့ ကျွန်မတို့ရဲ့လက်တွေ၊ ရှင်တို့ကျွန်မတို့ရဲ့ အကြံအစည် ဒါတွေဟာ တိုင်းပြည်အတွက်ပဲ၊ ကျွန်မတို့လူသား အားလုံး အတွက်ပဲဆိုပြီး ကြိုးစားလိုက်ရအောင်လေ။



စာရေးဆရာပီပီ စိတ်ကူးနယ် ယဉ်လိုက်တာဗျာလို့ ပြောမယ့်လူရှိရင် ကျွန်မ ကြိုပြောထားလိုက်ပါရစေ။ စိတ်ကူးက ယဉ်ကျေးမှ လုပ်ရပ်က ကောင်းမြတ်မယ်၊ ကောင်းမြတ်တဲ့လုပ်ရပ်က ပထမ အကျိုးခံစားရအောင် မျှတရမှာတော့ မိမိတို့တိုင်းရင်းသားများပါပဲ။ မိမိတို့တိုင်းရင်းသား အချင်းချင်း အန္တရာယ်ကြားကနေ တိုးပြီးထွက်လာတဲ့အခါ ဟိုဘက်ဒီဘက် လက်နှစ်ဖက်စလုံး ဆန့်တန်းပြီး အချင်းချင်းအားပေးတဲ့အနေနဲ့ တွေးတွေးပိုက်ပိုက်ကြီး တစ်ချောလောက်နေကြည့်ပါလား။ ပြီးတဲ့အခါကျမှ ကိုင်း ငါတို့အချင်းချင်းမှ မချစ်ရင် ဘယ်သူလာလို့ချစ်မှာလဲ၊ အချင်းချင်းချစ်တဲ့စိတ်နဲ့ ကျစ်ကျစ်လျစ်လျစ် အပြန်အလှန်ဖက်ထားတဲ့ကြားက တဒုတ်ဒုတ် တုန်ခါနေတဲ့ နှလုံးသားဟာ ငါတို့ရှင်သန်ဆဲဆိုတာ ပြောနေတာပါပဲ။ မရပ်စေနဲ့ မရပ်စေနဲ့ အဲဒီနှလုံးသားကို။

ရောင်းရင်းတို့ရေ၊ ကောင်းမြတ်တဲ့စိတ်ထားနဲ့ ထပ်ပြီးပြောလိုက်ပါမယ်။ ဘယ်သူ့ကိုမှ အန္တရာယ်မပေးတဲ့လုပ်ငန်းတွေကို အားသွန်ခွန်စိုက် နေ့တစ်ဒူဝ ဆောင်ရွက်လိုက်ကြရအောင်လေ။

၂၈၊ ၃၊ ၂၀၁၁။

www.burmeseclassic.com

www.burmeseclassic.com

## မြဝတီမင်းကြီးဦးစ

ကျွန်မတို့ငယ်ငယ် ၁၁ နှစ်သမီးလောက်က လောကီတ္ထုပ္ပတ် လူတို့စာတ် အမည်ရှိတဲ့ ကျောင်းသုံးစာအုပ်ကိုပြဋ္ဌာန်းစာအုပ်အဖြစ် ကြေညာလိုက်ပါတယ်။ ပြဋ္ဌာန်းလိုက်တဲ့အကြောင်းကို ဆရာက အတန်းထဲမှာ ကြေညာပါတယ်။ စာအုပ်အမည်က ဆန်းလွန်းတော့ လက်ထဲကို စာအုပ်ရောက်တာနဲ့ ခပ်မြန်မြန် ဖွင့်ဖတ်မိပါတယ်။ အထဲမှာပါတဲ့ အကြောင်းအရာများကို တော်တော်ကြာအောင် ဖတ်မိတော့မှ လူတို့ရဲ့အကြောင်းကိုရှုထောင့်စုံကနေပြီး ချဉ်းကပ်ရေးသားတဲ့ သမိုင်းစာအုပ်ဖြစ်နေတဲ့အကြောင်းကို သိရပါတယ်။ သမိုင်းဆိုတာ လူတို့ရဲ့အကြောင်းဆိုတော့ ရှုထောင့်စုံလေလေ စိတ်ဝင်စား စရာကောင်းလေလေ ဖြစ်ပါတယ်။

လူတို့အကြောင်းက စိတ်ဝင်စားစရာကောင်းတယ်ဆိုပေမယ့် ပျော်စရာတွေချည်းတော့ မဟုတ်ပါဘူး။ နိုင်ငံရပ်ခြား သမိုင်းကိုပဲ ကြည့်ကြည့်၊ မြန်မာ့သမိုင်းကိုပဲကြည့်ကြည့် ထိတ်လန့်စရာတွေနဲ့လည်း တွေ့ရတတ်ပါတယ်။ ထိတ်လန့်နေရာက ရုတ်တရက် စိတ်လက်ပေါ့ပါးသွားရတဲ့ အဖြစ်များကိုတော့ သောင်းပြောင်းရောရာ ဖတ်ရပါတယ်။ သမိုင်းဘာသာက အစောပိုင်းမှာ ပုံပြင်သဖွယ်သဘောထားပြီး ဖတ်လို့ရပါတယ်။ ဒါပေမယ့် အတန်းကြီးလာလေလေ ဖြစ်ရပ်များက ပြောင်းလဲလေလေ ရှုပ်ထွေးလာလေလေ ဖြစ်ပါတယ်။ သမိုင်းကို ဟန်ချက်ညီအောင် ဖတ်ကြဖို့လိုပါတယ်။ အခုခေတ်မှာ မြန်မာ့သမိုင်းနဲ့ နီးစပ်မှုမရှိသလောက်ဖြစ်နေတဲ့ လူငယ်များက သမိုင်းကို စိတ်မဝင်စားကြတော့ဘူးလို့ ပြောလာကြတော့ ရုတ်တရက်ကြားခါစမှာ ထိတ်လန့်မိပါတယ်။ နောက်တော့လည်း လူငယ်များကို ကိုယ်ချင်းစာမိပါတယ်။ လူငယ်များအနေနဲ့ ဤခေတ်ကြီးနဲ့အမီ ခေါင်းကိုမတ်မတ်ထားပြီး လှုပ်ရှားနိုင်ဖို့ ဖတ်ရှုလေ့လာရတဲ့အကြောင်း အရာများကလည်း များလှသကိုး။

အဲသည်တော့ လူရောစိတ်ပါ ပင်ပန်းလာကြကာ ဟိုဟာမကြိုက်



ဒီဟာကိုလည်းမကြိုက် ဖြစ်နေကြတာပဲလို့ ယူဆကြတော့တာပါပဲ။ သူ့ခေတ်နဲ့သူတော့ ဟုတ်သလိုလို ထင်ရပါတယ်။ ဒါပေမယ့် လူ့လောကကြီးမှာ အမြဲမပြတ် ပြောင်းလဲနေတဲ့ဖြစ်ရပ်တွေနဲ့ ပြည့်နှက်နေတဲ့အတွက်ကြောင့် တစ်ခုလောက်မသိရင် အရေးမကြီးပေမယ့် တရစပ်ဖြစ်ပျက်နေသမျှကို မသိတော့ဘူးဆိုရင် ခေတ်မီခြင်း တိုးတက်ခြင်းတို့နဲ့ တစ်စတစ်စ ဝေးမှန်းမသိ ဝေးသွားနိုင်ပါတယ်။ ခေတ်မီတိုးတက်သော အကြောင်းအရာများကို လေ့လာနေရင်းက ပိုမိုခေတ်မီအောင်ကြိုးစားရင်း တတ်သိနားလည်ခြင်းဆိုတာ အဆုံးသတ်မရှိနိုင်အောင် ကျယ်ပြန့်လှပါတယ်ဆိုတာကိုသဘော ပေါက်လာနိုင်ပါတယ်။

ခေတ်လူငယ်တွေကို မပြောပါနဲ့တော့၊ လူကြီးတွေလည်း၊ အရာရာကို မစွန့်စတမ်း လေ့လာမှတ်သားပြီး မထားနိုင်ပါဘူး။ မိမိတို့အတွက် အလွန်လိုအပ်တယ်လို့ မိမိတို့ဘာသာ လက်စံယုံကြည်ထားတဲ့ အကြောင်းအရာများကိုသာ ရွေးနိုက်မှတ်သားလာကြရပါတယ်။ မိမိတို့ရဲ့ကိုယ်အား ဉာဏ်အားကျလာတာကလည်း အကြောင်းတစ်ခုဖြစ်ပါတယ်။ အခြားသော လုပ်စရာကိစ္စတွေ အရှုပ်ရလာတဲ့တိုင်အောင် သိစရာ တတ်စရာတွေ မှတ်သားစရာတွေက တိုးလို့သာလာတတ်တဲ့သဘောတရားက အမြဲရှင်သန်နေတာကိုး။ စာရေးသူက မြဝတီမှာရော ငွေတာရီမှာပါ စာမပြတ် ရေးချင်သူပါ။ ဒါ့ကြောင့်လည်း မြဝတီအထူးထုတ်မှာ ဆောင်းပါးပါအောင်ကြိုးစား ရေးရင်း ပြောစရာတွေကများလို့ စာကရှည်လာပြီးတော့ မပြီးဆုံးနိုင်ဖြစ် နေရပါတယ်။

ပဓာနထားပြီး ပြောချင်တာကတော့ မြဝတီဆိုတဲ့အမည်နဲ့ ထုတ်ဝေတဲ့ မြဝတီမဂ္ဂဇင်းကို ဂုဏ်ပြုသောအားဖြင့် မြဝတီမင်းကြီးဦးစ အကြောင်းဖြစ်ပါတယ်။ မြဝတီလို့ဆိုလို့ ဦးစကို ဘုရင်မင်းမြတ်က အပိုင်စားပေးသနားတော်မူတဲ့ မြဝတီမြို့ဟာ ယခုခေတ်လူငယ်တွေကြားဖူးနားဝရှိကြတဲ့ မြန်မာနိုင်ငံနဲ့ ယိုးဒယားအကြားက မြဝတီမြို့မဟုတ်ပါဘူး။ ဦးစ စားရတဲ့ မြဝတီမြို့ဟာ မြန်မာနိုင်ငံအထက်ပိုင်း သရက်ခရိုင်အတွင်းမှာရှိတဲ့ ကံမရွာရဲ့အောက်ဘက်က မြဝတီမြို့ဖြစ်ပါတယ်။

မြဝတီမင်းကြီး ဦးစရဲ့အကြောင်းကို ပြောရရင် နှလုံးရည်ဘက်တွင်သာမက လက်ရုံးရည်ဘက်မှာလည်း ထူးချွန်သူဖြစ်ပါတယ်။ ဆင်ဖြူရှင်မင်း

www.burmeseclassic.com

www.burmeseclassic.com



တရားကြီး နန်းစံသက် သုံးနှစ် သက္ကရာဇ် ၁၁၂၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့ စစ်ကိုင်းမြို့အနောက် မိကျောင်းတက်ရွာတွင် ဖွားမြင်သူဖြစ်ပါတယ်။ အဖမှာ အလုံမြို့ မြောက်လက်မောက်တက်ရွာသား မြင်းစီးကြီးသား ဦးပေါက်ကျော် ဖြစ်ပါတယ်။ အမိမှာ သက္ကရာဇ် ၉၉၂ ခုမှာ နန်းတက်တော်မူတဲ့ သာလွန်မင်းတရားကြီးလက်ထက် အမတ်ကြီးဗညားကျန်းတောရဲ့မြေး ရှင်ငြိမ်းသာ ဖြစ်ပါတယ်။

ဦးစဟာ လက်ရုံးရည် နှလုံးရည်နဲ့ ပြည့်ဝသူဖြစ်ပြီး ဘုရင်မင်းမြတ်ရဲ့ အချီးမြှောက်ကိုခံခဲ့ရပေမယ့် အကြောင်းကံအလှည့် မသင့်တဲ့အခါ ဘယ်လိုပဲ ကင်းအောင်နေသော်လည်း မင်းမှုထမ်းဖြစ်လို့ အမိန့်အတိုင်း ဆောင်ရွက်ခြင်းကြောင့် မင်းညီနောင်အချင်းချင်း ပြန်လည်သင့်မြတ်တဲ့အချိန်မှာ ရာဇဝတ်သားဘဝကို ရောက်ခဲ့ရပါတယ်။ အကျယ်အားဖြင့် မပြောသာပေမယ့် ဦးစဟာ သာယာဝတီမင်း အရေးနိမ့်တဲ့အခါ အရေးတော်ကို ပိုင်နိုင်တဲ့မင်းသားက အမိန့်ပေးတဲ့အတိုင်း သာယာဝတီစားငယ်လို့ ရေးသားထုတ်ပြန်ရမယ့်နေရာမှာ ငခင်ငယ်လို့ ရေးသားခဲ့ရပါတယ်။ ညီနောင်နှစ်ပါး ပြန်လည်သင့်တင့်တဲ့ အချိန်မှာ သာယာဝတီမင်းက 'ငါ့နာမည်ကိုဖော်ပြီး ငခင်ငယ်လို့ ရင့်ရင့်သီးသီး ရေးသားသူ ဖြစ်တယ်။ သေသင့်တယ်၊ ဒါပေမယ့် အခု ဒင်းကို ငါမသတ်သေး။ ငါ့ဘုန်းတော်ကို ကြည့်စေဦးမယ်၊ ထောင်ထဲမှာထား'လို့ အမိန့်ပေးခဲ့ပါတယ်။ အဲဒီအမိန့်အရ မြဝတီဝန်ကြီးဦးစဟာ ဝန်ကြီးဘဝက လျှောကျပြီး ထောင်တွင်း အကျဉ်းချထားခြင်းကို ခံခဲ့ရပါတယ်။ တကယ်လို့ ဦးစဟာ ထောင်တွင်းမှာ ဆက်တိုက်အချုပ်အနှောင် ခံခဲ့ရတယ်ဆိုရင် ထောင်တွင်းမှာရှိတဲ့ မင်းသားကြီးဦးအိုတို့နဲ့အတူ တစ်ချိန်တည်းမှာ ကွပ်မျက်ခံရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဦးစက လက်မရှိ့တို့လက်မှာ အသက်ဆုံးရှုံးရမယ့် ကံတာတာ မပါဘူးလို့ ပြောရမှာပါပဲ။ စလင်းမင်းသားကြီးနဲ့ အပေါင်းအပါတို့ကို မကွပ်မျက်မီ ခြောက်လခန့်က (၁၂၀၁) သီတင်းကျွတ်လပြည့်ကျော် သုံးရက်နေ့ အရိယာဝံသာဘိ သီရိပဝရာလင်္ကာ မဟာဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇာဂုရု သာသနာပြု သံအင်းဆရာတော်ကြီး ပျံလွန်တော်မူရာ အရှင်မိဖုရားခေါင်ကြီး ဖုရားကိုယ်တိုင် အလောင်းတော်ကို ဖူးမြော်ဖို့ စီစဉ်ကြပါတယ်။ အဲဒီအခါမှာ ထုံးစံရှိတဲ့အတိုင်း ထွက်တော်မူမယ့်လမ်းစဉ်တစ်လျှောက်ကို အကျဉ်းထောင်က ထောင်သားတွေကိုထွက်စေပြီး လမ်းချောအောင်ပြုလုပ်ဖို့ စေခိုင်းထားပါတယ်။



လမ်းပြင်တဲ့ အကျဉ်းသားများထဲမှာ ဝန်ကြီးဟောင်း ဦးစလည်း ပါဝင်ပါတယ်။ အဲဒီနောက် ချိန်းချက်တဲ့နေ့မှာ အရှင်မိဖုရားခေါင်ကြီးဖုရားနဲ့ သမီးတော်စုဖုရားကြီးတို့ ထွက်တော်မူလာပါတယ်။ ဦးစတို့ လမ်းပြင်တဲ့နေရာ ရောက်တဲ့အခါ သမီးတော်စုဖုရားကြီးက လမ်းဘေးမှာ ပေါက်ပြားတစ်လက်နဲ့ လမ်းဖာလမ်းဖို့နေတဲ့ ဦးစကို မြင်ပါတယ်။ အဲဒီနောက် ဝေါတော်ကို ရပ်တန့်စေပြီး 'ဟိုဘက်နားက လမ်းဖို့နေတာ စစ မဟုတ်လား၊ ခေါ်စမ်းပါ ခေါ်စမ်းပါ'လို့ အပါးတော်မြဲများကို အမိန့်ပေးပါတယ်။ သားတော် သမီးတော်များက ဦးစကို စစလို့ ခေါ်ပုံကိုထောက်ရင် ဦးစကို ဘယ်လောက်ချစ်ခင်တယ်ဆိုတာကို မှန်းဆနိုင်ပါတယ်။ ဦးစဟာ သမီးတော် စုဖုရားကြီးရှေ့တော်ကို ရောက်တဲ့အခါ မြေပေါ်မှာ ပြားပြားဝပ်ပြီး 'ကျွန်တော်မျိုးကြီးမှာ အမျက်တော်ရှိတာကြောင့် ရာဇဝတ်တော်ပန်းဆင်နေခဲ့ရသည်မှာ နှစ်နှစ်ကျော် ရှိနေပါပြီ။ ထောင်အတွင်း အကျဉ်းခံနေရသည်မှာ ဒုက္ခကြီးလှပါကြောင်း' လျှောက်ထားရာ သမီးတော်စုဖုရားကြီးလည်း သနားလှတာကြောင့် 'စစက ဘုန်းတော်ဘွဲ့တစ်ပိုဒ်ရေးပြီး ငွေသာကို ပေးလိုက်ပါ။ အခွင့်တော်သာရင် ခမည်းတော်အား ကူညီလျှောက်ထားပါမယ်' လို့ ကတိပေး မှာကြားခဲ့ပါတယ်။

ဦးစဟာ အကျဉ်းထောင်ထဲသို့ ပြန်ရောက်တာနဲ့ 'ကုန်းဘောင်နေမင်း ဘုန်းရောင်ဝေရှင်း' အစချီတဲ့ ဘုန်းတော်ဘွဲ့ကို ရေးသားပြီး ငွေသာက တစ်ဆင့် သမီးစုဖုရားလက်တော်လက်အရောက် ပေးပို့နိုင်ခဲ့ပါတယ်။ အဲဒီ ဘုန်းတော်ဘွဲ့ကို မင်းတရားကြီး နားဆင်ပြီးတဲ့အခါ အကျဉ်းထောင်ကနေ မင်းတရားကြီးအမိန့်အရ ဦးစကို လွှတ်ပေးလိုက်ပါတယ်။

ဦးစရဲ့ဘဝဖြတ်လမ်းကို လေ့လာရင်း အတက်အကျဆိုတာ လူ့ဘဝမှာ ကြောက်ဖွယ်ကောင်းလောက်အောင် ဖြစ်ပေါ်တတ်တယ်။ အရေးကြီးတာကတော့ စိတ်ရင်းမှန်ဖို့နဲ့ အရည်အသွေးပြည့်ဝဖို့ပဲ ဖြစ်တယ်ဆိုတာ ဦးစရဲ့ဘဝကပဲ ပြောပြနေသလို စာရေးသူ ခံစားရပါတယ်။ ဦးစဟာ သူ့ရဲ့နှလုံးရည်ကြောင့် မင်းတရားကြီးရဲ့စိတ်ကို ပျော့ပျောင်းသွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သူ့ရဲ့စွမ်းဆောင်ချက်တွေကလည်း လက်ရုံးရည်မှာလည်း ထူးခြားပြောင်မြောက်ခဲ့တဲ့အတွက် မင်းတရားကြီးအနေနဲ့လည်း စိတ်အေးသွားတဲ့အခါ ထောက်ထားစရာတွေကို ပြန်မြင်လာဟန်တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လိုနဲ့ပဲ ဦးစ ထောင်ကလွတ်ခဲ့ပါတယ်၊ နောက်ထပ် ချီးမြှင့်ခြင်းကို တော့ မခံရပါဘူး။ ဒါပေမယ့် သူ့ရဲ့လက်ရုံးရည် နှလုံးရည်စွမ်းအားများဟာ စာရေးသူနဲ့ စာဖတ်သူတို့ အကျဉ်းမှူ ဖတ်ရသလောက်နဲ့ပဲ နားလည်နိုင် လောက်အောင် ထက်မြက်နေပါတယ်။ ဒါကြောင့်လည်း အခုအထိ အမည် မတိမ်ကောဘဲ ဦးစအကြောင်း ကြုံတိုင်းကြုံတိုင်း ချီးကျူးပြောဆိုနေကြ ရတာပဲပေါ့။

မြဝတီဆိုတဲ့အမည်နဲ့ ထုတ်ဝေတဲ့ မြဝတီမဂ္ဂဇင်းကို ဦးစရဲ့အစွမ်း အစနဲ့ ထင်ဟပ်ပြီး ဂုဏ်ပြုလိုက်ရပါတယ်။

၂၀၊ ၉၊ ၂၀၀၀။

## *တွေးတောစဉ်းစားတာ ကောင်းပါတယ်*
## *ဒါပေမယ့် နည်းလမ်းမှန်ဖို့ လိုပါတယ်*

ကျွန်မနဲ့အင်မတန်ချစ်ခင်တဲ့ မောင်ကလေးတစ်ယောက်ဟာ ကျွန်မ ပြောတာ သင်တာတွေကို မှတ်ထားတတ်ပါတယ်။ ဥပမာဆိုပါတော့၊ ဒုဋ္ဌဝတီဆိုတာ ရေစီးကြမ်းတဲ့မြစ်ဖြစ်လို့ ခေါ်ရင်း တွင်သွားတဲ့မြစ်အမည် ဖြစ်တယ်ဆိုရင် သူကမှတ်ထားလိုက်ပါတယ်။ သူ့လုပ်ငန်းခွင်က တပည့်များနဲ့ ခရီးထွက်တဲ့ အခါမှာ အဲသည်အကြောင်းကိုသူ့ထက်ငယ်တဲ့သူများကို သူကသင်ကြားပါသတဲ့။ သူ့ထက်ငယ်သူများကလည်း နားထောင်ပြီး စဉ်းစားတာထက် ကိုယ့်ထက် ကြီးတဲ့သူပြောရင် ရေးမှတ်ဖို့က အကျင့်ပါနေတော့ လိုက်ပြီးရေးမှတ်ကြတာ ပေါ့။ မောင်လေးက နောက်တော့ ဒီအကြောင်းက မမဆီက သိရတာလို့ ပြောလိုက်တယ်လို့ ဆိုပါတယ်။ အဲသည်တော့ သူတို့က ဘာဖြစ်လို့ရေစီး ကြမ်းတဲ့မြစ်ဖြစ်နေတာလဲလို့ မမေးဘူးလားလို့ မေးလိုက်တော့ ဟင့်အင်း မမေးဘူးတဲ့။

အဲသည်တော့ ကိုင်း အခု ငါ မင်းကိုမေးမယ်၊ ဒုဋ္ဌဝတီလို့ခေါ်တာ ရေစီးကြမ်းလို့ဆိုရင် ရေစီးက ဘာဖြစ်လို့ အဲသည်မြစ်ကျမှ ကြမ်းရတာလဲလို့ မေးလိုက်ပါတယ်။ မောင်ဖြစ်သူက မျက်နှာတစ်ချက်တောင်မှ မပျက်ဘဲ အဲဒီအကြောင်းကို ကျွန်တော့်ကို မမက သင်မပေးလိုက်ဘူးလေတဲ့။ အေး ကံကောင်းလို့ပေါ့ကွာ၊ ရှာရှာကြံကြံမေးတတ်တဲ့ တပည့်တစ်ယောက်တလေ များ ပါလာရင် မင်းက ငါ့ကို မမက သင်မပေးလိုက်ဘူးလို့ ပြောခဲ့မှာလား လို့ ဆူရင်း ရေစီးကြမ်းတာက အဲသည်မြစ်ငယ်မြစ် ခေါ် ဒုဋ္ဌဝတီမြစ်ဟာ ရှမ်းကုန်းပြင်မြင့်မှာ မြစ်ဖျားခံလာပြီး တောင်စဉ်တောင်ကြောတစ်လျှောက်လုံး အမြင့်က အနိမ့်ကို စီးဆင်းခဲ့ရတာကြောင့် ရေစီးကြမ်းတာဖြစ်တယ်။ ကုန်း ပြင်မြင့်က အောက်ဘက်ကို စီးဆင်းရတာဆိုတော့ ရေစီးကြမ်းတာ သဘာဝ တစ်ခုပါပဲလို့ ပြောလိုက်တော့ အခုခေတ်လူငယ်များထဲက တစ်ယောက်ပီပီ ဟုတ်ကဲ့လို့ပြောကာ ရေးစရာစာရွက်ရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကတော့ မရင်းနှီးပေမယ့် ဆရာနဲ့တပည့်ဖြစ်တဲ့အပြင် အသက်အားဖြင့်လည်း ကွာတဲ့သူတစ်ယောက်ဖြစ်ပါတယ်။ အလောင်းမင်းတရားကြီးအကြောင်းကို ပညာရေးတက္ကသိုလ်မှာ ပို့ချစဉ်ကတည်းက ကျွန်မကစပြီး ဘာမှမပြောသေးဘဲ ဆရာဖြစ်လာမယ့် ကျောင်းသား တစ်ယောက်ကို မြေဖြူခဲတစ်ခဲပေးလိုက်ပြီး အလောင်းမင်းတရားကြီး ထီးနန်းသိမ်းပိုက်တဲ့နှစ်နဲ့ နတ်ရွာစံတဲ့နှစ်ကို ခြားနားခိုင်းလိုက်ပါတယ်။

ကျောင်းသားက မြေဖြူကိုကိုင်ပြီး နန်းတက်တဲ့နှစ်နဲ့ နတ်ရွာစံတဲ့နှစ်ကို ခြားနားကြည့်ပြီး အဖြေထွက်လာတော့ ကျွန်မပါထိုင်နေတဲ့ အတန်းဘက်ကို ပြန်မလှည့်သေးဘဲ ထပ်ကာ ထပ်ထပ်ကာ ဂဏန်းတစ်ခုထဲက တစ်ခုကို နုတ်နေပါတယ်။

ကျွန်မက တော်ပြီလေ၊ ဘယ့်လောက်နုတ်ကြည့်ကြည့် ရှစ်ပဲရမှာပေါ့။ အလောင်းမင်းတရားကြီးက နန်းစံသက် ရှစ်နှစ်အရမှာ ကံတော်ကုန်တာလေလို့ ပြောလိုက်ပါတယ်။

ကျောင်းသားက တကယ်လား၊ တစ်ခုခုမှားနေတာများ ဖြစ်မလားလို့ ပြောနေပါသေးတယ်။ တကယ်တော့ အလောင်းမင်းတရားကြီးအဖြစ် ထီးဖြူဆောင်းမင်းတစ်ပါးအနေနဲ့ အချိန်ရှစ်နှစ်ပဲ ကြာခဲ့တာ အမှန်ပါပဲ။ ဒီအကြောင်းများကို အတန်းငယ်ငယ်ကတည်းက သေသေချာချာ ရှင်းလင်းသင်ကြားခဲ့ရင် အခုနတင်ပြခဲ့သလို မှားနေသလားဆိုတဲ့အတွေး ပေါ်စရာအကြောင်း မရှိနိုင်ပါဘူး။

အခုတော့ မေးလာတဲ့သူတစ်ဦး ရှိပါတယ်။ နန်းစံသက် ရှစ်နှစ်လောက်သာ နေခဲ့ရပြီး ဒီလောက်များပြားတဲ့အလုပ်တာဝန်တွေကို ပြီးအောင်ဘယ်လိုလုပ်ခဲ့သလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ကျွန်မက မင်းစဉ်းစားတာက ထီးဆောင်းနန်းနေ မင်းတစ်ပါးအနေနဲ့ပဲ စဉ်းစားတာကိုး။ တကယ်တော့ ထီးဆောင်းနန်းနေ မင်းတစ်ပါးမဖြစ်ခင်ကတည်းက နိုင်ငံတော်လုံခြုံရေးအတွက်ရော ကိုယ့်နယ်ကိုကိုယ် အဘက်ဘက်က လုံခြုံအောင်သာမက စားနပ်ရိက္ခာ ပြည့်စုံအောင်ပါ အလောင်းမင်းတရားကြီးအဲ့ကို ခံယူမယ့် မောင်အောင်ဇေယျဟာ ထီးဆောင်းနန်းနေမင်းတစ်ပါးလို တာဝန်ယူခဲ့နိုင်ပါပြီ။ ဒါပေမယ့် သတိထားရမှာက သူတစ်



ယောက်တည်း လုပ်ခဲ့တာမဟုတ်ဘူးလေ။ သူ့မှာ လက်ရုံးရည် နှလုံးရည်နဲ့ပြည့်စုံတဲ့ ၆၈ ယောက်သော ရဲမက်တော်များရှိတယ်။ သူတို့အား မပါဘဲတော့ ဦးအောင်ဇေယျတစ်ယောက်တည်း ဆောင်ရွက်ဖို့ မလွယ်ဘူးလေ။ နောက်ပိုင်းမှာ ခြောက်ကျိပ်ရှစ်ယောက်သာမကတော့ဘဲ မြေဒူး၊ ခက်သင်၊ မုဆိုးဘို၊ မုဆိုးခြုံဆိုတဲ့ရွာတွေက ခေါင်အကြီးအကဲ ကြိုးရှိုးပြောရင် ရပ်ရွာအကြီးအကဲများက ရွာတွေတောင် နေရင်းနေရာကဖျက်ပြီး အလောင်းမင်းတရားဖြစ်လာမယ့် ဦးအောင်ဇေယျဆီကို လာပြီးပေါင်းသေးတယ်။ အဲသည်လိုတွေးလိုက်တဲ့အခါ အချက်အလက်များကို စုစည်းတွေးဖို့လိုသလို ဖြန့်ကြက်တွေးဖို့လည်း လိုပါတယ်လို့ ကျွန်မက ပြောလိုက်ပါတယ်။ အဲသည်လိုစဉ်းစားရဲ့လားတော့ မသိပါဘူး။ တကယ်တော့ အလောင်းမင်းတရားဟာ အင်းဝမကျခင် ၁၅ နှစ်အလိုကတည်းက ဒေသတာဝန်ကို ခေါင်းဆောင်တစ်ယောက်လို သည်ပိုးရွက်ဆောင်နေခဲ့သူဖြစ်ပြီး အောက်မြန်မာနိုင်ငံမှာ ဗြမိုင်းမိရာဇာနရာဓိပတိ နန်းတက်ကတည်းက သူ့ကိုယ်တိုင် ထန်းလုံးတပ်ကို တည်ဆောက်ခဲ့ပြီ ဖြစ်ပါတယ်။ အဲသည်အချိန်ဟာ အင်းဝမကျခင် သုံးနှစ်အလိုကတည်းက ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ခရီးသွားရင်း ပညာရှာခြင်း

အသက်အတော်ကြီးလာတဲ့ သူတစ်ယောက်အဖို့ ခရီးသွားရင်း ပညာရှာရတာ ကောင်းတယ်လို့ပြောတဲ့ ဆောင်းပါးမျိုးကိုရေးတာ တော်တော်တော့ ဆန်းတာပဲ။ အထူးအဆန်းကလေးတွေကလည်း စိတ်ကိုလန်းဆန်းစေနိုင်ပါတယ်။ အဲဒါကြောင့် တင်ပြလိုက်ရပါတယ်။

စာရေးသူဟာ မကြာခင်က *'ပုဂံမှသာသနာ့ဒါယကာကြီးများနှင့် သာသနိကအဆောက်အအုံများ'* စာအုပ်ကို ထုတ်ဝေလိုက်ပါတယ်။ မကြာခင်မှာ အင်္ဂလိပ်ဘာသာကျွမ်းကျင်တဲ့ ဆရာမကြီးဒေါ်ကြည်ကြည်လှရဲ့ ဘာသာပြန်လက်ရာနဲ့ အင်္ဂလိပ်လို ထွက်လာပါဦးမယ်။ ဒီအကြောင်းကို ကြော်ငြာထိုးတဲ့အနေနဲ့ ရေးထည့်လိုက်တာ မဟုတ်ပါဘူး။

ပြောချင်တာက အသက်အရွယ်ကြီးမှ ကိုယ်တိုင်ကွင်းဆင်းတာ အကြိမ်ကြိမ်အခါခါလုပ်ပြီးမှ ရေးဖြစ်တဲ့စာအုပ်ဖြစ်လို့ ကြုံရတဲ့အကြောင်းကလေးများကို တင်ပြချင်လို့ ဖြစ်ပါတယ်။

အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် သို့လော၊ သို့လော ခံစားချက်များက တယ်များတာကိုး။ ခရီးသွားလို့ ငါ့အရွယ်နဲ့ ဖြစ်ပါ့မလား၊ ငွေကုန်ကြေးကျ များနေမလား၊ ပင်ပန်းမှာတော့ သေချာတယ်စသည်ဖြင့် အနုတ်လက္ခဏာပြတဲ့ အတွေးတွေက အစီအရီထွက်လာပါတယ်။ သမီးနဲ့တိုင်ပင်တော့ သမီးက ပြောပါတယ်။ အမေက ရှေးဟောင်းယဉ်ကျေးမှုကို ချစ်မြတ်နိုးတတ်တဲ့သူ ဖြစ်တယ်။ ကိုယ်တိုင်ကိုယ်ကျလေ့လာပြီး စာရေးမယ်ဆိုရင် ပိုကောင်းတာပေါ့။ ဒါပေမယ့် သွားမယ်ဆိုရင် မြန်မြန်ဆုံးဖြတ်နော်၊ နေထိုင်ကောင်းတုန်း သွားချင်တဲ့စိတ်ရှိတုန်းကို မြန်မြန်ထသွားတာ အကောင်းဆုံးပဲလို့ လူငယ်တို့ရဲ့သတ္တိ၊ လူငယ်တို့ရဲ့အားမာန်နဲ့ ပြောခဲ့ပါတယ်။ အဲသည်လိုနဲ့ ပုဂံကို ကျွန်မ အခါခါသွားခဲ့ပါတယ်။ နေရာအနှံ့ရောက်ခဲ့ပြီး မြေရှိတဲ့နေရာများ၊ အမြင့်တက်ရတဲ့နေရာများကိုလည်း ကျွန်မ ရနိုင်တဲ့ အသစ်အသစ်သော အသိပညာများ ရနိုင်မယ်ဆိုရင် သွားခဲ့တာပါပဲ။



အကူအညီပေးတဲ့သူကတော့ ဆရာကြီး မင်းဘူးဦးအောင်ကြိုင်ပဲ ဖြစ်ပါတယ်။ ဆရာကြီးသာမက အခြားသောမိတ်ဆွေများကလည်း ကူညီပါတယ်။

ခရီးသွားရင်း ပညာရှာတဲ့သူဟာ ပင်ပန်းမှုဒဏ်ကိုတော့ ခံနိုင်ရပါမယ်။ ဆူးတောကိုတိုးရတာကတော့ အပျော့ပေါ့လို့ပြောရင်း ဆူးတောထဲကနေ အပြင်ရောက်တဲ့အခါ ဆူးကလေးတွေကိုဆွဲထုတ်ရင်း ရယ်မောနိုင်တဲ့သူများ စုစည်းထားနိုင်ရင် ပိုကောင်းပါတယ်။

သွားနေတုန်းတော့ ပင်ပန်းတာပေါ့၊ သွားချင်တဲ့နေရာကိုရောက်တော့ မြင်ချင်တွေ့ချင်တာတွေကို မြင်တွေ့လိုက်နိုင်တယ်ဆိုရင် ပျော်သွားရုံတင် မကပါဘူး၊ ချစ်ခင်တဲ့သားသမီးကအစ မိတ်ဆွေများကို ခေါ်ပြချင်လိုက်တာဆိုတဲ့စိတ် ဝင်လာပါတယ်။ စာရေးသူကတော့ အိမ်ပြန်ရောက်တာနဲ့ မြင်ခဲ့တွေ့ခဲ့ ခံစားခဲ့ရတာတွေကို ပြောရင်း အားတက်သရော ဖြစ်မိပြန်ပါတယ်။ တစ်ခါတော့ ပုဂံကပြန်အလာမှာ ဖျားပါတယ်။ ဆရာဝန်ခေါ်ရတဲ့အထိ ဖြစ်လာပြီး ဆေးထိုးဖို့တွန့်ဆုတ်တတ်တဲ့စာရေးသူဟာ ဆရာဝန်က ဆေးထိုးမှ ဖြစ်မယ်၊ ထိုးချင်ရဲ့လားလို့ မေးပါတယ်။ စာရေးသူက ထိုးချင်ပါတယ်လို့ လိုလိုလားလားပြောပြီး ဆေးအထိုးခံပါတယ်။ နည်းနည်းသက်သာလာတော့ စာပြန်ပြီးရေးပါတယ်။ မထိုင်နိုင်လောက်အောင် ပင်ပန်းတော့ နားရပါတယ်။ နားလိုက်ရင်း ပြန်ရေးရင်းနဲ့ နောက်တော့ လုံးဝလက်လျှော့ကာ အိပ်ချိန်တန် အိပ်ရတဲ့အထိ လျှော့ချလိုက်ရပါတယ်။

အဲသည်တော့မှ မိမိကိုယ်ကို ရှာတွေ့သွားခဲ့ပါတယ်။ အသက် ၇၀ နားကပ်နေတဲ့ စာရေးသူဟာ စိတ်အရ မာကောင်းမာနေတုန်း ဖြစ်ပေမယ့် ကိုယ်ကတော့ လုပ်ချင်ရာ လုပ်ခွင့်မပြုတော့ဘူးပေါ့။ နေနှင့်ဦးပေါ့လို့ ခံစားချက်ကို စိန်ခေါ်ကာ နားရင်း ပြန်အလုပ်လုပ်ရင်းနဲ့ အခုတော့ တစ်ဆက်တည်း စာရေးနိုင်လာတာ တော်တော်ကလေး ကြာလာပါပြီ။ ဒါပေမယ့် လက်ဇွေ့ထိုးတဲ့သူတွေ တစ်ယောက်နဲ့တစ်ယောက် မျက်ခြည်မပြတ် ကြည့်ရင်း အားနည်းချက်ကို ရှာနေသလို ကိုယ့်အားနည်းချက်ကို ကိုယ်သတိထားနေရပါတယ်။ သိပ်မဟန်ရင် ချိုးထားလိုက်ရတာပဲပေါ့။ တကယ်တော့ ဘယ့်လောက်ဇရာလေပြင်းကို တင်းပြီး ခံနေနိုင်မယ်ဆိုတာ ဘယ်သူမှ ရေရေရာရာသိတာမဟုတ်တော့ သတိကြီးစွာထားရမယ်ဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



တော့ ဝန်ခံပါတယ်။ သတိထားရင်း အကျိုးအမြတ်ရအောင် ခရီးသွားကြတာပေါ့နော်။

ရှာဖွေရှိပြီးတော့ ပြန်လည်ဖြန့်ဖြူးရမယ့် ပညာကလည်း သားစဉ်မြေးဆက် သိသင့်သိထိုက်တဲ့ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့နဲ့ သက်ဆိုင်တဲ့အကြောင်းအရာများ ဖြစ်ပါတယ်။ အဆုံးသတ်မှာ တိုက်တွန်းချင်တာကတော့ သွားနိုင်တဲ့အနေအထားမှာ ကိုယ့်ပြည်ကိုယ့်ရွာနဲ့ ကိုယ့်ဒေသကို နှံ့နှံ့စပ်စပ် လှည့်ပတ်ကြည့်ရှုရင်း ဂုဏ်ယူဝမ်းမြောက်ကြစေလိုပါတယ်။



## *မိမိတို့မှာ ဒီလိုဒုက္ခမျိုးကို မရောက်တာပဲ ကျေးဇူးတင်ရမယ်*

ငွေတာရီမဂ္ဂဇင်းအတွက် ရေးခဲ့တဲ့ဆောင်းပါးမှာ မိမိတို့မလိုလားတဲ့ ကိစ္စနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် အခြေအနေနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် ပိုမိုခံစားရစေက်ပြီး ပေါက်ကွဲချင်တယ်ဆိုရင်လည်း ပေါက်ကွဲလို့မဖြစ်တဲ့ ဝေဒနာမျိုးကို ခံစားနေမယ့်အစား စိတ်သက်သာအောင်နေဖို့ တိုက်တွန်းခဲ့ပါတယ်။ တချို့ကတော့ လက်ခံပြီး စမ်းသပ်ကြည့်မှာပါပဲ။ တချို့ကတော့ ပိုပြီးဒေါသထွက်မှာပါပဲ။ ဘာ့ကြောင့် အဲသည်လိုပြောနိုင်သလဲဆိုတော့ စာရေးသူကိုယ်တိုင် အဲသည်လိုလူမျိုးတွေနဲ့ အကြောင်းအားလျော်စွာ ရင်းနှီးကျွမ်းဝင်မှုရှိခဲ့လို့ ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်ကတော့ ကိုယ့်အရေးကိုယ့်ကိစ္စပဲ ကြည့်ပြီး အသေးအဖွဲ့ကလေးတွေကအစ အနိုင် အသာစီးရအောင် ကြိုးစားတတ်ပါတယ်။ ပြောလိုက်ရင်တော့ စကားလုံးကြီးတွေပဲ။ ကိုယ့်ကို မမှန်အောင် ရှောင်တိမ်းနေရပါတယ်။

တွေ့ဆုံဖူးတဲ့သူများဟာ စာပေအတွေ့အကြုံလည်းမရှိဘဲ သူများပြောသမျှကို ယုံစားတတ်တဲ့လူတွေ ဖြစ်နေလေတော့ အဲသလိုလူမျိုးကို အပြစ်လည်းမတင်လို့တဲ့အတွက် သူတို့ယုံကြည်ချင်သလို ယုံကြည်ကြပါစေလို့ စိတ်အေးအေးထားတတ်တာ ကြာပြီဖြစ်ပါတယ်။

မြန်မာပြည် အပြင်ဘက်ကို ခဏလောက်ထွက်ကြည့်ကြရင် ဘယ်လိုခံစားရမလဲဆိုတဲ့ မေးခွန်းကလေးကိုမေးရင်း သတင်းကလေးများကို ပြောကြည့်ချင်ပါတယ်။ ဟိုး နှစ်ပေါင်းများစွာကတည်းက သီဟိုဠ်ပြည်ကနေပြီး သီဟိုဠ်ဆိုတဲ့အမည်နဲ့ မြန်မာများ သိခဲ့ကြတဲ့နိုင်ငံဟာ အခုတော့ သီရိလင်္ကာ တစ်နည်း ဩလင်္ကာဖြစ်နေပါပြီ။ အရင်လို အိန္ဒိယရဲ့နဖူးပေါက ပုလဲလုံးကလေးလို့တော့ ခေါ်ဖို့သိပ်မလွယ်တော့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဩလင်္ကာမှာ တမိလ်ကျားအဖွဲ့နဲ့ ဩလင်္ကာအစိုးရတပ်များ အကြီးအကျယ် တိုက်ပွဲဝင်နေကြလို့ ဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ခေတ်သစ်

www.burmeseclassic.com



လက်နက်များနဲ့ ပစ်ခတ်နေတော့ သေကျေကြတာ မနည်းမနောပါပဲ။ အဲသည်လိုကျဆုံးတဲ့သူများ များရတဲ့အထဲ တပ်နှစ်ဖက်ကြားမှာညှပ်သွားတဲ့ အရပ်သားများလည်း သေကျေကြတာ အလွန်များပါတယ်။

သတင်းကြည့်တဲ့အခါမှာ သတင်းကိုဖွင့်လိုက်တာနဲ့ ဘယ်နိုင်ငံက သတင်းဖြစ်တဲ့အကြောင်းကို မသိခင်မှာ ရေစပ်စပ်စိုနေတဲ့ မြေပြင်ပေါ်မှာ သွေးစသွေးနတွေနဲ့ လူသေအလောင်းများကို မြင်ရတာပါပဲ။ ဟယ် ဘယ်နိုင်ငံကလဲ ကြောက်စရာဆိုပြီး ပြောအပြီးမှာမှ မိန်းမများ၊ ကလေးများကလည်း အဲသည်လိုနေရာမျိုးကနေ မြန်မြန်လွတ်အောင် အပြေးအလွှားသွားလို့ နောက်မှ ဂြိုလ်ကဲ့မှာ အရပ်သားတွေ အဲသည်လိုဖြစ်နေကြတယ်ဆိုတာကို သိကြတာကလား။

နောက်ပိုင်းမှာတော့ တမီလ်ကျားများကို အပြီးသတ် ထိုးစစ်ဆင်နိုင်ပြီဆိုတဲ့ သတင်းကို ဖတ်ကြရပါတယ်။ အသေအပျောက် များတဲ့အထဲမှာ အရပ်သားများကလည်း အများကြီးပါတဲ့အပြင် အခုတိုင်အောင် ဘယ်ဒေမှာ အခြေတကျနေရမယ်ဆိုတာကို မသိကြသေးပါဘူး။ ဂြိုလ်ကဲ့အကြောင်းကိုပြောလို့တော့ မပြီးသေးပါဘူး။ အိုဘားမားက သူသာ သမ္မတရာထူးကို လက်ခံပြီးရင် အာရှတိုက်က ဆင်းရဲဒုက္ခရောက်နေတဲ့နိုင်ငံများကို ကူညီမယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် တမီလ်ကျားများနဲ့ အစိုးရတပ်များ အကြားမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စများကို ဘယ်လိုလုပ်ရမှန်းမသိအောင် ဖြစ်သွားခဲ့တယ်လို့ ဖတ်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ဖက်လုံးက သွေးဆိုးသူများ ဖြစ်နေလို့ပါပဲတဲ့။

နောက်တစ်နိုင်ငံကိုလည်း သတင်းထဲမှာ ကြည့်ရင်း စိတ်မပျော်နိုင်အောင် ဖြစ်ရပါတယ်။ အာဖဂန်နဲ့တိုက်ပွဲဝင်နေရတဲ့ ပါကစ္စတန်က လူများကလည်း သေခြင်းအကြောင်းတရားနဲ့ တွေးလုံးရစ်ပတ်ဖြစ်နေတာပါပဲ။

အဲသည်လို ဆင်းရဲဒုက္ခများနဲ့မကြုံကြိုက်ရတာဟာ အတော်ကုသိုလ်ကောင်းတယ်လို့ ပြောရပါမယ်။ အဲသည်လိုအဆိုကို ကြိုက်ချင်မှ ကြိုက်ကြပါမယ်။ အကြောင်းရင်းခံကောင်းလို့သာ အဲသည်လိုဘေးဆိုးများက လွတ်မြောက်နေတာဖြစ်ပါတယ်။ အကြောင်းရင်းခံကလည်း အလိုလိုကောင်းနေမှာတော့ မဟုတ်ပါဘူး။ အားလုံးသောသူများက ဖျက်စီးကြပါစေ၊ ငါတို့လိုချင်တာ ရရင်ပြီးရောလို့ တွေးကာ လုပ်ချင်သလိုလုပ်နေရင်တော့ စိတ်ချမ်းသာရာ ရဖို့နဲ့ ဝေးနေဦးမှာ ဖြစ်ပါတယ်။

## *လောကကြီးဟာ တုန့်လှုပ်နေတယ်*

ကျွန်မတို့စာရေးဆရာများဟာ စကားပြောလို့ရှိရင် လောကကြီးနဲ့ ချိချိပြီး ပြောတတ်ပါတယ်။လောကကြီးဟာကွာ မကောင်းတော့ပါဘူး၊တယ်လည်း ဖောက်ပြန်ကြတာပဲ။အဝတ်အစား၊ အစားအသောက်၊ အနေအထိုင် ဘယ်လို အရာမှ အရင်ကနဲ့မတူတော့ဘူး။ အဝတ်အစားကျပြန်တော့လည်း လုံချင်လို့ ဝတ်ပါတယ် မလုံမခြုံနဲ့။ အစားအသောက်ဆိုတာလည်း အာဟာရဖြစ်အောင် စားကြရတာ၊ အခုကတော့ အာဟာရဖြစ်အောင် စားရမယ့် အစားအစာထဲမှာ မဟုတ်တဲ့ပစ္စည်းတွေ ပါနေသတဲ့။ ဘယ်လို မဟုတ်တဲ့ပစ္စည်းလဲဆိုတော့ ပေါ်လာကတည်းက လူတွေကို တစ်ဖက်က ပေါ့ပါးတဲ့အသုံးအဆောင်အဖြစ်နဲ့ လူကြိုက်များတဲ့ ကြွတ်ကြွတ်အိတ်ဆိုတာ ကမ္ဘာမြေပြင်ကို တော်တော်ကျယ်ကျယ်ပြန့်ပြန့် ဖျက်နေသလို လူတွေရဲ့ခေါင်းထဲမှာလည်း အဖျက်ခတ်ဆိုရင် တယ်ပြီးတော့ အသုံးချတတ်တဲ့ ဖျက်လတ်တဲ့ဉာဏ်တွေက တိုးတက်နေသကိုး။

ဟော မနေ့တစ်နေ့ကပဲ ကြားလာရတာ ကြောက်စရာကြီး။ ရေသန့်ဘူးခွံတွေကို ဆီပုံးအိုးထဲမှာ ထည့်ပြီးကြော်လိုက်ရင် အဲသည်ဆီတွေက တော်တော်နဲ့မခန်းဘဲနဲ့ အကြော်ခံဆီအဖြစ် ပြောင်းသွားသတဲ့။ ဒါပေမယ့် ဆိုးကျိုးကတော့ တွက်ဆလို့မရအောင်ဘဲ ဖြစ်နေတာနဲ့ ကလေးသူငယ်တွေလည်း ဟိုဟာမတဲ့ဘူး၊ ဟဲ့ ဒီဟာမစားနဲ့ဆိုပြီး အစိုးရိမ်ကြီးတဲ့ မိဘများကတားမြစ်တာခံရတဲ့အတွက် စားစရာတောင်မှ မရှိသလောက်ဖြစ်သွားပါတယ်။ ကလေးတွေတင်ပဲလားဆိုတော့ မဟုတ်ပါဘူး၊ ဝယ်စဉ်ကတည်းက စားနေကျဖြစ်တဲ့ အကြော်အကြွတ်ကလေးများကို ဂျိုးဂျိုးဂျွတ်ဂျွတ်နေအောင် ဝါးစားပြီးတော့ ရေနွေးကြမ်းလေးတစ်ခွက်နဲ့ မြောလိုက်ရရင် ဘာကိစ္စ မတောင်းတတော့ပါဘူးလို့ဆိုတဲ့ သက်ကြီးရွယ်အိုပိုင်းဝင် စာရေးသူတို့လည်း ဟိုဟာကိုင်ရတော့မလိုလို ဒီဟာလှမ်းပြီးတော့ ယူရတော့မလိုလိုနဲ့ အေးလေ တော်ပါပြီ၊ စားနေကျ အစားအစာလေးတွေကလွဲလို့ မစားဘဲ ရှောင်ရင်

www.burmeseclassic.com

www.burmeseclassic.com



အနည်းနဲ့အများတော့ အသက်ရှည်မှာပေါ့။ သေရင်တောင်မှ သက်သောင့် သက်သာ ဖြစ်မှာပေါ့။ အဲဒီလိုတွေးပြီး ဟိုဟာမစားရ ဒီဟာမစားရနဲ့ ဖြစ်နေကြတယ်။

စိတ်မညစ်အောင် ကိုယ့်ကိုယ်ကို ထိန်းနိုင်တဲ့အရွယ်တော့ ရောက်ပါပြီ။ အရွယ်မရောက်ခင် အစားအသောက်အလွန်ပေါတဲ့ တိုင်းပြည်မှာ စားစရာ စဉ်းစားလို့မရဖြစ်နေရတာ အလိုမကျဖြစ်တဲ့ ကလေးတွေ ဘယ်လို အစားအစာများကို စီမံချက်ပြုတ်ပြီးတော့ မိသားစုကို ကျွေးရမယ်မှန်းမသိလို့ ဟိုလူ့မေး ဒီလူ့မေးနဲ့ မေးနေကြတဲ့ အိမ်ရှင်မတွေကိုပဲ အထူးစာနာသနားမိပါတယ်။

ကိုင်း အဲဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ။ လောကကြီးကိုက မကောင်းပါဘူးလို့ဆိုရင် လောကကြီးထဲမှာ ကိုယ်ပါနေတယ်။ ချွေတာရုံ ခြိုးခြံရုံ ရှောင်ကြဉ်ပေမယ့်လည်း ပြီးပြည့်စုံနိုင်ခြင်း မရှိလောက်ဘူး။ အဲသည်တော့ စားရင်လည်း ဆင်ခြင်၍ဆင်ခြင်၍ စား၊ စားနေကျမဟုတ်တာကို ရှောင်၊ အဲသည်လိုဆိုရင်တော့ သက်သာနိုင်ကောင်းရဲ့လို့ ပြောချင်ပါတယ်။

အခုလို ညည်းချင်းလည်းမကတဲ့စကားကို အဖြေမပါဘဲနဲ့ ထုတ်ပြောရတာ အားနာပါတယ်။ အခုတလောတွေ့နေရတဲ့ အိမ်ရှင်မများကလည်း ကလေးတွေကို မသင့်တာတွေ မစားမိအောင် ဘယ်လိုသတိပေးရတယ်၊ ဘယ်လိုစောင့်ရှောက်ရတယ်ဆိုတာ တွေ့တိုင်းပြောကြတော့ အိမ်ထဲမှာ နေတဲ့အဘွားလည်း အပြင်မရောက်ဘဲ သောကတောင်ထုဖြစ်လာပါတယ်။ အခုစာရေးနေရင်းတော့ ရယ်နေတာပါပဲ။ ဒါပေမယ့် တကယ်မရယ်နိုင်ပါဘူး။ ဒီကိစ္စဟာ တစ်ဦးတစ်ယောက်တည်း ဖြေရှင်းလို့မရပါဘူး၊ တာဝန်ရှိသူများရော တာဝန်အကြီးကြီးရှိသူများရော၊ အလယ်အလတ်တာဝန်ရှိသူများရော လူသားဖြစ်တဲ့အတွက် ဘယ်လိုတာဝန်မျိုးဖြစ်ဖြစ် တစ်နိုင်တစ်ပိုင် တာဝန်ယူရမယ်ဆိုတဲ့ အသိရှိသူများရော ဆင်ခြင်ရုံတင်မက အဲဒီလို ပုံသဏ္ဌာန်အတိအကျမရှိတဲ့ လူကိုလည်း ဖြည်းဖြည်းချင်း ဇီဝိန်ချွေနိုင်တဲ့ စားသောက်ကုန်မဟုတ်တဲ့ လူသုံးကုန်ပစ္စည်းတွေကို စိစစ်ဖျက်သိမ်းပစ်ဖို့ ကြိုးစားသင့်ကြပါတယ်။

တကယ်တော့ အဲသည်အကြောင်းနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတွေ



နိုင်ငံတကာနဲ့ အဆက်အသွယ်ရှိတဲ့သူတွေ ရေးသားပြောဆိုနေတာ ကြာပါပြီ။ အခုပဲ ယောင်တိယောင်နနဲ့ အိပ်ရာကနိုးပြီး ကျွန်မပြောမိတယ်ဆိုရင်လည်း ခွင့်လွှတ်ကြစေလိုပါတယ်။

ဒါပေမယ့် သတိပေးတဲ့အသံဆိုတာ ဘယ်အချိန်မှာ ဘယ်နေရာကပဲ ထွက်လာလာ အေးရန်ကင်းရှင်းကြောင်း အချက်ပြတဲ့ အသံမထွက်မချင်း လိုအပ်နေတဲ့အတွက် တစ်နိုင်တစ်ပိုင် ထပြီးတော့ ပြောလိုက်ရခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ ကြော်ငြာတွေက တယ်ပေါတာပဲ။ ရှက်ဖျန်းဓာတ်မြေဩဇာတို့၊ ပိုးသတ်ဆေးတို့၊ အသီးအားပေးတို့၊ အပင်အားဆေးတို့ကို လျှို့လျှို့ဝှက်ဝှက်မဟုတ်ဘဲ တရားဝင်ပျော်ပျော်ပါးပါးကြီး ကြော်ငြာနေကြတာပါပဲ။ တကယ်တော့ သဘာဝဓာတ်မြေဩဇာမဟုတ်တဲ့ ဆေးဝါးမျိုးကို အသုံးပြုပြီး စိုက်ပျိုးတဲ့ သစ်သီး သစ်ပင် သစ်ဥ သစ်ဖုများဟာ လူတွေကို အန္တရာယ်ကြီးစွာ ပြုနိုင်တယ်ဆိုတဲ့စကားကို တိတိကျကျညွှန်းဆိုချက်များနဲ့အတူ ရေးသားပြောဆို ထုတ်လွှင့်နေခဲ့တာလည်း ကြာပါပြီ။ နိုင်ငံရပ်ခြားက ရုပ်ရှင်များမှာလည်း ထည့်သွင်းပြီး ရိုက်ကူးတင်ဆက်ခဲ့တာလည်း ကြည့်ခဲ့ကြရပါတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံမှာတော့ ရောင်းကောင်းနေတုန်းပဲ၊ အဲဒီလို အဆိပ်အတောက်ပါတဲ့ အစားအစာကို စားပြီး ဘယ်နှစ်ယောက်များ သေကုန်ကြပါလိမ့်။ ဘာနဲ့သေတယ်ဆိုတာလည်း တိတိကျကျ ပြောပြလေ့မရှိတော့ ဒီလိုပဲ သေကုန်တာပါပဲလေ။

ကဲ မြဝတီရေ ထွက်နေတဲ့အသံနဲ့ အားမာန်ယိုယွင်း စိတ်ပျက်ခြင်းကြီးစွာနဲ့ တင်ပြလိုက်တဲ့ဆောင်းပါးကို စာဖတ်သူများ လက်အရောက်တော့ ပို့ပေးမယ်လို့ မျှော်လင့်ပါတယ်။ စာဖတ်သူတွေက ဟာကွာ ဒါများဆန်းတာလိုက်လို့၊ ရှင်ရင်လည်း အမြတ်ပဲ၊ သေရင်လည်း မရှုံးလှပါဘူးလို့ စိတ်နှလုံး ခိုင်ခိုင်ချပြီး နေမြဲတိုင်းပဲ ဆက်လက်နေထိုင်စားသောက်လိုကလည်း စားသောက်ကြပါစေ။ ဆင်ခြင်၍ ဆင်ခြင်၍ နေထိုင်စားသောက်မယ်ဆိုရင်လည်း စာရေးသူရဲ့ အသံယက်ယက်ဟာ သတိပေးတဲ့နေရာမှာတော့ တာဝန်ကျေပြီလို့ဆိုရင်လည်း တော်ပါပြီလေ။

၇၊ ၁၀၊ ၂၀၁၀။

www.burmeseclassic.com

www.burmeseclassic.com

## အရေးကြီးရင် သွေးနီးရာ ချိုတတ်တာက မြန်မာတိုင်းရင်းသားများရဲ့ စရိုက်သဘာဝ

ယခုခေတ်မှာ သား သမီးကအစ မြေးအရွယ်အထိ အရွယ်ရွယ်အစားစား အထိ ရှိကြတဲ့လူငယ်လူရွယ်များကို စာထဲကနေပြီး စကားပြောချင်ပါတယ်။ အခုခေတ်မှာ ဒေသအမျိုးမျိုးကို အရောက်အပေါက်များလာကြပြီး တချို့ ကလည်း အပေါ်ယံအနေအထားကို ကြည့်ကာ ချမ်းသာတယ်လို့ထင်တဲ့ နိုင်ငံများကို အားကျလာခဲ့ကြပါတယ်။ စာရေးသူရဲ့ တက္ကသိုလ်ကျောင်းသူ ဘဝက သူငယ်ချင်းက သူ့သမီးကိုခေါ်ပြီး ကျွန်မဆီကို လာပါတယ်။ ကလေးမက တော်လိုက်တာ အလွန်ပါပဲ။ နိုင်ငံခြားကို ထွက်သွားတုန်းက မိတ်ဆက်စာလောက်သာပါသွားပြီး တစ်ယောက်တည်း လိုရာရောက်အောင် သွားနိုင်ခဲ့သူလေးဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဆိုတာ နိုင်ငံက ကျယ်ပြောပါတယ်။ အဲသည်နိုင်ငံမှာ ပြည်နယ်ပေါင်းများစွာ ကွဲပြားနေတာ ကို သူတစ်ယောက်တည်း ကားမောင်းပြီး အနောက်ဘက်အစွန်ဆုံးဒေသက အရှေ့ဘက်အစွန်ဆုံးဒေသအထိ လာရာမှာ ခွေးတစ်ကောင်နဲ့ သူငယ်ချင်း အမျိုးသမီးတစ်ယောက်သာ ကားပေါ်မှာ ပါပါသတဲ့။

အဲသည်မိန်းကလေး မြန်မာပြည်ကိုပြန်လာတော့ မြန်မာဆန်ဆန် ပါပဲ။ သူက နိုင်ငံခြားသားများနဲ့အပြိုင် အမှတ်ကောင်းကောင်းနဲ့ ဘွဲ့ရခဲ့တဲ့ သူပါ။ ကျွန်မနဲ့တွေ့တဲ့အချိန်အထိ သူ့အနေနဲ့ မြန်မာပြည်မှာ ပြန်လည် အခြေချဖို့ တိတိကျကျမဆုံးဖြတ်ရသေးပါဘူး။ စာသင်စရာတွေ ရှိနေသေးလို့ ပါတဲ့။

ကျွန်မဆီကိုလာပြီး သူ့အမေနဲ့အတူ နာမည်ကြီးဆရာတော်တစ်ပါး ဆီကို ဖူးမြော်ဖို့သွားကြပါတယ်။ ဆရာတော်ကြီးများဆိုတာ ငယ်ဖြူကလည်း ဖြစ်ပြန် လူတွေကြားမှာလည်း ထဲထဲဝင်ဝင်မနေဖြစ်ဘူးတော့ သူများပြော လူများပြောနဲ့ မှတ်သားမိတာတွေကိုသာ အဟုတ်ထင်နေတတ်ကြတာကိုး။ အဲသည်တော့ အမေရိကန်ကပြန်လာတဲ့ သူငယ်မကို "နတ်ပြည်က ပြန်



လာခဲ့သလား"လို့ မေးတော်မူလိုက်ပါသတဲ့။ အဲသည်တော့ စကားကို ဖြောင့် ဖြောင့်ပဲပြောတတ်တာတစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနဲ့လည်း အတန်ဝေး နေတာက တစ်ကြောင်းကြောင့် "နတ်ပြည်မဟုတ်ဘူး၊ ငရဲ ငရဲ။ သူတို့ အနေအစားနဲ့ တန်းတူရည်တူဖြစ်အောင် ကြိုးစားခဲ့ရတာ သေလုမတတ်ဘဲ၊ နတ်ပြည်လို့ထင်နေကြတာ အထင်သာဖြစ်ပါတယ်။ တကယ်တော့ ငရဲကျ နေသလို ပင်ပန်းဆင်းရဲမှုနဲ့ရင်းပြီးမှ လိုတာကလေးကို ရနေတာပဲလို့"လို့ ရဲရဲကြီး လျှောက်ထားလိုက်ပါသတဲ့။

အဲသည်ဆရာတော်ကြီးကလည်း ဘာမှပြန်မပြောဘဲ စကားကိုပြောင်း ပစ်လိုက်ပါသတဲ့။ အမေရိကန်ပြန်ဖြစ်လို့ မျက်နှာသာပေးလိုက်တာ ဖြစ် ပါလိမ့်မယ်။ ဆရာတော်ကြီးများကိုတော့ အပြစ်မတင်ချင်ပါဘူး။ အများ စုက လောကအကြောင်း သိတာမှမဟုတ်ဘဲပဲ။

ပိုက်ဆံချမ်းသာတယ်ဆိုတာ ဘာမှမလုပ်ဘဲ လူတိုင်း ကြွယ်ဝနေ တယ်လို့ ထင်တတ်တာကလား။

ငွေကိုသာ လိုတယ်၊ ရတနာသုံးပါးနဲ့ မိဘကို ငွေလေးဘာလေး ပို့ပေးလိုက်ရင် ပြီးရောပေါ့လို့ ထင်တတ်တဲ့သူကလည်း အများသား။

ယခုခေတ်မှာ မြန်မာနိုင်ငံတွင်းမှာ ဆက်မနေချင်ဘဲ ငါကတော့ နင့်လို ဒီလိုနေနေရတဲ့ဘဝကို မတင်းတိမ်နိုင်ဘူး။ (ဥပမာ) ဖူတိုဝ်းကို သွားမယ်၊ စီးပွားရှာပြီးမှပဲ ပြန်လာခဲ့မယ်လို့ ပြောသွားတဲ့ ကလေးမတွေ နှစ်ကာလရှည်ကြာလာပြီဖြစ်တဲ့တိုင် ပြန်ရောက်လာတယ်လို့လည်း မကြား ရဘူးဆိုတော့ စီးပွားတိုးတက်ပြီး အခြေကျ အနေကျ ဖြစ်နေလောက်ပြီလို့ ကျွန်မ မထင်ပါဘူး။ နှမချင်းမစာနာတဲ့သူများ အထူးသဖြင့် မုဆိတ်မွေး ဗရဗျစ်နဲ့ မိန်းမဆိုရင် အထင်သေးတတ်တဲ့သူများနဲ့တွေ့ပြီး လူမဆန်တဲ့ အမှုကို ပြုခြင်းခံခဲ့ရပြီလို့ ထင်နေပါတယ်။ ယခုထိ ပြန်မလာတာ ကြာတဲ့ အပြင် လူမဆန် သူမတန်ပြုသောကြောင့် လူပုံလူပန်းနဲ့ ဘီလူးလား သဘက်လား ခွဲခြားလို့မရတဲ့သူများက နှိပ်စက်တာခံမှသာ ဝိညာဉ်မချုပ်ခင် ကလေးမှာမှ ချမ်းသာတယ်ဆိုတာ ငွေကြေးဥစ္စာပေါများခြင်းကို ပြောတာ မဟုတ်ဘဲကိုး။ လူလူချင်း ညှာတာထောက်ထားပြီး ဖေးမကူညီတတ်တဲ့ ပတ်ဝန်းကျင်မှာ နေရတာသာ ချမ်းသာခြင်းအစစ်ကိုးလို့ သတိသံဝေဂလေး

www.burmeseclassic.com



ရနိုင်ရင်တော့ ရှင်စဉ်က ကျက်သရေမပြည့်ဝပေမယ့် အသေမှာတော့ ရဲရင့်သွားနိုင်မှာ ဖြစ်ပါတယ်။

ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့ မေ့နေပြီး နတ်ဘုံမှာ နတ်သားနဲ့တွေ့ရမယ်ထင်ကြသူများ အသူရကာယ်ဘုံမှာ ငရဲသားနဲ့ တွေ့ကြရတဲ့သူများ များလာပြီဖြစ်တဲ့အတွက် ရတနာသုံးပါးနဲ့ ဆရာသမားများကို တိုးတက် ဆည်းကပ်ကြစေလိုပါတယ်။ လိုချင်စိတ်ဆိုတာ ကိုယ့်ဘာသာကိုယ်အနားမသတ်လို့ကတော့ အထက်မတက်နိုင်ဘဲ အောက်ကိုသာ ဆွဲချသွားတတ်တဲ့ သဘာဝရှိပါတယ်။

စာရေးသူပြောချင်တာက ကိုယ့်နိုင်ငံ ကိုယ့်အမျိုးကို ကိုယ်ချစ်တဲ့သူများနဲ့ ပတ်သက်တဲ့အကြောင်းဖြစ်ပါလျက်နဲ့ စလည်းစပ်မိရော သူ့ခေတ်နဲ့သူ ဖြစ်ပေါ်နေတဲ့ ပတ်ဝန်းကျင်အခြေအနေအကြောင်းကို ရေးပေးဖို့တောင်းဆိုတဲ့သူရှိလို့ ရေးလိုက်ရပါတယ်။ အခုဆက်လက်ရေးမှာကတော့

အရေးကြီးရင် သွေးနီးရာချိုတတ်တဲ့ မြန်မာတိုင်းရင်းသားများရဲ့စရိုက်သဘာဝနဲ့စပ်လျဉ်းပြီး ရေးသားတင်ပြလိုပါတယ်။ အဲသည်အထဲမှာအကြောင်းအားလျော်စွာ အရှေ့တိုင်းသားပီပီ မိမိဇာတိ၊ မိမိဓလေ့ကို ထိပါးပြောဆိုတာကို မခံတတ်တဲ့ ဗီယက်နမ်များကို အကြောင်းပြုပြီး မြန်မာတွေရော ဒီလိုပဲလားလို့ မေးတာခံခဲ့ရတဲ့အကြောင်းကိုလည်း တင်ပြလိုပါတယ်။

မော်စကိုမှာ ပညာသင်ယူရင်း ကျမ်းတင်သွင်းခါနီးအချိန်မှာ ကျွန်မထက်စောပြီး ကျမ်းတင်ရမယ့်သူငယ်ချင်း ရုရှအမျိုးသမီးဆရာမက များစွာဗုန်းလှုပ်နေတော့ သူ့အခန်းကို ကျွန်မသွားပြီးလည်ပါတယ်။ မကြာခင်သူနဲ့စေ့စပ်ထားတဲ့ ဆရာလည်းရောက်လာပါတယ်။ တကယ်တော့ ကျမ်းတင်ရခါနီးမှာ အကြောက်ကြီးနေတဲ့သူငယ်ချင်းကို နှစ်သိမ့်ဖို့လာကြတာပါပဲ။

အဲသည်အချိန်မှာ ရောက်လာတဲ့ ဆရာမရဲ့ချစ်သူ ဆရာနဲ့ ကျွန်မတို့အားလုံး ရောက်တတ်ရာရာပြောရင်း သူငယ်ချင်းကို စိတ်ပြောင်းပေးနေကြပါတယ်။

ဆရာက သူသင်ကြားပို့ချပေးရတဲ့သူများက ဗီယက်နမ်များ ဖြစ်တယ်။ ဆရာသမားကို လွန်စွာလေးစားတယ်။ အင်မတန်မှ အလုပ်ကိုကြိုးစားတယ်။ ဒါပေမယ့် သူတို့ကို စလိုနောက်လို့တဲ့သဘောနဲ့ ထိပါးပြော



ဆိုသမှုပြုလိုက်မိရင် တစ်ခါတည်း ပါးစပ်ကိုစေ့နေအောင်ပိတ်ပြီး စကားမပြောတော့ဘူး၊ မပြောဘူးဆိုမှ ဆရာဖြစ်တဲ့ငါ့ကိုတောင်မှ မပြောတော့တာ။ တော်တော်ကြောက်စရာကောင်းတဲ့ အရှေ့တိုင်းသားတွေပဲလို့ ပြောပါတယ်။

ကျွန်မက နောက်တော့ရော ဆရာတပည့်တွေ ဘယ်လိုသင့်တင့်သွားသလဲလို့ မေးလိုက်ပါတယ်။

ဆရာက ငါစကားပြောတာ မှားပါတယ်ကွာ၊ နောက်ကို မင်းတို့စိတ်ထိခိုက်မယ့်စကားနဲ့ မင်းတို့ကို စလားနောက်လားလည်း မလုပ်တော့ပါဘူး။ မင်းတို့မကြိုက်မယ့်စကားလည်း မပြောတော့ပါဘူးလို့ ပြောလိုက်မှ သူတို့က ဦးညွှတ်ပြီး ကျေးဇူးတင်ပါတယ်ဆရာလို့ ပြောပါတယ်။ အဲသည်နောက်တော့ ငါလည်း စကားပြော ဆင်ခြင်တတ်သွားလို့ အဆင်ပြေပါတယ်။ တကယ်တော့ အင်မတန်မှ ယဉ်ကျေးလိမ္မာတဲ့ကလေးတွေပါ။ စကားတစ်ခွန်းနှစ်ခွန်းနဲ့ ဒီလောက်ကြာအောင် စိတ်ဆိုးမပြေနိုင်ဖြစ်တာ ထူးဆန်းတယ်လို့ ပြောပါတယ်။

အဲသည်အချိန်ရောက်တော့ နောက်တစ်နေ့မှာ ကျမ်းတင်ရမယ့်ဆရာမက ရှင်က ဗီယက်နမ်တွေနဲ့သာ တွေ့ဖူးလို့ပါ။ မြန်မာနဲ့ တွေ့ရင်ဒါလောက်နဲ့ ပြီးမှာမဟုတ်ဘူးလို့ ကျီစယ်ပါတယ်။ ဆရာမရဲ့ခင်ပွန်းလောင်းက မင်းတို့ကျောင်းမှာ မြန်မာကော ရှိသလား၊လို့ မေးတော့ ရှိပါ့ရှင်၊ ရှင့်ရှေ့တည့်တည့်မှာ ထိုင်နေတဲ့သူပေါ့။ မိတ်ဆက်ပေးတုန်းကဟာ အင်မတန်လှပချောမောတဲ့သူကလေးနဲ့ ခင်မင်ရွှင်ရတာ ဝမ်းသာပါတယ်ဆို။ တကယ်ဝမ်းသာရအောင် အရှေ့တိုင်းသားအများစု မကြိုက်နိုင်တဲ့စကားတစ်ခွန်းလောက် ပြောကြည့်ပါလား ဆရာကြီးရဲ့လို့ ပြောပါတယ်။ သူလည်း နောက်တစ်နေ့ တင်ရမယ့်ကျမ်းအတွက် ပူပန်ခြင်းတွေ ပျောက်သွားပုံပေါ်ပါတယ်။ သူ့ခင်ပွန်းလောင်းဟာ လေးနက်တည်ကြည်လွန်းတဲ့ အရှေ့တိုင်းသား တိုင်းသူများကို ငါမစတော့ပါဘူး။ ပြီးတော့ ဝင်းနဲ့ ငါနဲ့ကတွေ့ရလှရင် မင်းကျမ်းတင်အပြီးအထိပေါ့။ မနက်ဖြန် ကျမ်းတင်အပြီးစားသောက်ပွဲပြီးတာနဲ့ ဝင်းနဲ့ငါ တွေ့နိုင်မှာမဟုတ်ဘူးလေလို့ ပြောပါတယ်။

သူ့မိန်းကလေးဖြစ်တဲ့ဆရာမက ရှင့်စကားတစ်ခွန်းဟာ သူတို့အရှေ့တိုင်းစံနဲ့ မလေးစားရာရောက်တယ်လို့ ဝင်းက ယူဆတယ်ဆိုရင် ရုရှလို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းတတ်နေပြီဖြစ်တဲ့ ဝင်းက နေရာကမထဘဲ တရစပ် ရှင့်ကို ရှုရှုလို မယဉ်ကျေးရကောင်းလား၊ ဆရာဖြစ်ပြီး အဲသည်လိုစကားမျိုးတွေ ပြောပြီး နိုင်ငံတကာကနေ မော်စကို အထင်တကြီး စာပေသင်ယူဖို့လာတဲ့ သူတွေကတစ်ဆင့် နိုင်ငံတကာကို ရိုင်းစိုင်းကြမ်းတမ်းတဲ့ အယူအဆတွေကို ထုတ်လွှင့်လိုက်မှာလားနဲ့ ဖွဲ့ချက်အမျိုးမျိုးထုတ်ကာ အမြေရခက်လောက်အောင် လုပ်မှာ ရှင်ရဲ့ လို့ပြောလိုက်ပါတယ်။ ကျွန်မက သူငယ်ချင်းဆရာမကို တော်ပါတော့ကွယ်၊ မင်းလည်း နက်ဖြန်ကာ တင်ရမယ့်ကျမ်းကို ကြောက်ဖို့နေနေသာသာ အမှတ်တောင်မရတော့ဘူး မဟုတ်လားလို့ ပြောရင်း လူစုခွဲခွင့်တောင်းကာ သူတို့အခန်းထဲကသူတွေကိုပါ နှုတ်ဆက်ပြီး ထွက်ခဲ့ရပါတယ်။

ကျွန်မတို့အရှေ့တိုင်းသူ အရှေ့တိုင်းသားများဟာ ဇာတိပုည ဂုဏ်မာန ကြီးမားကြတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဆရာတွေနဲ့ ကျွန်မဖြင့် တစ်ခါမှအဆင်မပြေ မဖြစ်ခဲ့ပါဘူး။ ပြန်လာပြီးမှ လွမ်းလွမ်းနဲ့ တစိမ့်စိမ့်တွေးတော့ ကျွန်မကို ဆရာကြီးများ (စာသိပ်တော်သလောက် တင်းကျပ်လွန်းတယ်လို့ ကျောင်းသားအများက ပြောဆိုပြီး ကြောက်လန့်ကြသူများ) ကိုယ်တိုင်က အလွန်ချစ်ခင်ခဲ့တာကို တွေးပြီး လွမ်းခဲ့ရပါတယ်။ တစ်ခုတော့ရှိပါတယ်၊ ကျွန်မဝတ်ပုံစားပုံက လုံလုံခြုံခြုံနဲ့ ရာသီဥတု အလွန်ကြမ်းတဲ့ နိုင်ငံရပ်ခြားမှာတောင်မှ မြန်မာဟန်မပျက်အောင် နေတတ်တာ၊ ဆရာများကို ရိုသေလေးစားတာကြောင့် ချစ်ခင်ကြတာ ဖြစ်ပါလိမ့်မယ်။ ဆရာကြီးတွေက အသက်အရွယ်ကြီးနေပြီဖြစ်တော့ စတာနောက်တာလည်း မရှိပါဘူး။ ဗီယက်နမ်တွေက ဆရာ့ကို စိတ်ဆိုးသွားတဲ့အထိ ဘယ်လိုများ စလိုက်မိသလဲလို့ ကျွန်မ မမေးလိုက်မိလို့ မသိပါ။

ရယ်စရာကောင်းတဲ့ ဖြစ်ရပ်တစ်ခုကိုတော့ ပြောပြချင်ပါတယ်။ ကျွန်မဟာ ဘွဲ့ယူကျမ်းတင်သွင်းရတော့မယ့်ဆဲဆဲကာလ၊ လောကကြီးမှာ ကျွန်မကိုယ်ကျွန်မတောင် တင်သွင်းရမယ့်ကျမ်းလောက် ဂရုမစိုက်မိတဲ့ကာလ ရှိခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမ်းတင်သွင်းတော့မယ်ဆိုတော့ စာကြည့်တိုက်သွားတဲ့အခါ မူရင်းကျမ်းကိုပါသယ်ပြီး စာကြည့်တိုက်ကို ကျွန်မသွားတတ်တဲ့ အကျင့်ကိုလည်းသိရော သူငယ်ချင်း ဗိုရာက "ဝင်းလာဦး၊ ငါပြောစရာရှိတယ်။ ငါတို့ဌာန (ရုပဗေဒဌာန) က စိနိယာ



တစ်ယောက်က သူ့ကျမ်းကို ပိုက်ပိုက်ပြီး စာကြည့်တိုက်သွားလေ့ရှိသတဲ့။ အဲဒါနဲ့ မနေ့တစ်နေ့တုန်းက ထမင်းစားဖို့ ထအသွားမှာ စားပွဲပေါ်က ကျမ်းကို မယူတော့ဘဲ စိတ်ချလက်ချ ချထားပြီး ထမင်းစားသွားတယ်။ နင်လည်းသိသားပဲ၊ ထမင်းစားခန်းနဲ့ စာဖတ်ခန်းက နီးနီးလေးရယ်။ သူပြန်လာတော့ ပြီးခါနီးဆဲဆဲဖြစ်နေတဲ့ သူ့ကျမ်းကို ပြန်မတွေ့ရတော့ဘူးတဲ့။ အခုဆိုရင် သုံးလေးရက်တောင် ကြာပြီ။ တိုင်ချက်လည်း ဖွင့်ထားတယ်၊ ငါက နင့်အတွက်ပူလို့ လာပြောတာ၊ ဘွဲ့ယူကျမ်းဆိုတာဟာ ရေးတုန်းကလည်း ခေါင်းထဲက အချက်အလက်များကို ဖြစ်ညှစ်ပြီး ရေးရတာက တစ်မျိုး၊ အချက်အလက်သစ်များကို ဖတ်ရ၊ မှတ်ရ၊ ရေးသားတော့လည်း ပြေပြစ်အောင်ရေးရနဲ့ ပျောက်သွားရင် ပြန်ရေးဖို့ မလွယ်ပါဘူးဟာ။ နင် သတိထားပါ"လို့ ပြောပါတယ်။

ကျွန်မလည်း အဲသည်အချိန်ကစပြီး သွားလေရာရာကို ယူသွားဖို့လိုရင် အထုပ်တစ်ခုထဲမှာထည့်ပြီး ပိုက်သွားပါတယ်။ ညလည်း အဲသည်ကျမ်းပေါ်မှာ လက်တင်ပြီးအိပ်တဲ့အထိ ဖြစ်သွားတာပါပဲ။

ကျွန်မဟာ ကျမ်းတင်သွင်းတဲ့အကြောင်းကို ပြောချင်တာလည်း မဟုတ်ပါဘဲနဲ့ စကားတံရှည်သွားတာ တောင်းပန်ပါတယ်။ တကယ်တမ်းပြောချင်တာက ကျွန်မတို့အရှေ့တိုင်းသူ အရှေ့တိုင်းသားများရဲ့စရိုက်က သူတစ်ပါးရဲ့ဂုဏ်သိက္ခာကိုလည်း ထိပါးကျူးကျော်တဲ့စကားကို မပြောဘူး၊ ထိပါးနှောင့်ယှက်ခြင်းလည်း မပြုတတ်ဘူး။ ကိုယ့်ကို ထိပါးလာရင်လည်း ဘယ့်လောက်ပဲ တစ်ဖက်ကလေးစားသည်ဖြစ်စေ ကြောက်လို့ သည်းခံခြင်း၊ အားနာလို့ သည်းခံခြင်းမျိုးမရှိတတ်တာကို တင်ပြခဲ့ပြီးပါပြီ။ ကံကောင်းထောက်မစွာ စာရေးသူရဲ့ဆရာများက ကျွန်မကို ကြင်ကြင်နာနာဆက်ဆံကြလို့ ပြဿနာမဖြစ်ခဲ့ပါဘူး။

ကျွန်မ ပြောချင်တာက အနေအထိုင် မှန်ရင် ပညာတော်အောင် ကြိုးစားရင် နိုင်ငံရပ်ခြားမှာ တရားဝင်သွားရောက် နေထိုင်ကြရတဲ့သူများဟာ မျက်နှာမငယ်ပါဘူး။ လူမျိုးတစ်စုနဲ့တစ်စုဟာ စရိုက်မတူပါဘူး။ ရှေး တောင်မှ ကျွန်မတို့ငါးနှစ်ကြာအောင် ဘေးမသီးရန်မခ နေခဲ့တဲ့ကာလနဲ့ အခုကာလ မတူတာတွေ များလာပြီ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ပါစေ စည်းကမ်းကို တင်းတင်းကျပ်ကျပ် လိုက်နာပြီး အပျော်အပါးကို ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ကာ နေတတ်မယ်ဆိုရင် အန္တရာယ်ဖြစ်နိုင်တဲ့အကြောင်း နည်းပါးသွားနိုင်ပါတယ်။

စကားတံကလည်း ရှည်ရပါဦးမယ်။ တစ်နေ့မှာ ကျွန်မတို့နားနေတဲ့ စခန်း ပုရဂုဏ်ထဲမှာတင် ကပွဲတစ်ပွဲ ကျင်းပပါတယ်။ အဲသည်အနားယူ စခန်းရောက် နိုင်ငံတကာ ကျောင်းသားများကိုယ်တိုင် တင်ဆက်တဲ့ပွဲကို ကြည့်ကြရတာပါ။

ကျွန်မနဲ့ ကျွန်မထက် ၉ နှစ်ငယ်တဲ့ကလေးတစ်ယောက် အတူတူ ကပွဲကို သွားကြပါတယ်။ လေဟာပြင်မှာ ခင်းထားတဲ့ ခုံတန်းများထဲကို ဘေးတိုက်လျှောက်သွားပြီး ကျွန်မထိုင်လိုက်တဲ့နေရာက အခုနပြောတဲ့ သူငယ်ချင်းကလေးရဲ့ဘယ်ဘက်မှာ ဖြစ်ပါတယ်။ သတိထားပြီး ယောကျ်ား ကလေးရဲ့ဘယ်ဘက်မှာ ထိုင်လိုက်လိုက်တာ မဟုတ်ပါဘူး။ ဒီအတိုင်း ထိုင်လိုက်တာပါ။ အဲသည်ကလေးက အရှေ့တိုင်းရဲ့ တင်းကျပ်တဲ့စည်းမျဉ်း များနဲ့ ထူးခြားတဲ့ယဉ်ကျေးမှုများကို စိတ်ဝင်စားနေသူဖြစ်တော့ အဲသည် ကဇာတ်လည်းပြီးသွားရော အများနဲ့အတူ ပင်မအဆောင်များဆီကို ပြန်လာပါတယ်။ပြီးတော့ အလင်းရောင်လည်း ရှိနေသေးတဲ့အချိန်ဆိုတော့ စကား တပြောပြောနဲ့ ပြန်ကြတာပေါ့။ တကယ်တော့ လူမျိုးကလည်းပေါင်းစုံ၊ အယူ ဝါဒကလည်းပေါင်းစုံနေကြတဲ့ ကျောင်းသားများ စုဝေးရာဆိုတော့ မေးမြန်းရှုစမ်း ချင်တဲ့သူများအဖို့ အတော့်ကိုအဆင်ပြေပါတယ်။

အဲသည်ကာလ အဲသည်ပတ်ဝန်းကျင်မှာ အချင်းချင်း လူမှုရေးအရ ခွဲခြားတာလည်း မရှိကြပါဘူး။ တမင်တကာ အချိန်ကုန်ခံပြီး အင်တာဗျူး လုပ်စရာလည်း မလိုအပ်ပါဘူး။ ကြုံတဲ့နေရာ ပတ်ဝန်းကျင်တစ်ခွင် လုံးမှာ သာသာယာယာရှိနေတဲ့ နေရာများမှာ ခင်းထားတဲ့ ထိုင်ခုံအပိုင်းမှာ သင့်သလိုဝိုင်းထိုင်ပြီး မေးကြပြောကြတာပါပဲ။ ယောက်ျားကလေး ကျွန်မထိုင်ချ လိုက်တာ သူရဲ့ဘယ်ဘက်မှာဆိုတော့ မြန်မာများထုံးစံအတိုင်း အမျိုးသားရဲ့ ဘယ်ဘက်က ထိုင်ပေးတယ်လို့ထင်လိုက်ပါတယ်။ အဲသည်တော့ သူတို့ ဆီမှာ အမျိုးသမီးက အမျိုးသားရဲ့ညာဘက်မှာထိုင်ရမှာဖြစ်တယ်လို့ ပြောပါတယ်။

ကျွန်မက ယောက်ျားရယ် တကယ်တော့ နင်ထိုင်နေတာ ငါထိုင်ရ



မယ့်နေရာရဲ့ ညာဘက်မှာရှိတယ်ဆိုတာ သတိမထားမိပါဘူး။ ခုံတန်းတွေ က ချထားပြီးပြီ။ အဲသည်ခုံတန်းကို ဘေးတိုက်လျှောက်ပြီးသွားမှ ငါ့ခုံ နံပါတ်ကို ရောက်မှာဆိုတော့ ဒုတိယနောက်ဆုံးအစွန်လည်း ရောက်ကရော ငါထိုင်ချလိုက်တာပါပဲ။ အဲဒါနဲ့ နင်ကလည်း ငါ့ညာဘက်ကို ရောက်သွား တာပေါ့လို့ ပြောပါတယ်။

နောက်ပိုင်းမှာ ကျွန်မဆက်ပြောတာကတော့ ရှေးမြန်မာများဟာ ဓားနဲ့တိုက်ခိုက်တဲ့အလေ့အကျင့်ရှိတယ်။ အဲသည်လို ဓားနဲ့တိုက်ခိုက်နေတဲ့ အခါ သူက အကာအကွယ်ပေးရမယ့်အမျိုးသမီးက အမျိုးသားရဲ့ညာဘက် မှာ ရှိနေရင် အန္တရာယ်ရှိတယ်။ အမျိုးသမီးက ဓားကိုကိုင်ပြီး ထိုးခုတ် တိုက်ခိုက်သူရဲ့နောက်ဘက်မှာ အကာအကွယ်ယူပြီး သင့်တင့်အောင် ရှေ့တိုး နောက်ငင် လုပ်နေရမှာ ဖြစ်တယ်။ အဲသည်အချိန်မှာ အမျိုးသားကိုလည်း အနှောင့်အယှက်မဖြစ်စေနဲ့ပေါ့လို့ ကျွန်မက ကျွန်မရဲ့ရှေးခေတ် သူရဲကောင်း များ သေနင်္ဂဗျူဟာနဲ့ ပတ်သက်ပြီး ပြောပါတယ်။

ယောက်ျားက နင်တို့အမျိုးသမီးများရော တိုက်ပွဲတွေမှာ မပါဘူး လားလို့ မေးပါတယ်။ အင်မတန်အရေးကြီးတဲ့ မိမိတို့နိုင်ငံကို အဆုံးစွန် သောနည်းနဲ့ ကာကွယ်ဖို့ လိုတဲ့အခါများမှာ အမျိုးသမီးများလည်း၊ အမျိုး သားများ ဝတ်ဆင်သလိုဝတ်ဆင်ပြီး စစ်ထွက်တာပေါ့။ တယ်မှာ ရင်တမမနဲ့ ပူပန်သောကရောက်နေလိမ့်မလဲ။ ကိုယ်တိုင်ထွက်ပြီး၊ ကိုယ့်နိုင်ငံကို ကိုယ် ကာကွယ်ခဲ့တဲ့ ရှမ်းမင်းသမီးအကြောင်းကအစ သူတစ်နိုင်တစ်ပိုင် ဆိုသလို အမိမြေကို ကာကွယ်ခြင်းဟာ မြင့်မြတ်တဲ့လုပ်ငန်းဖြစ်တယ်။ တိုက်ခိုက်ရင်း သေသွားတယ်ဆိုရင်တောင်မှ မြတ်တယ်ဆိုတာ ငါတို့မြန်မာနိုင်ငံမှာ ကျားကျား မမ လူမျိုး ဘာသာမရွေး လက်ခံကြပါတယ်လို့ ပြောတော့ ကျွန်မသူငယ်ချင်းက နင်နဲ့ခင်ပြီး နင်ပြောပြတဲ့မြန်မာသမိုင်းကို ကြားပြီးကတည်းက နင်တို့နိုင်ငံကို ငါအထင်ကြီး လေးစားပါတယ်လို့ ပြောပါတယ်။ ကျွန်မကလည်း ကျေးဇူးတင် ကြောင်းပြောပြီး လူစုခွဲလိုက်ကြပါတယ်။

စာရေးသူဟာ မြန်မာနိုင်ငံမှာ စာသင်တဲ့ဆရာတစ်ယောက်ဖြစ်လို့ စာပဲသင် တယ်လို့ထင်ရင် မှားပါလိမ့်မယ်။ စာအုပ်တစ်အုပ် ထုတ်ဝေခါနီးမှာ သိမ်း ထားတဲ့စာရွက်စာတန်း၊ စာအုပ်တွေကိုရှာရင်း ကျွန်မ ရုံးမှာ ပညာသင်ရာ

www.burmeseclassic.com

www.burmeseclassic.com



က ပြန်လာလို့ မြန်မာနိုင်ငံကို ပြန်ရောက်တာ ငါးလအကြာလောက်မှာ ဘီအီးဒီကျောင်းသားများကိုခေါ်ပြီး ရွှေတိဂုံမြတ်စွာဘုရားကြီးနဲ့ ပတ်ဝန်းကျင်ကို လေ့လာရေးခရီး ထွက်ခဲ့ပါတယ်။ ရှုရှားမှာ လေ့လာရေးခရီးဟာ ကျောင်းသားများအတွက် ဘယ့်လောက်နိုးကြားစေခဲ့သလဲဆိုတာ သတိထားခဲ့မိတာနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရွှေတိဂုံမြတ်စွာဘုရားကို ဦးခိုက်ပူဇော်ရင်း ကျောင်းသားများရဲ့ သိလိုတတ်လိုစိတ်များကိုလည်း နိုးကြားစေခဲ့ပါတယ်။ အဲသည်လို ပထမအကြိမ် လေ့လာရေးကစပြီး လေ့လာရေးခရီးပေါင်းများစွာကို မကြာခဏဆိုသလို ထွက်ခဲ့ပါတယ်။ နယ်ကိုခရီးထွက်မယ်ဆိုရင် ကျွန်မကိုယ်တိုင်ဦးစီးပြီး စာအုပ်စာစောင်များကို ထုတ်ဝေပါတယ်။ ရလာတဲ့ငွေကြေးဟာ ကျောင်းသားများအတွက် ငွေကုန်ကြေးကျမများစေဘဲ လေ့လာရေးခရီးထွက်နိုင်ဖို့ စရိတ်ဖြစ်ပါတယ်။ ပုဂံကိုလေ့လာခရီးထွက်တော့လည်း အဲသည်လို ဆရာက အိတ်စိုက်တဲ့နည်းကို သုံးခဲ့ပါတယ်။

ကျောင်းသားများဟာ ဘီအီးဒီကျောင်းသားများဖြစ်တဲ့အတွက် သူတို့အလှည့်မှာလည်း သူတို့လေ့လာရေးခရီးထွက်ကြမယ်လို့ ယုံကြည်ပါတယ်။ အသိပညာကို စူးစမ်းလေ့လာလိုတဲ့စိတ် ပိုမိုနိုးကြားအောင် ဒေသအသီးသီးမှာ ရှာတတ်ရင်ကြည့်တတ်ရင် တတ်နိုင်သိနိုင်တဲ့အရာတွေ အများကြီးရှိတယ်ဆိုတာ သိသွားကြမှာဖြစ်တဲ့အတွက် လေ့လာရေးခရီးကို အစပျိုးခဲ့တဲ့သူရော၊ လိုက်နာကျင့်ကြံခဲ့ကြသူများရော ကုသိုလ်ကောင်းမှု ရရှိကြပြီး ဒုက္ခခပ်သိမ်းကို ရှောင်နိုင်တိမ်းနိုင်တဲ့ အသိပညာရှင်များဖြစ်လာကြမှာ သေချာပါတယ်။ တကယ်တော့ နယ်ကို လေ့လာရေးခရီးထွက်တယ်လို့ ဆိုတဲ့အခါမှာ မြို့ခံများက ကူညီမယ့်အစား နှောင့်ယှက်ကြတာလည်း ကြုံဖူးပါတယ်။ ယနေ့ခေတ်ကာလတော့ မဟုတ်ပါဘူး။ မဆလခေတ်က ကြုံခဲ့တာပါ။ လေ့လာရေးခရီးထွက်တဲ့အခါမှာ တလေးတစား ခွင့်တောင်းပြီးမှ သွားတာပါ။ ပြဿနာဖြစ်တာကလည်း မြို့ခံအမျိုးသားများက စသရော နောက်သရောလုပ်လို့မကျေမလည်ဖြစ်တာပါ။ ဘယ်လို အဆင့်အထိမှ မရောက်အောင် ကိုယ့်လူကို ကိုယ်ထိန်းလိုက်ပါတယ်။ အဲသည်လိုထိန်းထားတဲ့ကိစ္စကို တော်ပါပေတယ်လို့ ချီးကျူးမယ့်အစား နယ်ခံအရာရှိကြီးက သူ့သားဖြစ်သူကိုခေါ်ပြီး ကျောင်းသားတွေအလယ်ကို ရောက်အောင်လာပါတယ်။ တကယ်တော့



အင်အားပြပြီး ရန်စတာဖြစ်ပါတယ်။ တကယ်လို့သာ စနစ်တကျခွင့်တောင်းပြီး လာတာမဟုတ်ရင် ညတွင်းချင်း ဒီနေရာကထွက်လို့ ကျုပ်အမိန့်ပေးပြီးလောက်ပြီတဲ့။ သူ့ကိုလည်း ကျွန်မက ပြန်ပြောပါတယ်။ မူလကတည်းက နက်ဖြန်ကာမှာ ပြန်မယ်ဆိုတာ ရက်ရွေးထားပြီးဖြစ်ပါတယ်။ မစိုးရိမ်ပါနဲ့လို့ ပြောလိုက်ပါတယ်။ နို့မဟုတ်ရင် သူ့ကိုကြောက်လို့ ပြေးပြီလို့ ပြောနေဦးမှာပါ။ ကျွန်မဟာ အဲသည်အချိန်က အလွန်ရှားပါးသေးတဲ့ နိုင်ငံခြားပြန် ဒေါက်တာတစ်ဦးဖြစ်ပါတယ်။ သို့ပေမယ့် ကိုယ်ကစံပြဖြစ်ရမှာမို့ စည်းကမ်းကျနစွာ သိုသိပ်စွာ လေ့လာရေးခရီးကို ထွက်ခဲ့တာပါ။ ဘာမဟုတ်တဲ့ကိစ္စကလေး ဖြစ်ခဲ့တာကို သူသာ နေရာယူတတ်ရင် သူကပဲ ကြည့်ရှင်းပေးတဲ့အနေနဲ့ အမှတ်ယူနိုင်ပါတယ်။ တကယ်တော့ ကျွန်မတို့ကို ရဲစခန်းက ရဲများကိုယ်တိုင်က လိုက်လံစောင့်ရှောက်ပေးပါတယ်။ အဲသည်အတွက် အရပ်ဘက်က ဘာရာထူးမှန်း ကျွန်မ မသိတဲ့လူကြီးက အငြိုးထားလို့ ကျွန်မတို့ပြန်ပြီးတဲ့နောက်မှာ သူ့ကို နယ်ပြောင်းပစ်တာခံရတယ်လို့ သတင်းရပါတယ်။ ကျွန်မတို့ အဲသည်က မထွက်ခင်မှာပဲ သူတစ်ယောက်တည်းအတွက် မြို့ပြင်ဘက်မှာ အိမ်ဘယ်နှစ်လုံး ဆောက်ထားတဲ့အကြောင်းကအစပေါ့လေ။ စာရေးသူတို့လည်း သေသေချာချာ လေ့လာတဲ့ခရီးအဖြစ် ထွက်လာတာဖြစ်တယ်၊ အပျော်ခရီးမဟုတ်ဘူး။ အဲသည်တော့ မိမိတို့မှတ်သားခဲ့သမျှ အသိပညာများကို မမေ့စေနဲ့။ ဘဝမှာ အခက်အခဲများကို ကျော်လွှားပြီးမှ အမြတ်မရဘူးဆိုတာလောက် နစ်နာတာမရှိဘူး။ အခု ငါတို့တစ်တွေ မိမိတို့ဘဝမှာ အနှစ်သာရရှိရှိ လေ့လာရေးခရီးထွက်ခဲ့နိုင်တယ်ဆိုတာကို တစ်သက်လုံး ဂုဏ်ယူနိုင်အောင် ကြိုးစားကြပါလို့ ပြောလိုက်ပါတယ်။

အဲသည်လို အမျိုးသမီးငယ်တစ်ယောက်ဦးစီးတဲ့ ပညာတတ်လူငယ်ကလေးများကို ကူညီရမှန်းမသိဘဲ ရာထူးရာခံရှိတဲ့သူတစ်ယောက်ရဲ့သားက ရန်စတာကို တုံ့ပြန်တာတစ်ချက်ပဲရှိပါတယ်။ ကျွန်မရဲ့ကျောင်းသူများကို ချက်ချင်းအခန်းထဲဝင်နိုင်းမိတာပါပဲ။ ကျွန်မတို့ကို မထီမဲ့မြင်ဆက်ဆံလိုက်တဲ့သူကို ကျွန်မ မမှတ်မိပါဘူး။ သူနဲ့ကျမှ မမှတ်သားတာ မဟုတ်ပါဘူး ဘယ်သူ့ကိုမှ မမှတ်တာပါ။ မဆလလက်ထက်မှာ၊ အာဏာ၊ ပါဝါပြချင်တဲ့သူ ပိုပြီးတွေ့ပါတယ်။ အရပ်သားဖြစ်ပေမယ့် မင်းချီးမြှင့်ခြင်းခံရသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်လို့ ပြောရမလား မသိပါဘူး။ တစ်ခုတော့ တင်ပြချင်ပါတယ်။ ဆရာတော်တစ်ပါး ဆုံးမတဲ့စကားထဲမှာ မိမိအလင်းရောင်ကြောင့် သူတစ်ပါး မျက်စိမကျိန်းပါစေနဲ့။ ရိုးဂုဏ်ကို စောင့်ရှောက်ပါတဲ့။ အငှားသုံးပစ္စည်းကို အငှားသုံးပစ္စည်းမှန်းသိပါဆိုတဲ့ ဆုံးမစကားကတော့ လေ့လာရေးခရီးမှာ တွေ့တဲ့သူရဲ့လုပ်ရပ်နဲ့တော့ တခြားစီပါပဲ။ အခုအချိန်မှာတော့ အသက်ရှင်ကောင်း ရှင်နေဦးမှာပါ။ ဖခင်က အမှားသွန်သင်ထားလို့ ခပ်ထောင်ထောင်လုပ်တတ်တဲ့ သားဖြစ်သူလည်း ရှိနေဦးမှာပါ။ အငှားသုံးပစ္စည်းများကိုတော့ ပြန်ပြီးအပ်ရလောက်ပြီပေါ့။

## မင်းလိုလူစား ၇၅ ယောက်

စာဟောင်းတွေထဲက အကောင်းတွေကို ပြန်ထုတ်ပြီး ဖတ်ရှုရင် အသိအမြင်မြင့်မားတဲ့ လူကြီးများရဲ့စကားတွေ အတွေးတွေကို လန်းဆန်းလတ်ဆတ်စွာ တွေ့ထိနိုင်ပါတယ်။

အထက်ပါခေါင်းစဉ် "မင်းလိုလူစား ၇၅" ဟာ ကျွန်မရဲ့ခေါင်းစဉ် မဟုတ်ပါဘူး။ တစ်ချိန်တစ်ခါက အလွန်နာမည်ကြီးခဲ့တဲ့ ဟာသ စာရေးဆရာကြီး သော်တာဆွေဟာ ဟာသကနေပြီး လူ့သဘာဝတက်ကို ကျယ်ကျယ်ပြန့်ပြန့် မြင့်ပြီး ပြောင်းလဲရေးသားလာတာနဲ့ သူ့ရဲ့ကလောင်ဟာ ပိုမိုမြင့်မားတဲ့နေရာကို ရောက်ရှိသွားခဲ့ပါတယ်။

ဆရာသော်တာဆွေက ငါမှ ငါ၊ ငါ့လောက်တယ်သူမှ မတော်ဘူးဆိုတဲ့သူကို သတိပေးလိုတဲ့အတွက် မင်းလိုလူစား ၇၅ ယောက်ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရေးဖူးပါတယ်။ မင်းလိုလူစား အများကြီးပဲဆိုတဲ့ ဆိုရိုးလေးကို ထားခဲ့ပြီး မင်းလိုလူစား ၇၅ ယောက်ဆိုတဲ့ ထူးခြားတဲ့စကားကို ဆရာကြီး သုံးလိုက်တဲ့အကြောင်းက ဆရာကြီးဟာ ၇၅ ဂဏန်းကို တော်တော်ကြိုက်လို့ ဖြစ်ပါသတဲ့။ အဲဒါ သူကိုယ်တိုင်ပြောခဲ့တဲ့စကားပါပဲ။ စာရေးဆရာဆိုတော့ နှုတ်နဲ့ပြောခဲ့တာမဟုတ်ဘူးနော်၊ စာနဲ့ပြောခဲ့တာပါ။

မင်းလိုလူစား ၇၅ ဆိုတာက ငါမှ ငါ၊ ငါ့မျှ၊ တယ်သူမီလို့လဲ၊ ဟင် ခြေရာတိုင်းမနေနဲ့၊ ထိသွားမယ်ဆိုတဲ့ ခပ်မင့်မင့် ခပ်ရှင့်ရှင့်အတွေးများနဲ့ ပြောတတ် ဆိုတတ် နေတတ် ထိုင်တတ် လုပ်တတ် ကိုင်တတ်တဲ့သူတွေကို သတိပေးတဲ့စကား ဖြစ်ပါတယ်။

ဟုတ်တာပေါ့။ ကျွန်မတို့လည်း ငယ်စဉ်ကတည်းက သူများနဲ့မတူ၊ မိမိကိုယ်ကို မြင့်တင်တဲ့နေရာမှာ အောင်မြင်လာပြီဆိုရင် မိမိစိတ်ကို ထိန်းချုပ်ရမယ့်အစား ခပ်မင့်မင့် ခပ်ရှင့်ရှင့်လေးတွေ ဖြစ်လာတတ်ကြပါတယ်။ အဲဒီအထဲ ကိုယ်မပါဘူးလို့ မထင်ပါနဲ့၊ ပါခဲ့ကြတဲ့သူတွေ များပါတယ်။ အထူးသဖြင့်ကြီးပွားချင်တဲ့သူတွေက အမြဲတစေ ကျားကုတ်ကျားခဲကြိုးစား

www.burmeseclassic.com



ပြီး၊ အောင်မြင်လာတဲ့အခါမှာ သူလည်းလူပဲလေ၊ မြင့်ရှာမယ်ပေါ့၊ မင့်ရှာ ခပမပေါ့။

ဆရာကြီးသော်တာဆွေကတော့ မြဲ့ငုံပြီး သုံးသပ်တဲ့အခါမှာ ဘယ်လောက်ပဲ ရင့်ရင့် ဘယ်လောက်မြင့်မြင့် ကိုယ့်ထက်ရင့်တဲ့ မြင့်တဲ့သူတွေကို အနည်းနဲ့အများ တွေ့ကြရမှာပဲဆိုတာကို သတိပေးတာပါ။ အဲဒီစကားလေးက ကျွန်မရင်ထဲမှာ ကိန်းနေပါတယ်။

ဟင်း ငါလည်း ကြိုးစားလိုက်ရတာ တစ်သက်လုံးလိုလိုပါပဲလား။ ဆရာမပီပီ ကျောင်းသားတွေကိုသင်ကြားတဲ့အခါမှာလည်း ကြိုးစားကြဖို့၊ အတတ်ပညာကို ပိုမိုကျစ်လျစ်ခိုင်မာစွာ သိနားလည်လာအောင် ကျက်မှတ်လေ့လာကြဖို့ တွေးတောဆင်ခြင်ကြဖို့ မရပ်မနားဆိုသလို စာသင်ကြားရင်း တိုက်တွန်းခဲ့ပါတယ်။

တချို့ကလေးတွေကလည်း တိတိကျကျသိလိုတဲ့အတွက် ကျွန်တော်တို့ အခုကစပြီး စာလည်းဖတ်၊ တွေးလည်းတွေး ကြိုးလည်းကြိုးစားရမယ်ဆိုရင် ဘယ်အချိန်အထိ အဲသည်လိုကြိုးစားနေရမှာလဲဆရာမခင်ဗျာလို့ မေးပါတယ်။ တည်တည်ကြည်ကြည် လေးလေးနက်နက်စိတ်ထားနဲ့ မေးကြတာပါ။ ကျွန်မကလည်း တည်တည်ကြည်ကြည် ပြတ်ပြတ်သားသားနဲ့ ပြန်ဖြေပါတယ်။ "ကျောင်းဆရာဆိုတာ မသေမချင်း ဆရာအဖြစ်က ဆင်းလို့မရဘူး၊ ဘယ်လိုမှ ဆင်းလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ဆရာအဖြစ် အသိအမှတ်ပြုခံရပြီးပြီဆိုရင် မသိတိုင်း 'ဆရာရယ်၊ ဒါလေး ရှင်းပြစမ်းပါ၊ နားမလည်လို့ပါ'ဆိုရင် 'ဟော့ ငါလည်းမသိဘူးကွလို့ ဖြေတဲ့သူဟာ ဆရာအဖြစ်က ဒုတ်ခနဲ ကျသွားတော့မှာပဲ။ ဆရာဖြစ်ပြီးမှ မကျအောင် ပညာပြည့်ဝနလုံးလှအောင် တကယ့်ဆရာအဖြစ်နဲ့နေသွားချင်ရင် သေတဲ့အထိ စာဖတ်နေရမယ်၊ ကောင်းစွာလေ့လာနေရမယ်။ ကိုယ်ကတစ်ဆင့် ကျောင်းသားများကို ဝေငှနေရမယ်"။

ကလေးတစ်စုကလည်း ဟင်၊ ဟယ်နဲ့ တုံ့ပြန်ကြပါတယ်။ ဘယ်လိုပဲ တုံ့ပြန်တုံ့ပြန်ပါ၊ သူတို့ရဲ့အသိဉာဏ်ရင့်သန်လာလေလေ စာတတ်မှ တစ်နည်းအားဖြင့် အသိပညာနဲ့ပြည့်စုံမှ လူ့လောကမှာ နေရာရနိုင်တယ်။ အဲသည်လိုနေရာရတယ်ဆိုတာတောင်မှ တစ်နေရာမှာ အလွန်ထူးချွန်သူလို့ သတ်မှတ်ခံရ



လို့ "ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ" လွှမ်းမိုးနိုင်မယ်လို့များ မထင်ပါလေနဲ့။ အသစ်အသစ်သော အကြောင်းအရာများ၊ အတတ်ပညာများ၊ အဲဒီအတတ်ပညာများကို ဖန်တီးသူ ဖွင့်ဆိုသူ ပညာရှင်များကလည်း လိုအပ်ချက်အရ တစ်ကမ္ဘာလုံးမှာ အမြဲမပြတ် ပေါ်နေတတ်ပါတယ်။ ဆရာကြီးသော်တာဆွေရဲ့စာကြောင်းတွေဟာ ကျွန်မ စာကြောင်းတွေနဲ့ ထပ်တူမကျပေမယ့် သဘောကတော့ အတူတူပါပဲ။ ကိုယ့်ကိုယ်ကို ငါ့ထက်သာတဲ့သူမရှိဘူးလို့ ထင်နေတဲ့သူများဟာ ထောင့်ပေါင်းများစွာမှာ ရှိနေတဲ့သူတွေက သရော်ပြီးတော့ ရယ်တာမဟုတ်ဘဲ တကယ့်ကို ရယ်စရာကောင်းလို့ ရယ်သွမ်းသွေးခြင်းကို ခံရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မဟုတ်တာကို အဟုတ်လုပ်နေတဲ့သူကို ကျန်တဲ့သူတွေကမြင်တဲ့အခါ ကြားတဲ့အခါ သြော် ဖြစ်မှဖြစ်ရလေဆိုပြီး ရယ်မိကြမှာပဲ။ အဲသည်တော့ အကောင်းဆုံးက ငါ့မှာ ဘာလိုသေးသလဲ၊ လိုတာတွေကို ဖြည့်ဆည်းရအောင်၊ မမေ့နဲ့၊ မရင့်နဲ့၊ ကိုယ်မသိတဲ့အကြောင်းကို ကိုယ့်ထက်ငယ်တဲ့သူထံက ဖြစ်ပါစေ ဒါလေးရှင်းပြပါကွယ်၊ ခေတ်နဲ့အမီလိုက်ရတာ တစ်ခါတလေ လက်အံသေတယ်၊ တစ်ခါတလေ ခြေထောက်က မလိုက်နိုင်ဘူး။ အဲသည်လိုဖြစ်လို့ တစ်ဆင့်စကားပဲ ကြားနာပါရစေ၊ ရှင်းပြပေးပါနော်လို့ ပြောဖို့ဝန်မလေးပါနဲ့။ မသမာတဲ့နည်းနဲ့ သူများရှာဖွေတာကိုယူတာမှမဟုတ်တဲ့ တောင်းယူတာလေ၊ ယူထိုက်ပါတယ်။ တစ်ခါတလေကျတော့လည်း တိမ်မြုပ်နေတဲ့ အတွေးအခေါ်တွေကို ပြန်လည်ဖော်ထုတ်တဲ့တာဝန်ကို ထမ်းဆောင်တဲ့အနေနဲ့ ပြန်ရေးရတာလည်း ရှိပါတယ်။ ၇၅ ဆိုတဲ့ဂဏန်းကို အင်မတန်ကြိုက်တဲ့ ဆရာကြီးသော်တာဆွေတို့နဲ့ ကျွန်မက အရင်းနှီးကြီး ရင်းနှီးခဲ့သူမဟုတ်ပါဘူး။ ဒါပေမယ့် သူ့စာတွေဟာ ကမ္ဘာလောကကြီးတစ်ခုလုံးကို ရှုထောင့်အမျိုးမျိုးက မြင်အောင် ဖွင့်ပြနိုင်တဲ့ အတွေးတွေပဲလို့ဆိုနိုင်လို့ ကျွန်မငယ်ငယ်ကတည်းက ကြိုက်ခဲ့တာပါ။ ဆရာကြီး စာဖတ်ပြီးတော့ ကိုယ့်ကိုယ်ကို သတိပေးရတာ ဟာသဆန်ဆန်နဲ့ တယ်ပြီးရွှင်မြူးစရာကောင်းပါတယ်။ ကိုယ့်စိတ်ထဲမှာ ငါတယ်ဟုတ်ပါကလားလို့ ထင်မိတာနဲ့ ရေးလက်စ စာကို ရပ်၊ လက်နှစ်ချောင်းကို ဆန့်လိုက်ပြီး "ဟော့ မင်းလိုလူစား ၇၅ ဟော့"လို့ ကြွေးကြော်ပြီး အသြောင်းပြေတဲ့အခါ လက်တွေကို ပြန်ချလိုက်ပါ။ ပြီးတဲ့အခါ တစ်ခစ်ခစ် ရယ်ချင်ရယ်၊ မရယ်ချင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရုံပြုံးပြီး စာလုံးလှလှတွေကို ရေးချလိုက်ပါ။ အမှန်ကတော့ ခုခေတ်မှာ စာမရေးကြတော့ဘူးလေ၊ စာလို့တောင် မပြောတော့ဘဲနဲ့ ကွန်ပျူတာနဲ့ ရိုက်ပေးပါ သမီးရယ်၊ အမေ နှုတ်ကပြောပြမယ်ဆိုပြီး ပြောပြပြီးမှ ထွက်လာတဲ့စာတွေ ဖြစ်တတ်ပါတယ်။

ခေတ်ကြီးများ ပြောင်းလဲသွားလိုက်တာနော်။ ကွန်ပျူတာတောင် မဟုတ်တော့ဘူး၊ နောက်ပိုင်းမှာ နည်းပညာတွေက ပြောင်းပြောင်းလာလို့ ကိုယ်ဖြင့် အနားကပ်ရမှာတောင် မဝံ့မရဲဖြစ်မိပါတယ်။ "ပြောင်းလာပုံကို ပြောတာနော်၊ ပြောင်းလာပုံကို"။ မပြောင်းလဲဘူးလို့ ထင်နေပေမယ့် အပြောင်းအလဲလေးတွေက သိမ်သိမ်မွေ့မွေ့ ပြောင်းလဲနေတာကို သတိမထားမိရင် ကိုယ့်ဘဝပတ်လည်မှာ ဖြစ်ပေါ်နေတဲ့အပြောင်းအလဲများကြားမှာ ညှပ်ပြီး မလှုပ်တတ် မကိုင်တတ် ဖြစ်ပေရော့မယ်။ မင်းလိုလူစား ၇၅ ဟော့လို့ အားရပါးရ လက်ကိုဆန့်ပြီး အော်လိုက်ရင်တော့ ထင်ယောင်ထင်မှား စိတ်ထားနဲ့ မာနတရားထားမိတာတွေက လျှော့ကနဲကျသွားကာ ဖြစ်ချေဘူးလေ၊ လူငယ်တွေ မကြားဖူးသမျှ ငါစုထားခဲ့တဲ့အကြောင်းလေးတွေကို ပြန်ပြောရရင် သူတို့လည်း ရှင်လန်း၊ ရှင်လန်းရာကနေပြီး လန်းဆန်း၊ လန်းဆန်းရာကနေပြီး ခွေတိခွေကောက်နဲ့ အားကုန်မောပန်းနေရာက 'ဩော်' တော်တယ်ဆိုတဲ့လူတွေလည်း တကယ်တော့ အများကြီးထဲက တစ်ယောက်ပါပဲ။ ငါလည်း အများကြီးထဲက တစ်ယောက်ဖြစ်ရုံနဲ့ ရပ်မနေဘဲ ကြိုးစားမယ်ဆိုရင် လူ့ဘဝကိုရခဲ့တာ အကျိုးများများနဲ့ ကြိုးစားသလောက် အရာရောက်ပေလိမ့်မယ်ဆိုပြီး သတိတရားဝင်လာနိုင်ပါတယ်။ အဲဒီလို သတိတရား ထားတတ်တဲ့သူများဟာ သတိလက်လွှတ် ငှက်တောင်ကျွတ်ဆိုသလို မှားယွင်းတဲ့အမြင်နဲ့ မရေမရာဘဝကို မရောက်တတ်ပါဘူး။ ရောက်တော့မလိုလိုဖြစ်နေတဲ့အခါမှာလည်း ဟော့ သတိထားစမ်း၊ မင်းလိုလူစား ဆရာသော်တာဆွေတို့ လက်ထက်ကတော့ ၇၅ ပဲ၊ အခုတော့ ၇၀၀၀ ကျော်ချင်ကျော်မှာနော်၊ နေဦး နေဦး ကိန်းဂဏန်းတွေ ပြောမနေနဲ့၊ မှားမှားနေတဲ့ လူတွေ၊ မှားမှားနေတဲ့ အသိအမြင်တွေ တစ်ပုံတစ်ပင်နဲ့မို့ အရေးကြီးတာကတော့ လက်တွေ့ကျကျ ဘဝအခြေအနေကို သုံးသပ်၊ မပြတ်မလတ် ကြိုးစားရင် တန်းမီရုံလောက်တော့ ဖြစ်လိမ့်မယ်။ တန်းမီရုံလောက် ဘာလုပ်မှာလဲကွာဆိုရင်



ဘာမှအမှတ်အသားမပါတဲ့ ဗလာလူသား ဘယ်သွားရမှန်းမသိဘဲ ယောင်လည်လည်နဲ့ အခက်ကြုံလိမ့်မယ်လို့ ကိုယ့်ဟာကိုယ်သတိပေးပြီး အောင်မယ်၊ အသက်ကြီးတယ်ဆိုပြီး အထင်မသေးနဲ့၊ ဒီလောက်အသက်အထိ နေလာတာ ငါ ငါ့သီလ၊ ငါ့အနေ အထိုင်၊ ငါ့စိတ်ထား ဘက်ပေါင်းစုံက မှန်နေလို့ပဲ၊ မမှားလေနဲ့နော်။ ကုသိုလ်တရားလက်ရှိက လက်မဲ့ဖြစ်သွားတာနဲ့ အမှားကို အမှန်ထင်၊ ငါ့ကိုယ်ငါပင် ရှက်စရာဘဝကို ရောက်သွားနိုင်တဲ့ ဒီလောကမှာ ဟန်ချက်ညီတဲ့ စိတ်နေစိတ်ထားကို တင်းတင်းဆုပ်ပြီး ခပ်မတ်မတ်လျှောက်လှမ်းကာ သူတစ်ပါးကိုလည်း မထိပါးစေဘဲ အားလုံးတောင့်တတဲ့ အေးမြတဲ့ဘုံကို ရောက်သွားနိုင်ပါတယ်။

ပရိသတ်တို့ရေ၊ အားပေးနေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရေးစကားလေး ထည့်ပြောရတာကတော့ ဆရာသော်တာဆွေရဲ့ နုစဉ်အခါက ရယ်မောရှင်ပျရတဲ့ စာဖတ်ပရိသတ်တစ်ယောက်ဖြစ်ခဲ့သူ ယခုဆောင်းပါးရှင်ဟာ ဆရာဆွေရဲ့ ရင့်ကျက်မှုကို ခေတ်နဲ့အမီ ဖတ်ခဲ့မိတာ ကြာတောင်းကြာခဲ့ပါပြီ။ ဒါပေမယ့် ကိုယ့်ကိုယ်ကို သတိပေးတဲ့ မင်းလိုလူစား ၇၅ နေပြီး နံပါတ်စဉ်တွေ များလာပေမယ့် မိမိစိတ်ကို ထိန်းတဲ့နေရာမှာ မာနကို အသာဖိ၊ တမိမိရယ်နိုင်ဖို့ ကိုယ့်အတွက် ကိုယ်စာရေးရင်း လူငယ်များလည်း သူများကပြောမှ ကိုယ့်အကြောင်း သိရတာမဟုတ်ဘဲ ကိုယ့်အကြောင်းကို ကိုယ်သိပြီး ထိထိရောက်ရောက် စိတ်ကိုထိန်းကာ ကြီးပွားတိုးတက်နိုင်ပါစေကြောင်း ဆုတောင်းရင်း မေတ္တာပို့သလိုတဲ့အတွက် ရေးလိုက်တဲ့စာဖြစ်ပါတယ်။

*အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ ပြုံးပျော်ရွှင်ပျနေနိုင်ကြပါစေ။*

*၁၁၊ ၄၊ ၂၀၁၁။*

www.burmeseclassic.com

www.burmeseclassic.com

## မွေးကတည်းက ပါလာတဲ့ အမတော

စာရေးသူဟာ သင်တန်းများ၊ ကျောင်းများ၊ ဟောပြောပွဲများမှာ မျိုးချစ်စိတ်ဓာတ်နဲ့ပတ်သက်ပြီး ဟောပြောသင်ကြား ပို့ချလေ့ရှိပါတယ်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုတဲ့ အကြောင်းဟာ ကိုယ့်တိုင်းပြည်ကို ကိုယ်ချစ်ပြီး ကိုယ့်မြေပေါ်မှာကိုယ် ပိုင်ပိုင်နိုင်နိုင်နဲ့ ထူထူခြေရရ နေထိုင်ချင်တဲ့ သူတိုင်း စိတ်ဝင်စားကြတဲ့အကြောင်း ဖြစ်ပါတယ်။

သတိထားရမယ့်အကြောင်းက အပြောလောက်နဲ့တော့ ဘာမှ ဖြစ်မလာနိုင်ဘူးဆိုတဲ့ အကြောင်းဖြစ်ပါတယ်။ အဲဒီအကြောင်းကို ထည့်ပြောရတာက လူအများဟာ လှပတဲ့စကား လျှမ်းလျှမ်းတောက် ပြော၊ ထက်မြက်တဲ့စကားများကို ပြောရုံသာပြောတတ်ပြီး လက်တွေ့မှာ ဘာတွေကို ဘယ်လိုလုပ်ဆောင်သင့်တယ်ဆိုတာ မသိကြဘဲ အပေါ်ယံလောက်သာ ရေရွတ်ပြောဆိုနေတတ်ကြတာကြောင့် ဖြစ်ပါတယ်။

မျိုးချစ်စိတ်ဓာတ်ဟာ တကယ်တော့ မွေးကတည်းက လူတိုင်းရဲ့ နှလုံးသားထဲမှာ ပါလာပြီးသားဖြစ်ပါတယ်။ အင်မတန် သိမ်မွေ့တဲ့အတွက် မြင်သာခြင်းမရှိပါဘူး။ မြင်သာခြင်းမရှိတော့ သတိမထားတတ်တဲ့သူတွေဆိုရင် ကလေးများရဲ့ အရွယ်အလျောက် ကြီးပြင်းလာတာကိုသာ သတိထားမိတတ်ပြီး စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကို မေ့နေတတ်ပါတယ်။

အမျိုးကိုချစ်တဲ့ စိတ်အင်အားကို တိုးတက်ထက်မြက်လာအောင် ဘယ်လိုလုပ်ရပါ့မလဲဆိုတာကိုလည်း ပဟေဠိသဖွယ် ဖြစ်နေတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မွေးကတည်းကပါလာတဲ့အမျိုးကိုချစ်တတ်တဲ့ အမတော ကလေးကို မှန်မှန်ကန်ကန်ဖွံ့ဖြိုးလာအောင်သာ နည်းလမ်းပြပေးလိုက်ရင် ပိုမိုသဘာဝကျစွာ တိုးတက်လာနိုင်ပါတယ်။ ကလေးများကို ရေးခိုင်း၊ မှတ်ခိုင်း၊ အလွတ်ရွတ်ခိုင်းနေရုံနဲ့တော့ စာတွေအလွတ်ရသွားတဲ့ အကျိုးတော့ ရမှာပါပဲ။ တကယ်လိုအပ်တာက နှလုံးသားထဲအထိ စိမ့်ဝင်သွားတဲ့ ခံစားမှုရှင်သန်လာဖို့ပဲ ဖြစ်ပါတယ်။



ကလေးများက ချစ်ခင်ပြီးသား **နိုင်ငံတော်ဟာ** ဘယ်လိုနိုင်ငံတော် ဖြစ်တယ်ဆိုတာ သိသွားရုံမက အဲသည်**နိုင်ငံတော်ကို** ပိုမိုတန်ဖိုးထားတတ်လာအောင် သွန်သင်နည်းတွေက **အမျိုးမျိုးရှိပါတယ်။ အဲသည်**အကြောင်းကလေးကို တင်ပြပါရစေ။

**စာရေးသူရဲ့ကျေးဇူးရှင်ဆရာဖြစ်တဲ့ ဆရာမြင့်ဆိုတာ ဆုံးပါးသွားတာ** အတော်ကြာပါပြီ။ ဒါပေမယ့် **ဆရာမြင့်ဟာ တပည့်ဖြစ်သူ ကြီးကြီးရဲ့** စာတွေထဲမှာ ခဏခဏပါနေတော့ **ရှင်သန်ဆဲလို့ ပြောနိုင်ပါတယ်။ ဘာဖြစ်**လို့ ကြီးကြီးက စာထဲမှာ ထည့်ရေးရတာလဲဆိုတော့ **ဆရာဟာ** တိုက်ရိုက်ကျက်မှတ်ခိုင်းတာ မဟုတ်ဘဲ မိမိနိုင်ငံကို **တပည့်များ တန်ဖိုးထားပြီး** ချစ်ခင်စိတ် တိုးပွားလာအောင် သင်တတ်လို့ **ဖြစ်ပါတယ်။**

ဥပမာပြောရရင် ကြီးကြီးတို့ငယ်စဉ်က **ပထဝီဝင်အချိန်မှာ** မြေပုံဆွဲကြရပါတယ်။ အဲသည်လို **မြေပုံဆွဲတဲ့အခါ အမိနိုင်ငံတော်ပုံကလည်း** ရေထု၊ မြေထုတို့ကို ပိုင်ဆိုင်တာ **အဘက်ဘက်ကဖြစ်နေလေတော့** ပုံဆွဲဖို့ခက်ပါတယ်။ ကူးဆွဲလို့မရတော့ ထပ်ဆွဲကြည့်ပြန်တော့လည်း ခက်နေသေးတော့ ဖြစ်သလိုရေးဆွဲတတ်ကြတာပေါ့။ အမိမြေရဲ့ ရေပိုင်နက်ဘက်မှာဖြစ်ဖြစ်၊ မြေပိုင်နက်ဘက်မှာဖြစ်ဖြစ် ခဲနဲ့ဝိုက်ပြီး ခြစ်ကာဆွဲသွားကြတော့ အတွန့်တွေ၊ အကွေ့အကောက်တွေက အပြည့်အစုံ မပါတော့ဘူးပေါ့။ ဆရာမြင့်က အတန်းစဉ်ကို လိုက်ကြည့်ပြီးတော့ ပုံဆွဲတာကို ရပ်လိုက်ကြဖို့ ပြောပါတယ်။ "ကလေးတို့၊ မင်းတို့ကို ပုံဆွဲတတ်အောင် အချိန်ပိုယူပြီး ဆရာသင်ပေးမယ်။ ဘိုးဘေးဘီဘင်တို့ လက်ထက်ကတည်းက တစိုက်မတ်မတ် ကိုယ်ပိုင်နိုင်ငံအဖြစ် လက်ဆင့်ကမ်းခဲ့တဲ့ အမိမြေဟာ တန်ဖိုးကြီးတယ်။

အမိမြေကို လုပ်ယူလို့လည်းမရဘူး။ အမိမြေဆိုတာ အစဉ်အဆက်ကတည်းက ပိုင်ဆိုင်ခဲ့မှ အခုအထိ ပိုင်နိုင်တာ။ အဲသည်မြေကို ဝယ်ယူလို့လည်း မရဘူး၊ အဲသည်လိုအဖိုးတန်မြေကို မြေပုံပေါ်မှာတောင် လျော့ပါးမသွားအောင် ဂရုစိုက်ကြပါ"လို့ ပြောပါတယ်။

ပြီးတော့မှ "ကလေးတို့၊ အမိမြန်မာနိုင်ငံရဲ့ပုံကိုဆွဲတဲ့အခါ ကျွမ်းသေးတော့ အတွန့်တွေ၊ အကွေးတွေမပါလည်း ပုံကိုမှန်းလို့ ရနေတာပဲလို့

www.burmeseclassic.com



ဆင်ခြေပေးပြီး အဖြစ်လောက်ဆွဲတာကတော့ မမှန်ဘူး။ မမှန်တာတင်မက မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲသည်အကွေး အကောက် အတွန့်ကလေးတွေဟာ ယခုထက်တိုင် တိုင်းရင်းသားပေါင်းစုံ နေထိုင်နေဆဲဖြစ်တဲ့ အမိမြေဖြစ်တယ်။ မြန်မာနိုင်ငံနယ်နိမိတ်ကို မြေပုံပေါ်ကတောင်မှ ပုံဆွဲရတာခက်လို့၊ မတတ်လို့ဆိုပြီး အပြင်ကိုရောက်မသွားကြပါစေနဲ့ တပည့်တို့။ ဒီနယ်နိမိတ်မျိုးကို တံခွန်အလံစိုက်ပြီး ဒီမြေဟာ ငါတို့ပိုင်တဲ့မြေရယ်လို့ သတ်မှတ်ပေးခဲ့တဲ့ ဘိုးဘေးများရှိခဲ့လို့ အစဉ်အဆက် လက်ဆင့်ကမ်းပြီး ကိုယ်ပိုင်မြေ ကိုယ်ပိုင်ဒေသအဖြစ် ထည်ထည်ဝါဝါ နေနိုင်ကြတာဖြစ်တယ်။ အဲသည်လိုနေနိုင်အောင် ဘိုးဘွားတစ်ဆက်တည်းက ဆောင်ရွက်ခဲ့ကြတာ မဟုတ်ဘူး။ ကိုယ်ပိုင်မြေကိုလုယူချင်တဲ့၊ တိုက်ယူချင်တဲ့သူများကို တွန်းလှန်တိုက်ခိုက်ရတာလည်း အကြိမ်ကြိမ်ပါပဲ။ တွန်းလှန်တိုက်ခိုက်ရင်း သွေးမြေကျခဲ့ကြရတာလည်း အကြိမ်ကြိမ်ပေါ့။ အဲဒါကြောင့် ဒို့ဟာ ကိုယ်ပိုင်မြေပိုင်ဆိုင်တဲ့ နိုင်ငံသားများအဖြစ် ထည်ထည်ဝါဝါ နေနိုင်ကြတာ ဖြစ်တယ်"လို့ သွန်သင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မိမိအမျိုးကို မိမိချစ်ရမယ်ဆိုတဲ့စကားဟာ မှန်ကန်ပေမယ့် ရိုးစင်းလွန်းတော့ ကြားရဖန်များလေလေ အခုလိုခေတ်မှာ ပတ်ဝန်းကျင်က အတိုက်ဓာတ်အမျိုးမျိုးများကြောင့် လူငယ်များရဲ့ ရင်ထဲနှလုံးထဲအထိ တိုးဝင်သွားဖို့ ခက်လေလေ ဖြစ်တတ်ပါတယ်။ အဲသည်လိုဆိုရင် လူငယ်များဟာ အမျိုးကိုမချစ်တတ်ဘူးလားလို့ မေးစရာရှိပါတယ်။ အဲသည်လိုမေးတယ်ဆိုရင်တောင် လူငယ်များကို ထိပါးရာရောက်သွားပါလိမ့်မယ်။ လူငယ်များဟာ နုနယ်တဲ့အရွယ်ကတည်းက အမျိုးကိုချစ်တတ်တဲ့စိတ်ကို အလေ့အကျင့် အမူအရာများနဲ့ ဖော်ပြပြီးသားဖြစ်ပါတယ်။ မိဘများ၊ အဆွေအမျိုးများကို ချစ်တတ်ခင်တတ်၊ တွယ်တာတတ်တာ၊ အဲသည်လိုချစ်ခင်သူများနဲ့ မခွဲချင်တာစတဲ့ တွယ်တာခြင်းကို ဖော်ပြတဲ့ အပြုအမူကလေးများ ကလေးတိုင်းမှာ ပါလာတတ်ပါတယ်။ အို ဒါက သဘာဝပဲ၊ ဘာဆန်းတာလိုက်လို့ ဆိုတဲ့စကားကို ပြောချင်တယ်ဆိုရင် ဟုတ်ပါတယ်။ မျိုးချစ်စိတ်ဓာတ်ဆိုတာလည်း ဆန်းပြားတဲ့ ထူးခြားတဲ့ ခံစားချက် မဟုတ်ပါဘူး။ အင်မတန်မှ ရိုးစင်းပါတယ်။ လူငယ်များဟာ



ပုလုကွေးလေးဘဝကနေ တစ်စတစ်စကြီးပြင်းလာလေလေ သူတို့အရွယ်နဲ့ သူတို့ ထက်မြက်တဲ့ခံစားမှုဟာ လိုက်ပြီးဖွံ့ဖြိုးလာတတ်ပါတယ်။ မဖွံ့ဖြိုးဘဲ မနေပါဘူး။ တုံ့ပြန်တဲ့နည်း မတူတာ၊ ထင်ထင်ရှားရှား ပြသလေ့ရှိတာ၊ မရှိတာစတဲ့ ကွဲပြားမှုကလေးများ ရှိတတ်တာကလွဲလို့ အမျိုးကိုချစ်တဲ့စိတ်ဟာ ကလေးငယ်ဘဝကစပြီး တစ်စတစ်စ ဖွံ့ဖြိုးလာတတ်တာပါပဲ။

အရေးကြီးတာက မိသားစုဝင်လူကြီးများကပဲဖြစ်ဖြစ်၊ ဆရာ ဆရာမများကပြစ်ဖြစ်၊ ကလေးကစပြီး လူငယ်လူရွယ်များရဲ့ အမျိုးကိုချစ်ခင်တဲ့စိတ်၊ အမျိုးကိုထိပါးလာရင် ဆတ်ဆတ်ထိမခံတတ်အောင် ထက်မြက်စူးရှတဲ့ စိတ်များကို ဖွံ့ဖြိုးလာအောင် အကြောင်းအကျိုးဆက်စပ်မှုကို အားပြုပြီး သင်ကြားပေးကြဖို့ လိုတယ်လို့ တင်ပြချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## တပည့်သားမြေး မွေးမြူတတ်ခြင်း

ခေါင်းဆောင်ကောင်းပဲဆိုဆို၊ ဆရာကောင်းပဲဖြစ်ဖြစ်၊ မိဘကောင်းပဲဖြစ်ဖြစ် သားသမီးများနဲ့ တပည့်သားမြေးများကို မွေးမြူတတ်ရပါမယ်။ လူမှန်နေရာမှန်ကို ရောက်သွားတဲ့သူများဟာ မွေးမြူပျိုးထောင်မှုကောင်းတဲ့ ပတ်ဝန်းကျင်က လာခဲ့သူများဖြစ်ပါတယ်။ မရင့်ကျက်ခင်မှာတော့ လူကြီးမိဘဆရာသမားများက ကောင်းစွာနေရာချထားပေးကာ၊ သင့်တော်တဲ့ တာဝန်ကို ပေးခဲ့မယ်၊ ကြပ်ကြပ်မတ်မတ် ကိုင်တွယ်ပြီး လောင်းရိပ်လည်း မမိစေဘဲ အလင်းရောင် နေရောင်ကောင်းစွာရတဲ့ဘက်ကို ကိုယ့်ဘာသာကိုယ် ရှာဖွေပြီးသွားတတ်အောင် သွန်သင်ပေးလိုက်ရမှာ ဖြစ်ပါတယ်။

တချို့လူကြီးမိဘဆရာသမားများကတော့ အို ကလေးတွေ သနားပါတယ်၊ ငါတို့ ကူညီပံ့ပိုးပေးလိုက်ရတာ ခက်တာ မှတ်လို့။ သိပ်လည်းအရေးကြီးလှတာမဟုတ်တော့ အချိန်တန်ရင် သူတို့တတ်ကျွမ်းနားလည်သွားလိမ့်မပေါ့။ အခုတော့ ငယ်ပါသေးတယ်။ အေးအေးဆေးဆေး သက်သောင့်သက်သာ ပြည့်ပြည့်စုံစုံ နေပါစေဦးဆိုပြီး အလိုလိုက်ထားလိုက်တတ်ကြပါတယ်။

လူ့လောကဆိုတာကလည်း အချိန်ကုန်တာ မြန်ပါဘိသနဲ့။ အပြောင်းအလဲကလည်း များပါဘိသနဲ့။ မနေ့က သုံးတဲ့နည်းပညာနဲ့ ကနေ့သုံးတဲ့နည်းပညာ ဘာမှမဆိုင်တော့တာတွေ အပြည့်ဖြစ်လာပါပြီ။ စာရေးသူက ကွန်ပျူတာနဲ့ပြောင်းပြီး စာရေးတာ ဆယ်စုနှစ်နှစ်စုလောက်တော့ ရှိရောပေါ့။ တစ်နေ့ထက်တစ်နေ့ ပြောင်းသွားတဲ့နည်းပညာတွေကို မတတ်လို့ ဆရာတင်ရတဲ့သူတွေက သားအရွယ်၊ သမီးအရွယ်တွေ ဖြစ်နေပါတယ်။ သူတို့ကို တလေးတစား၊ တအံ့တဩ ကြည့်မိပါတယ်။ ကိုယ့်မှာ ပစ္စည်းကောင်းသုံးတယ်သာ အပြောခံရတာ၊ မြန်မာလို ဝါကျကို လှပအောင်ရေးဖို့ ခက်နေတတ်ပါတယ်။ ပစ္စည်းအမျိုးအမည် ပြောင်းတာနဲ့ နည်းစနစ်က မြင့်သွားတာကိုး။ ခေတ်ကာလနဲ့ တပြေးညီလိုက်နေတဲ့ ကလေးများကတော့ ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ တင်ထားတဲ့ စာကလေးတစ်ခုကို ဖယ်ရှားပစ်လိုက်ပြီး



ကဲ ကြီးကြီး ရေးကြည့်လိုက်ပါဦး၊ ရသွားပါပြီလို့ ပြောတာနဲ့ ကိုယ်ကမဝံ့မရဲနဲ့ စမ်းပြီးစာရိုက်ကြည့်လိုက်တာနဲ့ ဟန်ကျပန်ကျဖြစ်သွားပါတယ်။

ခေါင်းစဉ်က 'တပည့်သားမြေးကို မွေးမြူတတ်ခြင်း' လို့ ပေးထားပြီး အခုတော့ ကိုယ်က တပည့်ခံနေတာတွေ ရေးနေပါကလား။ ဘယ့်နှာလဲဆိုရင် အဲသည်နည်းစနစ်ကလည်း လူမှန်နေရာမှန်ပေးပြီး တပည့်သားမြေးကို မွေးမြူခြင်းတစ်မျိုးဖြစ်ပါတယ်လို့ ပြောရမှာဖြစ်ပါတယ်။ သူ့ခေတ်နဲ့သူ တိုးတက်ထွန်းကားလာတဲ့အခါမှာ မိမိကအလိုက်သင့်လိုက်ပြီး ထိန်းပေးဖို့သာလိုပေမယ့် တားဆီးဖို့၊ မိမိတို့ခေတ်ကအတိုင်း အကြံဉာဏ်ပေးဖို့ တားမြစ်ဖို့ (မှားမှာစိုးတယ်ဆိုတဲ့ ဆင်ခြေနဲ့) မလုပ်သင့်ပါဘူး။ တစ်ခါတလေမှာလည်း လူငယ်များကို မှားယွင်းတာဟာ အမှားကို မှန်အောင် အကြံဉာဏ်ထုတ်ဖို့ အကောင်းဆုံးအခွင့်အရေးကို ရစေနိုင်တယ်ဆိုတာပြောရင်း အားပေးလိုက်တာနဲ့ ကူညီရာ ရောက်သွားတတ်ပါတယ်။ မမှားတဲ့သူ လောကမှာ မရှိနိုင်ပါဘူး။ မြတ်စွာဘုရားရှင်တောင်မှ အစွန်းနှစ်ဖက်ကို ကိုယ်တော်တိုင်လိုက်ပြီး၊ ကြည့်တော်မူပြီးမှ အလယ်အလတ်လမ်းသာလျှင် တကယ်တမ်းမှန်ကန်တဲ့ လမ်းဖြစ်တယ်ဆိုတာကို မိန့်တော်မူပြီး တပည့်သားမြေးများကို ဟောဖော်ညွှန်ပြတော်မူခဲ့တာဖြစ်ပါတယ်။

မှားခွင့်ပေးတယ်ဆိုတာနဲ့ ဦးတည်ချက်မှန်မမှန် မစစ်ဆေးဘဲ၊ လုပ်ခွင့်ရသလို လုပ်တာ၊ အမှားအမှန်မရွေးဘဲ လုပ်တာမျိုးကျတော့ တိုးတက်တဲ့နည်းများကို ရောက်နိုင်တဲ့အတွေ့အကြုံများကို မရနိုင်ပါဘူး။ တစေတစေမှားယွင်းနေရာက မှားသလား၊ မှန်သလား မသိနိုင်လောက်အောင် လောကအလယ်မှာ မျက်စိလည်သွားရင် အခက်အခဲကို ဖြေရှင်းတတ်တဲ့ အသိဉာဏ် တိုးတက်လာမယ့်အစား ကြုံသလို လုပ်ကိုင်နေထိုင်တတ်တဲ့သူများ ဖြစ်လာတတ်ပါတယ်။

ဒီဆောင်းပါးကို အမေပြောတဲ့စကားနဲ့ နိဂုံးချုပ်ချင်ပါတယ်။ အမေက စာရေးသူတို့ငယ်ငယ်ကတည်းက တစ်နိုင်တစ်ပိုင် အလုပ်တွေကို လုပ်ခိုင်းပါတယ်။ ပတ်ဝန်းကျင်က သူငယ်ချင်းတွေက ဝတ်ကောင်းစားကောင်း နေနေတဲ့အခါမှာ ကိုယ်က ကျောင်းကအပြန် သားရေဖိနပ်ကိုချွတ်ပြီး ခုံဖိနပ်ကလေးစီးကာ အိမ်အလုပ်ကို လုပ်ရပါတယ်။ စာဖတ်ဖို့ အခွင့်ပေးပါတယ်။ ဖတ်ဖို့ အခွင့်အရေးကိုတော့ ကျောင်းစာများလုပ်ပြီး အိမ်အလုပ်ကိုကူအပြီးမှာ ဖတ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်တည်းရှိတာ နည်းနည်းမှမညာဘူးလို့ စာရေးသူက လည်း ပွင့်ပွင့်လင်းလင်းပြောပါတယ်။ မေမေက သနားလွန်းလို့ အဲသည်လို အလုပ်အများကြီးလုပ်တတ်အောင် ခိုင်းပေးတာတဲ့။ လူ့ဘဝဆိုတာ တစ်ဖြောင့်တည်း မသွားတတ်ဘူး။ အကွေ့အကောက်များတယ်။ ကမ်းအမျိုးမျိုးကို ကပ်ရတယ်။ ရေစီးလား၊ ရေသာလားသိမှ သွားလို့ကောင်းတာတွေ ရှိတယ်။ တွေ့ကြုံတဲ့ကမ်းမှာ သုံးသင့်တဲ့တက်ကိုထုတ်ပြီး သုံးရမယ်၊ ထုတ်ပြီး လှော်တတ်ရမယ်။ အဲဒါမှ သားကောင်းကောင်းနဲ့ လိုရာကိုရောက်နိုင်မယ်လို့ ဆိုပါတယ်။

အမေက ကြုံရင်ကြုံသလိုမျိုး သွန်သင်ခဲ့တာတွေဟာ အခုတော့ စာရေးသူအတွက် သာယာတဲ့ဘဝကို ရောက်စေတဲ့စကားတွေ၊ လက်ဆောင်မွန်တွေပဲ ဖြစ်ပါတယ်။

ကိုယ့်ဘဝမှာ ရေစီးတစ်ခါ ရေသာတစ်လှည့်ဆိုသလို အကွေ့အကောက်မျိုးစုံနဲ့ ကြုံရတတ်တယ်။ အဲသည်လိုကြုံတဲ့အခါမှာ မိမိအနေနဲ့ နားလည်တတ်ကျွမ်းမှု မပြည့်စုံရင် ဒုက္ခရောက်တတ်တယ်။ ကိုယ်တိုင်အောက်ကိုဆင်းပြီး လုပ်ရတဲ့အထိ အကျုံကြမ်းတယ်ဆိုရင်လည်း လုပ်တတ်ကိုင်တတ်ပြီး ထက်မြက်တဲ့ အရည်အချင်းပြည့်တဲ့သူ ဖြစ်တယ်ဆိုရင် ဂုဏ်မငယ်ဘူး။

ကိုယ်က လက်ညှိုးထိုးပြီး ခိုင်းရတယ်ဆိုရင်လည်း ကိုယ်တိုင်က သမာသမတ်ရှိပြီး သူများအညာမခံရအောင် စီမံခန့်ခွဲနိုင်ရမယ်လို့ မေမေက သွန်သင်ပါတယ်။

အဲသည်လိုသွန်သင်ပေးတဲ့အတိုင်း ဘဝတာမှာ အကွေ့အကောက်ပေါင်းများစွာနဲ့ ကြုံခဲ့ပါတယ်။ အခက်အခဲတွေက များလွန်းလို့ ကျော်လွှားဖို့ တော်တော်ခက်မယ်လို့ စဉ်းစားမိတဲ့အခါ လောကမှာ သေတာထက်သည်းတဲ့အခက်အခဲဆိုတာ မရှိဘူး။ မသေအောင် (ရှင်သန်အောင်) နေတတ်ရမယ်၊ ရှင်သန်နေတဲ့သူဟာ ပင်ပန်းလည်း ခဏပေါ့။ ပြန်လည်ရှင်သန်အောင် အားမွေးမြူခွင့်ရလာမှာပဲ။ ထိုင်နေလို့တော့ မရဘူး။ ခက်ခဲတာ ပင်ပန်းတာတွေ တွေးပြီး ဆွေးနေလို့တော့ မရဘူး။ လူ့ဘဝဆိုတာ တန်ဖိုးကြီးသလောက် အချိန်တိုတာကို သတိထားပြီး အခွင့်အလမ်းပျောက်မသွားခင် နည်းမှန်လမ်းမှန်နဲ့ အမြန်ဖမ်းဆုပ်နိုင်ဖို့ နိုးကြားနေရမယ်လို့ မေမေက ပြောခဲ့ပါတယ်။



နည်းဆိုတာ ပတ်ဝန်းကျင်ပြောင်းရင် ခေတ်ပြောင်းရင် ဆုံးမသွန်သင်ရမယ့်သူ ပြောင်းရင် ပြောင်းသွားတတ်ပါတယ်။ သို့ပေမယ့် ဆရာသမားနဲ့ လူကြီးမိဘများက သားသမီးများ တပည့်တပန်းများကို လူမှန် နေရာမှန်ရောက်အောင် ကြိုးစားဖို့ နည်းစနစ်များကိုတော့ သင်ပေးရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဘဝနေနည်း

မြတ်စွာဘုရားရှင်ဟာ လောကကြီးကို တစ်နေ့သုံးကြိမ် သုံးကြိမ်ကြည့်တော်မူပါတယ်။ အဲသည်လိုသုံးကြိမ် ကြည့်တော်မူတဲ့အခါ တချို့သောကာလမှာ သတ္တဝါတွေဟာ ကာမဂုဏ်စိတ်တွေ သောင်းကျန်းနေတယ်ဆိုတာကို သိတော်မူပါတယ်။

ဟောသည်သတ္တဝါတွေဟာ ကာမဂုဏ်ငါးပါးမှာ ကာမတဏှာတွေ သောင်းကျန်းလာကုန်ပြီဆိုတာ သိတော်မူတယ်။ အဲသည်လို ကာမဂုဏ်ငါးပါး ကာမတဏှာ သောင်းကျန်းနေတဲ့ကာလမှာ သတ္တဝါများအတွက် ဆားမဖြစ်စေဖို့ ဒိဗ္ဗဝိဟာရနဲ့ နေဖို့လိုတယ်လို့ ဆုံးမတော်မူပါတယ်။ ကာမဂုဏ်သောင်းကျန်းတယ်ဆိုတာ ပတ်ဝန်းကျင်မှာ စားစရာအထူးအဆန်းတွေ၊ ဝတ်စရာအဆန်းအပြားတွေ၊ စည်းစိမ်ခံဖို့ရာ ပစ္စည်းအမျိုးမျိုးတွေ အများအပြားပေါ်လာပြီး လူတွေကလည်း တပ်မက်နှစ်သက်ပြီး လိုချင်စိတ်၊ ခံစားချင်စိတ်တွေ များပြီး အဲသည်ပစ္စည်းများကို သုံးဖို့သင့်တော်သလား၊ မသင့်တော်ဘူးလားဆိုတာကိုတောင် မစဉ်းစားတော့ဘဲ နည်းအမျိုးမျိုးနဲ့ ရအောင်ယူတတ်ကြပါတယ်။

လူတွေရဲ့စိတ်ဓာတ် ပျက်စီးနိုင်စေတဲ့၊ လူတွေရဲ့အကျင့်စရိုက် ပျက်ပြားစေနိုင်တဲ့ အဲသည်လိုကာမဂုဏ်ဆွဲအားတွေ များလာတဲ့အခါ အဲသည်လိုမသန့်စင်တဲ့ဆွဲအားများက လွတ်မြောက်အောင် ဗြဟ္မာ့ဝိဟာရနဲ့နေပါလို့ မြတ်စွာဘုရားက ဆုံးမတော်မူပါတယ်။ တစ်နည်းဆိုရင် မိမိတို့ပတ်ဝန်းကျင်မှာ ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နိုင်တဲ့ တဏှာဆိုတဲ့ လိုချင်တပ်မက်တဲ့စိတ်တွေ သိပ်ပြီးများပြားလာရင် ဗြဟ္မာ့ဝိဟာရနဲ့နေကြဖို့ ဆုံးမတော်မူပါတယ်။ အဲသည်စကားကို ထပ်ပြီးဖွင့်ဆိုရင် သမာဓိထူထောင်ပြီး နေကြပါလို့ မိန့်တော်မူတာဖြစ်ပါတယ်။ အဲသည်မိန့်ဆိုချက်ကလည်း ပါဠိတော်နဲ့ မိန့်ဆိုထားတော့ မြန်မာလိုပြန်ပြီး ရှင်းလင်းဖို့ လိုပါလိမ့်မယ်။ ရှင်းလင်းရမယ်ဆိုရင်တော့ အဘိဓမ္မာ့ကြတော်ကို နာကြားဖူးတဲ့အတွေ့အကြုံ ဆရာတော်ကြီးများရဲ့



တရားကို နာကြားဖူးလို့ မှတ်သားထားမိတဲ့အသိကို မူတည်ပြီး ရှင်းလင်းတင်ပြရမှာ ဖြစ်ပါတယ်။

နတ်ပြည်မှာတက်နေတဲ့ ချမ်းသာနည်းမျိုးနဲ့ နေပါ။ သမာဓိထူထောင်ပြီး နေကြပါလို့ဆိုလိုပါတယ်။ ဒါဖြင့်ရင် တရားထိုင်ပြီး နေကြရမှာလားလို့လည်း မေးနိုင်ပါတယ်။ ဟုတ်တယ်လို့ ဆိုရမှာပါပဲ။ စိတ်ကို လောဘဆွဲအား၊ ဒေါသဆွဲအားနောက်ကို ပါမသွားအောင် တည်ကြည်နိုင်ခဲ့စွာ ဆောက်တည်ပြီး နေပါလို့ မြတ်စွာဘုရားရှင်က ဆုံးမတော်မူတာပါပဲ။

တရားထိုင်ပြီး နေတဲ့ကြားကလည်း စိတ်က လွတ်ထွက်သွားတာကို လိုက်လိုက်ပြီး ဖမ်းနေရတာမျိုးလည်း ရှိပါတယ်။ တကယ်တော့ မိမိပတ်ဝန်းကျင်မှာ လိုချင်တပ်မက်စရာတွေ များပြားပြီး စားချင်စရာအမျိုးမျိုးကို အနံ့ရလိုက်တဲ့အခါ၊ မြင်လိုက်တဲ့အခါ လိုချင်လာတဲ့စိတ်ကို မထိန်းနိုင်ဘဲ စားမယ် သောက်မယ်၊ စားနိုင် သောက်နိုင်အောင်လည်း ကြံစည်မယ်ဆိုရင် အဲသည်လိုအကျင့်မျိုးနဲ့ နေကျင့်ထိုင်ကျင့် စွဲသွားတဲ့သူများဟာ စိတ်ကိုထိန်းသိမ်းဖို့ မလွယ်တော့ပါဘူး။

တချို့ကလည်း ကြွားစရာမဟုတ်တာကိုလည်း ကြွားနေတတ်ပါတယ်။ ငါတို့က မနက်ဆိုရင် နိုင်ငံခြားကလာတဲ့ စားဖွယ်ရာကိုမှ စားတာဆိုတာမျိုးကို ပြောတယ်ဆိုတာ တကယ်တော့ စိတ်ကိုထိန်းမထားတဲ့သူမှ ပြောတတ်တာဖြစ်ပါတယ်။

လူအများစုက ပြည်တွင်းဖြစ်စားစရာကိုတောင်မှ အလျှဉ်မှီအောင် စားနိုင်ဖို့ မနည်းကြိုးစားနေရတဲ့အထဲမှာ ဘာဖြစ်လို့ ဒီလိုစကားမျိုးကို ပြောရတာလဲ။ ပြောတဲ့သူကတော့ သူ့ဘဝဟာ အများထက်မြင့်မားတယ်လို့ ပြောချင်ဟန်တူပါတယ်။ အဲသည်လိုစကားကို ပြောတာ ကြားလိုက်ရတဲ့အခါ မော့ကြည့်တဲ့သူတွေချည်း ရှိတယ်မထင်ပါနဲ့။ ဒီမှာဖြင့် နို့စို့ကလေးကို နို့အလျှဉ်မှီအောင်တိုက်ဖို့ရာမှာ ဇနီးဖြစ်သူက အာဟာရမပြည့်စုံလို့ ကလေးအတွက် နို့မထွက်တာကြောင့် စိတ်ဆင်းရဲနေရတဲ့အထဲ သူတို့ကတော့ ဒီလိုလား၊ ဒီလိုနေထိုင်နိုင်ကြသလားလို့ တစ်ဖက်သားမှာ အလိုမကျတဲ့ ဒေါသစိတ် ဖြစ်ပေါ်သွားတယ်ဆိုရင် သူရောကိုယ်ပါ ဘယ်သူမှမကောင်းပါဘူး။ အနေအရာကို သိုသိုသိပ်သိပ်နေတတ်တာဟာ အကောင်းဆုံးဖြစ်ပါတယ်။ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံတယ်ဆိုတာ စိတ်အနေနဲ့ ကျေနပ်နိုင်တဲ့ ကျေနပ်အောင် ထိန်းသိမ်းထားနိုင်တဲ့သူများမှ တကယ်တမ်းအလိုပြည့်တဲ့သူလို့ ဆိုနိုင်ပါတယ်။

တစ်ခါက စာရေးသူ သာသနာရေးအသိအမြင်ပေါ်မှာ အခြေပြုထားတဲ့ ဆေးသင်တန်းတစ်ခုကို တက်ဖူးပါတယ်။အဲသည်ဆေးသင်တန်းက စိတ်ဝင်စားစရာကောင်းပါတယ်။ လူတွေဟာ ဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ ဝေဒနာကို အမြဲခံစားနေရတတ်ပါတယ်တဲ့။ ဆာလောင်လို့ စားလိုက်ပြီးရင်လည်း မကြာခင် ပြန်ပြီးဆာလောင်လာတတ်ပါတယ်။ အဲသည်လိုဆာလောင်တဲ့ ဝေဒနာကို ပျောက်အောင်စားသောက်တဲ့အခါမှာ သင့်တင့်လျောက်ပတ်တဲ့ စားအစာကို သင့်တင့်တဲ့ အတိုင်းအတာလောက်ကိုသာ ချင့်ချင့်ချိန်ချိန်နဲ့ စားတဲ့သူဟာ အနာရောဂါကင်းပြီး အသက်ရှည်ကျန်းမာတဲ့သူ ဖြစ်နိုင်ပါတယ်တဲ့။

ချင့်ချိန်ပြီးစားပါလို့ သတိပေးတဲ့အခါ စားတဲ့အခါ မဆာဘဲနဲ့ စားပါ့မလားလို့ ပြောတဲ့သူဟာ သူ့ကိုသူ မှန်မှန်ကန်ကန်သုံးသပ်မယ်ဆိုရင် သူစားနေတဲ့ အစားအစာဟာ စားလို့ဝပြီးတဲ့ အတိုင်းအတာကိုကျော်ပြီး စားလို့ခံတွင်းလိုက်နေတာနဲ့ နည်းနည်းလောက် ထပ်စားလိုက်ပါဦးမယ်လေလို့ တွေးပြီး စားတဲ့အတွက် ဝရုံသာမကတော့ဘဲ အင့်လာတဲ့ခံစားချက်အထိ ဖြစ်နေပါပြီ။ အဲသည်လို အစားလွန်တဲ့သူများဟာ ကျန်းမာရေးကို ထိခိုက်တဲ့အနေအထိ ရောက်လာဖို့ ကြာကြာစောင့်စရာ မလိုတော့ပါဘူး။

တကယ်တော့ လူတွေကို ထိခိုက်နေတာက စားဖို့လိုနေတာထက် စားသင့်တာထက် လွန်အောင်စားနေမိလို့သာ ဖြစ်ပါတယ်။ အဲသည်လိုစားဖြစ်စေတာကလည်း စိတ်အဆာကို မထိန်းနိုင်လို့သာ ဖြစ်ပါတယ်လို့ စာရေးသူတို့ ဆေးပညာဆရာက ပြောပြပါတယ်။ တကယ်တော့ အဲသည်အကြောင်းကို ပြောမိတာက အစားအသောက် အနေအထိုင်နဲ့ပတ်သက်လို့ အသိဆုံးသူက မိမိကိုယ်တိုင်သာ ဖြစ်ပါတယ်။ တကယ်လို့ အစားကို လိုသလောက်ပဲစားမယ်လို့ မထိန်းတတ်တဲ့သူဟာ အခုနကတင်ပြခဲ့တဲ့ အခုခေတ်မှာ အမျိုးအမည်များပြားလှတဲ့ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားစရာအမျိုးမျိုး၊ သောက်စရာအမျိုးမျိုးကို မြင်လိုက်တာနဲ့ မလိုသေးပါဘူး။ ငါ့အရွယ်နဲ့ အဲသည်ပစ္စည်းများဟာ မလိုက်လျောပါဘူးလို့ တွေးတောဆင်ခြင်တတ်တယ်ဆိုရင် မသင့်တင့်တဲ့



အစားအစာများကိုလည်း ရှောင်နိုင်ပါမယ်။ ဝတ်ဆင်တဲ့အဝတ်များ၊ အရွယ်နဲ့ မလိုက်လျောတဲ့ အဆင်တန်ဆာများကိုလည်း ရှောင်နိုင်ပါမယ်။

အဝတ်ဝတ်တာပဲ ကျန်းမာရေးနဲ့လည်းမဆိုင်ဘဲနဲ့ ဘာဖြစ်လို့ ထည့်ပြောနေတာပါလိမ့်လို့များ စဉ်းစားမိပြီး မနှစ်သက်တဲ့စိတ်များ ဝင်ခဲ့ရင် နည်းနည်းလောက်များ ပြန်ပြီးစဉ်းလိုက်ရင် ကောင်းမယ်လို့ထင်ပါတယ်။ တကယ်တော့ အဝတ်ဝတ်တယ်ဆိုတာ ရာသီဥတုရဲ့ဒဏ်ကို ကာကွယ်နိုင်ဖို့၊ လူသူအများရှေ့မှာ တင့်တယ်စေနိုင်ဖို့၊ တစ်နည်းဆိုရင် သူတစ်ပါးများစိတ်မှာ မလုံမလဲဖြစ်နေခဲ့ရင် အဲသည်လူများမှာ စိတ်အနှောင့်အယှက် ဖြစ်သွားနိုင်ပါတယ်။ မြင်ရတဲ့မြင်ကွင်းက မတင့်တယ်လို့ မြင်ရတဲ့သူမှာ အကုသိုလ်စိတ်ဝင်သွားနိုင်ပါတယ်။ အဲဒါကြောင့် အဝတ်အစားကိုလည်း သင့်တင့်လျောက်ပတ်အောင်၊ ဟိရိဩတပ္ပတရားနဲ့လည်း ပြည့်စုံအောင် ဝတ်တတ်ကြဖို့ လိုအပ်ပါတယ်။ အဲသည်လိုအစားအသောက် အနေအထိုင်ကို သတိထားပြီး နေမယ်ဆိုရင် ပတ်ဝန်းကျင်မှာ လိုချင်လောဘကြောင့် ပွက်လောရိုက်ကာ တစ်ဦးဆီက တစ်ဦးက ရလိုဇောနဲ့ ခိုးဝှက်ပြီးယူချင်စိတ်တွေ၊ လုယက်ပြီးယူချင်စိတ်တွေကို လွတ်အောင် ရှောင်နိုင်ကြပါလိမ့်မယ်။

တကယ်တော့ ဘဝနေနည်းဆိုတာ လူဖြစ်လာကတည်းက စားဟတ်နေတတ် အာရုံခံစားတတ်ပြီးသားပဲ၊ ဘာဖြစ်လို့နည်းစနစ်တွေနဲ့ ကြပ်မတ်ပြီး သွန်သင်နေရသေးတာလဲလို့ မေးချင်တဲ့သူတွေလည်း ရှိမှာပါပဲ။ မေးတယ် မြန်းတယ်၊ စုံစမ်းတယ်ဆိုရင်တော့ တော်ပါသေးတယ်။ ဟာကွာ ဒါတွေ မလိုပါဘူး။ ကိုယ့်စိတ်ချမ်းသာအောင် နေနိုင်ဖို့ လိုချင်တာကို ရအောင်ယူရမှာပေါ့။ စည်းစိမ်ခံဖို့ဆိုတာလည်း အခြေအနေပေးတုန်းမှာ ရသလောက်ယူထားနိုင်မှ ကိုယ်လိုသလို နေနိုင်စားနိုင်မှာပေါ့လို့ပြောပြီး ပြောတဲ့အတိုင်း လုပ်သွားကြတဲ့သူတွေ ဘဝပေးကုသိုလ်ကောင်းနေပါလျက် နေ့မြင် ညပျောက်ဆိုသလို ဖြုတ်ကနဲ၊ ဖြုတ်ကနဲ ပျောက်ပျက်သွားကြတာ အလွန်နမြောစရာကောင်းပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ လူ့ဘဝကိုရလာဖို့ဆိုတာ လွယ်လွယ်နဲ့ ရလာတာလည်း မဟုတ်သလို၊ ရလာတဲ့အဖိုးတန်ဘဝကို ကောင်းမွန်စွာ အသုံးပြုနိုင်ရင်၊ အသုံးပြုတတ်ရင် အသက်လည်း ရှည်ရှည်နေရပါမယ်။ နေထိုင်စဉ်မှာလည်း ပစ္စည်းဥစ္စာတန်ဖိုးကြီးမားတာ၊ ပမာဏများပြားတာက

www.burmeseclassic.com

www.burmeseclassic.com



အရေးအကြီးဆုံးကိစ္စလို့ လူအများ ထင်မှတ်သလို မဟုတ်ပါဘူး။ ကိုယ့် တစ်ကိုယ်ရည်အတွက်လည်း မျှတစွာစားနိုင်ဖို့၊ သင့်တင့်စွာစားပြီး ကျန်းမာ လန်းဆန်းစွာ နေနိုင်ဖို့၊ အများက ကိုယ့်ကိုမြင်ရင် တဖျတ်ဖျတ်လက်နေတဲ့ ဥစ္စာထက် ပိုပြီးသေားကင်းတာ ပိုပြီးဂုဏ်ရှိတာက သြော် မျက်နှာက အေးချမ်းပြီး ချစ်ခင်လိုစိတ်တွေပေါ်လာပြီး လူတွေက လေးစားတန်ဖိုးထားတဲ့ သူများဖြစ်နေကြဖို့ လိုအပ်ပါတယ်။ လူအများက ခင်မင်အောင်လုပ်ယူရစ် အောင်မြင်ဖို့ ခဲယဉ်းပါတယ်။အတွင်းစိတ်က တကယ့်ကို စေတနာ မေတ္တာ နဲ့ပြည့်ဝနေပါမှ လူများဆီက တုံ့ပြန်မေတ္တာရရှိဖို့ လွယ်ပါတယ်။

ဒီစာကိုဖတ်ပြီး မဟုတ်တာတွေ ရေးထားတယ်လို့ ပြောမယ့်သူများ လည်း ရှိပါတယ်။ အဲသည်လိုပြောတယ်ဆိုရင်လည်း ကိုယ်တွေ့နဲ့နှောပြီး ပြောကြတာဆိုတော့ သူတို့ဖြတ်သန်းရတဲ့အပိုင်းမှာ သူတို့တွေ့ကြုံခဲ့ကြတဲ့ အတိုင်း ရေးထားတာဆိုတော့ မမှားတန်ရာပါဘူး။

စာရေးသူကလည်း ကိုယ်တွေ့နဲ့နှောထားတဲ့ ကမြင်းနီအကိုက်ခံရတဲ့ အကြောင်းကို တင်ပြလိုပါတယ်။ လူ့ဘဝမှာနေရတာ တစ်သမတ်တည်း ဖြစ်ပျက်နေတဲ့ ဘဝလမ်းကြောင်းအတိုင်း လျှောက်ရတာမဟုတ်ပါဘူး။ ခုတင်ခု ပြောင်းလဲနေတဲ့ဘဝကို ဖြတ်သန်းရတာ ဖြစ်ပါတယ်။ ဖြတ်သန်းတော့ လည်း ရေစပ်စပ်မှာ ခင်းထားတဲ့ကျောက်တုံး ကျောက်ခဲများအပေါ်ကနေ ခုန်ကာ ခုန်ကာ ချော်မကျအောင် သတိထားပြီးသွားရသလို ကာလများလည်း ရှိပါတယ်။ ကိုယ်ပိုင်ကားမရှိဘဲနဲ့ ကားအကောင်းစားကိုစီးပြီး လှပတဲ့ခရီးမှာ တငြိမ့်ငြိမ့်သွားရတာလည်း ကြုံပါလိမ့်မယ်။ အဲသည်လိုအကောင်းစား ကား ကြီးပေါ်ကနေပြီး ဟိုဟိုသည်သည်ကြည့်ရင်း နှလုံးသွင်းကောင်းရင်တော့ စိတ်မထွေပြားဘဲ စိတ်ထားမှန်မှန်နဲ့ ကောင်းရာကျောင်းကျိုးကို တွေးနိုင်ပါလိမ့် မယ်။ သြော် ဒါတွေဟာ အငှားသုံးပစ္စည်းတွေပဲ၊ အချိန်တန်ရင် ပြန်ပေးရမှာ ငါကမပိုင်ဘဲနဲ့ အပိုင်ထင်ပြီးနေရင်း မကြာခင်မှာ အသာအယာလျှောဆင်းပြီး သာဓုတော်၊ သာဓုတော် အခုလိုခရီးရှည်ကြီးကို သက်သောင့်သက်သာ သွားလာနိုင်အောင် စီစဉ်ပေးတဲ့သူများလည်း ဘယ်ကိုပဲသွားသွား သွားလမ်း သာလို့ လာလမ်း ဖြောင့်ပါစေလို့ ဆုမွန်ကောင်းတောင်းပြီး ကိုယ်ပိုင်မဟုတ် တဲ့ကားပေါ်က အသာကလေးဆင်းပြီး စိတ်အေးချမ်းစွာ လမ်းမပေါ်မှာ လျှောက်နေကျအတိုင်း အေးအေးချမ်းချမ်း လျှောက်နိုင်ပါလိမ့်မယ်။



အဲသည်လိုမဟုတ်ရင်တော့ သူများကားပေါ်မှာ စီးနေတာကိုပဲ ခပ်မင့် မင့်နဲ့ လူမြင်ရင် ကိုယ်ပိုင်ကားကြီးကို စီးလာတဲ့သူပဲလို့ အထင် (မှားယွင်းစွာ) ကြီးအောင် ဟန်ခြာတ်ခုတ်ရတာနဲ့ သူများကားပေါ်မှာနေရင်း ဒီကားမျိုးကို အပိုင်စီးချင်စိတ်ပေါ်လာတော့ အငှားသုံးပစ္စည်းပဲ၊ အချိန်တန်ရင် ပြန်ပေးရမယ် လို့မတွေးဘဲ နေဦး ငါလည်း ဒီကားမျိုးကို အပိုင်စီးရအောင် ကြံဆောင် ဦးမယ်၊ လူကြုံ ခံနိုင်ရိုးလားဆိုတဲ့စိတ်တွေ ပေါ်လာပြီး မှားယွင်းတဲ့လမ်းကို လိုက်သွားတတ်ကြတဲ့သူများမှ အပုံပါပဲ။ သတ်ဖြတ်တာ ခိုးဝှက်တာကိုတော့ ထားပါတော့၊ မိန်းကလေးတွေ စွန့်စားတာများ မကြားဝံ့ မနာသာတွေပါပဲ။ ယောကျ်ားကလေးများကရော သူကလည်း တစ်မျိုးတစ်ဘာသာပါပဲ။

အခုခေတ်မှာ လူတွေရဲ့ ဘဝရည်မှန်းချက်၊ ဘဝနေနည်းတွေဟာ လေဆင်နှာမောင်း ဝီခေါ်ပြီး တိုက်လာသလို တိုက်လာတာနဲ့ ဥပမာပေးရရင် သိပ်ထိရောက်မှာပါပဲ။ လေဆင်နှာမောင်းဟာ ရှိပြီးသားသစ်ပင်၊ အဆောက် အဦများကို တိုက်ခတ်သွားပြီး အဟောင်းဆိုတာတောင်မှ အကောင်းမဟုတ် တော့တဲ့ အပျက်အစီးများကိုသာ ချန်ထားတတ်ကြပါတယ်။

မကြာခင်တုန်းက ကြားရတဲ့အကြောင်းတစ်ခုက ရှေးရှေးတုန်းက ဇာတ်လိုက်ဆိုရင် ကိုယ်ထူကိုယ်ထ တက်တက်ကြွကြွ ထက်ထက်မြက်မြက် ရှိရုံသာမက မကောင်းသူကိုလည်း ပယ်နိုင်ရမယ်။ (ဖယ်ပစ်နိုင်ရမယ်၊ ဆုံးမနိုင်ရမယ်) အခုလိုအချိန်မှာ အခြေအနေမပေးသေးလို့ ဆင်းရဲနေတဲ့တိုင် အောင် ထက်မြက်တက်ကြွပြီး၊ ရိုးသားကြိုးစားတဲ့သူ ဖြစ်ရမယ်။ မိန်းကလေး မိန်းမငယ်ကလေးများကို မထိပါးဘဲ စောင့်ရှောက်ဖေးမတတ်တဲ့သူများလည်း ဖြစ်ရမယ်။ ဒါမှသာ ရိုးသားကြိုးစားသူ အသက်ရလာတာနဲ့အမျှ တိုးတက် ထူးချွန်သူဖြစ်ရမယ်ဆိုတဲ့ဇာတ်လမ်းမျိုး တကယ့်အဖြစ်မျိုးကို လူကြိုက်များတဲ့ ဇာတ်လမ်းအဖြစ် လက်ခံတတ်ကြပါတယ်တဲ့။ အဲသည်လိုဇာတ်လမ်းမျိုးကို လူကြိုက်များလို့ ဦးဖိုးကျား ကိုယ်တွေ့ဇာတ်လမ်းတွေထဲက ကိုယ်ထူကိုယ်ထ တက်လာပြီး ဆန်စက်ပိုင် သူဌေးကြီးဖြစ်လာတဲ့ လူတော်တစ်ယောက် အကြောင်းကို မက်မက်စက်စက် ဖတ်နေတတ်ကြတာကိုး။ အမျိုးသားပညာ ဝန် ဦးဖိုးကျားဆိုတာ အင်မတန်နာမည်ကြီးတဲ့ အမျိုးသားရေးကို အင်မတန်မှ ရှေ့တန်းတင်သူလည်း ဖြစ်တယ်။ သူရေးသမျှစာတွေကလည်း အလွှမ်းများနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူများကို အယူမှန်ရောက်အောင် ကိုယ်တွေ့ဝတ္ထုများနဲ့တွဲပြီး တင်ပြတတ်တဲ့သူ ဖြစ်ပါတယ်။ အခုနတင်ပြခဲ့သလို မြန်မာအများ လက်ခံခဲ့တဲ့ အယူအဆနဲ့ လားလားမှမကိုက်ညီတော့တဲ့ ခံစားမှုအသစ် စံအသစ်တွေအကြောင်းကို တွေး မိတဲ့အခါမှာတော့ မြန်မာနိုင်ငံရှေ့ရေးအတွက် စိတ်လေးမိပါတယ်။ ဘာဖြစ်လို့လဲ အဒေါ်ကြီးက ဆင်းရဲသားဝါဒီ ဖြစ်နေလို့လားလို့မေးရင် ငါလည်းလူပဲကွဲ့၊ ငါလည်း ကြီးမြင့်ချင်တယ်။ ဒါပေမယ့် ကိုယ်ကမြင့်မားလာတာနဲ့ တစ်ဖက် သားကို နိုင်စားရမယ်ဆိုတာကတော့ မဟုတ်သေးဘူးလို့ ထင်ပါတယ်။

အခုတော့ အဲသည်လိုဇာတ်လမ်းမျိုးကို သူငယ်မများက မကြိုက်တော့ဘူးလို့ ဆိုပါတယ်။ ကိုယ်တိုင်မကြည့်ရတဲ့အတွက် မှန်မမှန် မသိပါဘူး။ ဆင်းရဲသားကို နှိမ်တဲ့၊ နှိပ်စက်တဲ့သူဌေးသားကို လူဆိုးလို့ မထင်တော့ပါဘူးတဲ့။ အဲသည် လူက နှိပ်စက်တာကို အသားလွှတ်ခံရတဲ့သူကို သေလိုက်ပါလား၊ ညံ့လိုက်တာ လို့ သူငယ်မများက ပြောပါသတဲ့။ အဲသည်ဆင်းရဲသား လဲကျန်ရစ်တာနဲ့ တောင် အားမရဘဲ ဖနောင့်နဲ့ပေါက်ထားခဲ့မှ ကျေနပ်ကြတယ်ဆိုတော့ အမလေး လေးလို့ တလိုက်မိပါတယ်။

## “စည်း”

စည်းတားတယ်ဆိုတာ ကိုယ့်တာကို ကိုယ်လုံအောင် စောင့်ထိန်းတာကို ဆိုလိုပါတယ်။

အခုတင်ပြမယ့် အကြောင်းအရာကလေးကို တစ်ခါရေးသားပြီးပေမယ့် မဖတ်ရသေးတဲ့သူများအတွက်သာမက ဖတ်ပြီးသားသူများအတွက်ပါ အသစ် အဆန်းဖြစ်အောင် ရှုထောင့်အသစ်ကနေပြီး ရေးသားထားပါတယ်။

တစ်ခါက ကျွန်မတို့ ဖေဖေပြောခဲ့ဖူးတဲ့ ပုံပြင်က ရိုးရိုးကလေးပါ။ ရာမ၊ လက္ခဏနဲ့ သီတာတို့ဟာ တောထဲမှာနေနေကြရပါတယ်။ ဘာဖြစ်လို့ နန်းတော်ထဲကနေပြီး တောထဲရောက်နေရတာလဲဆိုတော့ ခမည်းတော်ကြီး က တောထဲမှာ ၁၂ နှစ်သွားပြီး နေချေလို့ စေလွှတ်လိုက်လို့ ဖြစ်ပါတယ်။ ထီးနန်းဆိုတာက လိုချင်တဲ့သူတွေများတော့ ခမည်းတော်ကြီး နတ်ရွာမလား ခင်ကတည်းက ဟို မိဖုရားကတောင်း၊ သည်မိဖုရားကတောင်းနဲ့ ဖြစ်လာလို့ ခမည်းတော်ကြီးက ထီးနန်းအရေးကြောင့် သားတော်သမီးတော်များ ကမောက် ကမ မဖြစ်အောင် တောထဲကိုသွားနေစေလို့ အမိန့်ပေးလိုက်တာ ဖြစ်ပါတယ်။ ရာမနဲ့ လက္ခဏက ညီနောင်တော်စပ်ပြီး သီတာကတော့ ရာမမင်းသားရဲ့ မိဖုရား ဖြစ်ပါတယ်။ အဲသည်သုံးယောက်လောက်နဲ့တော့ ဘာပြဿနာမှ မဖြစ်နိုင်ပါဘူး။ သီတာက လှလွန်းတော့ သူ့မျက်နှာကိုကြည့်မိရင် သူ့စိတ် တွေ ဖောက်ပြန်ကုန်မှာစိုးလို့ လက္ခဏက သီတာမျက်နှာကို တစ်ခါမှ မော့ မကြည့်ပါဘူးတဲ့။

အဲသည်လိုနေကြတဲ့ ညီနောင်နှစ်ဦးနဲ့ သီတာတို့မှာ ပြဿနာဖြစ်စရာ အတွင်းစည်းထဲမှာ ဘာမှမရှိပေမယ့် အပြင်ကနေ အတွင်းကိုထိုးဖောက် ဝင်ရောက်ကာ သီတာကို ဆွဲယူသိမ်းပိုက်ချင်နေတဲ့ ဒသဂီရိကြောင့် ရာမ၊ လက္ခဏ၊ သီတာ တို့မှာ ပြဿနာတက်လာခဲ့ပါတယ်။ ပြောရမယ်ဆိုရင်တော့ လူသုံးဦးအုပ်စုထဲမှာ စည်းကမ်းထိန်းသိမ်းရေးကိစ္စ မပီပြင်အောင် လုပ်နေသူ က သီတာဖြစ်နေတာဟာ ပဓာနကျတဲ့ကိစ္စ ဖြစ်နေပါတယ်။ ဥပမာပြရမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သီတာက မရင့်ကျက်သေးတဲ့သူ၊ ရာမက ရင့်ကျက်သော်လည်း သီတာကို ညှာရမယ်ဆိုတဲ့အသိ ကြီးစိုးနေသူ။ (ဘာ့ကြောင့်လဲဆိုတော့ သီတာလိုနနယ်တဲ့ နန်းတွင်းသူကလေးက ရာမနောက်ကိုမလိုက်ဘဲ နန်းတွင်းမှာ နေနိုင်ခွင့်ရှိပါလျက် မခွဲမခွာဘဲ ရာမနဲ့အတူ တောထဲကို လိုက်ခဲ့သူဖြစ်နေလို့ပါပဲ။ လက္ခဏကတော့ သူ့ကိုယ်သူ စင်ကြယ်အောင်စောင့်ရှောက်ပြီး မရီးဖြစ်သူကိုလည်း အင်မတန်မှ လေးစားရှိသေသူ ဖြစ်ပါတယ်။

အဲသည်လိုနေထိုင်ကြရင်း ဒဿဂီရိက သူတို့သုံးယောက်ကို တစ်ကွဲတပြားစီဖြစ်အောင် ခွဲထုတ်ချင်တာနဲ့ ရွှေသမင်ကလေးတစ်ကောင်လို သူ့ညီမကို ဖန်ဆင်းခိုင်းပြီး သီတာမြင်အောင် ပြေးလိုက်လွှားလိုက်နဲ့ ပြစားနေခဲ့ပါတယ်။ အဲသည်တော့ မရင့်ကျက်သေးတဲ့သီတာက ရာမကို ပူဆာပါတယ်။ 'ရွှေသမင်ကလေးကို ဖမ်းပေးပါ၊ ပြီးတော့ မသေအောင် ဖမ်းပေးရမှာနော်၊ သီတာက လှောင်ချိုင့်ကလေးထဲ ထည့်မွေးချင်တာ'လို့ပြောပါသတဲ့။ ရာမက 'သမင်လို့ သီတာကမြင်ပေမယ့် တကယ်တော့ အစွယ်ပြူးပြူးနဲ့ ဘီလူးကြီးဖြစ်တာကို ကိုကြီးတို့က မြင်နေရတယ်၊ သီတာသာ မမြင်တာပါ'လို့ပြောတော့လည်း တောကြီးထဲမှာ ပျော်စရာကောင်းအောင် ရွှေသမင်လှလှလိုချင်တာကိုတောင်မှ ဖြည့်ဆည်းမပေးဘူးလို့ ပြောဆို ငိုဆိုတဲ့လက်နက်များနဲ့ သူ့အပေါ်မှာ ချစ်ကြင်နာစိတ် ယိုဖိတ်နေရှာတဲ့ ရာမ စိတ်ဆင်းရဲအောင် ပစ်ပေါက်နေပါသတဲ့။ ရာမကလည်း မတတ်သာတဲ့အဆုံးမှာ လေးနဲ့မြားကို ယူပြီး သမင်လိုက်ထွက်သွားပါတယ်။ အဲသည်အချိန်မှာ အစွယ်ပြူးပြူးနဲ့ ဘီလူးက ဘယ်လိုနောက်ကြောင်းပြန်ပြီး ဘယ်လိုဝင်ရပါမလဲဆိုတဲ့ စိတ်နဲ့ နောက်ကြောင်းကို ပြန်လှည့်ပါတယ်။အဲသည်အချိန်မှာ သီတာ ကြားလောက်အောင် ညီခင်ရေ နောင်တော့ကယ်လှည့်ပါလို့ အသံပေးပါတယ်။ အဲသည်အသံကို၊ ရာမကလည်း မပေးပါဘူး။ ဘီလူးက ပရိယာယ်နဲ့ ပေးတဲ့အသံဖြစ်ပါတယ်။ လက္ခဏကိုတော့ အသံမပေးလို့ လက္ခဏက လုံးဝမကြားရပါဘူး။သီတာက သူ့ခင်ပွန်းအသံနဲ့ 'ညီခင်ရေကယ်လှည့်ပါ'လို့ ပြောသံကြားတာတောင်မှ လက္ခဏက တုတ်တုတ်မှမလှုပ်တော့ 'ဟဲ့ မတ်ကလေးနင့်ကို နောင်တော်ကြီးကခေါ်နေတာကို နင်က ဘာဖြစ်လို့ တုတ်တုတ်မှ မလှုပ်ရတာလဲ။ သူတစ်ယောက်တည်း ဒုက္ခရောက်နေပြီ၊ နင်လိုက်သွားပါ'လို့



အတင်းကာရော တိုက်တွန်းနေပါသတဲ့။အဲသည်တော့ လက္ခဏက နောင်တော်ရဲ့ ခေါ်သံကို သူမကြားရပါဘူး။ ဒါ့အပြင် နောင်တော့်ကို ဒီဘီလူးများက နှောင့်ယှက်နိုင်မှာမဟုတ်လို့ ကျွန်တော်ဟာ လိုက်သွားစရာမလိုပါဘူး။ သူ့ကို နောင်တော်က တာဝန်ပေးထားတာက အစ်မတော်ကို စောင့်ရှောက်ဖို့ဖြစ်ပါတယ်။ဒီနေရာကနေ ဘယ်ကိုမှမသွားနိုင်ပါဘူးလို့ လက္ခဏက ပြောတဲ့အခါ သီတာက အင်မတန်ပြင်းထန်တဲ့ လက်နက်ကြီးတစ်ခုနဲ့ လက္ခဏကို ထုလိုက်ပါသတဲ့။

သီတာက လက္ခဏကို ပြင်းထန်တဲ့ လက်နက်ကြီးတစ်ခုနဲ့ ထုလိုက်တယ်ဆိုတာ တင်စားပြီးပြောတာ ဖြစ်ပါတယ်။ မိမိရဲ့ ကိုယ်စိတ်နှစ်ပါးကို အင်မတန်မှသန့်စင်စေချင်လွန်းလို့ မရီးတော်ကို ၁၂နှစ်တိုင်တိုင် မကြည့်ဘဲ ထိန်းသိမ်းခဲ့တဲ့ လက္ခဏဟာ မရီးတော်က 'နင်ဟာ နောင်တော်ရာမ ဒုက္ခရောက်နေလို့ လှမ်းပြီးခေါ်တာကိုတောင်မှ သွားမကြည့်တာက မောင်တော် ရာမကို ဘီလူးသတ်လို့ သေတဲ့အခါ ငါ့ကို သိမ်းပိုက်ချင်လို့ မဟုတ်လား'လို့ မေးလိုက်တာဟာအနီးမှာကပ်ပြီး လက်နက်ကြီးတစ်ခုပေါက်ကွဲတာကိုကြားလိုက်ရသလို လက္ခဏမှာ အခံရခက်စေပါတယ်။

အဲသည်လိုအထိ ပြောလာပြီဆိုတော့ လက္ခဏဟာ နောင်တော့်ထံကို လိုက်သွားဖို့ ပြင်ဆင်ရပါတယ်။ တကယ်တော့ သူ့အတွက် ပြင်ဆင်တာ မဟုတ်ဘဲ မရီးတော်ကို ရန်သူများ မနှောင့်ယှက်နိုင်အောင် ပြင်ဆင်တာဖြစ်ပါတယ်။ မရီးတော်ကို တစ်နေရာမှာ ထိုင်စေပြီး လက္ခဏက စည်းသုံးတန်တားခဲ့ပါတယ်။ ပြီးတော့မှ 'ယခုကျွန်တော် နောင်တော်ထံကို လိုက်သွားပါတော့မယ်၊ မရီးတော်ဟာ နောင်တော်နဲ့ကျွန်တော်တို့ ပြန်မလာမချင်း စည်းအတွင်းမှာ သာနေပါ။ ဘယ်လိုအကြောင်းကြောင့်မှ စည်းအပြင်ဘက်ကို မထွက်ပါနဲ့'လို့ မှာထားပြီး ကန်တော့ကာ သီတာကိုထားခဲ့ပြီး ထွက်သွားခဲ့ပါတယ်။သီတာက လက္ခဏထွက်သွားတော့ ရာမကို ဘေးရန်ကနေ လက္ခဏက ကယ်တင်နိုင်မှာပဲလို့ယုံကြည်ပြီး စိတ်အေးသွားပါတယ်။ အဲသည်တော့မှ ဟိုဟိုသည်သည်ကို ကြည့်မိပါသတဲ့။

ဒဿဂီရိဆိုတာ နတ်ဘီလူးဖြစ်တော့ သူ့ကိုယ်သူ အသွင်ပြောင်းနိုင်တဲ့ အတွက် စည်းထဲမဝင်နိုင်တဲ့အတူတူ စည်းအပြင်ဘက်ကနေပြီး သီတာကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်သိမ်းသွင်းမှုပဲလို့ တွေးတောကာ သူ့ကိုယ်သူ ရဆေ့ရဟန်းအသွင် ဖန်ဆင်းပြီး သပိတ်ပိုက်ကာ မျက်လွှာချပြီး ရပ်နေပါသတဲ့။ သီတာဟာ တောကြီးမျက်မဲထဲမှာ ဘယ်လိုကနေဘယ်လို ရသေ့ရဟန်းအသွင်နဲ့ ပုဂ္ဂိုလ်တစ်ယောက် ရောက်လာသလဲလို့ မတွေးမိပါဘူး။ ဒါ့အပြင် လက္ခဏက မှာခဲ့တဲ့ ရာမနဲ့သူနဲ့ ပြန်မလာမချင်း စည်းအတွင်းမှသာနေပါ၊ ဘယ်လိုအကြောင်းကြောင့်မှ စည်းအပြင်ကိုမထွက်ပါနဲ့ဆိုတဲ့စကားကိုလည်း မေ့သွားပြီး သူတော်စင်တစ်ယောက် ဆွမ်းရပ်နေတာကိုး၊ ငါဆွမ်းလောင်းဦးမှပဲလို့ တွေးရင်း လှူဖွယ်များကိုယူကာ စည်းသုံးတန်အပြင်ဘက်ကိုကျော်ပြီး ဆွမ်းလောင်းချင်တဲ့စိတ်ဇောနဲ့ ထွက်လိုက်ပါတယ်။

ဒသဂီရိက ဘီလူးလည်းဖြစ်ပြန်၊ သီတာကိုလည်း တပ်မက်တဲ့စိတ်ဇော ပြင်းထန်နေပြန်ဆိုတော့ သီတာဒေဝီကို တားထားတဲ့ စည်းအပြင်ရောက်တာနဲ့ သုတ်ယူလိုက်ပြီး သူ့ရထားပုံပေါ်တင်ကာ လေဟုန်စီးပြီး ခေါ်သွားပါရောတဲ့။ သီတာဟာ အဲသည်တော့မှ သူမှားပြီဆိုပြီး ငိုသရော၊ အော်သရောလုပ်ပေမယ့် ဘယ်သူမှမကြားနိုင်တော့ဘဲ ဒသဂီရိတို့နေတဲ့ သိန်းခိုပြည်ကို ခေါ်ဆောင်သွားတာ ခံခဲ့ရပါသတဲ့။

စာရေးသူက ရာမဇာတ်ကို အဆုံးအထိပြောမယ်လို့ မရည်ရွယ်ခဲ့ပါဘူး။ ရာမဇာတ်ကြောင်းဟာ မြန်မာပြည်မှာ ခေတ်စားပါတယ်။ ဇာတ်လမ်းကို ဆက်ပြောရင် တော်တော်ရှည်ဦးမှာပါ။ နောက်ဆုံးတော့ သီတာဟာ ဒသဂီရိလက်က လွတ်ပေမယ့် ရာမရဲ့အထင်မှားခြင်းခံရတာ မီးပုံထဲခုန်ဆင်းပြီး သူ့မှာအပြစ်ကင်းတဲ့အကြောင်း သက်သေတည်ရတာကအစ ပြင်းထန်တဲ့ ရန်းကန်လှုပ်ရှားမှုတွေနဲ့ ကြုံရဦးမှာဖြစ်ပါတယ်။ ဇာတ်ကြောင်းကို အရှည်မပြောပေမယ့် စာရေးသူတင်ပြလိုတာက သီတာ ဟာ လက္ခဏတားထားပေးတဲ့ စည်းသုံးတန်ကို သူ့လုံခြုံရေးအတွက် အရေးကြီးတယ်ဆိုတာ သတိမထားမိတော့ဘဲ စည်းဖောက်မိတာက အဆိုးရွားဆုံးဒုက္ခများအထိ ရောက်သွားစေတယ်ဆိုတာကို သတိထားမိကြစေချင်ပါတယ်။

လူ့လောကမှာလည်း မိမိကိုယ်၊ မိမိစိတ်၊ မိမိဘဝ၊ မိမိသိက္ခာ၊ မိမိဂုဏ်တို့ကို လုံခြုံစေချင်ရင် စည်းကမ်းမကျိုးမပေါက်ရအောင် နေတတ်မှဖြစ်မယ်ဆိုတာ သတိထားမိစေချင်ပါတယ်။



တကယ်တော့ စည်းတကာ့စည်းထဲမှာ မိမိကိုယ်ကို မိမိဘာသာတားတဲ့ စည်းကသာ အလုံခြုံဆုံးဖြစ်ပါတယ်။ သီလစည်း၊ သမာဓိစည်း၊ ပညာစည်းများ ဖြစ်ပါတယ်။ စာရေးသူတို့ဖခင်ကြီး ပြောသလိုပြောရရင် ကောင်းတာလုပ်တာတောင်မှ စည်းအတွင်းက မထွက်ဘဲ လုပ်နိုင်မှ လုံခြုံစိတ်ချရတယ်ဆိုတဲ့ စကားကို လက်ဆင့်ကမ်း ပြောချင်တာပါပဲ။ တစ်ပါးသူ တားပေးတဲ့ စည်းကို သတိလက်လွတ်ဖြစ်နေတဲ့ သီတာလိုလူများအဖို့ အလွယ်ကလေးနဲ့ ကျော်လွှားချိုးဖောက်နိုင်ကြတဲ့အတွက် ဒုက္ခရောက်ကြရသလို မရောက်ကြစေချင်တဲ့ စေတနာနဲ့ ရေးသားလိုက်ရပါတယ်။

အခုခေတ်မှာ စည်းကို အလွယ်တကူချိုးဖောက်တတ်တဲ့ သူများကလည်း များလာပြီဖြစ်ပါတယ်။ အဲသည်လိုစည်းကို ချိုးဖောက်ကာ မလုပ်သင့်တာတွေကိုလုပ်ပြီး ဒုက္ခရောက်တဲ့အခါမှာ ဆင်းရဲလို့ အဲသည်လိုဒုက္ခရောက်ရတာလို့ အလွယ်တကူ ဆင်ခြေပေးတတ်ကြပါတယ်။ တကယ်တော့ နေ့စဉ်စားသောက်ဖို့ ရှာဖွေတဲ့အခါမှာ မှန်ကန်ပြီး သေးကင်းတဲ့နည်းကို သုံးနိုင်တဲ့ အသိ ရှိရပါမယ်။ တစ်ယောက်ယောက်က လာပြီး ပစ္စည်းတွေပေး၊ အကူအညီတွေပေးနဲ့ နေရင်းထိုင်ရင်း ခင်မင်အောင် ကြိုးစားလာပြီဆိုရင် သတိထားတတ်တဲ့သူများအတွက် တစ်ခုခုတော့မှားနေပြီဆိုတာကို သိနိုင်ချေရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မဟုတ်တာလုပ်တဲ့သူများရဲ့ အနေအထိုင် အပြောအဆို အမူအရာက မတည်ငြိမ်တတ်ကြပါဘူး။ ယောက်ျားမှ မဟုတ်ပါဘူး။ အမျိုးသမီးများကလည်း လူကုန်ကူးတဲ့အလုပ်ကို လုပ်နေတတ်ကြပြီဖြစ်လို့ အကဲခတ်တတ်တဲ့သူဆိုရင် တစ်နေရာရာမှာတော့ မှားနေပြီ။ သူပြောတာလောက်ကောင်းတဲ့ လုပ်ငန်းခွင်ဆိုတာ မရှိနိုင်လောက်ပါဘူးဆိုတဲ့ အတွေးတော့ တွေးမိနိုင်ပါတယ်။ ကိုယ်က မယုံသင်္ကာဖြစ်တယ်ဆိုရင် တိုင်ပင် နိုင်တဲ့လူကြီးသူမများ ရှိရပါမယ်။ ဟိုတုန်းကတော့ ရွာထဲရပ်ထဲမှာ စိတ်ချလက်ချတိုင်ပင်လို့ရတဲ့ လူကြီးသူမများရှိတတ်ပါတယ်။ တချို့ကတော့ သူတို့ကိုယ်တိုင်က လူကုန်ကူးသူများဖြစ်နေတတ် လို့ အခုလိုခေတ်များမှာတော့ သတိကြီးစွာထားကြဖို့ လိုအပ်ပါတယ်။ လူကုန်ကူးတာ မဟုတ်ရင်လည်း တော်တဲ့ ထက်မြက်တဲ့သူများကို လမ်းမှားရောက်အောင် ဆွယ်တတ်တဲ့သူတွေကလည်း များပါတယ်။ အသိဉာဏ်နဲ့ ဆင်ခြင်တွေးတောတတ်တဲ့

www.burmeseclassic.com



အလေ့အကျင့်ကို ရပ်ထဲရွာထဲက လူကြီးများနဲ့ စကားပြောရင်း ကြားနာမှတ်သားနိုင်ပါတယ်။

စာရေးသူတို့ငယ်ငယ်ကတော့ မိဘနဲ့သားသမီးများဟာ စကားစမြည်ပြောရင်း အသိချင်းဖလှယ်နိုင်တတ်ကြပါတယ်။ ဘယ့်နှယ် မိဘကသာ သား သမီးကို သွန်သင်ရမှာ၊ မိဘက သားသမီးနဲ့ အသိချင်းဖလှယ်ရဦးမှာလားလို့ မေးချင်ကြမယ့်သူများ ရှိနိုင်ပါတယ်။

စာရေးသူ ပညာရေးတက္ကသိုလ်မှာ ပို့ချစဉ်က ဆရာ ဆရာမလောင်းလျာများကို ဆရာ ဆရာမတို့အနေနဲ့ ကလေးများဖတ်လေ့ရှိတဲ့ စာအုပ်များကို ဖတ်သင့်ပါတယ်။ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေရဲ့အကြိုက်ဟာ အကောင်းဘက်မှာ ရှိသလား၊ မကောင်းတဲ့သူများကို ဇာတ်လိုက်အရာထားပြီး မလုပ်သင့်တာတွေကို လုပ်ဖို့တာစူနေကြပြီလားဆိုတာကို သိနိုင်အောင် သူတို့ဖတ်တဲ့စာကို ဖတ်ကြည့်မှဖြစ်မယ်လို့ သွန်သင်ခဲ့ပါတယ်။ စာရေးဆရာတွေထဲမှာလည်း အညစ်အပတ်ကလေးပါမှ လူငယ်ကြိုက်တယ်ဆိုပြီး ဟောပြောပွဲတွေမှာတောင် ပြောင်ပြောနေတတ်ကြတော့ စာထဲမှာလည်း ထည့်ပြီးရေးနိုင်ပါတယ်။ အရေးကြီးတာက လူငယ်ကလေးများ လမ်းမမှားကြစေဖို့ မိဘရော ဆရာသမားများကပါ အကွက်စေ့အောင် သတိထားပြီး ဘယ်အရာက ဘေးဖြစ်စေနိုင်တယ်၊ ဘယ်အရာကဖြင့် မိမိသိက္ခာကို ထိခိုက်စေနိုင်တယ်ဆိုတာကို သေသေချာချာ သင်ကြားပေးသင့်ပါတယ်။

နောက်ပိုင်းမှာတော့ လူငယ်လူရွယ်များထဲမှာ ဝံသာနုရက္ခိတ တရားကို လက်ကိုင်ထားပြီး ကူညီသင့်သူများကို အကူအညီပေးဖို့ ဝန်မလေးတဲ့ စိတ်ဓာတ်ရင့်သန်လာအောင် လေ့ကျင့်ပေးသင့်ပါတယ်။

ယခုအခါမှာ ကြားရတဲ့မှုခင်းများအကြောင်းက အသိပညာ နည်းပါးတဲ့သူများက မကောင်းမှုဟာ သူများကိုသာ ထိခိုက်စေနိုင်တယ်လို့ ထင်နေတတ်ကြတာဟာ မှားယွင်းတဲ့အကြောင်း သတိပေးတဲ့စာများ ရေးသားတာ၊ ဟောပြောပွဲ များကျင်းပပြီး စိတ်ဓာတ်ရင့်သန်အောင် ပညာပေးတာစတဲ့ အလုပ်များကို လူငယ်များကိုယ်တိုင် အားတက်သရော လုပ်နိုင်လာအောင် လေ့ကျင့်ပေးသင့်ပါတယ်။ အစောပိုင်းမှာတော့ မိဘ ဆရာသမားများ ဦးစီးတဲ့ ဆွေးနွေးပွဲကလေးများကစပြီး မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာမှာပါ



ဘယ်လိုနည်းနဲ့ မိမိတို့ကိုယ်တိုင် အသက်မွေးဝမ်းကြောင်းမှုကို လုပ်သင့်သလဲ။ လူကုန်ကူးတဲ့၊ လှည့်ဖြားပြီး ဖျက်ဆီးတဲ့သူများက ဘယ်လိုနည်းလမ်းများကို သုံးတတ်ကြသလဲ။

အဲသည်လို လူကုန်ကူးတဲ့သူများကြောင့် ဘဝပျက်ရုံသာမက အသက်ပါ သေခဲ့ကြရသူများ ရှိတဲ့အကြောင်း၊ အဲသည်လိုအကြောင်းများကြောင့် နိုင်ငံတော်ရဲ့အင်အားများဖြစ်တဲ့ လူအင်အားများဟာ ကျဆင်းပျက်စီးသွားကြရတဲ့အကြောင်းများကို ဥပမာ ဥပမေယျများနဲ့ ဟောပြောပြီး လူငယ်များ အသိအမြင် ပိုမိုကျယ်ပြန့်ရင့်ကျက်လာအောင် ကူညီကြဖို့ လိုအပ်ပါတယ်။

သီတာနဲ့ပတ်သက်တဲ့ ဇာတ်ကြောင်းကလေးဟာ ပုံပြင်ဖြစ်ပေမယ့် လူ့ဘဝနဲ့ယှဉ်ပြီး ဆင်ခြင်လို့ရနိုင်ပါတယ်။လိုတာနဲ့ နှုတ်ကထွက်ပြီး တလိုက်ရုံနဲ့ ရအောင် အလိုလိုက်ခြင်းခံရတဲ့သူများ ရှိတတ်ပါတယ်။ ငယ်ငယ်ကတည်းက အဲသည်လိုထားတာကို ခံခဲ့ရတဲ့သူများဟာ ရင့်ကျက်ဖို့ ခဲယဉ်းပါတယ်။ သီတာလိုပေါ့လေ။ မရင့်ကျက်တော့ မလိုအပ်တာကို အရယူချင်တတ်ပါတယ်။ သူတစ်ပါးကို အနိုင်ကျင့်ချင်တတ်ပါတယ်။ အဲသည်ကလေးများဟာ စည်းအပြင်ဘက်ကို ရောက်သွားမှန်း သူ့ကိုယ်သူ မသိလိုက်ဘဲ သူတစ်ပါးလက်ထဲမှာ အညှဉ်းဆဲခံရမှ နောင်တကြီးစွာရတတ်ပါတယ်။ကယ်ဆယ်ဖို့ အချိန်မီခဲ့ရင်တော့ တော်သေးတာပေါ့။ ဒါပေမယ့် လှပတဲ့ဘဝ၊ ခန့်ထည်တဲ့ဂုဏ်အင်၊ ထက်မြက်တဲ့စိတ်ထားများ ကျေပြုန်းခဲ့ပြီဆိုရင်တော့ မသေသည့်တိုင်အောင် လူစင်မီဖို့ခဲယဉ်းသွားမှာ ဖြစ်ပါတယ်။ အဲသည်လိုမဖြစ်အောင် မိဘ ဆရာသမားများက စောင့်ကြပ်ပြီး လူငယ်များ သူတို့ကိုယ်သူတို့ ကာကွယ်နိုင်အောင် အကူအညီပေးကြစေလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## *ကိုယ်ပိုင်နိုင်ငံ ကိုယ်ပိုင်မြေရှိတဲ့သူမှသာ သိက္ခာနဲ့ပြည့်စုံတယ်*

ကျွန်မတို့ မြန်မာနိုင်ငံသမိုင်းကို ပုဂံကစပြီး ပြောလေ့ရှိပေမယ့် တကယ့်တကယ်တော့ မြန်မာနိုင်ငံအရပ်ရပ်မှာ ထွန်းကားခဲ့တဲ့ ပျူမြို့ပြနိုင်ငံများအကြောင်းကစပြီး ပြောသင့်ပါတယ်။ အဲဒါမှသာ ပုဂံလို စည်းရုံးတဲ့နိုင်ငံတော်ကြီး ဘာ့ကြောင့်ပေါ်လာသလဲဆိုတာကို အဖြေထုတ်နိုင်မှာ ဖြစ်ပါတယ်။ ပျူမြို့ပြနိုင်ငံများ တည်ရှိခဲ့တယ်ဆိုတာ တူးကွက်များနဲ့ ကြီးမားတဲ့ယဉ်ကျေးမှုအဆောက်အဦများက သက်သေခံနေပါတယ်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာနဲ့ မြနဒီဆိုတဲ့ ပျူမြို့ပြနိုင်ငံများရဲ့ တူးကွက်များကို လေ့လာလိုက်ရင် ထူးခြားတဲ့ အဆင့်မြင့်တဲ့ အသိပညာ အတတ်ပညာများ မြန်မာနိုင်ငံတွင်းမှာ ထွန်းကားခဲ့တယ်ဆိုတာကို သိနိုင်ပါတယ်။ သာသနိကအဆောက်အဦကြီးများကို ဆောက်လုပ်နိုင်ခဲ့တာ ရေဝင်ရေထွက်ကို ထိန်းနိုင်ပြီး မြို့တွင်းမှာ အေးချမ်းတဲ့ ကာလမှာဖြစ်စေ စစ်ကာလမှာဖြစ်စေ သောက်ရေ သုံးရေသာမက အောင်ရေကိုလည်း ပြည့်စုံအောင် စီမံနိုင်ခဲ့ကြတာ၊ မြို့ကွက်ကို ရွေးချယ်တဲ့နေရာမှာ စစ်ရေးအမြင်နဲ့ လုံခြုံတဲ့နေရာမှာ ရွေးချယ်ပြီး တည်ထားခဲ့ကြတာဟာ ပျူလူမျိုးများအနေနဲ့ အနုပညာ အတတ်ပညာ အဆင့်အတန်းမြင့်မားတယ်ဆိုတဲ့အကြောင်းကို ကောင်းစွာသက်သေပြနေတဲ့ သမိုင်းအထောက်အထားများဖြစ်ပါတယ်။ တကယ်တော့ တူးဖော်နိုင်ခြင်းမရှိသေးတဲ့ ပျူမြို့တွေလည်း အများကြီးရှိမှာပါပဲ။

အဲသည်ပျူလူမျိုးတွေ စတင်ထွန်းကားတဲ့အချိန်ဟာ ဘယ်အချိန်လောက်က ဖြစ်တယ်ဆိုတာကို သေချာစွာမပြောနိုင်ပေမယ့် ဗိဿနိုးတူးကွက်က မီးကျွမ်းနေတဲ့ မီးသွေးများကို ရေဒီယိုကာဗွန်နည်းနဲ့ စမ်းသပ်ကြည့်တော့ ခရစ်နှစ်ဦးက မီးကျွမ်းခဲ့တဲ့ မီးသွေးတုံးဖြစ်တယ်ဆိုတာကို သိရပါတယ်။ အဲသည်တော့ တော်တော်စောတဲ့အချိန်ကတည်းက မြို့ပြပြည်ရွာ တည်ထောင်နေနိုင်ခဲ့သူများလို့ ရဲရဲဝံ့ဝံ့ဆိုလို့ရနိုင်ပါတယ်။



ပျူမြို့ပြနိုင်ငံကလေးများက လူနည်းတယ်၊ သေးငယ်တယ်ဆိုတော့ နယ်ချဲ့စပ်နေတဲ့ဒေသက လူမျိုးများရဲ့ကျူးကျော်မှုကို မကြာခဏ ခံခဲ့ရပါတယ်။ အဲသည်လိုခံရတဲ့နိုင်ငံတိုင်းကတော့ ဘယ်ခေတ်မှာမဆို နစ်နာလှပါတယ်။ အပျက်အစီး အဆုံး အရှုံးများပါတယ်၊ လူအသေ အပျောက်များပါတယ်။ အဲသည်လို နစ်နာခဲ့ ပျက်စီးဆုံးရှုံးခဲ့တဲ့အခါတိုင်း တစ်ကျော့ပြန်ပြီး အသစ်တစ်ဖန် နိုင်ငံပြန်တည်တဲ့ဓလေ့ ကျွန်မတို့မြန်မာနိုင်ငံသားများမှာ ရှိခဲ့ပါတယ်။ ပျူတွေလည်း ထပ်ခါတလဲလဲ မြို့သစ်ပြန်တည်ခဲ့တာပါပဲ။ အဲသည်လို မြို့ပြနိုင်ငံများကို ပြန်လည်တည်ထောင်ခြင်းမရှိဘဲ တယ်ပြီးရန်သေးများတယ်၊ ထွက်ပြေးမှပဲလို့ တွေးတောပြီး တစ်နေရာကို ရွှေ့သွားတတ်တယ်ဆိုရင် ကျွန်မတို့လို နောင်လာနောက်သားများမှာ ခန့်ထည်လှပတဲ့ အေးချမ်းသာယာတဲ့ သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံကို ဘယ်မှာအမွေရခဲ့လိမ့်မလဲ။

အထက်က ကျွန်မရေးခဲ့တဲ့စာကိုဖတ်ပြီး ဒီလိုနိုင်ငံကိုများ ခန့်ထည်လှပတဲ့နိုင်ငံလို့ပြောရသလားလို့ စိတ်အချဉ်ပေါက်နေတဲ့သူများက ပြောကောင်းပြောကြပါမယ်။ လူတွေမှာ သဘောထားက အရေးကြီးပါတယ်။ မိမိတို့ဟာ တစ်ပါးသူတွေက မြေပြင်ကို အပိုင်းတွေပိုင်းပြီး မင်းတို့တစ်တွေက ဒီနေရာမှာနေလို့ သတ်မှတ်ထားတာကိုခံပြီး နေရတဲ့သူတွေ မဟုတ်ဘူးဆိုတာကို မြေပုံကို သေသေချာချာကြည့်လိုက်တာနဲ့ သိနိုင်ပါတယ်။ ကိုယ်ပိုင်မြေ ကိုယ်ပိုင်ရေဆိုတာ သိက္ခာနဲ့ပြည့်စုံပါတယ်။ ကိုယ့်မြေကိုယ့်ရေကိုမှ ခန့်ထည်တယ်၊ လုံခြုံတယ်၊ အေးချမ်းတယ်လို့ မယူဆနိုင်တဲ့သူများဟာ ဘယ်လိုနေရာမှာမှ အေးချမ်းမှုကို ရမှာမဟုတ်နိုင်ပါဘူး။

အလွန်စောတဲ့ကာလကတည်းက ရေကြည်ရာမြက်နုရာကို တရွေ့ရွေ့ ရွှေ့ပြောင်းနေထိုင်တတ်ကြတဲ့ လူသားတို့ရဲ့ သဘာဝအတိုင်း မြန်မာနိုင်ငံတွင်းကို ဝင်ရောက်ပြီးအခြေချသူများဟာ သဘာဝဘေးအန္တရာယ်က လုံခြုံတဲ့နေရာ၊ အနုနပြောခဲ့တဲ့အတိုင်း ရေကြည်ရာမြက်နုရာမှာ အခြေချနေထိုင်ခဲ့ကြတယ်ဆိုတာ သိသာတဲ့အမှတ်အသားများကတော့ မြေပုံရဲ့နေရာတိုင်းမှာ အတွန့်အကောက်ကလေးများနဲ့ တန်ဆာဆင်ထားသလို ဖြစ်နေတာပါပဲ။ အတွန့်အကောက်ကလေးများဟာ တောင်ကြောများ၊ မြစ်များ ချောင်းများဝန်းကျင်က လူများအခြေချနေထိုင်ရာ ဒေသများဖြစ်ပါတယ်။ ကျွန်မဟာ ၁၉၉၃ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



က တရုတ်နိုင်ငံကို စာရေးဆရာအဖွဲ့ဝင်တစ်ဦးအနေနဲ့ ရောက်ခဲ့ဖူးပါတယ်။ ဖိမ်ရှင်နိုင်ငံသားများက ညှော်ဝတ်ကျေပွန်စွာနဲ့ ကျွန်မတို့နယ်စပ် တစ်နေရာကို လိုက်ပို့ပါတယ်။ စိမ်းညို့ညို့တောင်တန်းများနဲ့ ရစ်ခွေစီးဆင်းနေတဲ့ နယ်နိမိတ်တစ်စိတ်တစ်ဒေသကို မြင်ခဲ့ရပါတယ်။ ကျွန်မစိတ်ထဲမှာ သြော် သဘာဝလောကကြီးကတော့ တာဝန်ကျေပွန်လိုက်တာ၊ ဒီနိုင်ငံကို လုံခြုံအောင် ကာဆီးလို့ပါကလား။ နိုင်ငံကို လုံခြုံသည်ထက် လုံခြုံအောင် တိုးတက်သည်ထက် တိုးတက်အောင် လုပ်ဆောင်ဖို့ကတော့ သက်ရှိနိုင်ငံသားများရဲ့တာဝန်ပေပဲလို့တွေး မိလိုက်ပါတယ်။ အဲသည်လိုအတွေးလည်းဝင်လာရော ရင်ထဲမှာလည်း လှိုက်လာပြီး မျက်ရည်တွေဝေလာပါတယ်။ တောင်တန်းတွေက စိမ်းညို့နေတယ်။ ရစ်ခွေစီးဆင်းနေတဲ့ ရေတွေက အေးမြကြည်လင်နေတယ်ဆိုတာ အခုပစ္စုပ္ပန်ကာလမှာရှိနေတဲ့ အရှိတရားတစ်ခုသာ ဖြစ်တယ်လေ။ မရေတွက်နိုင် ကြာမြင့်တဲ့နှစ်များ၊ ရှည်လျားလှတဲ့ ကာလများမှာ မိမိတို့အခြေချထားတဲ့နေရာကို စွန့်ပြီး ထွက်ပြေးရှောင်ခွာခြင်းမပြုနိုင်လို့ အသက်သွေးကို စတေးပြီး နိုင်ငံကိုကာကွယ်သွားတဲ့ ဒို့ဘိုးဒို့ဘွားများရဲ့သွေးတွေဟာ ဒီတောင်တန်းတွေ ဒီခင်တန်းတွေ ဒီချောင်းဒီရေတွေကို ဈေးဈေးနီစေခဲ့တာ ဘယ်နှစ်ကြိမ်ရှိပြီရယ်လို့ တွေးလိုက်ရင် လှိုက်လှဲတဲ့ခံစားမှုကို အမျိုးချစ်တဲ့သူတိုင်း ခံစားရမှာပါပဲ။

ကျွန်မတို့မြန်မာနိုင်ငံမှာ အစောပိုင်းကတည်းက အခြေချခဲ့တဲ့သူများထဲက မြို့ရွာအတည်တကျ တည်ထောင်နေခဲ့ကြတဲ့ ပျူလူမျိုးများကစပြီးတော့ သူတစ်ပါးလာတိုက်တဲ့အခါမှာ ထွက်ပြေးတဲ့သူများ မဟုတ်ပါဘူး။ အသက်သွေးနဲ့ရင်းပြီး ခုခံတယ်။ မြို့နိုင်ငံများကို အသစ်တစ်ဖန် ပြန်တည်ရင်းနဲ့ စုစည်းမှုသည် အင်အားဆိုတဲ့အချက်ကို ကောင်းစွာ သိလာပုံပေါ်ပါတယ်။ အချင်းချင်းလည်း ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် လုပ်ခဲ့ကြဟန်တူပါတယ်။ ပုဂံတည်ရာဝန်းကျင်မှာ ပျူများစုရုံးပြီး နိုင်ငံသစ်တစ်ခု တည်ခဲ့တော့တာပါပဲ။ နောင်သော် ပုဂံလို့အမည်တွင်လာမယ့် မြို့နိုင်ငံကို ပုဂံဝန်းကျင်မှာပဲ နေရာအဆင့်ဆင့်ပြောင်းပြီး တည်ခဲ့ရပါတယ်။ အဲသည်လိုနဲ့ ၉ ရာစုဝန်းကျင်မှာ ပုဂံဟာ ပီပြင်လာပါတယ်။ တကယ်တော့ ပုဂံကိုတည်တဲ့သူတွေဟာ တခြားအရပ်ကနေပြီး လာရောက်တဲ့သူတွေ မဟုတ်ပါဘူး။ ပြည်တွင်းကလူတွေ စုစည်းပြီး တည်တာပါပဲ။



အဲသည်လိုနဲ့ ပုဂံဟာ ယခုမြန်မာနိုင်ငံလောက်နီးနီး ကျယ်ဝန်းတဲ့ နိုင်ငံရဲ့မင်းနေပြည် ဖြစ်လာခဲ့ပါတယ်။ ဘာဖြစ်လို့ အဲသည်လိုပြောနိုင်သလဲဆိုတော့ နရပတိစည်သူမင်းလက်ထက်မှာ နိုင်ငံနယ်နိမိတ်ကို ကျောက်စာမှာ ရေးထိုးထားခဲ့တာ ရှိပါတယ်။ အဲသည်ကျောက်စာမှာ အနောက် မစ္ဆဂီရိ (အနောက်ရိုးမတောင်တန်း) အရှေ့သံလွင်၊ မြောက် ရေပေါ်မီးငနားကြီး၊ (တနိုင်းအနီးရှိ ရေကန်ကြီးပေါ်တွင် ဓာတ်ငွေ့ပါသောဆီများ ဇော့ဝဲနေသဖြင့် မီးထ၍တောက်တတ်သဖြင့် ရေပေါ်မီး ငနားကြီးဟု ခေါ်သည်)၊ တောင် သလင်ကြေ (မလေးကျွန်းဆွယ်အဆုံး ဆဲလန်အငူ) အထိ နိုင်ငံတော်အကျယ်အဝန်းကို ပြဆိုထားခဲ့ပါတယ်။

အဲသည် ပုဂံမင်းနေပြည်ဟာ မြန်မာနိုင်ငံအတွင်းမှာတည်ရှိတဲ့ မင်းနေပြည်များရဲ့ အားကိုးအားထားပြုရာ မင်းနေပြည်ကြီး ဖြစ်ခဲ့တယ်ဆိုတာ ဉသဘာပဲခူးကို ဂျွမ်းစစ်သည်တွေ လာရောက်တိုက်ခိုက်တော့ ပုဂံကိုလှမ်းပြီး အကူအညီတောင်းတယ်ဆိုတဲ့အချက်က သိသာစေခဲ့ပါတယ်။ ပုဂံလက်နက်နိုင်ငံတော်ကြီး တည်ထောင်ပြီးတဲ့အချိန်မှာ နိုင်ငံတော်ကြီးဟာ ရေခဲနှင်းခေတင်းသလို အေးမြသာယာနေပါတယ်လို့ပြောရင် ညာပြောရာကျမှာပါပဲ။ လူတွေရဲ့သဘာဝအရ အခန့်မသင့်ရင် ရန်စစ်ဖြစ်ပွားတတ်တာကိုး။ အဲဒါကြောင့်သာ စစ်ထွက်ရင်း အနော်ရထာမင်းမြတ် ကျဆုံးခဲ့ရတာဖြစ်ပါတယ်။ အနော်ရထာမရှိတဲ့အခါမှာလည်း သူတည်ထောင်ခဲ့တဲ့ နိုင်ငံဟာ အင်နဲ့အားနဲ့ ဆက်လက်တိုးတက်ခဲ့ပါတယ်။

အဲသည်လို အိမ်တစ်ဆောင်ဆောက်ပြီး ဝိုင်းခြံကာထားပေမယ့် အခါအားလျော်စွာ ပြင်ဆင်ဖာထေးတဲ့အမှုကို ပြုလုပ်ရသလို နိုင်ငံတော် လုံခြုံရေးအတွက်၊ နိုင်ငံတော် မပြိုကွဲဘဲ ဆက်လက်တည်တံ့ရေးအတွက် ဆောင်ရွက်ရတာဟာ မြန်မာနိုင်ငံ သမိုင်းမှာသာ ဖြစ်ပွားခဲ့တာမဟုတ်ပါဘူး။ ကမ္ဘာ့သမိုင်းကို ဖတ်ရင်လည်း အလားတူအဖြစ်မျိုးတွေကို တွေ့နိုင်လို့ သြော် ဒါဟာ သဘာဝပါပဲကလားလို့ သိနိုင်ပါတယ်။

၁၃ ရာစုမှာ ပုဂံပျက်သုဉ်းတယ်လို့ဆိုရာမှာလည်း ပုဂံနိုင်ငံတော်ရဲ့ဩဇာသက်ရောက်ရာ ဒေသအားလုံး ပျက်သွားတာ မဟုတ်ပါဘူး။ ပုဂံနေပြည်တော်မှာ အဲသည်အချိန်က အုပ်ချုပ်တဲ့မင်း ကျဆုံးသွားပေမယ့် ပုဂံကို မွန်ဂိုများ ဖျက်ဆီးမပစ်နိုင်အောင် ကာကွယ်တွန်းလှန်လိုက်တဲ့သူတွေ

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် လူငယ်တွေ အများကြီးရှိခဲ့ပါတယ်။ အဲသည်လူငယ်တွေဟာ မြင်စိုင်းမှာ အခြေပြုတဲ့ ရှမ်းမြန်မာညီနောင်များနဲ့ စုစည်းမိပါတယ်။

မြင်စိုင်းအကြောင်းပြောရင် မြင်စိုင်းမြို့သက်ကလည်း တိုတယ်။ မြို့ကွက်ကလည်း ကျဉ်းတယ်။ ဘာများပြောစရာလိုသလဲလို့ ပြောချင်တဲ့သူများလည်း များပါလိမ့်မယ်။ အဲသည်လို မထူးခြားတဲ့အထဲက ဝိဇ္ဇာရချဲ့ကာပြောရတာကတော့ မြင်စိုင်းမှာ အခြေပြုပြီး စုစည်းခဲ့တဲ့ မျိုးချစ်အင်အားစုများက ကျူးကျော်လာတဲ့ မွန်ဂိုတပ်များကို တစ်နည်းဆိုရင် ပြည်ပက ထိုးဖောက်ဝင်ရောက်မှုကို ပြည်တွင်းအင်အားသက်သက်နဲ့ တွန်းလှန်လိုက်နိုင်တဲ့စွမ်းရည်ကြောင့်ပဲ ဖြစ်ပါတယ်။

မွန်ဂိုဆိုတာ အာရှအလယ်ပိုင်းက စစ်ရေးစွမ်းအင်နဲ့ ပြည့်ဝတဲ့လူမျိုးဖြစ်ပါတယ်။ သူတို့ဟာ စစ်တိုက်တော်တယ်၊ စစ်စိတ် စစ်သွေး ပြင်းထန်တယ်။ အင်အားကြီးမားတဲ့ တရုတ်နိုင်ငံတော်ကြီးကိုသိမ်းပိုက်နိုင်ခဲ့ပါတယ်။ တရုတ်တို့ရဲ့မြင့်မားတဲ့ယဉ်ကျေးမှုကို ဆက်ခံခဲ့ပါတယ်။ အုပ်ချုပ်ရေးစနစ်၊ ငွေကြေးစနစ်စတဲ့ စနစ်များကိုလည်း ယူခဲ့ပါတယ်။ တရုတ်ထီးနန်းဓလေ့ကိုလည်း ယူခဲ့ပါတယ်။ မွန်ဂိုတို့ဟာ ဥရောပတစ်ခွင်မှာရှိတဲ့ နိုင်ငံတော်တော်များများကို သိမ်းပိုက်အုပ်စိုးနိုင်ခဲ့ပါတယ်။ ယခုခေတ်မှာ ရုရှားနိုင်ငံလို့ခေါ်တဲ့ ရုရှားပဒေသရာဇ်မင်းနိုင်ငံတော်မှ မွန်ဂိုလက်အောက်ကို နှစ်ပေါင်း ၃၀၀ ခန့် ကျရောက်ခဲ့ပါတယ်။ မွန်ဂိုများဟာ ရောက်လေရာရာအရပ်မှာ မြေကြီးကို မီးကျွမ်းအောင်တိုက်ကာ တွေ့သမျှလူများကို သတ်ဖြတ်လေ့ရှိကြပါတယ်။ ပြီးမှ လူ့ဦးခေါင်းခွံများကို ပိရမစ်ပုံသဏ္ဍာန်ဖြစ်အောင်စီပြီး ထားခဲ့တတ်ကြပါသတဲ့။ မွန်ဂိုတို့ဟာ ယခုနာမည်ကြီးနေတဲ့ ပါလက်စတိုင်းအထိလည်း ရောက်ခဲ့ဖူးပါတယ်။ မွန်ဂိုတို့ရဲ့စစ်ဆင်ရေး ဘာ့ကြောင့်သည်လောက် အောင်မြင်ရသလဲဆိုတာကို အနောက်တိုင်း စစ်ပညာရှင်ကြီးတစ်ယောက်ရေးတဲ့ စာထဲမှာ စာရေးသူ ဖတ်ဖူးပါတယ်။ မွန်ဂိုတို့ဟာ မြင်းပေါ်မှာတင် စားသောက်ဖို့ အသားကင်များနဲ့ ရေဘူးများတင်ဆောင်လာခဲ့ပြီး မြင်းစီးမပျက် စားသောက်ကာ ခရီးပြင်းနှင်လေ့ရှိပါတယ်တဲ့။ ခေတ်သစ်စစ်ဆင်ရေးမှာလည်း တပ်များကို လျင်လျင်မြန်မြန်လှုပ်ရှားစေပြီး ရန်သူကို အငိုက်မိအောင် လုပ်နိုင်တဲ့သူဟာ စစ်နိုင်သူများ ဖြစ်ပါသတဲ့။ မွန်ဂိုတို့ တိုက်တိုင်း အောင်မြင်စေတဲ့



အကြောင်းရင်းကလည်း တပ်များကို လျင်မြန်စွာ ရွှေ့နိုင်ခြင်းကြောင့်ပဲ ဖြစ်ပါသတဲ့။

အဲသည်လို မွန်ဂိုများဟာ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုမှာရှိတဲ့ ပုဂံနေပြည်တော်အထိ ဝင်ရောက်လာခဲ့ဖူးပါတယ်။ ပုဂံနေပြည်တော်မှာတော့ ကြာကြာမနေနိုင်ကြပါဘူး။ အဲသည်လိုကြာကြာမနေနိုင်တာဟာ ရာသီဥတုပူပြင်းလို့ဖြစ်တယ်လို့ အချို့က ကောက်ချက်ချပါတယ်။ ကျွန်မကတော့ ပါလက်စတိုင်းကိုရောက်သည်အထိ ချီတက်ခဲ့ကြဖူးတဲ့ မွန်ဂိုများဟာ သည်လောက်မျှနဲ့တော့ ဆုတ်ခွာမသွားလောက်သေးဘူး။ ဒါထက်အရေးကြီးတဲ့အကြောင်းရှိရဦးမယ်လို့ တွေးမိပါတယ်။ မြန်မာများရဲ့ အလယ်ဗဟိုဒေသကို ရောက်နေတဲ့သူများဟာ ပြောက်ကျားစစ်ဆင်ရေးမှာ အင်မတန်ထူးချွန်တဲ့ မြန်မာများနဲ့ ရင်ဆိုင်ကြရမယ်လေ။ တူရွင်းတောင်ကလည်း ပြောက်ကျားများအတွက် ခိုအောင်းလို့ ကောင်းပါဘိသနဲ့။ ပြီးတော့ ကြီးမားခန့်ထည်တဲ့ ဂူဘုရားကြီးများကလည်း သူစိမ်းများအတွက် အသွားအလာ အခွာ အဆုတ်ခက်စေသလောက် နယ်ကျွမ်းသူများအတွက် ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ပြီး ဆုတ်ခွာတဲ့အခါမှာ များစွာကောင်းတဲ့ အကာအကွယ်များဖြစ်စေနိုင်ပါတယ်။ ဓမ္မရံကြီးဂူဘုရားဆိုရင် အထက်ဘက်ကို ရောက်အောင်တက်ဖို့ ခက်ပါဘိသနဲ့။ အထက်ရောက်လေလေ တစ်ယောက်ချင်းသာ တက်ရလေလေ၊ ခုခံသူများဘက်က အားသာလေပါပဲ။

မြန်မာနိုင်ငံအလယ်ပိုင်းက ဆုတ်သွားတဲ့မွန်ဂိုတပ်များဟာ မြန်မာကို အာသာငမ်းငမ်းနဲ့ ငဆောင်ချမ်းလို့ခေါ်တဲ့ ယခုခေတ် ဗန်းမော်အနီးဒေသမှာ တပ်စခန်းချနေပါတယ်။ ပုဂံက ကျော်စွာက သူ့ကို ပုဂံမင်းအဖြစ်အသိအမှတ်ပြုဖို့ မွန်ဂိုတို့ထံက တောင်းခံခဲ့ပါတယ်။ ဘာဖြစ်လို့ အဲသည်လိုမသင့်တဲ့ အကြံအစည်နဲ့ အရှက်နည်းတဲ့အလုပ်ကို လုပ်ရသလဲ။ သူဟာ ကောင်းစွာလေ့ကျင့် သင်ကြားခြင်းကို မခံခဲ့ရပါဘူး။ သူ့ထက် အသက်ကြီးတဲ့သူများကသာ နန်းရနိုင်တယ်ဆိုပြီး အငယ်ဆုံးကို လေ့ကျင့်မပေးခဲ့လို့ပဲ ဖြစ်ပါတယ်။ သူကလည်း မထက်မြက်ခဲ့လို့ဖြစ်နိုင်ပါတယ်။ အဲသည်လို သူ့မှာ ကိုယ်ပိုင်အရည်အချင်းကလည်း မရှိ။ ကိုယ်တိုင်လည်း နိုင်ငံကာကွယ်ရေးမှာ အားသွန်ခွန်စိုက် မဆောင်ရွက်ခဲ့ဘဲ မင်းဖြစ်လာတော့ အားငယ်ဟန်တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် အစဉ်အလာကြီးတဲ့ အရှိန်အဝါလည်းကြီးတဲ့ ပုဂံလိုနေရာမျိုးမှာ ထီးနန်းစိုးစံခွင့်ရနေပါလျက် မြန်မာ့ရန်သူများထံက မင်းအဖြစ် အသိအမှတ်ပြုမှုကို တောင်းခံခဲ့တာပါပဲ။ အဲသည်လိုတောင်းခံခဲ့လို့လည်း မြန်မာနိုင်ငံသားမျိုးချစ်တိုင်းရင်းသားများက မြင်စိုင်းအင်အားစုနဲ့ တစ်သားတည်းဖြစ်သွားတာပါပဲ။ အဲသည်နောက် မြင်စိုင်းသားများနဲ့တိုင်းရင်းသားများက ဦးဆောင်ပြီး ကျော်စွာကို နန်းချခဲ့ပါတယ်။ ကျော်စွာလည်း နန်းကျရော ငဆောင်ချမ်းမှာ စခန်းချနေတဲ့ မွန်ဂိုတပ်က မြင်စိုင်းကိုလာပြီး ဝိုင်းတာပါပဲ။

မြင်စိုင်းဆိုတာ တကယ့်ကိုသေးသေးကလေးပါ။ ဘယ်လောက်တောင်မှ သေးသလဲဆိုတော့ 'မြင်စိုင်းသည် အရပ်အနေ မသင့်၊ တောင်ထိပ်တွင် နွားချည်ရ၏'လို့ ရှမ်းညီနောင်သုံးဦးအနက်က အငယ်ဆုံးဖြစ်တဲ့ သီဟသူက ပြောဖူးပါတယ်။ သို့ပေမယ့် မြင်စိုင်းဟာ သူ့ခေတ်နဲ့သူ ရှမ်းပြည်နယ်တောင်စဉ်တောင်တြောအထပ်ထပ်ရဲ့ တောင်ကြားဝင်ပေါက်ကို ဆီးဆို့ပြီး တည်ထားတဲ့ ခံတပ်မြို့ဖြစ်တဲ့အတွက် အရေးကြီးပါတယ်။ အဲသည်လိုသေးငယ်ပေမယ့် အရေးကြီးတဲ့ လူနည်းပေမယ့် သတ္တိသွေးနဲ့ စွေးစွေးနီနေတဲ့ သံမဏိနှလုံးသားရှိသူများ စုစည်းပြီးဖြစ်နေတဲ့ မြင်စိုင်းဟာ အုံလိုက်ကျင်းလိုက် ဝရုန်းသုန်းကားချီတက်လာတဲ့ မွန်ဂိုများ လာရောက်တိုက်ခိုက်တာကို ခံခဲ့ရပါတော့တယ်။

မွန်ဂိုများလို စစ်တိုက်တော်တဲ့ လူမျိုးများဟာ အောင်ပွဲတွေနွှဲခဲ့တာ အခါခါပါပဲ။ မြန်မာကို မကျူးကျော်မီကရော ကျူးကျော်ပြီးမှရော အခြားတိုက်ပွဲတိုင်းမှာ သူတို့ကသာ နိုင်ခဲ့ကြတာပါပဲ။ သူတို့ကတော့ အနိုင်ကိုသာ မျှော်လင့်ပြီး မြင်စိုင်းကို လာခဲ့မှာ သေချာပါတယ်။ မြန်မာနိုင်ငံသားများကတော့ နိုင်ငံကိုကာကွယ်ရာမှာ လူနည်းခြင်း များခြင်းသည် ပမာဏမဟုတ်၊ သေနင်္ဂဗျူဟာ မှန်ကန်ဖို့ရာသာ အရေးကြီးတယ်ဆိုတဲ့စိတ်၊ စုစည်းညီညာ အောင်ကြောင်းသာဆိုတဲ့စိတ်နဲ့ တိုက်ခိုက်ကြစမြဲဆိုတော့ ငါတို့ အသက်ရှင်နေသရွေ့ "တစ်မှုန့်မြေစာ တစ်လျှာပန်းပြောက် တစ်ပေါက်ရေစက် ငါတို့လက်မှ ရန်သူရလျှင် မြန်မာ့သမိုင်း ရိုင်းတော့မည်"ဆိုတဲ့ စိတ်ထားအပြည့်နဲ့ တိုက်ခိုက်ခဲ့ပါတယ်။ အဲသည်လိုတိုက်ခိုက်ခဲ့လို့ ဖြစ်ပေါ်ခဲ့တဲ့ ခေတ်ပြိုင်မြင်ကွင်းကို မြင်စိုင်းမြို့ဖွဲ့ကာချင်းလို့ခေါ်တဲ့ ကာချင်းထဲမှာ ဖတ်နိုင်ပါတယ်။ ရေးစပ်သူကတော့ ငါးစီးရှင်ကျော်စွာ ဖြစ်ပါတယ်။ တစီးရှင် သီဟသူရဲ့သားတော် ဖြစ်ပါတယ်။



အဲသည်ကာချင်းမှာ 'လင်းပြင်ပြည့်မျှ ငှက်လင်းတ ကျ၏လောလတိုင်း လတိုင်း'ဆိုတဲ့ စာစပ်ကလေးတစ်ခုပါပါတယ်။ သဘောကတော့ ဟိုဘက်သည်ဘက် ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ကြတာ နှစ်ဘက်စလုံးက အကျအဆုံးများတယ်။ ငှက်လင်းတဆိုတာက လူသေအသားပုပ်မှ စားတဲ့ငှက်တွေလေ။ အဲသည်လို မြို့တစ်ခွင် မြင်မကောင်းလောက်အောင် ကျဆုံးသူများပြားနေပေမယ့် မြင်စိုင်းမြို့ မကျခဲ့ပါဘူး။ နိုင်ငံ့သားကောင်းများစွာဟာ အမိမြေကို ကိုယ့်အသွေးအသားနဲ့လဲပြီး ကာကွယ်သွားခဲ့ကြတာကြောင့် မွန်ဂိုများလို ရောက်ရာအရပ်မှာ တိုက်တိုင်း အောင်ခဲ့တဲ့သူများ မြန်မာ့နယ်နိမိတ်ကနေ အပြီးတိုင် တပ်ရုပ်သွားခဲ့ကြရပါတယ်။ မြင်စိုင်းအပါအဝင် မြန်မာနိုင်ငံဒေသအနှံ့အပြားကလူတွေ ကျဆုံးခဲ့ကြမှာပါပဲ။ အိမ်တိုင်းက အမျိုးသမီးတွေ သားသေ လင်ဆုံး ဖြစ်ခဲ့ကြမှာပါပဲ။ အိမ်တိုင်းက ကလေးတွေရဲ့မွေးသဖခင်များ ဆုံးခဲ့ကြမှာပါပဲ။ မိအိုဖအိုတွေ မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ကြရမှာပဲ။ သို့ပေမယ့် ငါ့သားဟာ မွန်ဂိုတွေနဲ့ အသက်ချင်းလဲပြီး အမျိုး ဘာသာ သာသနာကို ကာကွယ်သွားတာပဲလို့ ဂုဏ်ယူစကားပြောခဲ့ကြမှာပဲ။ မွန်ဂိုတွေလို အင်အားကြီးတဲ့ ကျူးကျော်သူများကို တွန်းလှန်လိုက်တဲ့ အဲသည်မြင်စိုင်းအင်အားစုဝင်များဟာ ယခုခေတ်မြန်မာနိုင်ငံသားများရဲ့ ဘိုးဘေးဘီဘင်များဖြစ်ပါတယ်။ သူတို့ရဲ့အသက်သွေးနဲ့လဲပြီး ပေးခဲ့တဲ့သည်မြေဟာ တန်ဖိုးမဖြတ်နိုင်ပါဘူး။ မြေကို အမွေပေးခဲ့တယ်ဆိုတာဟာ သိက္ခာကို အမွေပေးခဲ့တာပါပဲ။

အဲသည်လို လူ့ဘဝ လူ့အသက် လူ့စွမ်းရည်ဆိုတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့အရာများနဲ့စက်ပြီး နိုင်ငံက တစ်လျှာပန်းပြောက် တစ်ပေါက် ရေစက်ကမှ သူ့လက်မရောက်အောင် ကြိုးစားခဲ့ပြီးတဲ့နောက် မွန်ဂိုများဟာ သူတို့ဘက်ကစပြီး အရေးတောင်းခဲ့ပါတယ်။ စစ်ပြေငြိမ်းပြီးမှ ပြန်လိုတယ်ပေါ့။' သို့မဟုတ်လို့ သူတို့အဆုတ်မှာ မြန်မာများက နောက်ကနေလိုက်တိုက်ရင် မြန်မာမြေပေါ်မှာပဲ သူတို့တပ်အားလုံး ပြုတ်ပြုတ်ပြုန်းသွားနိုင်ပါတယ်။ မွန်ဂိုများ ပြန်သွားပြီးတဲ့နောက်မှာတော့ စောနစ်အမည်နဲ့ ပုဂံမှာ မင်းတစ်ပါးရှိနေပေမယ့် နိုင်ငံရဲ့အင်အားစုများ စုစည်းမိတဲ့နေရာက မြင်စိုင်းဖြစ်သွားခဲ့ပါပြီ။ အဲသည်မြင်စိုင်းက ခံတပ်မြို့ကလေးဖြစ်တဲ့အတွက် နိုင်ငံတစ်နိုင်ငံ ဗဟိုပြုရာဒေသ မဟုတ်နိုင်တော့ပါဘူး။ အဲသည်အချိန်မှာ သီဟသူက မြို့ကွက်သစ်ကို ရှာခဲ့ပါတယ်။

www.burmeseclassic.com



အဲသည်မြို့ကွက်သစ်ကို ရှာတဲ့ခေတ်ကြောင်းက ရှည်ပါတယ်။ အင်းဝနေပြည်တော်အဖြစ် လေးကြိမ်တိုင်တိုင်ဖြစ်ခဲ့တဲ့နေရာမှာ ပထမဦးဆုံးတည်တဲ့အခါ မြို့ဟာ လေးကြိမ်တိုင်တိုင် တည်ပြီးပြီးချင်းဆိုသလို ပျက်ခဲ့ပါတယ်။ အဲသည်လိုဖြစ်လို့ မြို့မတည်နိုင်ရင်လည်း မဖြစ်ပါဘူး။ မြို့ကွက်သစ်ကိုရွေးပြီး ဝိဇယပူရ ဆိုတဲ့အမည်နဲ့ တည်ခဲ့တဲ့မြို့က လူအများအနေနဲ့ ပင်းယလို့ခေါ်ဆိုခဲ့ကြလို့ ပင်းယခေတ်လို့ လူသိများတဲ့မြို့တော်တစ်ခုဖြစ်ခဲ့ပါတယ်။ ပင်းယခေတ်ကလည်း ၅၃ နှစ်မျှသာ မြို့သက်ရှည်ခဲ့ပါတယ်။

အဲသည်လို တိုတောင်းတဲ့မြို့ကလေးအကြောင်းဟာ မြန်မာ့သမိုင်းစဉ်ထဲမှာ ဘယ့်ကလောက်မှ အရေးမကြီးဘူးလို့ ထင်ရင်တော့ မှားပါလိမ့်မယ်။ ဥပမာအဖြစ် တင်စားပြောဆိုရရင်ဖြင့် လှပတဲ့စိန်ဘယက်လို ရတနာလက်ဝတ်တန်ဆာများမှာ ရွှေကွင်းသေးသေးကလေးများဟာ အပွင့်အခက် ထုထည်ကြီးများကို လှပစေဖို့ ဆက်စပ်ပေးထားတဲ့ ပဓာနအလုပ်ကို ဆောင်ရွက်ရတဲ့ အစိတ်အပိုင်းငယ်ကလေးများ ဖြစ်ပါတယ်။ အဲသည်အစိတ်အပိုင်းငယ်ကလေးတစ်ခု ပြုတ်သွားတယ်ဆိုရင် လက်ဝတ်ရတနာတစ်ခု ပျက်သွားမှာပါပဲ။

နိုင်ငံကြီးတစ်နိုင်ငံ သုဉ်းသွားတဲ့အချိန်မှာ မိမိတို့မြေကို ဆက်လက်ပြီး တံခွန်အလံစိုက်ကာ နေရာဆက်ပြီးယူထားရမှာက နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်ပါတယ်။သမိုင်းစဉ်မှာ နေရာယူတယ်ဆိုတာ တာဝန်လည်းသိတဲ့ သတ္တိလည်းရှိတဲ့ စွမ်းလည်းစွမ်းတဲ့ သူများသာ လုပ်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ သီဟသူက မွန်ဂိုကိုတွန်းလှန်တဲ့အချိန်တုန်းကတော့ မြင်စိုင်းမှာ အင်အားစုစည်းခဲ့တာကိုး။ သို့ပေမယ့် နိုင်ငံတော်ကြီးတစ်ခု တည်ထောင်တော့မယ်ဆိုတဲ့အခါမှာ အရပ်အနေသင့်တဲ့နေရာကို ရွေးရပါမယ်။ သူရွေးတဲ့နေရာက နေရာကောင်းပါတယ်။ သို့ပေမယ့် မြို့တည်လို့မရလောက်အောင် ဖြစ်ခဲ့ပါတယ်။ တစ်နည်းဆိုရင်တော့ ပထဝီဝင်အခြေအနေကို ထိန်းသိမ်းနိုင်ခြင်း မရှိသေးလို့ မြင့်တဲ့တောင်ဘက်အရပ်မှာလာပြီး ပင်းယမြို့တည်ရတာ ဖြစ်ပါတယ်။

ပင်းယမြို့ဟာ သေးငယ်ပါတယ်။ မြို့သက်တိုပါတယ်။ သို့ပေမယ့် နောင်တစ်ခေတ်မှာ ပေါ်ပေါက်လာမယ့် နိုင်ငံတော်များကို ပေါင်းကူးပေးတဲ့ တစ်နည်းဆိုရင် ဆက်သွယ်ပေးထားတဲ့ ကွင်းဆက်ပမာ ဖြစ်ခဲ့ပါတယ်။ အချို့သော သမိုင်းဆရာများက ပုဂံနိုင်ငံတော်အကျမှာ ပေါ်လာတဲ့ မြို့နိုင်ငံ



ကလေးများကို ကွဲပြားနိမ့်ကျသော ပဒေသရာဇ်နိုင်ငံများလို့ ကင်ပွန်းတပ်ခဲ့ပါတယ်။ ကွဲပြားပေမယ့် မနိမ့်ကျဘူးလို့ ကျွန်မက စောဒကတက်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်ကြီးတစ်ခုနဲ့တစ်ခုကြားမှာ ကိုယ်ပိုင်နိုင်ငံဆိုတဲ့ ဂုဏ်သိက္ခာကို ထိန်းထားပေးတဲ့ မြို့နိုင်ငံများ ဖြစ်လို့ပါပဲ။

ကျွန်မတို့ မြန်မာနိုင်ငံဟာ အခုအချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပါတယ်။ အဲသည်လို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသာဖြစ်ပေမယ့် ကျွန်မတို့ဟာ ကိုယ့်မြေပေါ်မှာ ကိုယ်ရပ်တည်ရှင်သန်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ရဲ့အစဉ်အလာဟာ အားကောင်းပါတယ်၊ ကျွန်မတို့ရဲ့ယဉ်ကျေးမှုဟာ မြင့်မားပါတယ်။ ကျွန်မတို့မှာကိုယ်ပိုင်ဟန် ကိုယ်ပိုင်ဓလေ့ရှိပါတယ်။ အဲသည်လိုပြည့်စုံမှုတွေ ရှိနေတဲ့ကြားက သူများနဲ့အမီမလိုက်နိုင်တာဟာ ကျွန်မတို့လူမျိုးရဲ့ ပင်ကိုအရည်အချင်းက ညံ့လို့လား။ အဲသည်အချက်ကိုတော့ လူအများစုက လက်ခံမှာမဟုတ်ပါဘူး။ တချို့ကတော့ ပညာရေးစနစ်ကိုက ဘယ်လိုဖြစ်နေတာစသည်ဖြင့် အပြစ်ဘယ်လိုရှာရမယ်၊ အပြစ်ကို ဘယ်သူ့အပေါ် ပစ်တင်ရမယ်ဆိုတာကို တွေးတောတတ်တာ အကျင့်ပါနေပါပြီ။

တကယ်တော့ ကိုယ်ပိုင်မြေ ရှိတယ်၊ ကိုယ်ပိုင် အစဉ်အလာရှိတယ်၊ သယံဇာတကြွယ်ဝမှုလည်း ရှိနေသေးတယ်၊ တကယ်တမ်း ညီညာဖျဖျကြိုးစားလိုက်ကြရင် အရှိန်ရှိပြီးသားပဲ၊ အဟုန်နဲ့တက်သွားရမှာပေါ့။ တကယ်တမ်း ခြေစုံရပ်ပြီး ဒါကျွန်တော်တို့ ကျွန်မတို့ ဘိုးဘွားစဉ်ဆက်က နေလာခဲ့တဲ့နိုင်ငံပါရှင်၊ နိုင်ငံပါဗျာလို့ပြောနိုင်တဲ့ ဂုဏ်ရှိပြီးသားပဲ။ ညံ့တဲ့သူတွေလည်း မဟုတ်ဘဲနဲ့ တွေဝေမနေကြပါနဲ့တော့၊ တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ ရတနာစစ်ကို ပိုင်ဆိုင်သူများဖြစ်ပါလျက်နဲ့ အားမလျှော့ကြပါနဲ့။ မိမိဟာ လူ့အောက်သူ့အောက် အကျခံစရာမလိုတဲ့သူ ဖြစ်တယ်ဆိုတာကို စွဲမြဲစွာ မှတ်သားစဉ်းစားပြီး လုပ်ရမယ့်အလုပ်က မိမိထမ်းဆောင်နေရတဲ့ တာဝန်များကို ကျေကျေပွန်ပွန် ဆထက်တပိုးတိုးပြီး ကြိုးစားထမ်းဆောင်တတ်ဖို့ လိုတာပါပဲ။

အသက်သွေးကို စတေးပြီး မိမိတို့ကို သိက္ခာရှိစွာ နေထိုင်နိုင်ဖို့ ကိုယ်ပိုင်မြေပေးသွားတဲ့ ဘိုးဘွားများရဲ့ကျေးဇူးဂုဏ်ကို ပြန်လည်စဉ်းစားလိုက်ရင် နိုင်ငံတိုးတက်ဖို့ သာယာဖို့ ခန့်ထည်ဖို့ဆိုတာ ကိုယ်ရောသူပါ ညီညာပြီး ကြိုးစားလိုက်ရင် အောင်မြင်ရမှာ မခက်ပါဘူး။ စာမျက်နှာကို ထောင်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



ပျူကစကာ ပင်းယလောက်အထိသာ ပြောခဲ့ပေမယ့် ကျွန်မတို့မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တစ်လျှောက်မှာရော၊ ပြည်တွင်းဆူပူသောင်းကျန်းမှုကို နှိမ်နင်းရာမှာရော၊ ပြည်ပကျူးကျော်မှုတွေကို (လွတ်လပ်ရေးရပြီးသည်အထိ) တွန်းလှန်ရတဲ့အခါမှာရော ဘယ်သူ့ကိုမှ အောက်ကျို့တောင်းပန်ပြီး အကူအညီမယူခဲ့ရပါဘူး။ ကျွန်မတို့မြန်မာညီနောင်သားချင်းများ စုစည်းပြီး ပြန်လည်တွန်းလှန်ခဲ့ကြတာပါပဲ။

သူများဆီက အကူအညီတောင်းကျင့်ရှိရင် အခုတလော ကြည့်နေရတဲ့သတင်းထဲက အရှေ့အလယ်ပိုင်း နိုင်ငံတစ်နိုင်ငံလို ဖြစ်သွားပါလိမ့်မယ်။ အားနာလို့ နိုင်ငံ့အမည်ကို မထည့်လိုက်ပေမယ့် သိကြမှာပါပဲ။ တစ်ခါခေါ် နှစ်ခါခေါ် နောက်ပိုင်းကျတော့ ဘယ်သူကမှ မခေါ်ရင်လည်း တပ်ထောင်တာဗိုလ်ထုနဲ့ ဟိုကဝင် သည်ကဝင် ဝင်ကြလို့ ကိုယ့်ဘာသာကိုယ် ရှင်းနိုင်တဲ့ပြဿနာများကို ရှင်းမယ်ကြံတုန်း အပြင်လူအချင်းချင်း ပစ်ကြခတ်ကြသတ်ဖြတ်ကြတဲ့အထဲ ကိုယ့်ပြည်တွင်းက လူတွေဟာ ဘုမသိဘမသိနဲ့ အရေအတွက် တိတိကျကျ မသိနိုင်လောက်အောင် သေကြပါတယ်။

ကျွန်မဟာ နိုင်ငံတကာရေးရာသတင်းများကို နေ့စဉ်ကြည့်ပါတယ်။ စာရေးတဲ့သူ၊ စာသင်တဲ့သူဆိုတာ သိသင့်တာကို စုရတာကိုး။ အဲသည်လိုကြည့်ရင်းနဲ့ ဩော် ဒို့ဘိုးဘွားများက ဒို့ကိုနိုင်ငံတစ်နိုင်ငံကို တံခွန်အလံစိုက်ပြီး ဟောဒါကဖြင့် ငါတို့မြေပဲကွဲ့လို့ ပေးခဲ့ရုံမကပါပဲကလား၊ ကိုယ့်ကိစ္စကို ကိုယ့်အင်ကိုယ့်အားနဲ့ ကိုယ့်ဘာသာဖြေရှင်းတတ်တဲ့ အလေ့အကျင့်ကောင်း၊ တစ်နည်းဆိုရင် စရိုက်ကောင်းကိုပါ ပေးခဲ့တာပါကလားလို့တွေးပြီး လက်အုပ်ချီလိုက်မိပါတယ်။ ကိုယ့်မြေကိုယ့်ရေကို ကမ္ဘာတည်သရွေ့ ပိုင်ဆိုင်ရုံသာမက တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့ဆိုတာ မျိုးဆက်တိုင်းရဲ့ တာဝန်ဖြစ်တယ်ဆိုတာကို တင်ပြရင်း နိဂုံးချုပ်ပါတယ်။

## *ကြည်း ရေ လေ အင်အားမချို့ပါတဲ့ မြန်မာပြည်*

စာရေးသူဟာ မြန်မာနိုင်ငံတော်ကနေ ပညာသင်အဖြစ် ဆိုဗီယက်မှာ ငါးနှစ်တာ သွားပြီးနေရစဉ်က အကြောင်းကလေးတွေကို ပြန်လည်တင်ပြလိုပါတယ်။

မြန်မာစကားမှာ နီးတကျက်ကျက် ဝေးတသက်သက်ဆိုတဲ့စကား ရှိပါတယ်။ နီးနီးစပ်စပ်နေကြရတဲ့ကာလမှာ ချစ်ခင်ခြင်းကို ကောင်းစွာသတိမထားမိပေမယ့် အနေမနီးတော့တဲ့ကာလမှာမှ တသက်သက်ဆွေးတတ်လွမ်းတတ်ကြတဲ့ လူ့သဘာဝကို ဖေါ်ကျူးတဲ့စကားဖြစ်ပါတယ်။

ဆိုဗီယက်မှာနေကြရတဲ့ကာလတုန်းက အလုပ်များတာကြောင့် အိမ်ကိုလွမ်းပေမယ့် ဆွေးဖို့အချိန်မရခဲ့ပါဘူး။ အများနဲ့အတူနေတဲ့အခါမှာ ရုရှစကားသွက်လက်ချက်ချာစွာ ပြောတတ်အောင် အချင်းချင်းစကားပြောကြဖို့ ဆရာမတွေ ဆရာတွေက တိုက်တွန်းပါတယ်။ ပြောချင်တဲ့ဘာသာရပ်ကို စိတ်ကြိုက်ရွေးချယ်ပြီး ပြောခိုင်းပါတယ်။

စိတ်ကြိုက်ရွေးချယ်လိုက်ကြတာကတော့ "ဒို့နိုင်ငံ" ဆိုတဲ့အမည်ဖြစ်ပါတယ်။

ကျွန်မတို့အုပ်စုထဲမှာ စစ်သားစစ်ဗိုလ်ခံနေရတဲ့သူများလည်း ပါပါတယ်။ ကျောင်းသား ကျောင်းသူတိုင်း မိမိတို့နိုင်ငံအကြောင်းကို ကြိုက်တဲ့ရှုထောင့်ကနေပြီး ချဉ်းကပ်ပြောဆိုနိုင်ကြသလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်မေးခွန်းများလည်း မေးနိုင်ကြပါတယ်။ အဲသည်အချိန်က ကျောင်းသားအချင်းချင်း ပြောဆိုတဲ့စကားက ရုရှစကားဖြစ်ပါတယ်။ စကားဝိုင်းမှာတော့ လူမျိုးစုံပါဝင်ပါတယ်။

ကျွန်မက စကားများများပြောတတ်တော့ သူများတွေကို စကားပြောဖို့အခွင့်အရေးကို အရင်ပေးလိုက်ပါတယ်။

ပထမဆုံး စကားပြောတဲ့သူကတော့ ဘူရွန်ဒီနိုင်ငံက အသားမည်းပေမယ့် အလွန်ပျော့ပျောင်းချိုသာတဲ့ ဘွဲ့ကြိုကျောင်းသားတစ်ယောက်ဖြစ်ပါတယ်။

www.burmeseclassic.com



သူက ကျွန်တော်ဖြင့်ဗျာ ပြောသာပြောရမယ်၊ အားက သိပ်မရှိဘူး။ အပြောကျယ်တဲ့ ကျွန်တော်တို့ရဲ့အာဖရိကတိုက်ကြီး အလယ်ပိုင်းလောက်မှာ နေပြီး အာဖရိကတိုက်ကြီးက သရော်လှောင်ပြောင်နေသလို ဖြစ်နေတာက ဘူရွန်ဒီဆိုတဲ့ ကျွန်တော့်မွေးရပ်မြေ ဖြစ်ပါတယ်ခင်ဗျာ။ အာဖရိကတိုက်ကြီးနဲ့ယှဉ်လိုက်ရင် ဘူရွန်ဒီဟာ အစက်ကလေးတစ်စက်လောက်သာ ရှိပါတယ်။ ဘူရွန်ဒီကို အုပ်ချုပ်သူက မင်းသားတစ်ပါး ဖြစ်ပါတယ်ခင်ဗျာ၊ အဲသည်မင်းသားက ကျွန်တော်မဟုတ်ဘူးဆိုတာကိုတော့ ထည့်ပြောစရာ မလိုပေမယ့် ရှုရှစကား နှုတ်ရည်သွေးတဲ့အနေနဲ့ ပြောဖြစ်အောင် ပြောလိုက်ပါရစေလို့ပြောရင်း နိဂုံးချုပ်ပါတယ်။ အဲသည်ကျောင်းသားကလေး စကားအဆုံးသတ်တဲ့နေရာမှာ အားလုံးက လက်ခုပ်တီးပြီး ဩဘာပေးကြပါတယ်။

တစ်ယောက်ချင်းပြောသွားပြီးတဲ့အခါမှာ ကျွန်မအလှည့်ကို ရောက်ပါတယ်။ ကျွန်မက မြန်မာပြည်ကထွက်ကတည်းက မြန်မာမြေပုံနဲ့ ပုဂံက မြတ်စွာဘုရားများပုံကို အသင့်ယူသွားပြီးသားဆိုတော့ ပုံတွေလည်းပြပါတယ်။ အဲသည်လို ပုဂံကမြတ်စွာဘုရားများရဲ့ပုံကို ပြသတဲ့အခါ ခေါင်းတွေ အငြိမ်မနေနိုင်အောင် ဟိုဘက်က စောင်းကြည့်၊ သည်ဘက်ကစောင်းကြည့်နဲ့ နေတဲ့ကြတဲ့သူငယ်ချင်းတွေထဲက ငုယင်တုယက်မင်းဆိုတဲ့ ဗီယက်နမ်မကလေးက နင်တို့ဆီမှာတော့ ရှေးဟောင်းအမွေအနှစ်တွေ ကျန်သေးတာပေါ့။ ငါတို့မှာတော့ စစ်ဘေးစစ်ဒဏ်ကြောင့် မကျန်သလောက် ဖြစ်နေပါပြီဟယ်လို့ ပြောရှာပါတယ်။ ကျွန်မတို့အားလုံးလည်း စိတ်မကောင်းပါဘူး။ အဲသည်အချိန်က အသက်၂၀ ကျော်ကျော်ဆိုတော့ ကလေးစိတ်တွေကလည်း မပျောက်တတ်သေးပါဘူး။ ပတ်ဝန်းကျင်က စာသင်နေတဲ့ပတ်ဝန်းကျင်ဆိုတော့ စိတ်တွေကလည်း စာထဲမှာ ကျက်စားနေကြတာကိုး။ အဲသည်တော့ တစ်ယောက်က စစ်ကြီးပြီးစ ငုယင်တုယက်မင်းတို့နိုင်ငံမှာ ရှေးဟောင်းအဆောက်အဦးများ ပြန်လည်တည်ဆောက်ပေးရင် ဒို့လည်းပါမယ်လို့ ကြွေးကြော်လိုက်ပါတယ်။ စာရေးသူကလည်း အေး ဒို့လည်းပါမယ်လို့ ဝင်ပြီးကြွေးကြော်ခဲ့ပါတယ်။

ကျွန်မက မြန်မာနိုင်ငံဟာ သဘာဝလောကကြီးရဲ့ မျက်နှာသာပေးမှုကို ခံယူရတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ တစ်ဖက်တစ်ချက်မှာ ကျောက်သားတောင်တန်းကြီးများက ကာရံပေးထားပြီး



မြန်မာနိုင်ငံအလယ်ပိုင်းကို အလျားလိုက်ဖြတ်ပြီး စီးတဲ့မြစ်ကြီးတစ်စင်းလည်း ရှိပါတယ်။ အဲသည်မြစ်ကိုကြီးလို့ ဧရာဝတီလို့ခေါ်ပါတယ်။ ဧရာဝတီမြစ်ထဲ စီးဝင်တဲ့မြစ်လက်တက်များက ဘယ်မှာမြစ်ဖျားခံသလဲသိလား၊ ငါတို့ဆွေမျိုးတွေဖြစ်တဲ့ ကချင်လူမျိုးများနေထိုင်တဲ့ ကချင်ပြည်နယ်မှာပေါ့လို့ ကျွန်မက ပြောပါတယ်။

အဲသည်နောက်တော့ ရေမြေသဘာဝကောင်းမွန်တဲ့အတွက် စားရေးအတွက်ရော၊ ဝတ်ရေးအတွက်ပါ လိုအပ်တဲ့ကုန်ကြမ်းများလည်း ရရှိပါတယ်။ ငါတို့ပြည်ဟာ ကိုယ်တိုင်ထုတ်လုပ် ကိုယ်တိုင်ရက်လုပ်ပြီး စားသောက်ဝတ်ဆင် နေထိုင်နိုင်ပါတယ်စသည်ဖြင့် ပထာမမိတ်ဆက်စကားကို ပြောပါတယ်။ တိုင်းတစ်ပါးမှာ စာသင်တဲ့နည်းတွေထဲက ကြိုက်နှစ်သက်တာကတော့ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးခွင့်ရှိတာ ဖြစ်ပါတယ်။

ကျွန်မပြောတာကို နားထောင်ပြီးတာနဲ့ ဆွေးနွေးပွဲက ပြီးသွားတာ မဟုတ်ပါဘူး။ ဆရာမကလည်း ကြီးကြပ်ပြီး ထိုင်နေတာ မဟုတ်ပါဘူး။ အဲသည်ကြားထဲကပဲ ဆွေးနွေးပွဲဟာ တက်တက်ကြွကြွ ဆက်ပြီးသွားနေတာပါပဲ။ ကျွန်မက မြန်မာပြည်မှာကတည်းက တိုင်းရင်းဖြစ်ကို ဝတ်ဆင်လေ့ရှိပါတယ်။ အထူးသဖြင့် တိုင်းတစ်ပါးမှာ ကိုယ့်ဝတ်စုံကို ကိုယ်ဝတ်တာဟာ ဂုဏ်ပိုပြီးတက်တယ်ဆိုတာ ကိုယ်တွေ့ဖြစ်ခဲ့ပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ။ နိုင်ငံရပ်ခြားကိုသွားတဲ့နည်းနဲ့ တိုင်းတစ်ပါးမှာ လုပ်ကိုင်တဲ့အလုပ်ကလည်း ဂုဏ်ရှိစေနိုင်တဲ့အလုပ်ဖြစ်ဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ကျောင်းသားကျောင်းသူအုပ်စုထဲက အများစုက ကျွန်မမြန်ဝတ်ထဘီများကို လုံလုံခြုံခြုံဝတ်တဲ့ ကိစ္စနဲ့ပတ်သက်လို့ သဘောကျကြောင်း၊ လှပကြောင်းကို အများက ပြောကြပါတယ်။

ပြန်ပြောလို့ဖြင့် မဆုံးနိုင်တယ်ဆိုတဲ့ စာတ်ကြောင်းကြီးကို ကြုံတဲ့အခါမှ ဆက်ပါဦးမယ်။ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် မေးကြတဲ့ မေးခွန်းထဲမှာ ရေပြင်နယ်နိမိတ်ဆိုတာ ပါလာပါတယ်။ ကျွန်မကတော့ ငါတို့ရေပြည်နယ်နိမိတ်က သာမန်လောက်သာရှိတာ မဟုတ်ဘူး၊ အရှည်ကြီး ရှိတယ်ဆိုပြီး မြေပုံမှာထောက်ပြပြန်ပါတယ်။ အဲသည်တော့ ဘူရွန်ဒီကျောင်းသားကို ဂျာမန်ကျောင်းသားတစ်ယောက်က သတိရသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ သူငယ်ချင်း၊ မင်းတို့နိုင်ငံက သိပ်သေးတော့ ရေပြင်နယ်နိမိတ် ရှိမှာ မဟုတ်ဘူးနော်'လို့ မေးမေးပြောပြော လုပ်လိုက်ပါတယ်။

အဲသည်အချိန်မှာ ဘူရှန်ဒီနိုင်ငံသား ဒက်ဒဝပ်က စကားပြန်ပြောချင်စောနဲ့ တံတွေးသီးမတတ်ဖြစ်ပြီး 'ရှိတယ်၊ ရှိတယ်။ ငါတို့နဲ့ကပ်လျက်မှာ ဗစ်တိုးရီးယား ရေကန်ကြီးရှိတယ်လေ။ အဲသည်တော့ ငါတို့မှာ ရေပြင်နယ်နိမိတ် ရှိတာပေါ့'လို့ ပြောပါတယ်။ ကျွန်မတို့အားလုံးလည်း လက်ခုပ်တီးပြီး ကောင်းလိုက်တာလို့ ဝမ်းမြောက်ဝမ်းသာ ပြောကြပါတယ်။ အဲသည်မှာတင် ဝေးတာသက်သက်ဆိုတာကို ကောင်းကောင်းမြင်သာပါတယ်။ ကိုယ့်တိုင်းပြည်ကို ကိုယ်ချစ်တာဟာ လူပီသတဲ့ အရည်အချင်းပဲလေ။

အဲသည်လိုစကားဝိုင်းများကလည်း အသိပညာတိုးတက်စေပါတယ်။ စကားကိုလည်း သွက်လက်ချက်ချာစွာ ပြောနိုင်စေခဲ့ပါတယ်။

အဲသည်စကားဝိုင်းမျိုးဟာ စာသင်နှစ်တစ်နှစ်မှာ တစ်ခါလောက်ပဲ ကျင်းပပြီး ပြီးသွားတာမဟုတ်ပါဘူး။ မကြာခဏဆိုသလို ကျင်းပလေ့ရှိပါတယ်။ ဗဟုသုတဖလှယ်နိုင်တယ်။ မိမိရဲ့စကားပြောဆိုမှုကို ပိုမိုသွက်လက်ချက်ချာစေပါတယ်။ အဲသည်တော့ ကျောင်းထဲမှာရော ကျောင်းအပြင်မှာ သာတောင့်သာယာရှိတဲ့ တောစခန်းမှာ အုပ်စုလိုက်သွားရောက်ပြီး ဆွေးနွေးတဲ့အလေ့အကျင့်တွေလည်း ရှိပါတယ်။

ကျောင်းပြင်ပအထိ သွားပြီဆိုတော့ ဆရာတွေလည်း လိုက်ပါလာတာပေါ့။

ကျွန်မတို့ အရှေ့တောင်အာရှမှာ ကျွန်းဆွယ်နိုင်ငံ၊ ကျွန်းနိုင်ငံများလည်း ရှိပါတယ်။ ရေပတ်လည်ဝိုင်းလုမတတ် ဖြစ်နေတဲ့ဒေသတွေအကြောင်းကိုလည်း သက်ဆိုင်ရာကျောင်းသားများက တင်ပြဟောပြောကြပါတယ်။

ကျွန်မကို အထူးတလည် မေးမြန်းကြတာကတော့ မြန်မာနိုင်ငံဟာ ကုန်းတွင်းမှာကျယ်ပြန့်သလို ရေပြင်နယ်နိမိတ်လည်း ပြောပလောက်အောင်ရှိတယ်၊ ဘာဖြစ်လို့ ရေတပ်အင်အား မကြီးမားခဲ့ရတာလဲလို့ မေးတဲ့သူရှိပါတယ်။ ကျွန်မကံကောင်းတာက အလယ်တန်းလောက်ကတည်းက အင်မတန်ထက်မြက်တဲ့ ဆရာများရဲ့အသွန်အသင်နဲ့ အချက်တစ်ချက်တွေ့ရင် မေးခွန်း



ဆယ်ခုထက်မနည်း သိအောင် မေးမြန်းခြင်း၊ မသိသေးရင် စာအုပ်များကို ဖတ်ရှုကာ အဖြေရှာဖွေမိုင်းခြင်း၊ ဆရာများကိုယ်တိုင် မေးတဲ့မေးခွန်းများကို ဖြေဆိုရခြင်းဆိုတဲ့ လေ့ကျင့်ခန်းတွေကြောင့် သူများနိုင်ငံမှာ မေးခွန်းမေးတော့ ဖြေဆိုနိုင်ခဲ့ပါတယ်။

ကျွန်မက ကျွန်မတို့အရှေ့တောင်အာရှနိုင်ငံချင်း ကုန်ကူးသန်းရောင်းဝယ်ခြင်း၊ ယဉ်ကျေးမှုချင်း ပိုမိုနီးစပ်တဲ့နိုင်ငံအချင်းချင်းလည်း ယဉ်ကျေးမှုကို အကြောင်းပြုပြီး ဆက်ဆံခြင်းများ ရှိခဲ့ပါတယ်။

ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် အသုံးပြုတဲ့လှေသင်္ဘောများမှာ လက်နက် အထူးသဖြင့် မီးဖောက်လက်နက်များကို တင်ဆောင်ထားလေ့မရှိပါဘူး။ ကုန်ကိုပဲအထူးပြုပြီး သယ်ဆောင်တတ်ပါတယ်။ နောက်ပိုင်းမှာ လက်နက်တင်တယ်ဆိုရင်တောင်မှ မိမိတို့ကိုယ်ကိုမိမိတို့ ကာကွယ်ဖို့သာ တင်တတ်ကြပါတယ်။

တကယ်တမ်းကုန်သည်သင်္ဘောတွေပေါ်မှာ လက်နက်ကို စတင်တင်ဆောင်သူများက ပေါ်တူဂီများ ဖြစ်ပါတယ်။ သူတို့က ကုန်သည်လိုလိုနဲ့ ပင်လယ်ဓားပြအလုပ်ပါ လုပ်ကိုင်ခဲ့ကြလို့ ဖြစ်ပါတယ်လို့ အစပျိုးပါတယ်။

နောက်တော့ ရေပြင်နယ်နိမိတ် ကျယ်သလို ကုန်းတွင်းမှာလည်း သယံဇာတကြွယ်ဝပြီး လူနေစိပ်တဲ့နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာတော့ ရေတပ်အင်အားက ပေါ်တူဂီများ ရောက်လာတဲ့ကာလလောက်အထိ ပင်လယ်ပြင်ကို စောင့်ရှောက်ဖို့ထက် အရေးကြီးနေတာက မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသမိုင်းကို ဖတ်ရှုရင်း တာဖြစ်လို့ တောင်ပိုင်းက ရေပြင်နယ်နိမိတ်ကြီးကို ပစ်ထားခဲ့တာလဲ။ မြန်မာဘုရင်များက အောက်ပိုင်းမှာ တစ်စတစ်စဝင်လာတဲ့ အနောက်နိုင်ငံသားများကို တွန်းလှန်ဖို့ သတိမထားတာလား၊ သူတို့ရဲ့ကုန်းတွင်းနိုင်ငံကိုပဲ တွယ်တာလွန်းနေလို့လားလို့ မေးပါတယ်။

အနောက်နိုင်ငံမှာ ဘွဲ့လွန်တက်ရတာ သေသေချာချာ စာဖတ်မထားရင် မေးတဲ့မေးခွန်းများကို ဖြေဖို့ခက်သွားနိုင်ပါတယ်။

ကျွန်မ ဖြေတာကတော့ အချိန်ကာလကို သတိထားပြီး လေ့လာရင် အနောက်နိုင်ငံသားများ ဝင်လာကာစက မြန်မာနိုင်ငံအောက်ပိုင်းဟိုသာမက

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယကလွဲရင် အခြားအရှေ့တောင်အာရှနိုင်ငံများကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်မယ့် အခြေအနေကို သိသာအောင် မပြကြသေးပါဘူး။

မြန်မာနိုင်ငံအနေနဲ့လည်း တောင်ပိုင်းထက်မြောက်ပိုင်းက ဝင်ရောက်ကျူးကျော်မယ့်သူများကို သတိထားခဲ့ရတယ်ဆိုတာ ပြင်ပက လေ့လာသူများလည်း သတိထားမိကြမှာဖြစ်ပါတယ်။ ကျွန်မတို့ဘိုးဘေးများက ပိုပြီးသတိထားမိခဲ့ကြပါတယ်။ သတိထားမိလောက်အောင်လည်း ဖြစ်စဉ်များက ပြနေပါတယ်။ အောက်ဘက်ကို အခြားသောယဉ်ကျေးမှုဆိုင်ရာ၊ သာသနာရေးဆိုင်ရာကိစ္စနဲ့ပဲ ဆင်းနေသည်ဖြစ်စေ၊ အထက်ဘက်မှာ အစောင့်အနေအားမနည်းအောင် သတိထားကြရပါတယ်။ နို့မဟုတ်ရင် ဘုရင်မင်းမြတ်များဟာ နိုင်ငံတော်မြောက်ပိုင်းကို ကာကွယ်နိုင်ရေးအတွက် တပ်များကိုဦးဆောင်ကာ ပြန်လည်ကြွချီကြပါတယ်လို့ ကျွန်မက ပြောပြပါတယ်။

အခုရော ဘယ်လိုလဲလို့ မေးတဲ့မေးခွန်းကို ရပ်ပြီး အမောဖြေခွင့်မရအောင် ပေါ်ထွက်လာပါသေးတယ်။ ကျွန်မက အခုတော့ ကာလလည်းပြောင်းသွားပြီလေ၊ နေမဝင်အင်ပါယာကို စိုးမိုးခဲ့ပါတယ်ဆိုတဲ့ သူတွေတောင် ကျွန်မတို့ အရှေ့တောင်နဲ့ အရှေ့အာရှနိုင်ငံများကို စွန့်လွှတ်သွားခဲ့ရပါပြီ။

အဲသည်တော့ ကြည်း လေ ရေ အင်အားများကို ပိုင်ဆိုင်ထားတဲ့ ငါတို့နိုင်ငံသားများက ကိုယ်ပိုင်သမ္ပျကို အစွမ်းအစအားကုန်သုံးပြီး ကာကွယ်ကြမှာဖြစ်ပါတယ်။ ပင်လယ်ရေ မခန်းသရွေ့ ငါတို့ပိုင်ထားသမ္ပျကို လက်မလွှတ်စေရဘူးလို့ ကျွန်မက ပြောပါတယ်။

ကျွန်မသူငယ်ချင်းများက လက်ခုပ်တီးရင်း 'နားထောင်ရတာ မောလိုက်တာဟာ နင်တော်တော့်ကိုလေရှည်တယ်'လို့ စကြ နောက်ကြပါတယ်။ ကျွန်မက လက်သီးဆုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ မြှောက်ပြပြီး ဒါတောင်မှ ပါးစပ်နဲ့ပဲပြောသေးတာနော်လို့ ရယ်ရယ်မောမောနဲ့ ဖြေလိုက်ရပါတယ်။

၁၉၆၉ ခုနှစ်က မြန်မာပညာသင်တစ်ယောက်အနေနဲ့ ဆိုဗီယက်မှာ ဆုံခဲ့တဲ့ နိုင်ငံတကာက သူငယ်ချင်းများကို ပြောခဲ့တဲ့စကား ဖြစ်ပါတယ်။

အဲသည်စကားဟာ ယခုတိုင် ပျက်ပြယ်မသွားပါဘူး။ စကားအဖြစ်လောက်သာ ပြောခဲ့တာမဟုတ်ပါဘူး။ ကိုယ်မြေကိုယ့်ရေအဖြစ် သတ်မှတ်ထားတဲ့ အဝန်းအဝိုင်းကို ပိုင်ဆိုင်တဲ့သူတိုင်းဟာ မိမိပိုင်မြေကို လက်ဆုပ်



မဖြေစတမ်း ဆုပ်ကိုင်ထားနိုင်ရပါမယ်။ မြန်မာစကားကို ကောင်းစွာနားလည်ထားတဲ့သူတိုင်း စာရေးသူ ဘာကိုဆိုလိုတယ်ဆိုတာ သိကြမှာ ဖြစ်ပါတယ်။ သည်မြေ သည်ရေ ဒီဒေသကို လွယ်လွယ်နဲ့ရခဲ့တာ မဟုတ်ပါဘူး။ အသက်ပေါင်းများစွာ စတေးပြီး အမိမြေရဲ့တည်နေဟန် မပျက်ယွင်းရအောင် ကြိုးစားသွားတဲ့ အသက်သွေးကို စတေးသွားကြတဲ့သူများ၊ နိုင်ငံ့ပုံရိပ်ကို ထိန်းသွားတဲ့သူများဟာ ကျွန်မတို့ဘိုးဘေးတွေဖြစ်တယ်၊ ကျွန်မတို့ ရပ်နေသည်ဖြစ်စေ၊ လဲလျောင်းနေသည်ဖြစ်စေ ကျွန်မတို့တည်နေရာအောက်မှာ ဘိုးဘွားများရဲ့ အသွေးအသား အရိုးများကို စတေးထားတယ်ဆိုတာ မေ့လို့မဖြစ်ပါဘူး။ ဘာဖြစ်လို့ သူတို့ ရိုးမြေကျခဲ့ရတာလဲ၊ လွတ်လပ်တဲ့ဒေသတစ်ခုကို အမွေပေးခဲ့ဖို့ပါပဲ။

ဘိုးဘွားများရဲ့ကျေးဇူးကို သိတတ်ဖို့ ရဲစိတ် ရဲမာန် ရှင်သန်အောင် မွေးကြပါစို့။

www.burmeseclassic.com

www.burmeseclassic.com

## လူအမျိုးမျိုး နတ်အဖုံဖုံနှင့် ကြုံတဲ့အခါ

*လုပ်ငန်းခွင်တစ်ခုကို ဦးစီးဦးကိုင်လုပ်ရမည့်သူသည် လုပ်ငန်းကို စနစ်တကျ စည်းကြပ်နိုင်ရမည်။ ဦးဆောင်နိုင်ရမည်။ လုပ်ငန်းခွင် ပိုမိုတိုးတက်အောင် မိမိ၏လုပ်ငန်းခွင်အဆင့်ဆင့်တွင် တာဝန်ယူနေကြသောသူများ၏ အရည်အချင်းကို မြှင့်တင်ပေးနိုင်ရမည်။ ထိုတာဝန်များကို ပြည့်ဝစွာတာ ဝန်ယူနိုင်ရမည် ဖြစ်သည်။*

ဒီလိုစာများကိုရေးလိုက်လို့ ဆရာလုပ်လိုက်တာလို့ မထင်ကြစေချင်ပါဘူး။ လုပ်ငန်းအမျိုးမျိုးမှာ လူတွေက အမျိုးမျိုးရှိပါတယ်။ အထူးသဖြင့် တူညီတာကတော့ တတ်နိုင်သမျှ ခိုမယ်၊ ကပ်မယ်။ ရနိုင်သမျှ ယူမယ်ဆိုတဲ့ လူအမျိုးအစားတွေ များလာပါတယ်။ စာရေးသူ အောက်မှာဖော်ပြမယ့်သူကတော့ လူကလည်း တောသားဖြစ်တဲ့အပြင် တော်တော်ညံ့တဲ့အတွက် လူကြီးတစ်ယောက်ယောက်နဲ့ ခင်မင်တဲ့သူကိုအကြောင်းပြုပြီး ကပ်ရပ်ပြောဆိုလိုက်ရင် လိုတာရနိုင်တယ်လို့ အသားလွတ်ထင်နေတာဖြစ်ပါတယ်။ စာရေးသူတွေ့ဖူးတဲ့ လုပ်ငန်းခွင်ကလူငယ်တချို့ကလည်း တယ်ပြီးနှုတ်ရေး စကားတတ်ပြောဆိုတတ်ကြပေမယ့် အလုပ်လုပ်ရင်တော့ တလွဲချည်းပါပဲ။ အလုပ်လုပ်ရမယ့်အစား စကားပြောနေတာတို့ တာဝန်မဲ့နေလို့ သတိပေးရင် သူ့တာဝန်မဟုတ်ဘူးလို့ ပြောတတ်တဲ့သူတွေလည်း ရှိပါသေးတယ်။ အဲသည်လိုလူမျိုးတွေများလာလေလေ၊ နိုင်ငံရဲ့တိုးတက်မှု ဆုတ်ယုတ်လေလေ ဖြစ်တတ်ပါတယ်။

အဲဒါကြောင့် ကိုယ်တာဝန်ယူရမယ့် လုပ်ငန်းခွင်ထဲက လူတွေကို သူတို့ဘာသာသူတို့ မှန်ကန်စွာ တွေးတောလုပ်ဆောင်တတ်လာအောင် သတိထားပြီး လုပ်ငန်းခွင်မှာ စည်းကြပ်ပေးဖို့၊ သူတို့အတုယူနိုင်လောက်အောင် ကိုယ်က ဦးဆောင်လမ်းပြဖို့ သိပ်အရေးကြီးနေပြီဖြစ်လို့ ပြောမိတာဖြစ်ပါတယ်။

တချို့သောသူများက အလုပ်လုပ်တဲ့နေရာမှာ ကြိုးစားသူ၊ ကြိုးစားလို့ ထက်မြက်သူ၊ အလုပ်လုပ်တဲ့နေရာမှာ လူကြီး လိုချင်သလို လုပ်ပေးနိုင်သည်



အထိ အကောင်းပါးသူများ တက်သွားရင် ဘယ်လိုထိုးချရမလဲလို့ စဉ်းစားလုပ်ကိုင်တတ်ကြပါတယ်။ အဲသည်လိုမဖြစ်အောင်လည်း သတိထားပြီး နေတတ်ထိုင်တတ် ပြောဆိုတတ်အောင် မိမိဦးဆောင်ရတဲ့သူများကို သင်ကြားပေးဖို့လည်းလိုအပ်ပါတယ်။

တချို့သောလုပ်ငန်းခွင်မှာ အဲသည်လိုစာသားကို ဖတ်ကြည့်ရုံနဲ့ စိတ်တက်ကြွလာမယ့်အစား၊ စိတ်ဓာတ်ကျသွားကြသူများလည်း ရှိနိုင်ပါတယ်။ ရှိတယ်လို့ သေချာပေါက်ပြောနိုင်ပါတယ်။ စာရေးသူ နယ်တစ်နယ်ကို ရောက်တဲ့အချိန်က စာရေးသူနဲ့ ခင်မင်သောသူတစ်ယောက်ကို အကြောင်းပြုပြီး အငယ်တန်းဝန်ထမ်းတစ်ဦးက ချဉ်းကပ်ခြင်းကို ခံရပါတယ်။ သူ့အထက်လူကြီးကို ပြောပေးပါ၊ ဒီနေရာထက်ပိုပြီး ဝင်ငွေကောင်းတဲ့နေရာကို သူ့ကိုပို့ပေးဖို့ ပြောပေးပါလို့ ပြောပါတယ်။

စာရေးသူက အသက်မွေးဝမ်းကျောင်းမှုအပါအဝင် ကိုယ်တာဝန်ယူလုပ်ဆောင်ရမယ့်အလုပ်ကို သေသေချာချာ လုပ်မကြည့်ရသေးဘဲနဲ့ နေရာပြောင်းချင်တာ၊ အဲသည်လိုပြောင်းနိုင်ဖို့ အကပ်အရပ်နဲ့ ကြိုးစားတာတွေဟာ မှားယွင်းတဲ့ လုပ်ရပ်တွေပဲ။ တကယ်တော့ အောင်မြင်တယ်လို့ လူအများက သတ်မှတ်ခြင်းခံရတဲ့သူများဟာ အခု ရေတွင်းတူးပြီးတာနဲ့ အခုရေကြည်သောက်ရမယ်လို့ စဉ်းစားတဲ့သူတွေ မဟုတ်ကြပါဘူး။ အထိုက်အလျောက်လူများက လက်ခံတဲ့သူ၊ လေးစားမှုကိုခံရသူဖြစ်တဲ့ ဆရာမဟာ ကိုယ်စိတ်ပါဝင်စားတဲ့ စာသင်တဲ့အလုပ်၊ စာရေးတဲ့အလုပ်ကိုလုပ်ရင်း ပါမောက္ခဖြစ်လာတဲ့အချိန်အထိ အတော်စောင့်ခဲ့ရတယ်။ မင်းလိုသာ ချက်ချင်း အပေါ်ကိုတက်ချင်စိတ်နဲ့ ဟိုလူ့ပြော ဒီလူ့ပြောလုပ်နေရင် ခုအထိအောက်ခြေမှာ လည်နေမှာပဲ။ အရေးကြီးတာက မိမိလုပ်ရမယ့်အလုပ်ကို စိတ်ဝင်စားစွာ လုပ်ကြည့်လိုက်ပါ။ စိတ်လည်းချမ်းသာလာပါလိမ့်မည်။ စိတ်လည်း ငြိမ်သွားပါလိမ့်မယ်လို့ ပြောလိုက်ပါတယ်။ အဲသည်လိုစိတ်ငြိမ်ပြီးတဲ့နောက်မှာ တစ်စတစ်စနဲ့ မင်းရဲ့အရည်အချင်းဟာ တိုးတက်လာပါလိမ့်မယ်။

စောင့်နေရင် ဘယ်အလုပ်မဆို ကြာတတ်တဲ့သဘာဝရှိတယ်။ စောင့်မနေနဲ့၊ ကိုယ်လုပ်ရတဲ့အလုပ်ကို နားလည်အောင် သဘောပေါက်အောင်သာ လေ့လာပါ။ စောင့်နေရမှန်းမသိဘဲ ကိုယ်လိုချင်တဲ့အဆင့်ကို ရောက်လာပါ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့ ပြောလိုက်ပါတယ်။ တကယ်တော့ အဲသည်လူငယ်ဟာ ဘာပြောလို့ ဘယ်ရောက်မှန်းလည်း မသိ။ နားထောင်နေပါလျက်နဲ့လည်း နားမလည်ဘဲနဲ့ သူနဲ့အတူတူ လူများကတတ်သွားပြီ၊ သူကမတတ်သေးဘူး ဆိုတာကို ညည်းညူပြောဆိုနေပါတော့တယ်။ ကျွန်မကလည်း မင်းကို ငါပြောစရာ စကားကုန်ပြီ၊ တကယ်လို့ မင်းရဲ့လူကြီးကို ငါက တိုင်လိုက်ရင် မင်းဒုက္ခရောက်သွားမယ်။ ငါလည်း အကုသိုလ်ဖြစ်သွားမယ်။ အဲသည်တော့ ရပ်ကြမယ်လို့ဆိုပြီး ထမင်းဝိုင်းက ထခဲ့ပါတယ်။ လူတိုင်းတော့ ကျွန်မလို လုပ်ငန်းခွင်မှာ ရင်မဆိုင်ချင်လို့ ရှောင်သွားလို့ မရနိုင်ပါဘူး။ အဲသည်တော့ ဆွေးနွေးပွဲတွေမှာ ခံယူချက် မှန်ကန်အောင်ထားတဲ့နည်းကစပြီး တိုးတက်ချင်ရင် မပျင်းမရိကြိုးစားဖို့တော့ နားဝင်အောင် သင်ပေးရပါလိမ့်မယ်။

## *စကားပုံများနှင့်ထင်ဟပ်တာ တင်ပြချင်စရာအချက်ကလေးများ*

စကားပုံဆိုတာက ဖြစ်ရပ်တစ်ခုခုကို တဲ့တိုးမပြောဘဲ ဥပမာစကားကလေးများနဲ့ ပြောရင်း တွင်လာတဲ့စကားတိုတိုထွာထွာ မှတ်သားစဉ်းစားစရာကလေးများဖြစ်ပါတယ်။ ဥပမာအဖြစ် တင်ပြပါမယ်။ "ရှင်ကြီးဝမ်းထဲလည်း ဝင်ခဲ့ပြီ၊ ရှင်ငယ့်ဝမ်းထဲလည်း ဝင်ခဲ့ပြီ။ အဲသည်တော့ ကြုံသမျှကို အေးအေးပဲ ရင်ဆိုင်နိုင်ပါပြီ"လို့ ပြောတယ်ဆိုရင် အခြေအနေဆိုးကိုရော အကောင်းကိုပါ တွေ့ခဲ့ပြီးပြီ၊ ကြုံခဲ့ဆုံခဲ့ပြီးပြီ။ အားလုံးကို သုံးသပ်၊ ရင်ဆိုင်ရင်းလည်း ကျော်လွှားခဲ့နိုင်ပြီဆိုတော့ နောက်နောင်တွေ့ကြုံနိုင်စရာရှိတဲ့ ကိစ္စများကိုလည်း အေးဆေးစွာ ရင်ဆိုင်ရင်း ကျော်လွှားနိုင်ပါပြီလို့ပြောတာ ဖြစ်ပါတယ်။

ပြောင်းလဲနိုင်ချေရှိတာတွေကို အရင်ကအတွေ့အကြုံများနဲ့ နှိုင်းစက်ပြီး ဆုံးဖြတ်သုံးသပ်ဖို့ဆိုတာ တကယ်တော့ မလွယ်ပါဘူး။လောကမှာ ဖြစ်သမျှ ကိစ္စတိုင်းမှာ မြဲနေတာမှမရှိနိုင်တာ။ ပြောင်းလဲသွားတဲ့ပုံစံ ဖြစ်ပေါ်သွားတဲ့ အနေအထားက တစ်သမတ်တည်း မတူနိုင်လောက်ပါဘူး။ အဲသည်တော့ ဘယ်လိုကိစ္စကိုပဲဖြစ်ဖြစ် ဖြစ်နေတုန်းလည်းသုံးသပ်၊ ဖြစ်ပြီးလည်း သုံးသပ်နိုင်မှ အမှန်နဲ့ နီးစပ်နိုင်မှာပါ။ ဒါတောင်မှ ယေဘူယျ အခြေအနေကိုသာ သုံးသပ်နိုင်ခြေရှိပါတယ်။

အဲသည်အဆိုကိုလည်း အိမ်နီးချင်းအိန္ဒိယနိုင်ငံက အဖြစ်အပျက်တစ်ခုကို ဥပမာတင်ပြီး ရှင်းကြည့်ချင်ပါတယ်။ နိုင်ငံတကာသတင်းကြည့်ရတာ သည်းထိတ်ရင်ဖိုဖြစ်ရတာ ခဏခဏပါပဲ။အိန္ဒိယပြည် မမ်ဘိုင်းမှာ တပ်ချ်မဟာလို့ ခေါ်တဲ့ ဟိုတယ်ကြီးကို အကြမ်းဖက်သမားများက ဝင်ရောက်ပြီး တိုက်ခိုက်တဲ့အတွက် ဟိုတယ်ကြီးတစ်ခုလုံး မီးတွေလောင်ပြီး လူအများလည်း ပြေးကြ လွှားကြနဲ့ တော်တော့်ကို သည်းထိတ်ရင်ဖို ဖြစ်နေပါတယ်။

အဲသည်အချိန်မှာ တိုက်ရိုက်အသံလွှင့်နေတဲ့အတွက် ဖြစ်ရပ်များနဲ့ အမီလောက်နီးနီး လိုက်ကြည့်နေနိုင်ပါတယ်။ သတင်းထဲမှာ ကြေညာသွား

www.burmeseclassic.com

www.burmeseclassic.com



တာက ပါကစ္စတန်နိုင်ငံကလည်း မဲ်ဘိုင်းပြဿနာကို အကူအညီပေးမယ်လို့ ကမ်းလှမ်းပါတယ်။ ဒီဟိုတယ်ကြီးမှာ တောက်လောင်နေတဲ့မီး ငြိမ်းသွားတာနဲ့ အိန္ဒိယ ပါကစ္စတန်အကြားမှာ လိပ်ခဲတည်းလည်းဖြစ်နေသမျှကို အပြေအလည် ဖြစ်သွားအောင် နှစ်နိုင်ငံပူးပေါင်းပြီး ဖြေရှင်းနိုင်ကြပါလိမ့်မယ်ဆိုတဲ့ သဘောမျိုးနဲ့ သတင်းကြေညာသွားပါတယ်။ ဘယ်သတင်းဌာနကလဲဆိုတာတော့ မမှတ်မိတော့ပါဘူး။ ဒါပေမယ့် သတင်းဌာနများက နိုင်ငံတကာသတင်းဌာနများလည်း ဖြစ်တယ်၊ ကိုယ်လည်းသတင်းကို တောက်လျှောက်နားထောင်နေမိတယ်ဆိုတော့ အကြမ်းဖက်သမားများကို ပူးပေါင်းနှိမ်နင်းဖို့က ဖြစ်လာနိုင်တယ်လို့ တွေးမိပါတယ်။

ဘယ်နိုင်ငံမဆို အေးချမ်းသွားတယ်ဆိုရင် ဝမ်းသာစရာကောင်းတာပါပဲ။ မအေးချမ်းဘူးဆိုရင် တကယ်နစ်နာတာက တိုင်းသူပြည်သားအများပဲဖြစ်ပါတယ်။ အဲသည်တော့ ကိုယ့်နိုင်ငံကိုလည်း ချမ်းသာအေးချမ်းစေချင်သလို သူတကာတို့ရဲ့ နိုင်ငံများကိုလည်း သာယာအေးချမ်းစေချင်ပါတယ်။

ဒါပေမယ့် မဲ်ဘိုင်းဖြစ်ရပ်လည်းပြီးရော အိန္ဒိယနဲ့ ပါကစ္စတန်ဟာ အရင့်အရင်တုန်းကထက် ဆိုးရွားစွာ မသင့်မတင့် ဖြစ်သွားပါတော့တယ်။ ဘာ့ကြောင့်လဲဆိုတော့ မဲ်ဘိုင်းကိုတိုက်ခိုက်ခဲ့သူများဟာ ပါကစ္စတန်အနောက်မြောက်ပိုင်းမှာ လေ့ကျင့်ခန်းဆင်းခဲ့ပြီးမှ အိန္ဒိယကို လာရောက်တိုက်ခိုက်တယ်လို့ သတင်းရရှိလို့ ဖြစ်ပါတယ်။

တစ်ခါတုန်းက နိုင်ငံရေးသမိုင်းထဲက အချက်တစ်ချက်ကို စာသင်ရင်း ဥပမာပေးတော့ ကျောင်းသားတစ်ယောက်က မကြည်မလင်တဲ့မျက်နှာနဲ့ နားထောင်နေပါတယ်။ သူ့မှာ အခြားပြဿနာလည်းရှိနေတော့ စာရေးသူစိတ်မကွက်ပါဘူး။ သို့သော်လည်း ယခုတင်ပြနေတဲ့ပုံစံထဲက ခန့်မှန်းချက်လိုပဲ တလွဲဖြစ်နေတော့ အဲသည်ကျောင်းသားက အဲဒါ ဘယ်လိုဖြစ်တာလဲလို့ အငိုက်ဖမ်းတဲ့ သဘောနဲ့ လာမေးပါတယ်။ စာရေးသူက ကျောင်းသားများ စာမေးတာကို ကြိုဆိုတဲ့သူဖြစ်တဲ့အတွက် မင်းမေးတာ သိပ်ကောင်းတာပဲ၊ မြန်မာစကားပုံတစ်ခု ရှိတယ်လေ၊ ပြည်ထဲအရေး ပေါက်နဲ့ကျေးဆိုတဲ့စကားပုံပဲ။ ပြည်ထဲရေးဆိုတာ ရှုပ်ထွေးလှတဲ့အတွက် ပေါက်ပင်ပေါ်မှာ ကျေးလို့လည်းခေါ်တဲ့ ကြက်တူရွေး နားနေတာကို ကြည့်ပြီး ဘယ်နေရာကလေးအထိက



ပေါက်ပွင့်၊ ဘယ်နေရာမှာ နှုတ်သီးနီနီကလေးနဲ့ ကျေးကလေး၊ အောက်ဘက်နားက ကျေးကလေးရဲ့ အမြီးကလေးလို့ လှမ်းကြည့်ပြီး ပြောနေတဲ့သူဟာ ရောထွေးသွားတဲ့ ပေါက်ပွင့်အရောင်နဲ့ ကျေးအရောင်များကြောင့် သေသေချာချာ ခွဲခြမ်းပြီး မမြင်နိုင်လို့ အမှားတွေလည်းမြင်တတ်ပါတယ်။ အဲသည်အချက်ကို သတိထားလိုက်မိရင် နိုင်ငံ့အရေး၊ ပြည်ထဲရေးတွေကို လေ့လာရတာ ကျယ်ကျယ်ပြန့်ပြန့် တွေးလို့ရနိုင်လာမှာပါပဲလို့ ပြောလိုက်ပါတယ်။ တကယ်တော့ အဲသည်အရေးများကို လေ့လာတဲ့သူများဟာ မှန်နိုင်သမျှမှန်အောင် လေ့လာသူဖြစ်ချင်ရင် ဘက်မလိုက်ဘဲ လေ့လာနိုင်ရပါမယ်။ ကိုယ့်အစွဲနဲ့ကိုယ် ဘက်လိုက်နေရင် အမြင်စောင်းနေမှာဖြစ်တဲ့အတွက် မှန်မှန်ကန်ကန် သုံးသပ်ဖို့ ခက်ခဲသွားနိုင်ပါတယ်။ တစ်ဖက်စောင်းနင်းအမြင်နဲ့ ပြောကြ ဆိုကြမယ်၊ ကျယ်ပြန့်စွာ လေ့လာခြင်းမရှိဘဲ ကိုယ်သိသမျှကိုသာ အမှန်လို့ထင်နေရင်တော့ စကားပြောကြတဲ့ ဆွေးနွေးကြတဲ့အခါမှာလည်း အံချော်သွားမှာ ဖြစ်ပါတယ်။

အဲသည်လို အံချော်သွားတာမျိုးမဖြစ်အောင် လူငယ်ရောလူကြီးပါ ဟန်ချက်ညီမညီ ကိုယ့်အမြင် ကိုယ့်အတွေးများကို အထပ်ထပ် ပြန်လည်သုံးသပ်တာ အကောင်းဆုံးဖြစ်ပါတယ်။ တစ်ခါညှိမရရင် နောက်ထပ်ညှိနိုင်ရပါမယ်။ ပြန်ပြီးမညှိသေးခင်မှာ ကျယ်ကျယ်ပြန့်ပြန့် စာဖတ်ကြဖို့ လိုပါတယ်။ စာကလည်း နိုင်ငံတကာနဲ့ပတ်သက်တဲ့ အတွေ့အကြုံများနဲ့ပတ်သက်တဲ့ စာဖြစ်ဖို့သာမက မြန်မာ့သမိုင်းရော၊ နောက်ဆုံး သာသနာရေးဆိုင်ရာ စာပေများကို ပါဖတ်နိုင်ရင် ဟန်ချက်က တော်တော့်ကိုညီသွားမှာ ဖြစ်ပါတယ်။

လူဆိုတာ မှားတတ်စမြဲပဲလေလို့ စိတ်ထားအေးချမ်းစွာနဲ့ သုံးသပ်နိုင်တဲ့စိတ်ရှိဖို့က စာတတ်ဖို့ထက် ပိုမိုလိုအပ်တဲ့အချက် ဖြစ်ပါတယ်။

ပြီးတော့ သတိထားရမှာက ဘယ်သူပဲဖြစ်ဖြစ် ကာလဒေသ အချိန်ကာလအလျောက် ပြောင်းလဲနေတတ်တဲ့သဘောကို ပြန်ပြီးဟန်ချက်ညီအောင် မသုံးသပ်နိုင်သရွေ့ အမှန်တရားကို ရှာလို့မတွေ့နိုင်တတ်ကြပါဘူးဆိုတာကို သတိကြပ်ကြပ်ထားကြရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးဆပ်ခြင်းနှင့် လျှို့ဝှက်ခြင်း

အခုခေတ်မှာ မိဘများကလည်း မအားမလပ်လို့ သားသမီးများ သိသင့်သိထိုက်တာကို မသင်မိကြတာလည်း များလာတယ် ထင်ပါတယ်။ နောက်တစ်နည်း စဉ်းစားကြည့်ပြန်တော့ ကလေးများဟာ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး အကြောင်းကိုသာမက လူမျိုးစုံနဲ့ ပတ်သက်တဲ့အကြောင်းတွေကိုလည်း သိနားလည်အောင် ကြိုးစားရတာနဲ့ စာသင်တော့လည်း ကောင်းကောင်းမတတ်ဘဲ ဖြစ်လာတတ်ကြပါတယ်။ အိမ်တစ်အိမ်က မူလတန်းကျောင်းသားကလေး တစ်ယောက် ပြောသလို၊ ကျောင်းစာမေးပွဲမှာ အမှတ်နည်းတော့ ပြောကြတယ်၊ ရုပ်ရှင်ကလည်း နေ့တိုင်းလာနေတာပဲဆိုသလို ရုပ်ရှင်ကလည်း နေ့တိုင်း မကြည့်ရရင် တစ်ခုခုပဲဖြစ်တော့မလိုလို ပြောရမယ့်ခေတ် ရောက်နေတာကိုး။

စာရေးသူ အဲသည်လောက်နှိုင်းနှိုင်းသွယ်နေတာက အခုခေတ် လူငယ်လူရွယ် ပညာတတ်ဆိုသူများတောင်မှ ကျေးဇူးဆပ်ခြင်းဆိုတာကို နားမလည်တတ်တော့တာကို မကြာခဏကြုံလာရလို့ ဖြစ်ပါတယ်။ လုပ်တဲ့သူက ကျေးဇူးအတင်ခံချင်လို့ လုပ်ပေးတာမဟုတ်ပေမယ့် ကျေးဇူးတင်အပ်တဲ့ကိစ္စဆိုရင် ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကို လေးလေးမြတ်မြတ် ပြောရမှာဖြစ်ပါတယ်။ နှုတ်ကသာ ကျေးဇူးတင်ပါတယ်လို့ ပြောပြီး စိတ်ကမပါဘဲ ကိစ္စရှိလို့ သွားလိုက်ဦးမယ်နော်ဆိုတဲ့စကားကို ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားမဆုံးတဆုံးမှာ ပြောပြီး သုတ်သုတ်သုတ်သုတ် ထွက်သွားတယ်ဆိုရင်လည်း မဟန်သေးပါဘူး။ ကျေးဇူးရှိတယ်ဆိုတာကို အမြဲသိနေဖို့လိုအပ်သလို ကြုံရင်လည်း ကျွန်တော့်အပေါ် ကျေးဇူးရှိတယ်၊ ကျွန်မအပေါ် ကျေးဇူးရှိတယ်ဆိုတဲ့ စကားမျိုးကို ပြောတတ်ဖို့လည်းလိုပါတယ်။ တတ်နိုင်ရင် တတ်နိုင်သလို ကျေးဇူးကို ဆပ်သင့်ပါတယ်။

ကျေးဇူးပြုထားတဲ့သူက သိပ်ချမ်းသာတာ၊ ဘာကိုပေးမှ ကျေးဇူးဆပ်



တယ်လို့ ပြောနိုင်မှာလဲလို့ မသိနားမလည်မှုအပြည့်နဲ့ ပြန်ပြီးမေးမယ့်သူလည်း ရှိတတ်ပါတယ်။ အခုခေတ်မှာ ပိုများတာပေါ့။ တကယ်တော့ ပစ္စည်းဝတ္ထုထက် စေတနာက အရေးကြီးတာပါ။ ကျေးဇူးပြုဖူးတယ်ဆိုတာကို သတိတရားရှိတဲ့သူတစ်ယောက်နဲ့ ကျွန်မ အင်မတန်ခင်မင်သွားပါတယ်။ သူက အမေလို့ လေးလေးမြတ်မြတ်ခေါ်တဲ့အထိ ကျွန်မ ပြုဖူးတဲ့ကျေးဇူးဂုဏ်ကို အလေးထားပါတယ်။ ရောက်လေရာကနေပြီး အမေ နေကောင်းလား၊ မျက်စိခွဲထားတာရော အခြေအနေကောင်းလား၊ ကျန်းမာရေးကို သတိထားပါနော်လို့ပြောပြီး အမေ့သားတော့ နိုင်ငံခြားသားတွေနဲ့ ကျိုင်းတုံကို ရောက်နေတယ်။ အမေနေကောင်းတယ်ဆိုရင် စိတ်အေးသွားပြီ၊ ဖုန်းချလိုက်တော့မယ်လို့ပြောကာ ဖုန်းချသွားတတ်ပါတယ်။ ခရီးထွက်တိုင်းလည်း ဖုန်းဆက်သလို အိမ်မှာနေရင်းလည်း အသက်ကြီးတဲ့ကျွန်မ ချော်လဲလို့တဲ့လို့ ကြားတာနဲ့ လမ်းလျှောက်နေပါပြီလို့ ပြောနိုင်တဲ့နေ့အထိ ဆက်တော့တာပါပဲ။

အဲဒီလိုဖုန်းဆက်တာကလေးလောက်နဲ့ အသက်ကြီးတဲ့သူတစ်ယောက်အဖို့ နွေးထွေးတဲ့ခံစားမှုကို ခံစားရလို့ စိတ်ထဲကသာမက နှုတ်ကတောင်ထွက်ပြီး မောင်မင်းကြီးသား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လုပ်ငန်းကိုင်ငန်းကောင်းပါစေ။ သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့လို့ ဆုတောင်းပေးမိပါတယ်။ ဆုတောင်းတိုင်း ရမှာမှတ်လို့ဆိုတဲ့စကားကို အငေါ်တူးတူးနဲ့များ ပြောချင်သလား၊ ဆုတောင်းတိုင်း ရနိုင်သူရှိပါတယ်။ မေတ္တာပို့သတာ အသွားအပြန်ရှိတဲ့သူတိုင်း ဆုတောင်းပေးတာကို ခံစားရပါတယ်။ ကိုယ့်အတွက် မေတ္တာပို့သပေးနေတဲ့ သူတွေရှိတယ်ဆိုတာ သိတဲ့သူတိုင်း စိတ်အေးချမ်းရပါတယ်။

အဲသည်လိုကျေးဇူးသိခြင်း၊ ကျေးဇူးပြောခြင်း၊ ကျေးဇူးတင်ရှိကြောင်း စိတ်ချမ်းသာအောင် ပြောပေးရင်း ကျေးဇူးအထူးတင်ပါကြောင်း မေတ္တာပို့သနေပါကြောင်းကို ပြောရင်းနဲ့ ကျေးဇူးဆပ်နိုင်ခြင်းနဲ့ပတ်သက်တဲ့ အကြောင်းတွေကို စာတစ်စောင်ပေတစ်ဖွဲ့ ရေးနေတာကတော့ သူတစ်ထူးရဲ့ကျေးဇူးကို အထူးသိမြင်ပြီး၊ ဆပ်နိုင်တဲ့နည်းနဲ့ ဆပ်တတ်သူဟာ ကိုယ့်မှာ နောက်ထပ်အရေးကြုံရင်လည်း ကူညီမည့်သူတွေ များတတ်ပါတယ်။ မိတ်ဆွေသင်္ဂဟတွေကလည်း များတတ်ပါတယ်။ အရေးဟဲ့ဆိုရင် ဝိုင်းဝိုင်းလည်အောင် ကူညီ

www.burmeseclassic.com

www.burmeseclassic.com



ချင်တတ်ကြပါတယ်။ တကယ်လို့ အကြောင်းကြောင်းကြောင့် ကူမယ့် ကယ်မယ့်သူများက ကိုယ့်အဖြစ်ကို မသိရင်တောင်မှ ကိုယ့်မှာ ဘေးဖြစ်မယ့် ဆဲဆဲက မထင်မှတ်ဘဲ ဘေးကလွတ်သွားတာတွေ၊ သေလောက်တဲ့အန္တရာယ် ကနေပြီး လွတ်မြောက်သွားတာတွေနဲ့ ကြုံတတ်ပါတယ်။ ဘာဖြစ်လို့ အဲသည် လို အကျိုးရတာလဲဆိုတော့ သူတစ်ထူးရဲ့ကျေးဇူးကို သိခြင်း၊ ဆပ်ခြင်းဆိုတာ ကိုက ကုသိုလ်မှုဖြစ်နေလို့ပါပဲ။ ကုသိုလ်များတဲ့သူကို နတ်များကပင် စောင့် ရှောက်ရ၏လို့ တရားတော်များမှာ ပါပါတယ်။ အဲသည်တော့ ကောင်းမှုကုသိုလ် ပြုခြင်းဟာ မိမိအတွက် အဘက်ဘက်က လုံခြုံစေပါတယ်။ ကောင်းကျိုး ချမ်းသာရနိုင်ပါတယ်။

သူတစ်ပါးက မိမိအပေါ်မှာပြုခဲ့ဖူးတဲ့ ကျေးဇူးတရားများကို ပြန်လည်ပေးဆပ် တဲ့နေရာမှာ စေတနာက ပဓာနကျပါတယ်။ ငွေကြေးဥစ္စာပြည့်စုံတဲ့ သားနဲ့ သမီးက မိခင်အိုကြီးကို ငွေကုန်ကျေးကျခံပြီး ဆေးကုပေးဖို့ ငြင်းဆန်နေတဲ့ အတွက် ကျေးဇူးဆပ်ချင်ရင် စေတနာက အရေးပါတဲ့နေရာက နေပါတယ်။ ငွေကြေးဆိုတာ စေတနာသိပ်ထက်သန်တဲ့သူအတွက် သူ့အကြောင်းနဲ့သူ ရောက်လာမှာ သေချာပါတယ်ဆိုတဲ့သဘောပါတဲ့ ဆောင်းပါးကို ရေးလိုက်တာ ဖြစ်ပါတယ်။

အခုဆက်ပြီး ပြောချင်တာကတော့ အချို့သောသူများမှာ အထူးသဖြင့် အခုခေတ်လူငယ်များဟာ ပဓာနနဲ့သာမညကို မခွဲခြမ်းတတ်ပါဘူး။ အလှူ လှူတာ ငွေမှ မရှိတာပဲ၊ ဘယ်လိုလုပ်ပြီး လှူရမလဲလို့ မေးတဲ့သူများဟာ တကယ့်တကယ် ဘယ်လိုစားသောက်နေသလဲ၊ ဘာတွေလုပ်နေသလဲဆိုတာကို လေ့လာကြည့်ရင် အလှူအတွက် ပဓာနကျတဲ့ပစ္စည်းများကို ဝယ်ယူနိုင်လောက် တဲ့အားရှိတဲ့သူများသာ ဖြစ်ပါတယ်။

တကယ်တော့ အလှူဒါနပြုခြင်းနဲ့ ပတ်သက်လို့ မြတ်စွာဘုရား ဟောကြားတာက ထမင်းအိုးဦးပေါင်းလောက်ကို မိမိစားဖို့ထဲက ချွေတာပြီး လောင်းလှူတဲ့သူများဟာ မဆင်းရဲနိုင်လို့ မိန့်တော်မူပါတယ်။ အရေးကြီး တာက စေတနာကောင်းနဲ့ လောင်းလှူဖို့ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်တဲ့နေရာမှာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တဲ့ သီတင်းစင်တဲ့ပုဂ္ဂိုလ်ကို ရွေးချယ်တတ်ဖို့ပဲ



လိုပါတယ်။ အထူးသဖြင့်တော့ မိမိကို တခြားလူများက အထင်ကြီးစေဖို့ ခင်းကျင်းလှူဒါန်းတာက အကျိုးမဲ့ အနှစ်မဲ့ဖြစ်သွားတတ်ပါတယ်။ အရေး ကြီးတာက စေတနာစိတ်ကောင်းနဲ့ အလှူပေးတတ်ဖို့ ဖြစ်ပါတယ်။

တစ်ခါတုန်းက စာရေးသူဟာ လယ်သမား၊ ယာသမားတစ်ယောက်နဲ့ ဆုံမိပါတယ်။ သူက သားကလေးတစ်ဦးတည်းရှိတဲ့အတွက် အလှူလှူတဲ့အခါ မှာ တစ်ရွာလုံးကို ထမင်းကျွေးပြီး သုံးရက်တိုင်တိုင် အလှူပေးမယ်လို့ စီစဉ်ထားပါတယ်တဲ့။ သူပြောတဲ့စကားကလေးက အလှသား။ သူဟာ လက်ဖဝါး ခြေဖဝါးက လာရတဲ့ ဆင်းရဲသား ယာသမား ဖြစ်ပါတယ်တဲ့။ တကယ်တော့ သုံးရက်ကြာ အလှူပေးတယ်ဆိုပေမယ့် ငါးရက်လောက်တော့ ထမင်းကျွေးရမှာတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ထမင်းကောင်းကောင်း မစားရတာ ကြာပြီဖြစ်တဲ့ သူငယ်ချင်းယာသမားများက မီးဆိုက်ဖို့ ထင်းကစပြီး အလှူ မဏ္ဍပ်အတွက်ပါ အမိုးအခင်းစတဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးမှာဖြစ်ပါ သတဲ့။ ပြောရမယ်ဆိုရင် တစ်ဦးတည်း အလှူမဟုတ်ဘဲ ရွာသူရွာသားများ စေတနာအပြည့်နဲ့ ဝိုင်းပြီးလုပ်အားပေးတဲ့ အလှူဖြစ်ပါတယ်တဲ့။ အလှူမှာ လိုအပ်တဲ့ သင်္ကန်း ပရိက္ခရာကအစ အသစ်တွေချည်းလှူပါမယ်။ ပန်းကန် ခွက်ယောက်ကအစ လှူမယ်။ ထမင်းကိုလည်း အသားဟင်းကောင်းကောင်းနဲ့ အဝကျွေးမယ်။ အလှူရေစက်ချပြီးရင် ကျွန်တော် လက်ဖဝါးချည်းဖြစ်ရော စိတ်ဆင်းရဲစရာ မရှိပါဘူး။ ထမင်းကောင်းကောင်း ဝဝစားလိုက်ရတဲ့ ရွာသား တွေမျက်နှာကို မြင်ယောင်ပြီး ပျော်နေမှာပဲတဲ့။

စာရေးသူဟာ သူ့ကို အဲသည်ခေတ်က မနည်းလှပါဘူးလို့ပြောနိုင်တဲ့ ငွေငါးထောင်ကို အလှူ့ရှင်ကို ကြည်ညိုတဲ့စိတ်နဲ့ လှူလိုက်ပါတယ်။ ပြီး တော့မှ ဖြစ်ရလေခြင်း၊ ပိုပိုမိုမိုလှူလိုက်ရမှာလို့ တွေးမိပါတယ်။ အဲသည် ယာသမားကိုလည်း ချီးကျူးမိပါတယ်။ သူ့စေတနာက ရဟန်းတော်များရော ကိုရင်များရော၊ ရွာသားများရော ထမင်းဟင်းကောင်းကောင်း စားရအောင် ကြံဆောင်မယ်ဆိုတော့ စေတနာက ငါ့အလှူ၊ ငါလှူနိုင်တယ်ဆိုတာကို လူတွေသိပြီး အထင်ကြီးအောင်ဆိုတဲ့ လောဘဦးစီးတာမဟုတ်ဘဲ ရွာသား အားလုံး သုံး လေးရက်ဖြစ်ဖြစ် ကောင်းကောင်းဝဝစားရဖို့ ဆိုတဲ့စေတနာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုခေတ်မှာ ဟန်လုပ်ဖို့ဆိုရင် အကုန်ခံဖို့ဝန်မလေးပေမယ့်၊ တကယ်တမ်း လိုအပ်တဲ့နေရာဆိုရင် ဘာဖြစ်လို့၊ အဆင်မပြေသေးလို့စတဲ့ ဆင်ခြေများ ပေးတတ်ပါတယ်။ တကယ်တော့ အဲသည်လိုမဖြစ်ထိုက်ပါဘူး။ ကြွားဝါတာမဟုတ်ဘဲ တတ်နိုင်တဲ့အတိုင်းအတာနဲ့ လှူသင့်တဲ့သူများကို လှူတာဟာ ကုသိုလ်ဖြစ်ပါတယ်။ အလှူပေးနေရင်းလည်း ကုသိုလ်ဖြစ်နေနိုင်ပါတယ်။

တချို့ကလည်း မိမိနဲ့ပတ်သက်နေလို့ မိတ်ဆွေတွေဖြစ်နေလို့ တစ်နည်းဆိုရင် သူ့ကျေးဇူးလည်း ကိုယ့်မှာရှိ၊ ကိုယ့်ကျေးဇူးလည်း သူ့မှာရှိနေလို့ မွေးနေ့လက်ဆောင်ဆိုတာမျိုးကို ပေးတတ်ကြပါတယ်။ စာရေးသူဟာ တက္ကသိုလ်ဆရာမအဖြစ် တာဝန်ထမ်းဆောင်တုန်းက ဈေးကပြန်လာတဲ့ ဆရာမတစ်ယောက်ဟာ 'ဒီကနေ့ ဖယ်ခဲ့ရတဲ့ မွေးနေ့လက်ဆောင်က ဘယ့်လောက်ဖိုးတောင် ရှိတာ၊ ငါဖြင့် မပေးရင် မကောင်းလို့သာ ပေးရတာ၊ နှမြောလိုက်တာ'လို့ ပြောပါတယ်။ သူစိမ်းတွေပြန်သွားတဲ့အခါမှာ 'ညီမလေး မွေးနေ့လက်ဆောင်က ဘယ်သူ့ကိုပေးဖို့လဲ'လို့ မေးလိုက်ပါတယ်။ 'ကျူရှင်ယူနေတဲ့ကျောင်းသားကို ပေးဖို့ပါ'လို့ ဖြေတော့ 'ညီမလေးရယ် ကိုယ့်တပည့်ပဲ၊ ကိုယ်က မတတ်နိုင်လို့ လက်ဆောင်တော့ မပေးဘူးကလေးရယ်၊ ဒါပေမယ့် ကလေးရဲ့ဘဝမှာ ကောင်းတဲ့အလုပ်ဟူသမျှကို အောင်အောင်မြင်မြင် လုပ်နိုင်ပါစေ၊ ကျော်ကျော်ကြားကြား ထင်ရှားတဲ့သူဖြစ်ပါစေလို့ စေတနာစိတ်ရင်းနဲ့ လေးလေးနက်နက် ဆုတောင်းပေးလိုက်ရင်လည်း ပြီးပါတယ်။ ငွေကုန်ခံပြီး ဝယ်လာတယ်၊ ပေးလည်းပေးမှာပဲ။ ဒါပေမယ့် ကုသိုလ်ပြုရာမှာ အစ အလယ် အဆုံးဆိုတဲ့ အပိုင်းသုံးပိုင်းစလုံး စေတနာအစစ်နဲ့ ပေးနိုင်မှသာ ဘဝဘဝမှာ ကောင်းကျိုးပြည့်ဝမှာဖြစ်ပါတယ်။ နို့မဟုတ်ရင် ဗုဒ္ဓခေတ်ကတောင်မှ ကျိုကျိုတက်ချမ်းသာတဲ့သူဌေးကြီးများ ထီးစုတ်ဆောင်း၊ လှည်းစုတ်စီးပြီး နေသွားရတယ်ဆိုတဲ့ ဘုရားဟော တရားတော်မှာ အတိအလင်းဟောထားသလို ပရစေတနာလို့ခေါ်တဲ့ လှူဒါန်းပြီးမှ စေတနာမထားနိုင် ဝမ်းမသာနိုင်ဘဲ ပေးတယ်၊ လှူတယ်ဆိုရင် ညီမလေးမှာ ကုန်ရကျိုးနပ်မှာမဟုတ်ဘူး'လို့ ပြောမိပါသေးတယ်။

ပြောချင်တာကတော့ စေတနာနဲ့လှူတာကြောင့်တော့ မွဲမသွားနိုင်ပါဘူး။ ကိုယ့်မှာရှိတဲ့ အတိုင်းအတာနဲ့မျှအောင် လှူကြမှာကိုး။ တစ်ခါတလေ



လည်း ရှိတာထက် ပိုလှူတတ်ကြပါတယ်။ လူတွေက အထင်ကြီးအောင်ပေါ့လေ။ အဲသည်လို အလှူကြီး လှူပြီးမှ ထင်တာထက်ကုန်ကျလို့ ဘယ်သူ့ကြောင့် ဒီလောက်ကုန်ရသလဲလို့ ဒေါသထွက်တဲ့သူတွေကလည်း ရှိတတ်ပါသေးတယ်။ အလှူမှာလည်း မျက်နှာကြီးတဲ့သူများကို မျက်နှာလုပ်ရတာကြောင့် မောပြီး တကယ်တမ်း တရားနာရတော့မယ့်အခါမှာ အိပ်ငိုက်လွန်းလို့ တရားကိုတိုတိုဟောပါဘုရားလို့ ဆရာတော်ကို လျှောက်ထားရတဲ့ အလှူ့ရှင်တို့အကြောင်းကို တိပိဋကရေယောဆရာတော်ကြီးရဲ့ တရားတစ်ပုဒ်ထဲမှာ နာလိုက်ရပါတယ်။ အဲသည်လို အလျှောက်ထားခံရတဲ့ ဆရာတော်ကြီးကလည်း "ကောင်းကောင်းနေကြ၊ ကိုင်း တရားပြီးပြီ"လို့ ဟောတော်မူလိုက်ပါသတဲ့။ တိုသလောက် ကျယ်ဝန်းတဲ့တရားမှန်းတောင် သိန်းသန်းချီတဲ့ ငွေပမာဏကို ပကာသနစိတ်နဲ့ လှူထားတဲ့သူများ သိနားလည်ကြပါလေစလို့ တွေးမိပါတယ်။

စာရေးသူတို့ကတော့ ငယ်ငယ်ကတည်းက အလှူဆိုရင် ဆိုင်းမထည့်ဘဲ ချည်ပုဆိုးချည်ထဘီကိုပဲ ဝတ်ပြီး ဆရာတော်ကြီးများအနီးမှာ ကျုံ့ကျုံ့ရှုန့်ရှုန့်ထိုင်နေတဲ့ မိဘကမွေးလာတာဆိုတော့ တရားပွဲထဲမှာ အိပ်ငိုက်လောက်အောင် တစ်ခါမှ မဖြစ်ခဲ့ပါဘူး။ မိဘများကို ဘာဖြစ်လို့ ဆရာတော်များအနားမှာပဲ နေတာလဲ၊ ဘာဖြစ်လို့ ပရိတ်သတ်ကို ဧည့်မခံတာလဲလို့ မေးမိပါတယ်။ မိဘများ ဖြေတာကတော့ 'လူ့စိတ်ဆိုတာ ထိန်းရခက်တယ်၊ သဒ္ဓါတရားနဲ့ လှူတာပဲ၊ အလှူကိုလာတဲ့သူများက လူအမျိုးမျိုးပါတယ်လေ။ စည်းကမ်းမဲ့တဲ့သူတွေလည်း ပါတတ်တော့ အမြင်မတော်ရင် အလှူကြီးလှူပြီး အကုသိုလ်စိတ်ဖြစ်ပေါ်သွားမှာ စိုးရိမ်လို့ စိတ်ချရတဲ့ မွေးမိတ်ဆွေများကို ဧည့်ခံဖို့ကစပြီး အပ်ထားခဲ့တယ်။ အဲဒါကြောင့် အပြင်ထွက်ပြီး ဧည့်မခံတာပါ'လို့ ဖြေပါတယ်။ အခုတင်ပြတာကတော့ တတ်နိုင်သမျှကို စင်စင်ကြယ်ကြယ် ဖြစ်အောင်ကြိုးစားပြီးလှူရင် ကုသိုလ်ဖြစ်ပါတယ်။ ကုသိုလ်ရပါတယ်။

စေတနာထားပြီးမှ ခက်ခဲတဲ့ကိစ္စများကို အကူအညီပေးခဲ့မိရာက စိတ်တိုစရာတွေနဲ့ တွေ့ရလို့ မိမိကိုယ်ကို ဆုံးမတဲ့အနေနဲ့ ရေးတဲ့ဆောင်းပါး ဖြစ်တဲ့အကြောင်းကို ဝန်ခံလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၈ ကား

စကားဆိုတာ တစ်ယောက်ကပြောတာကို ကြားမိတဲ့သူက နောက်တစ်ယောက်ကို ပြောင်းပြီးပြောမိတာနဲ့ စကားက ပြောင်းတတ်တဲ့သဘော ရှိပါတယ်။ နှုတ်ဆင့်ကမ်း ပြောရတဲ့လူများလေလေ နှုတ်ဆင့်ကမ်းတဲ့စကားက ပထမလူပြောတာနဲ့ နောက်လူတွေပြောတာဟာ တက်တက်စင်အောင် လွဲတတ်လေလေဆိုတာကို သက်သေပြဖို့အတွက် သုတေသနလုပ်ပြီး သက်သေပြတဲ့ သင်ခန်းစာတစ်ခုကို ကျွန်မ တက္ကသိုလ်ဒုတိယနှစ် စိတ်ပညာကျောင်းသူဘဝတုန်းက တက်ရောက်သင်ယူဖူးပါတယ်။ သင်ယူတယ်ဆိုတာ လက်တွေ့လုပ်တဲ့သင်ခန်းစာ အစီအစဉ်ထဲမှာ ကိုယ်တိုင်ပါဝင်ပြီး လုပ်ဆောင်ရတာ ဖြစ်ပါတယ်။

သုတေသန အစီအစဉ်ကလေးက ဒီလိုပါ။ ဆရာမတစ်ယောက်က ကျောင်းသူတစ်ယောက်နဲ့တွေ့ပြီး ကျောင်းသား ကျောင်းသူအများရှေ့မှာ ဖြစ်ပေမယ့် သူပြောတာကို ကျန်တဲ့သူတွေမကြားနိုင်တဲ့ ထောင့်တစ်ထောင့်မှာ တီးတိုးတီးတိုး ပြောပြပါတယ်။ သူပြောတဲ့စကားက သူ့လက်ထဲမှာ ကိုင်ထားတဲ့စာအုပ်ထဲက စကားကို ကြည့်ပြီးပြောတာပါ။ သုတေသနဆိုတော့ ဆရာမပြောတဲ့စကားဟာ အပြောင်းအလဲမရှိအောင် ချုပ်ကိုင်ထားတဲ့သဘောနဲ့ စာအုပ်ထဲကအတိုင်း ပြောခိုင်းတာ ဖြစ်ပါတယ်။

နားထောင်နေတဲ့ကျောင်းသူကလည်း လိုက်ပြီးမရေးရပါဘူး။ ပြုံးပြုံးပြုံးပြုံးနဲ့ နားထောင်နေတာပါပဲ။ နားထောင်ပြီးတော့ ကျွန်မတို့ထိုင်နေတဲ့အခန်းရဲ့ဘေးက အခန်းထဲကို ဆရာမနဲ့အတူ ကျောင်းသူက လိုက်သွားပါတယ်။ ကျောင်းသူကတော့ ဘေးခန်းထဲရောက်တော့ အဲသည်ခေတ်က ကက်ဆက်မသုံးသေးတာကြောင့် (Recorda) ရကော်ဒါကြီးကို ဖွင့်ပြီး သူနားထောင်ခဲ့ရတဲ့စကားကို သူမှတ်မိသလောက် ပြန်ပြောထည့်ခဲ့ရပါတယ်။ စောင့်နေတဲ့ ကြီးကြပ်သူဆရာလည်း ရှိပါတယ်။ ကျောင်းသား ကျောင်းသူများ



အဲသည်အခန်းထဲကို လိုက်မသွားရပါဘူး။ ဆရာမပြောတဲ့စကားကို နားထောင်ထားလိုက်ရတဲ့ ပထမကျောင်းသူက နောက်တစ်ယောက်ကို အခန်းထောင့်မှာ တီးတိုးတီးတိုး စကားပြောပါတယ်။ နောက်တော့ တစ်ဖက်ခန်းကို ကူးသွားပြီး ရီကော်ဒါထဲ စကားပြောထည့်ရပါတယ်။ ပြောရမှာက အဲသည်လိုတစ်ဆင့်တစ်ဆင့် ပြောတဲ့စကားကို နားထောင်ထားတဲ့သူတွေဟာ ကြီးကြပ်တဲ့ဆရာရှိနေတဲ့ အခန်းထဲမှာ စကားမပြောရဘဲ ထိုင်နေကြရပါတယ်။ ကျောင်းသားကျောင်းသူကလည်း သိပ်မများတော့ ပ– ကနေ– ဒုကို ပြော၊ ဒုကနေ–တကိုပြောနဲ့ လူကုန်တဲ့အထိ ပြောလည်း မြန်ပါတယ်။ သဘောကတော့ ပထမပိုင်း ဆရာမပြောတာကို ကျောင်းသားချင်း ပြန်ပြောတော့ အဆင့်ဆင့် ပြန်ပြောရတာဖြစ်ပါတယ်။ ဒါမှသာ စကားဟာ ရွေ့တတ်တဲ့သဘောရှိတယ်ဆိုတာကို သိနားလည်ကြမှာ ဖြစ်ပါတယ်။ နားထောင်တဲ့သူတိုင်းကလည်း ပြုံးပြုံးပြုံးပြုံးနဲ့ဆိုတော့ ဘာတွေပြောသလဲဆိုတာ စိတ်ဝင်စားကြလို့ပေါ့။ နှုတ်ပိတ်ပြီး သုတေသနလုပ်ငန်းအပြီးအထိ ဘာတွေကြုံရဦးမလဲဆိုတာကို စောင့်ရတာလည်း ပျော်ကြပါတယ်။

ကျွန်မနားထောင်ခဲ့ရတာက စောပါတယ်။ သတိရသလောက်ပြောရရင် တစ်ပြိုင်နက်တည်းလိုလို နားထောင်ကြရတာပါပဲ။ နားထောင်ရတာက တစ်ယောက်စီဖြစ်ပေမယ့် တစ်ပုဒ်တည်းသောအကြောင်းကို လူခွဲပြီး တစ်ပြိုင်နက်တည်းလိုလို ပြောတာကို နားထောင်၊ ရီကော်ဒါထဲ ပြန်ပြောထည့်နဲ့ လုပ်ခဲ့ရတာ ဖြစ်ပါတယ်။ ပြောတဲ့ ဆရာမအရေအတွက်ကြောင့် နားထောင်ရတာ တချို့ကစောပြီး တချို့က နောက်ကျတတ်တာပါပဲ။ ဒါပေမယ့် အချိန်နည်းနည်းပဲ ကွာပါတယ်။

ကျွန်မနားထောင်တဲ့အလှည့်မှာတော့ ကာလာမတောင်ခြေက တစ္ဆေညီနောင်အကြောင်းကို နားထောင်ရတာဖြစ်ပါတယ်။ ဆရာမပြောတာကို နားထောင်ရတာဖြစ်လို့ တစ်လုံးမလွဲအောင်မှတ်မိပြီး ပြန်ပြောမယ်ဟဲ့ဆိုပြီး ကြိုးစားကာပြန်ပြောခဲ့တာပါပဲ။ အခုတော့ အကြောင်းအရာတွေကို မေ့နေပါပြီ။ သဘောလောက် သတိရတာပြန်ပြောရရင် စိတ်ဝင်စားဖွယ်ကောင်းအောင် ထူးဆန်းထွေလာအကြောင်းဆိုတော့ လူတွေမှတ်မိနိုင်လို့ ရွေးချယ်ထားတဲ့ ခေါင်းစဉ်နဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ ကျွန်မနားထောင်ရဉ်မှာရော

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောတော့ရော အားလုံးဟာ ပြုံးနေကြတာပါပဲ။ အားလုံး နားထောင်ပြီးပြီဆိုတော့ ရကော်ဒါကို ဖွင့်ပြပါတယ်။ အဲသည်အချိန်မှာတော့ တစ်ယောက်ပြောင်းလိုက်ရင်း ကျန်တဲ့နားထောင်နေသူ ကျောင်းသား ကျောင်းသူများက တဝါးဝါးရယ်လိုက်ရင်းနဲ့ ပျော်လည်းပျော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခေါင်းစဉ်ဖြစ်တဲ့ ကာလမတောင်ခြေက တဈေးညီနောင်ကစပြီး မှားလိုက်ကြတာ သောက်သောက်လဲဖြစ်နေကြလို့ပေါ့။ တစ်ဆင့်ပြီးတစ်ဆင့် ပြောပြတဲ့ အကြောင်းအရာများကလည်း ပြောတဲ့သူတွေ ပကနေ ဒ၊ ဒကနေ တစည်ဖြင့် လူပြောင်းလေလေ အချက်အလက်တွေ ပြောင်းလေလေဖြစ်နေပါတယ်။ နောက်ဆုံးတော့ သုတေသနကို ဆရာဖြစ်သူက နိဂုံးချုပ်ပြီး သုံးသပ်ပြပါတယ်။ လူတွေဟာ ဒီလိုပဲ၊ စပြီးနားထောင်ရတုန်းက မှတ်မိတာနဲ့ နောင်ကြာလေလေ မေ့သွားလေလေ ဖြစ်တတ်တာ သဘာဝဖြစ်တယ်။ မေ့တာကိုလည်း မေ့တဲ့အတိုင်းမထားဘဲ ပြောရမှာဖြစ်လို့ ပြောတာ၊ ပြောချင်လို့ ပြောတာစသည်ဖြင့် 'အဆင့်ဆင့်ပြောရင်း အစနဲ့အဆုံးဟာ ကြာလေလေ ဝေးတတ်တာ သဘာဝဖြစ်ပါတယ်။ အဲသည်တော့ ကြားတိုင်းလည်း မယုံပါနဲ့။ ဘယ်ကစလာတဲ့ စကားလဲ၊ ဘယ်လိုလာတဲ့စကားလဲဆိုတာကို လေ့လာစုံစမ်းပြီးမှ ယုံသင့်မှယုံပါ။ ယုံဖို့ သင့်မသင့်ဆိုတာလည်း ချင့်ချိန်ရဦးမှာလို့ ပြောပါတယ်။

အဲသည်သုတေသနကလေးကို ပြန်ပြောင်းပြီးသတိရလို့ ပြောလိုက်ပေမယ့် တကယ့်အဖြစ်အပျက်နဲ့က အနှစ် ၅၀ လောက်ကွာပြီး ပြောရတာဆိုတော့ အပေါ်ယံသုတေသနပြုပုံလောက်သာ မှန်ပြီး အခြားသောအကြောင်းအရာများကိုတော့ လုံးဝမေ့သွားလို့ တဈေးညီနောင် ဘာလုပ်သလဲဆိုတာ ပြောမပြနိုင်ပါဘူး။

ဒီသုတေသနကို ပြောလိုက်တာက ယောဆရာတော်ဘုရားကြီးရဲ့ (စ...ကား) ဆိုတဲ့ခေါင်းစဉ်နဲ့ မဗ္ဗဒါန ထုတ်ဝေလိုက်တဲ့ စာအုပ်ကလေးကို ဖတ်လိုက်ရလို့ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့တစ်နှစ်ကျော်လောက်က ဆရာတော်ကြီးဟာ တရားဟောစင်မြင့်လား၊ ကျောင်းလှေကားကလား မသိ၊ အဆင်းတစ်ခုမှာ လဲကျခဲ့ပါတယ်။ ဆရာတော်ကြီးရဲ့စာထဲမှာ ပါတဲ့အတိုင်းပြောရရင် လဲကျရာက ချက်ချင်းပဲ



ပြန်ထနိုင်ပါတယ်။ သတိကို လက်မလွှတ်အောင် ကြိုးစားနေတဲ့သူတစ်ယောက်အနေနဲ့ အဲသည်လို အစနဲ့မသင့်လို့ လဲကျတာပဲ လွှန်လှပြီဆိုတော့ သတိကပ်ပြီး ချက်ချင်းပြန်ထတဲ့အခါ လက်ရောခြေရော ဘယ်နေရာကမှ မနာပါဘူးတဲ့။ ချက်ချင်းထပြီး သွားရမယ့်ကျောင်းကိုသွားပြီး တရားဟောခဲ့ပါသေးတယ်တဲ့။ သတိနဲ့ သွားလာလှုပ်ရှားတာပဲပေါ့။ အဲသည်လို တခြားနေရာမှာ တရားဟောပြီး အပြန်ကျတော့ ဆရာတော်ကြီးကျောင်းမှာ ဆရာဝန်များ စောင့်နေပါသတဲ့။ အင်မတန်မှ သီလ၊ သမာဓိ၊ သိက္ခာကြီးမားလှတဲ့ ဆရာတော်ကြီးကို ကြည်ညိုသူများပါတယ်။ ဆရာတော်ကြီး တစ်ခုခုဖြစ်မှာ စိုးရိမ်တဲ့သူတွေလည်း များလှပါတယ်။ ဆရာဝန်များက ဆရာတော်ကြီးကို ဖူးမြော်ကန်တော့ကြပြီး လဲကျတဲ့ဘက် (ဘယ်ဘက်) ကို ဓာတ်မှန်ရိုက်ကြည့်ပါတယ်။ ပြီးတော့ ဆရာတော်ကြီးဘုရား အင်မတန်မှကံကြီးတော်မူပါတယ်။ ဘယ်ဘက်အရိုးတစ်ချောင်း နည်းနည်းကလေး မဆိုစလောက်ကလေးဆိုပါတော့ ဘုရား အက်သွားတာကလွဲလို့ ဘာမှဆိုးဆိုးရွားရွား မဖြစ်ပါဘူးဘုရား။ ငြိမ်ငြိမ်သက်သက်နေလိုက်ရင် ပြန်စေ့သွားမယ့် အက်ရာကလေးပါပဲလို့ လျှောက်ကြပါသတဲ့။

ဆရာတော်ကြီးက လဲကျတာတောင်မှ သတိလက်လွှတ်ဖြစ်ရာကျလို့ လွန်လှပြီ။ ငြိမ်သက်စွာနေမှာကိုတော့ မစိုးရိမ်ကြပါနဲ့ဆိုပြီး၊ ဆရာဝန်များပြန်သွားတော့ ဩော် ဝေဒနာရတယ်ဆိုတာ ရှုမှတ်ဖို့ပဲဆိုပြီး ရှုမှတ်နေတော်မူပါသတဲ့။ ဆရာတော်ကြီးဟာ အပြင်မှာ လူမြင်သူမြင် လူသိသူသိဖြစ်အောင် နေတော်မမူပေမယ့် အလုပ်မလုပ်ဘဲ နေတဲ့အခါရယ်လို့ ရှိပုံမပေါ်ပါဘူး။ ဆရာတော်ကြီးကို ကြိုတိုင်းဝင်ပြီး ဖူးမြင်ပါတယ်။ ဘယ်လိုအချိန်မျိုးမှာမဆို အလုပ်လုပ်နေတာပါပဲ။ တရားရှုမှတ်နေတာ၊ ဟောပြီးသားတရားကို ပြန်နာနေတာ၊ လာရောက်ဖူးမြော်တဲ့သူများကို တရားမွှနဲ့ ဟောပြောဆုံးမနေတာ စသည်ဖြင့်ပေါ့လေ။ အသက်အသံမထွက်ဘဲ တိပိဋကဘွဲ့ရတဲ့အထိ ဆိတ်ငြိမ်စွာ စာကျက်တော်မူခဲ့တဲ့ ငယ်ငယ်ကစရိုက်အတိုင်းပါပဲ။ သီတင်းသုံးရာကျောင်းဆောင်ထဲမှာလည်း တိတ်ဆိတ်နေတတ်ပါတယ်။

ဆရာတော်ကြီးက တိတ်ဆိတ်နေပေမယ့် အပြင်မှာတော့ ကြော်ကောင်းကောင်းနဲ့ပြောနေကြတာက ယောဆရာတော်ကြီးအကြောင်းကြား

www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ပြီလား။ လဲကျသွားလိုက်တာ ခြေထောက်အရိုးတွေတောင် အပိုင်းပိုင်း ကျိုးသွားသတဲ့။

နောက်တစ်မျိုးကတော့ ယောဆရာတော်ကြီးလေ လဲကျလို့တဲ့တော်၊ စိတ်မကောင်းစရာပဲ လက်လည်းကျိုးသွားတယ်။ နံရိုးတွေလည်း သွင်သွင် ကျိုးသွားသတဲ့။ နောက်တစ်ယောက်ကတော့ အခုဆေးရုံပေါ်မှာ တင်ထားရတယ်။အခြေအနေက ဘယ်ကောင်းနိုင်ပါ့မလဲပေါ့။ တစ်နည်းတော့ ကောင်းပါတယ်။ မဟာဝိသုဒ္ဓါရုံကျောင်းကို လိုက်လာကြတဲ့သူများကတော့ ပုံမှန်စာပေပို့ချနေတဲ့ ဆရာတော်ကြီးကိုယ်တော်တိုင် သပိတ်ကိုပိုက်ပြီး ကျောင်းပေါ်က ဆင်းတော်မူပြီး ဆွမ်းစားကျောင်းကို ကြွသွားတော်မူတဲ့ဆရာတော်ကြီးကို ဖူးမြင်ခွင့်ရနေတာပေါ့။ ကြာကြာစောင့်လေလေ မှန်မှန်နဲ့အေးအေး လှုပ်ရှားတော်မူတတ်တဲ့ ဆရာတော်ကြီးကို ဖူးမြင်နိုင်လေလေဖြစ်မှာပါပဲ။ မနီးမဝေးကဖူးမှ ဆရာတော်ကြီးကို အနှောင့်အယှက်မဖြစ်ဘဲ ဖူးရမှာဖြစ်ပါတယ်။

ဆရာတော်ကြီးကလည်း တိတ်ဆိတ်ငြိမ်သက်စွာ နေတော်မူတတ်တော့ ဒီသတင်းကို ထုတ်ပြန်ခြင်းလည်းမရှိကြပါဘူး။ သိတဲ့သူများကတော့ သွားပြီးဖူးမြော်ရင်း ဘာမှမဖြစ်တာကို ပျော်နေကြတာပေါ့။ တစ်နေ့တော့ တရားဟောရမယ့်ကျောင်းက မနီးမဝေးဆိုတော့ ဆရာတော်ကြီးက အခြားရဟန်းများနဲ့ အတူ တရားဟောရမယ့်ကျောင်းကို ခြေကျင်ကြွသွားတော်မူတော့ လမ်းတစ်ဖက်တစ်ချက်မှာ ရပ်ပြီးနေကြတဲ့ (ကြည်ညိုပူဇော်နေကြဟန်တူပါတယ်) ပရိသတ်ထဲက လူငယ်တစ်ယောက်က ယောဟိုမှာ ယောဆရာတော်ကြီးရယ်၊ ကိုယ်တော်တိုင် ခြေကျင်ကြွတော်မူတယ်ဆိုတော့ ဆေးရုံကို တင်ထားရတယ်ဆိုတာ မဟုတ်လို့ပေါ့လို့ ပြောလိုက်တဲ့အသံကို ဆရာတော်ကြီးကိုယ်တိုင်ကြားလိုက်ရတဲ့အကြောင်း ဆရာတော်ကြီးရေးတဲ့ စာအုပ်ကလေးထဲမှာ ပါပါတယ်။

ကိုင်း အဲသည်လောက်ဆိုရင်တော့ ကြားတိုင်းလျှည်း မယုံနဲ့။ ယုံယုံမယုံယုံ နှုတ်ဆင့်လည်းမကမ်းနဲ့။ မတော်မတည့်တာ တွေကိုပြောမိရင် ငရဲကြီးလိမ့်မယ်။ အထူးသဖြင့် ဘာမှမဖြစ်ပါစေနဲ့။ မသေချာသေးဘဲ ဘယ်သူ့မှ မသိပါစေနဲ့ ဆိုတဲ့စေတနာထားလိုက်ရင် တော်တော်ကောင်းမှာပါ။ စေတနာ



က ဆိုးဆိုးရွားရွားဖြစ်နေရင်တော့ ထိန်းဖို့ခက်သွားတတ်ပါတယ်။ သတိထားဖို့က အရေးကြီးပါတယ်။အထူးသဖြင့် သူတော်ကောင်းဆရာတော် သမားတော်ကြီးများနဲ့ပတ်သက်ပြီး မတော်မတည့် မပြောတာ အကောင်းဆုံး ဖြစ်ပါတယ်။ အို တကယ်တော့ ကြားရင်မယုံနဲ့၊ မြင်ရင် တစ်ဝက်ယုံလို့ပြောတဲ့ စကားပုံကို သတိရပြီး သူများမကောင်းကြောင်းကို ဘာမှမပြောတာ အကောင်းဆုံး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## *စာလောက်သာ ပညာဟု မမှတ်ပါနှင့်၊ လက်အလုပ်များကိုလည်း တတ်အောင်သင်ပေးပါ*

လူ့လောကကြီးမှာ အောင်မြင်တဲ့လူတစ်ယောက်ဖြစ်ဖို့ဆိုတာ လွယ်လွယ်ကူကူနဲ့ လုပ်လို့မရပါဘူး။ ဆရာကောင်း သမားကောင်း၊ မိဘကောင်းများနဲ့တွေ့ပြီး ကောင်းစွာသွန်သင်ခြင်းခံရဦးမှ ကောင်းစွာဖြစ်မြောက်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ အဲသည်လို ဆရာကောင်းသမားကောင်းဆိုတာ လူပုဂ္ဂိုလ်အနေနဲ့မကြုံရင် တောင်မှ ယူတတ်တဲ့သူများဟာ သူများကိုဆုံးမရင် ကိုယ်ကရအောင်ယူတတ်တဲ့ အထိ အကင်းပါးရင်တော့ တိုးတက်လိုက်သမှ သူဌေးကြီးတောင် ဖြစ်နိုင်ပါသေးတယ်။ အခုခေတ်မှာကို အဲသည်လိုတိုးတက်လာအောင် အကင်းပါးပါးနဲ့ ကြိုးစားနိုင်ပါတယ်။

တစ်ခါတုန်းက ကမ္ဘာကျော်ကဗျာဆရာကြီးတဂိုး ရေးဖူးတဲ့ စာသားတစ်ခုကို ဖတ်မိခဲ့ပါတယ်။ ကြာပြီဆိုတော့ ဘယ်စာအုပ်ထဲမှာ ဖတ်မိတယ်ဆိုတာတောင်မှ မပြောနိုင်ပါဘူး။ သူပြောတာလည်း အကုန်မဟုတ်ပေမယ့် အခုတင်ပြမယ့်အကြောင်းကို ငုံမိလောက်အောင်တော့ ရပါတယ်။ ဆရာကြီးတဂိုးက ကျွန်တော်တို့ငယ်ငယ်ကများ မိဘစိတ်ကြိုက် လိုက်နေရပါတယ်။ မိဘများကလည်း စည်းကမ်းတင်းကျပ်သလား မပြောပါနဲ့တော့။ အခု ကျွန်တော်တို့ လူလားမြောက်ချိန်ကျတော့ မိဘများက သားသမီးများကို တယ်ပြီး အလိုလိုက်တာပါလား။ ကျွန်တော်တို့သာ အခုခေတ် ကလေးတွေ နေသလို စားသလို၊ ဝတ်သလို ပေါ့ပေါ့ပါးပါးနေခဲ့ရင် မိဘများက ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာမဟုတ်ဘူး လို့ဆိုပါတယ်။

ကျွန်မကလည်း အသက် ၇၀ ထဲကိုရောက်လာပြီဆိုတော့ ငါတို့ငယ်ငယ်တုန်းကဆိုရင်ဆိုတဲ့ သံစဉ်ကိုတယ်ပြီးရွတ်ဆိုချင်နေပါတယ်။ ကျွန်မတို့ငယ်ငယ်က အဖေဖြစ်သူကို အမေက ခဏခဏဆူသလိုလို ပူသလိုလိုလေသံနဲ့ ပြောတတ်တာရှိပါတယ်။ ယောက်ျားဖြစ်သူတစ်ယောက်ဟာ မိသားစုရဲ့



စားဝတ်နေရေး ပြည့်စုံအောင် လုံခြုံအောင်၊ သီလ သမာဓိ ပညာနဲ့ တင့်တောင့် တင့်တယ်နေပေးရင် တော်ပြီ။ မိန်းမတွေလုပ်ရမယ့် ချက်ရေးပြုတ်ရေး၊ အိမ်ထောင် ထိန်းသိမ်းရေးမှာ ပါဖို့မလိုဘူး။ မနက်လင်းတာနဲ့ ဘုရားစင်မှာ သောက်တော်ရေ၊ သုံးတော်ရေ၊ ဆွမ်း၊ ပန်း၊ ဆီမီး အကုန်ထားပေးပြီး ဖြစ်ပါလျက်နဲ့ ဘုရားစင်ရှေ့မှာထိုင်ပြီး ဘုရားရှိခိုးတဲ့ဆီကို ရောက်ပဲရောက်မလာနိုင်ဘူး။အိမ်မှာဟီရတွေကို လိုက်ပြီး ကြည့်နေလုပ်နေတယ်လို့ ပြောတာဖြစ်ပါတယ်။ သူ့ခေတ်နဲ့သူ တာဝန်ခွဲဝေခြင်းဖြစ်ပါတယ်။ အခုခေတ်မှာတော့ ဖေဖေတစ်ယောက်တည်း ရှာတဲ့ငွေကို တစ်ပြုတစ်မ ထိုင်စားဖို့ဆိုတာ မဖြစ်နိုင်ပါဘူးလေ။ အိမ်ရှိ လူကုန် အကုန်လုံး နိုင်ငံတကာပုံစံနဲ့ လင်းတာနဲ့ ကိုယ်စီကိုယ်ငလုပ်ရှားရတာ လူစင်စစ်က စက်ရုပ်ကလေးတွေများကျလို့။

မနေ့တစ်နေ့က သားတစ်ယောက် အိမ်ကိုလာပါတယ်။ မုန့်ကျွေးချင်လို့ လာတာပါ။ သူလမ်းလျှောက်တာကို ကြည့်ပြီး သားကြီး မင်းလမ်းလျှောက်တာ ယိုင်တိုင်တိုင်နဲ့ နေမကောင်းဘူးလားဆိုတော့ ‘ဟုတ်တယ် အမေ၊ အအေးမိလို့’လို့ ဖြေပါတယ်။ ‘ဟဲ့ ဘယ့်လောက်များ အအေးမိနေတာလဲ၊ အေးငြိမ်းသီတာ သုံးလုံးလောက်သောက်လိုက်စမ်း’လို့ ပြောတော့ ချက်ချင်းသောက်ပါတယ်။ နွေးနွေးထွေးထွေးလည်း ဝတ်ထားပါတယ်။ ခဏနေတော့ ‘တော်တော်သက်သာသွားပြီ အမေ’လို့ ပြောပါတယ်။ ကျွန်မက ‘ဘာဖြစ်လို့ အအေးမိတာလဲ’လို့မေးတော့ ‘အဝတ်လျှော်လို့’တဲ့။ သူ ဘယ်လိုအဝတ်လျှော်တယ်ဆိုတာ သေသေချာချာပြောပြတော့ မတ်တတ်ရပ်လျက် အကြာကြီးလည်း နေရတာကိုး၊ ရေလည်းစိုသေးတယ်ဆိုတော့ အဝတ်လှမ်းပြီးတဲ့အချိန်မှာ ညောင်းတာ တောင့်တာ၊ ခြေဆတ်တာတွေ ဖြစ်ကုန်တာပေါ့။ နေ့တိုင်းလိုတော့ အများကြီးလျှော်တာမဟုတ်ပေမယ့် ခဏခဏတော့ လျှော်ရတာပေါ့။ ဟဲ့ မင်းမိန်းမက နေမကောင်းသေးဘူးလားလို့ မေးလိုက်ရပါတယ်။ ကလေးမကလည်း သိပ်အလုပ်လုပ်တော့ နေထိုင်မကောင်း ဖြစ်တတ်တာကိုး။

သားကြီးက မောသံနဲ့ ဖြေပါတယ်။ ‘သူလည်း နေကောင်းပေမယ့် အလုပ်များတာပါပဲ။ သားကြီးတို့က သမီးတွေ စာတော်တာကို အရှိန်မပျက်စေချင်ဘူး။ သမီးကြီးက စာဖတ်တာ ဝါသနာပါတယ်။ စာကျက်ဖို့လည်း မပျင်းဘူးဆိုတော့ သူတို့ညီအစ်မကို စာကျက်ချိန်များများ ရစေချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်စေချင်တယ်။ အဲသည်တော့ ကလေးတွေကို အိမ်အလုပ် မခိုင်းဘဲ စာကိုသာဖတ်စေချင်တော့ ကျွန်တော်နဲ့ ကလေးအမေတို့က အိမ်အလုပ်ကို မျှပြီးလုပ်ရတာပေါ့'လို့ ပြောပြီး 'မိဘမေတ္တာပေါ့ အမေရယ်'လို့ ပြောပါတယ်။ မိဘမေတ္တာဆိုတော့လည်း ကျွန်မက ဘာပြောရမှာလဲ။ သူ့ခေတ်နဲ့သူဆိုတော့လည်း ကလေးတွေလည်း မသက်သာလှပါဘူး။

တစ်ခါကလည်း အိမ်တစ်အိမ်ကိုရောက်ပါတယ်။ ဗဟုသုတတယ်ပြီး ရခဲ့တာကလား။ သားသမီးနှစ်ယောက်ကို စာတတ်စေချင်လွန်းတော့ ရသမျှ ငွေကြေးကို ပြင်ပစာသင်ဆရာများကို အကုန်ပေးပြီး၊ အိမ်အလုပ်ကို အမေ ဖြစ်သူက ကုန်းကျုံးပြီးလုပ်နေတဲ့မိသားစုမှာ ကလေးကလည်း အိမ်မှုကိစ္စများ ကို ဝင်ပြီးလုပ်ရကောင်းမှန်း မသိတော့ဘူးပေါ့။ ကျောင်းပိတ်ရက်ကလေးရရင် ယဉ်ကျေးမှုသင်တန်းကိုလည်း လွှတ်လိုက်သေးတာကိုး။ ယဉ်ကျေးမှုသင်တန်း က ပြန်လာတော့ အမေ အလုပ်လုပ်နေတာကိုမြင်တာနဲ့ 'သမီးကူပြီး လုပ်ပေးရမလား မေမေ'လို့ မေးဖော်ရပါသတဲ့။ အမေဖြစ်သူက ယဉ်ကျေးမှု သင်တန်းကိုလည်း ကျေးဇူးတင်တဲ့အပြင် သူ့သမီးကလေးက အဲသည်လို မေးတတ်လာတာကို အလွန်ဝမ်းသာနေပါတယ်။ စာရေးသူကတော့ အခုန ပြောသလို ၇၀ တန်းကိုး။ အခုခေတ်လူသားတွေရဲ့ ဝမ်းနည်းမှု ဝမ်းသာမှုများ ကို နားမလည်နိုင်တော့ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ငယ်ငယ်က ကျောင်းမသွားခင်မှာ မနက်အစောကြီးစာ စားကတည်းက အမေ့ကို ကူညီလုပ်ကိုင်ပေးရပါတယ်။ ကျောင်းမသွားခင် ရေချိုးတော့လည်း ကိုယ့်အဝတ်ကို လျှော်ခဲ့ရပါတယ်။ ကျောင်းပိတ်ရက်များမှာ အမေက အဖေ့အဝတ်၊ မောင်လေးအဝတ်၊ ကျွန်မ တို့အဝတ်စသည်တို့ကို သဲဆပ်ပြာကို ရေနွေးနဲ့လောင်းပြီး အကြည်ခံထားတဲ့ ရေနဲ့လျှော်တာကို ကူညီပြီးလျှော်ပေးရပါသေးတယ်။ အဝတ်ကို ဆပ်ပြာနံ့ ပျောက်တဲ့အထိ ရေဆေးဖို့လည်း မေမေက သေသေချာချာသင်ပါတယ်။ အဝတ်လည်း မဆွေးဘူး။ ဝတ်တဲ့အခါလည်း သန့်စင်နေတော့ ကြည့်လို့ ကောင်းရုံသာမက ကိုယ့်အသားနဲ့ထိတဲ့အခါ အသားကိုမထိခိုက်ဘူးလို့ ပြောပါတယ်။

တစ်ခါတလေတော့ စာဖတ်ချင်တဲ့ကျွန်မနဲ့ အမေနဲ့ နားလည်မှုရ



အောင် ညှိကြရပါတယ်။ ကျွန်မက ကျောင်းစာကိုသာ ဖတ်နေတာဆိုရင် အမေက ဘာမှပြောမှာမဟုတ်ပါဘူး။ အပြင်စာအုပ်လို့ခေါ်တဲ့ အဲသည်ခေတ် က ထွက်တဲ့မြဝတီတို့လို စာအုပ်များကို ဖတ်နေရင်တော့ ခဏခဏခေါ်ပြီး ခိုင်းပါတယ်။ ညည်းဖတ်နေတာ ကျောင်းစာမဟုတ်ဘူးလို့လည်း ပြောပါတယ်။ နောက်တော့မှ ကျောင်းစာမဟုတ်ပေမယ့် ဗဟုသုတဖြစ်စေတဲ့ စာများကို ဖတ်နေတာဖြစ်ပါတယ်ဆိုတာကို ပါလာတဲ့ဆောင်းပါးတွေကအစ ပြသပြီး နားလည်မှုယူရပါတယ်။

တစ်ခါမှာတော့ သမီးကလေးတစ်ယောက်ပဲရှိတယ်။ အိမ်သန့်ရှင်းရေး (မွေးထားတဲ့ခွေးရဲ့ချေးကျုံးတာကအစ) အလုပ်တော်တော်များများကို ကူပြီး လုပ်ရပါတယ်။ အဲ ခွေးချေးကျုံးတာကတော့ ပင်တိုင်ပါပဲလေ။ အဲသည်လို သမီးကလေး တစ်ယောက်ရှိတယ်၊ သိပ်အလုပ်လုပ်ခိုင်းတာပဲ။ အမေက မချစ်ဘူးထင်တယ်လို့ ပြောမိပါတယ်။ အမေက စိတ်မဆိုးဘဲ 'သမီးရယ် မေမေလည်း အလုပ်နဲ့ လက်နဲ့မပြတ် လုပ်နေရတာပဲ။ ပြီးတော့ သမီးထင်သလို သမီးကိုမချစ်လို့ အလုပ်တွေ ခိုင်းတာမဟုတ်ဘူး။ ချစ်လို့ ခိုင်းတာပါ။

လူဆိုတာ ကိုယ့်တာဝန်ကို ကိုယ်ယူတတ်ရမယ်။ ပြီးတော့ လူတိုင်း လူတိုင်းရဲ့ဘဝဟာ တစ်သမတ်တည်း မပြောင်းမလဲ ရှိနေတာမဟုတ်ဘူး။ တက်ချင်တက်မယ်။ ကျချင်ကျမယ်။ တက်နေလို့ ကိုယ်ကလက်ညှိုးထိုးပြီး ခိုင်းနိုင်တယ်ဆိုရင်တောင်မှ ဘာကိုမှ ကောင်းကောင်းမတတ်တဲ့သူဆိုရင် အလုပ်လုပ်တဲ့သူတွေက ညာတာကိုခံရဖွယ်ရှိတယ်။ သေသေချာချာ ဘယ်လို လုပ်၊ ဘယ်လိုကိုင်စတဲ့ နားလည်သူတို့မှ စီမံနိုင်မယ့်စကားတွေကို ပြောပြီး ခိုင်းရင် ကောင်းကောင်းလုပ်ပေးတတ်ကြတယ်။

အဲသည်လိုမဟုတ်ဘဲ ကိုယ့်ဘဝကနိမ့်ပါးလျော့ကျတဲ့ကာလနဲ့ကြုံ ရင်လည်း စနစ်တကျလုပ်သင့်တဲ့အလုပ်ကို လုပ်ကိုင်ပြီး မိမိကိုယ်ကို ပြန်လည် ထူထောင်နိုင်တယ်။ တွေ့ရာကမ်းမှာ တွေ့ရာတက်နဲ့ စနစ်တကျ လှော်ပြီး မတိမ်းမစောင်းအောင် ကိုယ့်ဘဝကိုကိုယ်မွေးနိုင်ရမယ်'လို့ ပြောပါတယ်။ အဲသည်လိုစကားပြောတာဟာ ကင်မွန်းရုံကြီးအောက်က ရေတွေအများကြီး ဆုံတဲ့ ကျောက်အင်တုံကြီးသောက အဝတ်လျှော်တဲ့ကျောက်ပြားကြီးပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ကို နည်းအမျိုးမျိုး ပြောင်းလျှော်ရင်း အေးအေးဆေးဆေး ပြောပြတာပါ။ ကျွန်မလည်း အမေ့ပြောစကားကို နားထောင်ရင်း ကျောင်းအလုပ်၊ အိမ်အလုပ်များကိုလည်း ပြီးစီးအောင်လုပ်ပါမယ်လို့ ကတိပေးလိုက်ပါတယ်။ အပြင်စာလို့ ခေါ်တဲ့ အဲသည်ခေတ်ထုတ် မဂ္ဂဇင်းများ၊ ဂျာနယ်များကိုလည်း ဖတ်ခွင့်တောင်းလိုက်ပါတယ်။

ကိုယ့်ဘာသာကိုယ် တောင်းဆိုထားတဲ့ကိစ္စ၊ သဘောတူထားတဲ့ကိစ္စဆိုတော့ အိမ်အလုပ်လည်း မပျက်ကွက်အောင် သတိထားပြီး လုပ်ရပါတယ်။ စာလည်းဖတ်ဖြစ်ပါတယ်။ ယုံချင်မှယုံ အဝတ်ဖွပ်ရင်း အဲသည်အလုပ်ကို နှစ်ခြိုက်လာသလို သစ်ပင်ရေလောင်းရင်းလည်း အပင်များအကြောင်းရှာပြီး ဖတ်ဖြစ်ပါတယ်။ မီးပူတိုက်ရင်း အိမ်ကိုနေရာတကျထားတာဟာ စိတ်ကို ကြည်လင်စေတယ်ဆိုတာ သိလာပါတယ်။

အခုခေတ်မှာတော့ တစာတည်း စာနေရတာ၊ အဆင့်ကျသွားရင် ဘယ်လိုလုပ်မလဲလို့ မိဘများက ပြန်မေးကြမှာစိုးလို့ ဘယ်လိုအကြံဉာဏ်ကို ပေးရကောင်းမှန်း မသိပါဘူး။ စာတတ်တာထက် ပညာတတ်တာကတော့ ပိုကောင်းတာပေါ့နော်။ အမှားအမှန် ရွေးတတ်အောင် သွန်သင်ပေးဖို့လိုပါတယ်။ ဘဝမှာ နေရတာ မိမိအတွက်ချည်းမဟုတ်ဘူး၊ သူများအတွက်လည်း တာဝန်ယူပေးတတ်ရတယ်။ ဒါမှသာ တကယ်တမ်းထက်မြက်တဲ့၊ ဦးဆောင်နိုင်တဲ့၊ တကယ်လည်း ဖျတ်လတ်သွက်လက်တဲ့သူတစ်ယောက် ဖြစ်လာနိုင်တယ်ဆိုတာ ပထမဦးစွာ မိဘများကသိရပါမယ်။ နောက်တော့ တစ်မိသားစုလုံးအသိနိုးကြားလာပြီး မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ လုပ်ရမယ့်အလုပ်ကို အချိန်မဆိုင်းဘဲ လုပ်ရင် အဘက်ဘက်က တော်တဲ့သူများ ဖြစ်လာမှာပါ။

တကယ်တော့ အလုပ်လုပ်တဲ့အခါမှာ စိတ်မပျံ့လွင့်အောင် လေ့ကျင့်ပေးထားရင် အချိန်တိုတိုအတွင်းမှာ စာရပါတယ်။ အလုပ်လည်း ပြီးစီးပါတယ်။

အထက်မှာပြောခဲ့တဲ့အတိုင်း လူဖြစ်လာတယ်ဆိုရင် ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် လုပ်တတ်ရပါမယ်။ သူတစ်ပါးကိုလည်း ကူညီနိုင်တဲ့အစွမ်းရှိရပါမယ်။ အိပ်ရာကနိုးတာနဲ့ ချက်ချင်းထနိုင်တဲ့အလေ့အကျင့်ကလည်း လုပ်ထားရင် ဖြစ်ပါတယ်။ အိပ်ရာထဲမှာ နိုးနေလျက်နဲ့ မထဘဲ ဟိုလိုမ့်သည်လိုမ့် လိမ့်နေတတ်တဲ့သူတွေဟာ ကုန်ဆုံးသွားတဲ့အချိန်ကို တန်ဖိုး



မရှိဘူးထင်နေတာ မှားတာပဲ။ နိုးလာတာနဲ့ မျက်နှာသစ်ရင်၊ မနေ့ညက ကျက်ထားတဲ့စာကို ပြန်စဉ်းစားနိုင်ပါတယ်။ ပြန်ပြီးတော့ ရွတ်ဆိုနိုင်ပါသေးတယ်။ တက်ကြွထက်မြက်တဲ့စိတ်နေသဘာဝနဲ့ နေထိုင်ရင်းနဲ့ တစ်စထက်တစ်စ တော်လာတဲ့သူတွေကို ပျင်းတိပျင်းရွဲနဲ့ လုပ်မှာပေါ့၊ ဖတ်မှာပေါ့၊ အင်း ဒုက္ခပဲစသည်ဖြင့် အီလေးဆွဲနေတဲ့သူများက လိုက်လို့မမီနိုင်လောက်ပါဘူး။ မီချင်ရင် အလေ့အကျင့်ပြောင်းရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

## *စာရေးဆရာ ပြောချင်တာကို*
## *တည့်တည့်ဖတ်စေချင်ပါတယ်*

စာရေးသူဟာ အိမ်ထဲမှာ ငြိမ်ငြိမ်သက်သက်ထိုင်ပြီး စာဖတ်နေရတာကို သိပ်ပြီးနှစ်သက်ပါတယ်။ အဲသည်လို စာဖတ်ရင်း ဖတ်ရင်းနဲ့ နားလည်လာတာကတော့ စာပေကို ဖတ်ရုံဖတ်ပြီး ပတ်ဝန်းကျင်နဲ့ သိပ်ပြီးကင်းကွာလွန်းရင် အရာရာကို မှန်မှန်ကန်ကန် ရှင်းရှင်းလင်းလင်း မြင်တတ်ဖို့ မလွယ်ဘူး။ ပတ်ဝန်းကျင်ထဲကို ဝင်ပြီးလေ့လာသုံးသပ်နိုင်မှသာ ပိုမိုဟန်ချက်ညီတဲ့ အသိအမြင်တွေကို ရနိုင်မယ်ဆိုတဲ့ အသိကို လက်ခံလာမိပါတယ်။

အဲသည်နောက်တော့ စာတွေကိုလည်းဖတ်ပြီး ပတ်ဝန်းကျင်ထဲကို တိုးဝင်ကြည့်တတ်တဲ့အလေ့ကို စတင်လေ့ကျင့်လာပါတယ်။

ပတ်ဝန်းကျင်ထဲကို တိုးဝင်လေ့လာတဲ့အခါမှာ စာဖတ်ရတာထက် ပိုပြီးခက်ခဲတယ်ဆိုတဲ့အချက်ကို သိလာရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်မှာရှိတဲ့ သူတွေဟာ စာထဲမှာလို ငြိမ်သက်နေတာမဟုတ်ဘူးလေ။ ရှင်သန်လှုပ်ရှားနေပြီး မိမိတို့အားလုံး သိထားတဲ့အချက်အလက်များကိုလည်း တစ်ညီတည်း လက်ခံကြတာမဟုတ်ဘဲကိုး။ အမှန်လို့ ကိုယ်လက်ခံထားတဲ့ အချက်များကိုလည်း ဒါမမှန်နိုင်ဘူးလို့ ငြင်းခ[illegible]တတ်သလို၊ မမှန်ပါဘူးလို့ ကိုယ်ထင်ထားတာကိုလည်း တစိုက်မတ်မတ် အမှန်လို့လက်ခံပြီး စွဲလမ်းနေတတ်ကြတာကို တွေ့ရပါတယ်။

အဲသည်လို လူအမျိုးမျိုး အယူအဆအမျိုးမျိုးနဲ့ ရောထွေးလာရတာ တစ်ခါတလေလည်း စိတ်ညစ်စရာကောင်းလိုက်တာနော်လို့ ထင်မိသလို တစ်ခါတလေလည်း စိတ်ဝင်စားစရာပဲလို့ နှစ်လိုစိတ်ပေါ်မိပါတယ်။ ဒါဖြင့်ရင် ကိုယ့်အနေနဲ့ သုံးသပ်ပြီး ဆုံးဖြတ်စရာ အချက်အလက်များကိုရော ရခဲ့ရဲ့လားလို့ မေးစရာရှိပါတယ်။ သုံးသပ်နိုင်ပါတယ်။ ဆုံးလည်းဆုံးဖြတ်နိုင်ခဲ့ပါတယ်။

တစ်ခုတော့ သတိထားရပါတယ်။ လူတော်တော်များများဟာ သုံးသပ်



တဲ့အခါမှာ ရေးသားထားတဲ့ အကြောင်းအရာများပေါ်မှာသာ အခြေပြုပြီး ဆုံးဖြတ်တတ်တာမဟုတ်ဘဲ မိမိတို့လိုချင်သလို မိမိတို့မှတ်သားမိတဲ့ အချက်အလက်များကို ဆွဲထည့်ပြီး အဖြေထုတ်တတ်တာကို မကြာခဏတွေ့ရပါတယ်။ တည့်တည့်ရေးထားတဲ့ အကြောင်းကို ကွေ့ကောက်စဉ်းစားတတ်တဲ့သူတွေ တော်တော်များပါတယ်။ မဟုတ်တဲ့အကြောင်း ပြန်လည်ဖြေရှင်းဖို့ကျတော့လည်း ခက်ပါတယ်။ စာရေးသူအနေနဲ့တော့ မလိုပါဘူးလေလို့ စဉ်းစားပြီး ယူချင်သလိုသာ ယူကြပေတော့လို့ တွေးပြီး ဒီအတိုင်းထားလိုက်ပါတယ်။

ဥပမာပြောရရင် "ဝဠ်ဆိုတာ လည်တတ်တဲ့သဘောရှိတယ်"ဆိုတဲ့ စာအုပ်တစ်အုပ်ကို ကျွန်မ ရေးဖူးပါတယ်။ အဲသည်စာအုပ် ပေါ်ထွက်လာရခြင်းအကြောင်းရင်းက ပညာရေးတက္ကသိုလ်မှာ ထမင်းအတူတူစားဘက် ကျွန်မထက်များစွာငယ်တဲ့ ဆရာမများနဲ့ စကားပြောရင်း သူတို့ရဲ့သဘောထား အမှားတွေကို ကိုယ်ကအကြီးပီပီ ပြင်ပြင်ပေးရင်း နောက်တော့ စာအုပ်တစ်အုပ်အဖြစ် ချရေးမိခဲ့တာ ဖြစ်ပါတယ်။ ကိုးကားတာကတော့ ဓာတ်တော်နိပါတ်တော်များ ဖြစ်ပါတယ်။

စာအုပ်ထွက်လာကစကတည်းက တော်တော်ရောင်းကောင်းပါတယ်။ အဲသည်အစပိုင်း ရောင်းကောင်းခြင်းကတော့ ဘာသာရေးကို အခြေခံပြီး ရေးတဲ့စာအုပ်ကို နိုင်ငံရေးစာအုပ်လို့အယူမှားပြီး ဝယ်ကြတယ်လို့ နောက်ပိုင်းမှာ သိရပါတယ်။ ဝဠ်ကိုအကြောင်းပြုပြီး တို့ထိစောင်းမြောင်းရေးမယ်လို့ ထင်တဲ့အကြောင်းကို ပြောကြပါတယ်။ တော်သေးတာက အဲသည်စာအုပ်ကို ဖတ်တဲ့သူများက စာရေးသူ ရေးတဲ့စာကို နှစ်သက်ပြီး ဆက်လက်အားပေးလာကြလို့ ယနေ့ထက်တိုင် ပြန်လည်ထုတ်ဝေနေရဆဲ ဖြစ်နေတာပါပဲ။

အကောက်အယူမှားတဲ့ သူများကလည်း ကြုံကြိုက်တာနဲ့ "ပုဂံမှ သာသနာ့ဒါယကာကြီးများနှင့် သာသနိကအဆောက်အအုံများ"ဆိုတဲ့စာအုပ်နဲ့ ပတ်သက်ပြီး 'ခင်ဗျား ဘယ်သူ့ကိုရည်ညွှန်းပြီး ရေးတာမဟုတ်လား'လို့ လာမေးတဲ့အတွက် မဟုတ်ရပေါင်ပါ။ ပုဂံအထိသွားပြီး ပင်ပင်ပန်းပန်း ကိုယ်တိုင် သုတေသနလုပ်ခဲ့တာကို ပြန်ရေးတာပါလို့ ပြောခဲ့နိုင်တာကိုပဲ ကံကောင်းလေစွလို့ ယူဆရပါတယ်။တည့်တည့်ကြီးရေးတာတောင်မှ အယူမှားနေကြတာကို ကျော်လွှားရတဲ့စာရေးဆရာလည်း တကယ်တော့ သနားစရာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ပုဂံပြည်ကို ရောက်ခဲ့တယ် ပြောစရာတွေများခဲ့တယ်

ငယ်ငယ်ကတည်းက ဆရာဇော်ဂျီရေးခဲ့တဲ့ ' ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း' ဆိုတဲ့အချီးစကားကလေးနဲ့ ပုဂံအကြောင်းကို ညွှန်းဆိုထားလေ့ရှိတဲ့ ကဗျာတွေကို သိပ်ကြိုက်ခဲ့တကာကလား။ ပုဂံဆိုရင် သွားချင်နေတာ ငယ်ငယ်ကတည်းကပါပဲ။ မိဘများက အလုပ်လည်းများ၊ သူတို့ကိုယ်တိုင် လိုက်မပို့ဘဲလည်း လူကြုံနဲ့မပို့ချင်ဆိုတော့ ပုဂံပြည်ကိုရောက်ခဲ့တဲ့အချိန်မှာ စာရေးသူက အသက် ၂၅ နှစ်ရှိပါပြီ။ နိုင်ငံရပ်ခြားကို ပညာသင်သွားရတော့မှာဆိုတော့ ကိုယ့်တိုင်းကိုယ့်ပြည်အကြောင်းကိုလည်း ကောင်းစွာသိထားမှ ဖခင်ကြီးက ဆုံးဖြတ်ပြီး မေမေ၊ မေမေ့အစ်မ ဒေါ်ကြီးနဲ့ ကလေးမလေးတစ်ယောက်တို့ပါပါတဲ့ ဘုရားဖူးအဖွဲ့တစ်ဖွဲ့ဟာ စားစရာ အပြည့်အစုံကို ကားပေါ်တင်ပြီး ပုဂံကို ခရီးထွက်ခဲ့ကြပါတယ်။

ပုဂံဆိုတာ ဘုရားတွေအများကြီးရှိတယ်။ ဘုရားဖူးသွားကြမယ်ဆိုတဲ့အသိနဲ့ သွားခဲ့ကြတဲ့သူက များပါတယ်။ ဖေဖေ ပြောသလို နိုင်ငံခြားကိုသွားမယ်ဆိုရင် ကိုယ့်ပြည်အကြောင်းကိုလည်း သိထားမှလို့တွေးတဲ့သူ နည်းပါးပါတယ်။

စာရေးသူကတော့ ကိုယ့်တိုင်းပြည်မှာနေရင်းလည်း သားငယ်သမီးငယ်များကို အင်မတန်ယဉ်ကျေးမှုကြွယ်ဝတဲ့ ပုဂံပြည်ကို လိုက်ပို့ပြီး ပုဂံပြည်အဆင့်မြင့်တယ်ဆိုတာ ဒါကြောင့်ပဲကွဲ့ဆိုပြီး လှပကြော့ရှင်းတဲ့ တံကဲတွေ၊ မုခ်ဦးတွေနဲ့ ခန့်ထည်စွာဆောက်ထားတဲ့ ဘုရားများကို ပြသဖို့လိုအပ်တယ်လို့ ထင်ပါတယ်။ ခေတ်မီယဉ်ကျေးတဲ့သူများဟာ အဝတ် ဝတ်တဲ့နေရာမှာ ကာလံဒေသံဆိုသလို သူ့နေရာနဲ့သူ ဝတ်တတ်ဖို့ လိုအပ်ပါတယ်။ အဲသည်လို အသိပညာကလေးများကို မိသားစုတိုင်းက သင်တဲ့အကျင့်ရှိကြဖို့ လိုအပ်ပါတယ်။ ဘုရားသွား ကျောင်းတက်လုပ်ကြတဲ့အချိန်ဆိုရင် ဘယ့်လောက်ပဲ



လုံခြုံပါတယ်ဆိုပေမယ့်အိတ်တွေအများကြီးပါတဲ့ ဘောင်းဘီတွေကို ဝတ်ပြီး ဖိနပ်ကို ရှုပ်တိုက်ကာ မသွားသင့်ပါဘူး။

ဘုရားတွေထဲကို ဝင်တော့မယ်ဆိုတာနဲ့ ကားပေါ်မှာ ဖိနပ်ချွတ်ခဲ့ပါ၊ ခြေပူမိလို့ မသေနိုင်ပါဘူး။ မြတ်စွာဘုရားကို အစွမ်းကုန် ရိုသေလေးစားစွာ ပူဇော်တဲ့အနေနဲ့ ဘိနပ်ချွတ်ပါလို့ ပါလာတဲ့ကလေးများ၊ ကလေးများလိုပဲ သိတတ် နားလည်ခြင်းကင်းတဲ့သူများကို ပြောပေးဖို့လိုအပါတယ်။ ဘုရားထဲကို ဝင်တဲ့အခါမှာလည်း ဘုရားရှိခိုးသူများကို အနှောင့်အယှက်မဖြစ်ရလေအောင် စကားကို တိုးတိုးပြောပေးဖို့လည်း သွန်သင်ရပါမယ်။ ဘုရားလေးဖူးဖို့အရေးမှာ ပညတ်ချက်တွေ များလှတယ်၊ မဖူးရရင် နေပါစေတော့ဆိုရင်လည်း အဲသည်လို ကိုယ်လုပ်ချင်တာကိုပဲ ကိုယ်လုပ်ပြီး သူများ ဘာဖြစ်ဖြစ်ဆိုတဲ့အတွေးရှိတဲ့သူများကို အပြင်မှာပဲထားခဲ့ပြီး ငြိမ်ငြိမ်သက်သက်နေပါစေတော့။ အဲသည်လို စည်းမဲ့ကမ်းမဲ့သူများဟာ ဘုရားနဲ့တွေ့ဖို့ ခက်ပါတယ်။

ကျွန်မ ပုဂံမြို့ကို ဘုရားဖူးရင်း ကုသိုလ်လုပ်ရအောင် သွားခဲ့တာ သုံးကြိမ်ရှိပါပြီ။ ဆက်တိုက်လိုသွားတာကို ပြောတာဖြစ်ပါတယ်။ ဘုရားဖူးလာတဲ့သူများက အုပ်စုလိုက်လာတတ်ပါတယ်။ များသောအားဖြင့် တော်တော်လေးနယ်ဘက်ကျတဲ့ သူများဖြစ်ပါတယ်။ ကျွန်မတို့လည်း တောသူကနေပြီး ဘဝပေးကံကြောင့် မြို့ကိုရောက်လိုက် နိုင်ငံရပ်ခြားကိုရောက်လိုက်နဲ့ နေလာရတာပါ။ ပြီးတော့ အနေအထိုင် အစားအသောက် အပြောအဆိုများကိုလည်း အိမ်မှာလည်း သင်ယူခဲ့ရပါတယ်။ နောက်တော့ ကိုယ်နေထိုင်ရင်း ပညာဆည်းပူးခဲ့တဲ့ကျောင်းတွေမှာ သင်ယူခဲ့ရပါတယ်။ နိုင်ငံရပ်ခြားမှာလည်း သင်ယူခဲ့ရတာပဲပေါ့။

မိမိနိုင်ငံ ယဉ်ကျေးမှုကိုသာ မြင့်မားတယ်လို့ ခပ်မင့်မင့်ပြောလို့ အလကားပဲ ဝိုင်းပြီးရယ်တာ၊ သောတာ၊ မနှစ်မြို့တဲ့အသွင်နဲ့ ကြည့်တာ၊ နောက်ဆုံး မင်းစကားပြောတာ ကျယ်လွန်းတယ်၊ တိုးတိုးပြောဆိုတဲ့ ပြောင်ပြောင်တင်းတင်း ဟန့်တားတာမျိုးကို စံရနိုင်ဖွယ်ရှိပါတယ်။

ပုဂံသွားပါတယ်၊ ဘယ်လိုယဉ်ကျေးမှုနဲ့ ဆိုင်တဲ့အကြောင်းတွေကိုပဲ ပြောနေရတာလဲလို့ ပြောချင်သူတွေရှိမှာပါပဲ။

ဆက်ပြောရင် ရှင်းသွားပါလိမ့်မယ်။ ပုဂံမှာ အထင်ကရ မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတွေထဲမှာ အာနန္ဒာဘုရားဟာ သိပ်ပြီးသပ္ပာယ်ပါတယ်။ မြတ်စွာဘုရားရှင် ရုပ်ပွားတော်ကို မော့ကြည့်ရင်း ပူဇော်ပြီး ဘုရားရှိခိုးနေတုန်း ဖြုန်းခနဲ လှုသံသူသံ၊ ခြေသံ စကားသံများနဲ့ အပျိုလူပျိုအုပ်စုတစ်စု ဝင်လာတာကြပါတယ်။ ရယ်မောပြောဆိုရင်း ဝင်လာကြတဲ့ပုံက မြတ်စွာဘုရားရှင်ရဲ့ ကိုယ်စားတော်အဖြစ် ထုလုပ်ထားတဲ့ ရုပ်ပွားတော်ကို သက်တော်ထင်ရှား မြတ်စွာဘုရားအဖြစ် မမြင်ကြဘူးဆိုတာ သိသာစေပါတယ်။ ဘုရားရှေ့မှာ တုပ်ကွရှိသေစွာထိုင်ပြီး ဘုရားရှိခိုးနေတဲ့ သူတွေကိုလည်း အရုပ်တွေလို သဘောထားတယ် ထင်ပါတယ်။တွန်းတွန်းတိုက်တိုက် ဝင်ထိုင်ပြီး ဘုရားကို ပုဆိန်ပေါက် ဝပ်ချကြပါတယ်။ အဲသည်တော့မှ ထန်းရေနံ့တသင်းသင်းဟာ မိန်းကလေးတွေဆီက လာနေတာကို သိရပါတယ်။ သူတို့တစ်တွေဟာ ဖြုန်းကနဲဝင်လာသလို ယင်ကောင်တစ်အုပ်ကြီး ပြန်ထွက်သွားတဲ့အလား ဝုန်းခနဲထပြီး ထွက်သွားကြပါတယ်။ ကျွန်မနဲ့ မိန်းကလေးအဖော် တစ်ယောက်လည်း အပြင်ကို ခပ်ဖြည်းဖြည်းထွက်လာပြီး သူတို့က ဘယ်သူလဲလို့ မေးရပါတယ်။ ခေတ်နဲ့လည်း အမီမလိုက်နိုင်ဘဲ ခေတ်နောက်ကျနေတဲ့ အဘွားအရွယ်ကို အားနာတဲ့ပုံစံနဲ့ မိန်းကလေးအဖော်ဖြစ်သူက သောင်ဦးကတော့ မဟုတ်ပါဘူး ကြီးကြီးရယ်၊ ရွာတွေမှာ စီးပွားဖြစ်ကြတယ်။ မြို့ပေါ်ကို တက်လာနိုင်ကြတယ်။ တက်လာတဲ့အခါ ပုဂံဆိုတော့ လူမျိုးပေါင်းစုံကို မြင်ရတယ်။အဲသည်လူတွေဝတ်သလို လိုက်ဝတ်တယ်။ ဒါ့ကြောင့် ယောက်ျားကလေးတွေနဲ့ တန်းတူ မိန်းကလေးတွေပါ ထန်းရည်ချိုသောက်ခဲ့ကြတာပါ။ သူတို့ထန်းရေချိုက နေစောင်းတဲ့အချိန်ကျမှ ချထားတော့ မူးတူးဝေဝေ ဖြစ်နေတာပေါ့လို့ ပြောပါတယ်။

ကျွန်မဖြင့် ကိုယ့်ကိုယ်ကို ခေတ်နောက်ကျတယ်လို့ တစ်ခါမှမထင်ဘူးပါဘူး။ အခုအထိ ခေတ်မီကိရိယာတွေကိုသုံးပြီး စာရေးနေတယ်။ နိုင်ငံတကာ သတင်းတွေကို နေ့စဉ် နားထောင်နေတယ်။ ခေတ်မီတယ်ထင်နေတာဟာ တကယ်တော့ မဟုတ်ဘဲကိုး။

ဒီစာကိုရေးရတာ အားလည်းနာပါတယ်၊ စိတ်လည်းမကောင်းပါဘူး။ အားနာတာက ကောင်းတာမရေးနိုင်ဘဲ မကောင်းတာကို ရေးရလို့ ဖြစ်ပါတယ်။ မရေးနဲ့ပေါ့လို့ ပြောရင်တော့ မရေးဘဲလည်း မနေနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆို



တော့ ဒီလိုအကြောင်းကို လူကြီး မိဘများသိမှ ဖြစ်ပါမယ်။ မသိရင်တော့ အလုပ်သွားတယ်။ အလုပ်အပြန်မှာ တစ်ခွက်တစ်ဖလား ဝင်မော့လာတယ်။ အလုပ်လုပ်ဖို့ နယ်ကိုအုပ်စုနဲ့ ထွက်သွားတယ်။ အတွဲတွေ ဖြစ်ကြတယ်။ တစ်ဖက်က လူလွတ်မဟုတ်ဘူး။အလုပ်နားတော့ အသည်းနာနာနဲ့ ခွဲခွာဖို့ မောင်ကပြောတယ်။ သူ့မှာ မိန်းမရှိတယ်၊ ကလေးလည်း ရှိတယ်။ မင်းပြန်ပါတော့ဆိုတော့ မိန်းကလေးက မပြန်ဘူး။ ပြဿနာအဆုံးကတော့ မိန်းကလေးရော ယောက်ျားကလေးပါ မီးရထားကျိတ်ပြီး အသေခံသွားကြတယ်။

မိသားစုနှစ်စုစလုံး အရှက်တကွဲအကျိုးနည်းဖြစ်ကြရပါတယ်။ မှုခင်းကို ကိုင်တွယ်ရတဲ့ ဆေးဆရာဝန်များ ရဲအရာရှိများ စိတ်ဆင်းရဲရ၊ အလုပ်များကြနဲ့။ အဲသည်လိုအကြောင်းကိုလည်း နယ်ထွက်မိတော့မှ ကြားခဲ့သိခဲ့တာဖြစ်ပါတယ်။

ခေါင်းစဉ်က ပုဂံပြည်ကိုရောက်ခဲ့တယ်လို့ ရေးပြီး ပုဂံပတ်ဝန်းကျင်က ကျေးရွာတွေမှာ ဖြစ်တာတွေ၊ပုဂံကိုဖြတ်သွားတဲ့ရထား ကျိတ်မိလို့ တခြားနယ်က ယောက်ျားကလေး မိန်းကလေးများ သေတာတွေ ဘာဖြစ်လို့ထည့်ရေးတာလဲလို့ နောက်တစ်ခါ ပုဂံသွားရင် ဆီးပြီးရန်တွေ့တာကို ခံရဦးမလား မသိပါဘူး။

ပုဂံမှာ တကယ်ဖြစ်ခဲ့တဲ့ ယဉ်ကျေးမှုလက်ရာကို ပျက်စီးစေတဲ့ အပြုအမူကို လုပ်ခဲ့သူတစ်ယောက်အကြောင်းကို ဥပမာတင်ပြီး နိုင်ငံခြားသားဆီက ငွေကြေးရဖို့ ကိုယ့်နိုင်ငံသားများ ဦးချရှိခိုးနေရတဲ့ဘုရားကို ရယ်စရာအဖြစ် အသုံးပြုနေတာ မကောင်းတဲ့အကြောင်းကိုရေးဖြစ်တာ လူတစ်ယောက်က ရန်တွေ့ခဲ့ပါတယ်။တည့်တည့်လည်းမဟုတ်ဘဲ စာရေးဆရာကို တိုက်ခိုက်ခဲ့ပါတယ်။ စာရေးသူကတော့ ဒါမျိုးတွေဖြစ်နေပြီ၊ လူကြီး လူငယ်မရွေးတာဝန်ရှိတယ်၊ ပြင်ရမယ်လို့ လက်ခံသုံးသပ်ပြီး စုစုစည်းစည်း ဆွေးနွေးကြ၊ ဟောပြောကြနဲ့ အသိအမြင်ပွင့်လင်းအောင် လုပ်ကြပါလား။ ပုဂံပြည်ကိုရောက်ခဲ့တယ်။နှစ်ခြိုက်စရာတွေ များလှတယ်လို့ ရေးရမှာပေါ့။ ဘုရားပရဝဏ်အတွင်းတွင် ဆူညံစွာ စကားပြောခြင်း၊ ဘုရားအတွင်းတွင် ငြိမ်သာစွာ လျှောက်လှမ်း၍ စကားမပြောဘဲ နေခြင်းဖြင့် ကုသိုလ်ယူပါဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



စာတန်းတွေလည်း ချိတ်ဆွဲတန်တာ ချိတ်ဆွဲရမှာပါပဲ။ အဲသည်လောက်များ တော့ ရယ်ချင်သေးတယ်ဆိုရင် မရယ်နိုင်တဲ့အထိ ပွင့်လင်းသွားအောင် ပညာပေးကြရမှာပါပဲ။ တခြားအလုပ်ကို လုပ်ခိုင်းမှာမဟုတ်ပါဘူး။ ရှေးခေတ် တုန်းက သဲဒဏ်၊ ရေဒဏ်ပေးတယ်ဆိုတဲ့နည်းများကိုသုံးပြီး မသိတတ်လို့ အမှတ်မထင် လုပ်မိခဲ့တာကို ခွင့်လွှတ်ဖို့ ရတနာသုံးပါးထံမှာ ဝန်ချတောင်းပန် ရင်း ဘုရားကြီးဝန်းကျင်မှာ သန့်ရှင်းအောင် လုပ်ပေးတာ၊ စကားတိုးတိုးပြော တဲ့အကျင့် လုပ်ပေးတာတွေဟာ ကုသိုလ်ရေး အသိပေးတာတွေပဲပေါ့။

ဓာဒွန္တပါမောက္ခ
မကွေးပရိယတ္တိစာသင်တိုက်
ဓမ္မာရုံစာကြည့်တိုက်
(၀)ရပ်ကွက်/ဒဂုံအရှေ့

## *မကောင်းတဲ့စကားကို တကူးတကသယ်ဆောင်ပြီး လာတဲ့သူရဲ့ စကားကို နားမထောင်နဲ့၊ မကောင်းတဲ့ အကြောင်းကို သယ်ဆောင်လာတယ်ဆိုတာ အကောင်ပုပ်ကိုချီလာတဲ့ လင်းတနဲ့တူတဲ့ လူစားပါပဲ*

စာရေးသူဟာ စာအမျိုးမျိုးကို ရေးတဲ့သူပါ။ ရေးတဲ့အခါမှာလည်း နိုင်ငံကို ချစ်တဲ့စိတ်၊ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုယ့်တိုင်းပြည်ကို ချစ်တဲ့စိတ်များ အရင်းတည်ပြီး ရေးသားလေ့ရှိပါတယ်။ တစ်စုံတစ်ယောက်ဟာ ကျွန်မ ရေးတဲ့စာကို မနှစ်သက်ရင် မဖတ်ဘဲနေလို့ရပါတယ်။ လူတိုင်းမှာ ကိုယ် ကြိုက်တာကိုကိုယ်ရွေးပြီး ဖတ်နိုင်တဲ့အခွင့်အရေးတွေ ရှိနေတာပါပဲ။ မဖတ် ချင်လည်း ဘယ်သူမှအပြစ်မပြောပါဘူး။ ဒါပေမယ့် အခုခေတ်မှာ အလုပ် ကလည်း များပါလျက်၊ မိမိတိုးတက်ရာတိုးတက်ကြောင်းကိုလည်း လုပ်ဆောင် ဖို့လည်း အခုခေတ်မှာအလွန်လိုအပ်နေတဲ့အချိန်ပါ။ ဒါနဲ့တောင်မှ စာအမျိုးမျိုး ကိုရေးနေတဲ့ကျွန်မကို တိုက်ခိုက်တဲ့စကားတွေ၊ စာတွေကရေးနေ၊ ပြောနေတဲ့ သူတွေကလည်း အများသား။ တချို့က စာရေးသူရေးတဲ့စာဟာ ဘာကိုရည်ရွယ် ပြီး ရေးနေမှန်းတောင်မှ သေသေချာချာမသိပါဘူး။သူတို့ အပေါ်ယံကြော တွေးပြီး ပြောနေတာကတော့ အစိုးရလူပဲ၊ အစိုးရဆီက လိုချင်တာရလို့ ဒါတွေရေးနေတာပဲလို့ ပြောတတ်ကြတယ်ဆိုတာ ပြန်ပြောတဲ့သူတွေကိုလည်း ကျွန်မ သဘောမကျပါဘူး။ ကျွန်မဟာ အဲသည်လို လူစားဟုတ်မဟုတ် ကိုယ့်အသိဉာဏ်နဲ့ကိုယ် တွေးကြည့်လိုက်ပေါ့။ တကယ်လို့ ဟုတ်နေရင် မခေါ်နဲ့၊ မပြောနဲ့၊ ကျွန်မကို လူလို့တောင် မမှတ်နဲ့ပေါ့။

အခုတော့ လူ့ရှေ့မှာ ရွှန်းရွှန်းကို ဝေလို့၊ သူတို့ရိုးကျူးတဲ့ပါးစပ်က သွားရေတွေတောင် ကျလာတတ်ပါသေးတယ်။ တကယ်လို့ မဟုတ်ဘဲနဲ့ အပြောခံနေရတယ်ဆိုရင် ဘာမှပြန်ပြောဖို့ မလိုပါဘူး။ ကွယ်ရာရောက်မှ အစိုးရလူပဲ၊ စားကောင်းအောင်ရေးနေတာလို့ ပြောတဲ့သူများကို စာရေးသူက

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာကတော့ ကျွန်မစာရေးတာ မူလတန်း အထက်ဆင့်ကတည်းက ပါ။ အဲသည်တုန်းက အစိုးရဆိုတဲ့အသိဆိုတာ ကျွန်မတို့နဲ့ရွယ်တူတွေ မပြောနဲ့ လူကြီးတွေတောင်မှာမှ မရှိကြသေးပါဘူး။

စာရေးတာဝါသနာပါလို့ ရေးရင်း သိလာတဲ့အသိကလည်း ရိုးရိုး စင်းစင်းပါပဲ။ တစ်ဌာနတည်းနေတဲ့ဆရာကို ဆရာ စာရေးပါ။ ကလေး တွေနဲ့ဆိုတော့ ငွေလိုတယ်၊ ကျွန်မစာရေးတာဟာ ဘယ့်လောက်မှတောင် မများဘဲနဲ့ မီးဖိုချောင်စရိတ်လုံပါတယ်။ အဲသည်တော့ ဆရာရယ် စာကို မှန်မှန်ရေးပါလို့ တိုက်တွန်းပါတယ်။ ပျင်းတယ်ဗျာဆိုပြီး စာလည်းမရေး ဘာကိုမှလည်းကောင်းကောင်းမလုပ်တော့ ရုန်းကန်နေရရှာပါတယ်။

စာရေးသူက မြန်မာပုံပြင်၊ နိုင်ငံခြားပုံပြင်များကအစ စာမျိုးစုံထဲမှာ အရေးအကြီးဆုံးဖြစ်တဲ့ သာသနာရေးဆိုင်ရာစာတွေကို ရေးနေတာကိုတော့ ဘာမှမပြောကြဘဲနဲ့ သူတို့ဘာသာသူတို့ ဘယ်လိုနည်းနဲ့ ဆွေးမျိုးစပ်မှန်း မသိဘဲ စပ်ပြီး အစိုးရလူလို့ ပြောတာကို အံ့ဩမိတာပါပဲ။

အစိုးရဆိုတာ ကျယ်ကျယ်ပြန့်ပြန့် သိကြတဲ့သူများ၊ အဲသည်လို အသိရှိအောင် လာရောက်သတင်းပို့ကြတဲ့သူများနဲ့ ဆက်ဆံပြီး ဘယ်သူ့မှာ ဘယ်လိုစရိုက်ရှိတယ်ဆိုတာ သိပြီးသားပါ။ စာရေးနေတဲ့ မတင်ဝင်း အကြောင်းကိုလည်း ကောင်းကောင်းသိပါတယ်။ စာရေးတာ ကောင်းတယ် ဗျာ၊ ကျုပ်တို့လူအဖြစ် ဆွဲထည့်လိုက်ရအောင်လို့ ဘယ်လိုလူကြီးမှ မဆုံး ဖြတ်၊ မဆောင်ရွက်ပါဘူး။

အဲသည်တော့ ပြောချင်တာကိုသာ ပြောကြပေတော့။ အသက်က လည်း ၇၀ ပြည့်လာပြီ။ ရှင်နေတဲ့အသက်ကလေး၊ ကောင်းနေတဲ့ ကံ ကလေးကို စောင့်ရှောင့်ရဦးမှာမို့ ပြောချင်ရာသာပြောကြပါတော့။ လူကို တကယ်ချစ်ခင်တယ်ဆိုရင် ညည်းမသိမှာစိုးလို့ ပြောရဦးမယ်။ ဘယ်သူ ကဖြင့် ဘယ်လိုလို့ ညည်းကိုပြောနေတယ်ဆိုတာကို သယ်ဆောင်မလာပါ နဲ့တော့။ လူတွေဟာ အသက်ရှင်နေတဲ့သူကိုရော သေတဲ့သူကိုရော တယ်ပြီး အရေးလုပ်ပြီး စကားပြောတတ်ကြပါတယ်။ တကယ်တမ်း ဂရုမမှုနိုက်ပြီး လုပ်ရမယ့်အလုပ်၊ စောင့်ရှောက်ရမယ့်ပုဂ္ဂိုလ်များကိုတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်တောင်မှ မမှတ်ကြဘဲ ပစ်ထားတတ်ကြပါတယ်။ အဲသည်လို ပစ်ထား



ကြပြီး လူသိရှင်ကြားဖြစ်အောင် အော်မှ ကျော်ကြားထင်ရှားမယ်ဆိုရင်တော့ အော်ပြကြပါလိမ့်မယ်။

မနာလိုခြင်း၊ ဝန်တိုခြင်းဆိုတဲ့စိတ်ကို ကိုယ့်စိတ်ထဲမသွင်းဘဲ နေ တတ်အောင် နေပါလို့ လူကြီးသူမများရဲ့ဆုံးမစကားများထဲမှာ မကြာခဏ ကြားရဖူးပါတယ်။ အခုလိုပြောတာဆိုတာ ခံရတာလည်း တစ်ခဏပါပဲ။ ပြီးတော့လည်း မေ့ပျောက်သွားကြမှာပါပဲ။ အရေးကြီးတာက မိမိရဲ့အလုပ် ဟာ အပြစ်ကင်းဖို့၊ အပြစ်ကင်းတဲ့အလုပ်ကို လုပ်သင့်တယ်ဆိုရင် ဘယ်သူ ဘာပြောပြော လုပ်ဖို့ သတ္တိရှိကြဖို့လိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူများ အကြောင်း မကောင်းပြောရမှ စားဝင်အိပ်ပျော်တဲ့သူများဟာ ဆက်လက်ပြီး ကြာကြာမပြောနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စားဝတ်နေရေးအတွက် သူတို့ ရုန်းကန်လှုပ်ရှားရဦးမှာကိုး။ ဘယ်သူမှ ကြာရှည်ထမင်းမစားဘဲ သူများအကြောင်းကို ထိုင်ပြောမနေနိုင်ပါဘူး။ အချိန်တန်ရင် ပါးစပ်ပိတ် သွားကြမှာပါပဲ။ အဲဒါကြောင့် ကျွန်မကလည်း ကိုယ့်နိုင်ငံကို ကိုယ်ချစ်တဲ့ အကြောင်းကို ဆက်ပြီးရေးနေဦးမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝတ်မှုကိုဘယ်လိုထိန်းပြီး ပပျောက်အောင် ဘယ်လိုလုပ်ကြမလဲ

လူအများကတော့ ပြောကြပေလိမ့်မယ်၊ ပြောသလိုလည်း ယုံကြည်ကြတတ်ပါတယ်။ ဆုတ်ကပ်ရောက်လာလေလေ မသူတော်များလာလေလေပဲ။ ဒါ့ကြောင့်လည်း ရာဇဝတ်မှုတွေ သိပ်ဖြစ်ပွားလာတာပေါ့ ဆိုတဲ့စကားဖြစ်ပါတယ်။ တကယ်တော့ ဘယ်ခေတ်မှာမဆို ရာဇဝတ်မှုတွေ ဖြစ်တတ်ပါတယ်။ ဆုတ်ကပ်မှာဆိုတော့ တပ်မက်စရာတွေကများ၊ လိုချင်တောင့်တမှုကို နှိုးဆော်မှုတွေကများလာလို့ မှုခင်းများပိုလာတာလည်း ဟုတ်ပါတယ်။

လူနည်းစုဆိုရင် ရင်းနှီးခင်မင်စွာ နေနိုင်တော့ လူသိများအောင် အဆင့်ဆင့်ပြောတတ်ကြလို့ လူတွေပိုပြီးသိလာကြတာကြောင့် အမှုအခင်းပိုလာတာကို သိကြတာပါ။ အရင့်အရင်တုန်းကလည်း အဲသည်လိုအမှုတွေ ဖြစ်နေတတ်ပါတယ်။ ရာဇဝတ်မှုခင်းဖြစ်ပွားတဲ့ အကြောင်းရင်းက ဘာလဲဆိုတာကို လေ့လာကြည့်ကြရအောင်ပါ။

ပညာရှင်တိုအရာသာဖြစ်တဲ့ ခက်ခဲတဲ့ချဉ်းကပ်နည်းကို မသုံးဘဲ ရိုးရိုးကလေး တွေးကြတာပေါ့။ လူတိုင်းမှာ မွေးစကတည်းကပါတဲ့ ကွဲပြားခြားနားတဲ့စိတ်နေသဘာဝတွေ ရှိတတ်ပါတယ်။ တကယ်တော့ ပဋိသန္ဓေရှိကတည်းက ပါခဲ့တာ ဖြစ်ပါတယ်။

မိကောင်းဖကောင်းတို့ဆီမှာ လူဖြစ်လာတဲ့သူဆိုရင်တော့ ဆိုးရွားတဲ့လောဘစိတ်ကို ထိန်းချုပ်ပေးနိုင်မှာဖြစ်ပါတယ်။တကယ်တော့ အကြောက်တရားနဲ့ ဒီလိုသူများပစ္စည်းတွေကို အိမ်ကို ယူလာမယ်မကြံနဲ့၊ ငါကိုယ်တိုင်ရဲစခန်းလိုက်ပို့မယ်။ မျိုးရိုး မိဘဂုဏ်ကိုမှမထောက် ဒီလိုလုပ်ရသလားလို့ ကြိမ်းမောင်းခြိမ်းခြောက်တဲ့နည်းကတော့ ခိုးတတ်သူ၊ လိုချင်တာကို သူငယ်ချင်းဆီက အနိုင်ကျင့်ပြီး ယူတတ်တဲ့ ကလေးများရဲ့စရိုက်ကို ကောင်းသွားအောင် ပြင်ပေးနိုင်မှာ မဟုတ်ပါဘူး။ အခုလိုကာလမှာ အိမ်ယူသွားဖို့ ခက်နေတဲ့ပစ္စည်းကို ဟာ မင်းနယ် မပူပါနဲ့၊ ငါတို့အိမ်မှာ ထားခဲ့ပေါ့၊



နောင်လည်း လာထားလို့ရတယ်။ မင်းအမေနဲ့ အဖေကတော့ကွာ ခေတ်နောက်ကျနေပါပြီ၊ ဒီလောက်မှ လွတ်လပ်ခွင့်မရဘူးလားဆိုတဲ့ စကားမျိုးနဲ့ မျှောက်ထိုးပင့်ကော်လုပ်တတ်တဲ့ သူငယ်ချင်းတွေမှ အပြည့်ပါပဲ။ အဲသည်လို မြှောက်ထိုးပင့်ကော်လုပ်တတ်တဲ့သူတွေ၊ ခိုးရာပါပစ္စည်း လက်ခံတတ်တဲ့သူတွေစတဲ့ အကုသိုလ်စိတ်ဓာတ် ပြင်းပြတဲ့သူများနဲ့ မပေါင်းသင်းမိအောင် အစောကြီးကတည်းက မိဘဆရာသမားများက သတိထားကာ စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ အိမ်မှာ ပျော်မွေ့စွာနေတတ်တဲ့သူဟာ မကောင်းတဲ့ အပေါင်းအသင်းများနဲ့ ပေါင်းမိဖို့ အလားအလာနည်းပါးပါတယ်။ မိဘနဲ့ သားသမီးတို့ မေတ္တာအစေးကပ်စွာနဲ့ ပွင့်ပွင့်လင်းလင်း ပြောနိုင်ဆိုနိုင်အောင် အကျင့်လုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ မိဘများနှုတ်က ပြောတာနဲ့ တကယ်ကျင့်သုံးတာက တသားတည်းဖြစ်ရပါမယ်။ ကောင်းတဲ့အမူကိစ္စကို ပြောတာဖြစ်ပါတယ်။ မကောင်းတဲ့စကားတွေပြောပြီး မကောင်းတာတွေ လုပ်ပြရင်တော့ ကလေးများကလည်း ဘမျိုးဘိုးတူဖြစ်ရုံမက ဂို (ချို) နဲ့ ဆိုတဲ့ စကားကို အပိုဆောင်းပြီးပြောရလောက်အောင် အတုယူနေတဲ့ကလေးက မိဘဆီကလည်း မကောင်းတဲ့အလေ့အထကို ယူနိုင်ပါတယ်။ ဒါ့အပြင် အိမ်မှာကတည်းက ဓာတ်ခံမကောင်းခဲ့ရင် လူ့လောကထဲရောက်တော့လည်း မကောင်းတဲ့သူနဲ့ရှေးပြီး ပေါင်းတော့မှာပါပဲ။ အဲဒါကြောင့် “ရာဇဝတ်မှုခင်းကျဆင်းရေးအစ မိသားစုက” လို့ ပြောရပါလိမ့်မယ်။ အထက်မှာ ပြောခဲ့တဲ့စကားကို ပြန်ကောက်ရရင်

၁။ မိသားစုနေအိမ်ဟာ မွေ့လျော်ဖွယ် ကောင်းရပါမယ်။

မိသားစုအချင်းချင်း ချစ်ခင်စွာ ပြောဆို ဆွေးနွေးနေနိုင်မယ်ဆိုရင် ရယ်မောစရာ ပျော်ရွှင်စရာစကားများကို ပြောနိုင်မယ်ဆိုရင် အိမ်သူအိမ်သားများဟာ အပြင်မှာထွက်ပြီး စားတာတို့၊ အပြင်မှာ အပျော်ရှာတာတို့မလုပ်တော့ဘဲ မိသားစုအတွင်း အိမ်အတွင်းမှာ ပညာရယူနိုင်တဲ့ခေတ်ကို ရောက်နေပြီပဲ။ ခေတ်နောက်ကျစရာလည်း မရှိတော့ပါဘူး။ အဲသည်လိုပြောလို့ သားသမီး သားမယားများကို အိမ်တွင်းပုန်း လုပ်ခိုင်းထားမှာလား၊ ယောက်ျား ကို ဘယ်သူနဲ့မှမတွေ့ဖြစ်အောင် ထားမှာလားလို့ မေးတယ်ဆိုရင် အဲသည် ခေတ်က ကုန်ခဲ့ပြီလို့ပဲ ဖြေရမှာဖြစ်ပါတယ်။ စာရေးသူက လက်တွေ့မဆန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နည်းစနစ်များကို အကြံပြုမှာမဟုတ်ပါဘူး။ မိသားစုချင်း ကျစ်လျစ်ခိုင်မာစွာ ပြောဆိုနိုင်တဲ့အခါမှာ ဘယ်အချက်ကမှားတယ်၊ ဘယ်အချက်ကတော့ လက်ခံနိုင်လောက်သေးတယ်၊ ဘယ်အချက်ကတော့ လုံးဝရှောင်ကျဉ်သင့်တယ်ဆိုတာကို အေးအေးဆေးဆေး အကြံပြုနိုင်သလို သားသမီးများကို အာဏာနဲ့ ထိန်းတာမဟုတ်ဘဲ အသိပညာပွင့်လန်းခွင့်ကို ပေးရင်း သူတို့ဘာသာသူတို့ ဆုံးဖြတ်ပိုင်ခွင့်ကို ပေးကြည့်လိုက်တာပါပဲ။ ကိုင်း အန္တရာယ်မဖြစ်နိုင်တဲ့ကိစ္စဆိုရင် သားက သို့မဟုတ် သမီးက စမ်းသပ်ကြည့်လိုက်ပါ။ မှားသွားပြီဆိုတာနဲ့ ပွင့်ပွင့်လင်းလင်း ပြောပြပါ။ ဘယ်ကိစ္စမဆို ပြင်ဆင်ဖို့ အချိန်ရသေးတယ်။ ကြောက်စရာမလိုဘူး။ ဖုံးဖိထားတာ အင်မတန်မှအန္တရာယ်ကြီးတယ်။ အိမ်တွင်းမှာ မီးလောင်နေတာကို ဖုံးဖိပြီး ကိုယ့်ဘာသာကိုယ်ငြိမ်းအောင် ကြိုးစားရင်း မနိုင်တဲ့အခါ ကိုယ့်အိမ်ရော အခြားအိမ်တွေရော ပျက်စီးတတ်တယ်။ အခန့်မသင့်ရင် ပစ္စည်းဆုံးတာထက် လူတောင်သေတတ်သေးတယ်။ ဘယ်လိုအမှားမျိုးကြောင့်ပဲ အန္တရာယ်ဖြစ်လာလာ၊ မိသားစုကို ဘာပဲလုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် အသိပေးပါလို့ သွန်သင်ပါ။ မူလကတည်းက ချစ်ခင်လေးမြတ်တဲ့ ခံစားမှုအပြန်အလှန် ထားတတ်ရင်၊ အမေ့အသံကိုကြားတာနဲ့ ဘာပဲဖြစ်ဖြစ် မဖြစ်ဖြစ် တုန်နေအောင် ကြောက်ရတဲ့သူမဟုတ်ဘူးဆိုရင် သားသမီးများဟာ ဘာလုပ်မိတယ်၊ ဘယ်လိုဒုက္ခရောက်နေတယ်ဆိုတာကို ဖွင့်ဟတိုင်ပင်တတ်ပါတယ်။ အမှားကြောင့် အခက်တွေ့နေလို့ တိုင်ပင်တာပဲ။ ဆူပူတာ၊ ရိုက်မောင်း ပုတ်မောင်းလုပ်တတ်တာမျိုးနဲ့ တိုးရင်တော့ နောက်တစ်ခါမှားရင် ပွင့်ပွင့်လင်းလင်းပြောမှာ မဟုတ်တော့ပါဘူး။ မီးမနိုင်တော့မှ မီးလောင်နေတာကို သိရသလိုမျိုး ဒုက္ခနဲ့တိုးတတ်ပါတယ်။

၂။ မိဘကို သားသမီးများက ချစ်ခင်လေးမြတ်စွာ၊ ပွင့်လင်းကြည်သာစွာ စကားပြောဆိုတဲ့ အကျင့်ရှိရပါမယ်။

အဲသည်လိုမဟုတ်ဘဲ လုပ်ချင်တာကိုလုပ်ပြီးမှ ဆူမှာရိုက်မှာကြောက်ပြီး လိမ်လည်ပြောဆိုတဲ့အကျင့် ပါသွားပြီဆိုရင်တော့ တစ်သက်စာအတွက် တစ်ချိန်မဟုတ်တစ်ချိန် ဒုက္ခရောက်စေမယ့်အကျင့်စွဲမြဲသွားတော့မှာ ဖြစ်ပါတယ်။

အထက်မှာပြောခဲ့တဲ့အတိုင်း မိဘများကိုယ်တိုင် သားသမီးများရှေ့မှာ



မကောင်းတဲ့အပြုအမူများကို မလုပ်ဖြစ်အောင်၊ မကောင်းတဲ့စကားများကို မပြောဖြစ်အောင် ရှောင်ကြဉ်ရပါမယ်။ နို့မဟုတ်ရင်တော့ သားသမီးကို ဆုံးမဖို့ သွန်သင်ဖို့ ဘယ်လိုနည်းနဲ့မှာ အာဏာစက် ရှိတော့မှာ မဟုတ်ဘူး။ ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့ အမိအဖအကြိုက်ကို လိုက်ပြောပြီးရင် လုပ်ချင်တာကို လုပ်တော့ မှားတော့မှာ ဖြစ်ပါတယ်။

ရာဇဝတ်မှုကျူးလွန်ခြင်း၏အစကို လေ့လာတင်ပြမယ်ဆိုပြီးမှ မိသားစု ဆက်ဆံရေးနဲ့ပတ်သက်တဲ့ အကြောင်းတွေကို အတက်အကျလှည့်ပြီး ပြောနေတော့တာပဲလို့ ထင်ရင် ရာဇဝတ်မှုများကို မကျူးလွန်မိအောင် မိဘများကလည်း ငယ်စဉ်ကတည်းက သွန်သင်ဖို့ လိုပါတယ်ဆိုတာကာ ပထမဦးစွာပြောချင်လို့ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## *စိတ်ကိုထိန်းကျောင်းမရှိရင် ရာဇဝတ်မှုဖြစ်ဖို့ လွယ်ကူပါတယ်*

လူ့ဘဝမှာ အထိန်းရ အကွပ်ရအခက်ဆုံးက စိတ်ပဲဖြစ်ပါတယ်။ အဲသည် စိတ်ကို ထိန်းနိုင်ဖို့ဆိုတာက စိတ်ကိုလွှတ်ထားလို့ မဖြစ်ပါဘူး။ အထိန်း အကွပ်ကလေး လုပ်ပေးရပါမယ်။ ဒါမလုပ်နဲ့၊ ဒါလုပ်ဆိုပြီး အတင်းအကျပ် အမိန့်ပေးတဲ့ နည်းနဲ့ မိသားစုတွင်းမှာ ချုပ်ထိန်းထားတာခံရတဲ့ ကလေးဟာ အပြင်လောကရောက်တာနဲ့ ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ဖြစ်သွားတတ်တာ သဘာဝပါပဲ။ တချို့ကလည်း သိပ်ကြောက်သွားတတ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒါလုပ်လို့ပြောမှ လုပ်တတ်တာကိုး။ ပြောမယ့်သူ လမ်းညွှန်မယ့်သူ မရှိတော့ လုပ်သင့်တာမလုပ်သင့်တာကို ကိုယ်တိုင်ခွဲခြမ်းစိတ်ဖြာဖို့ သတ္တိ မရှိတော့ဘူးပေါ့။ တချို့ကတော့ တစ်သက်လုံး အထိန်းအကွပ်နဲ့ နေရတာ ကျဉ်းကျပ်ခဲ့ရလို့ အပြင်လောကရောက်တာနဲ့ လွတ်ချင်သလို လွှတ်လိုက်တာ တစ်ခါတည်း ပျက်စီးသွားတော့တာပါပဲ။ နှစ်ယောက်စလုံး သနားစရာ ကောင်းပါတယ်။ အရေးကြီးတာက ကြောက်လို့ မလုပ်ဘဲ နေတာမဟုတ်ဘဲ၊ အကျိုးအမြတ်မရှိလို့ မလုပ်ဘဲ နေတာဟာ မိမိစိတ်ကို မိမိထိန်းသိမ်းခြင်း တစ်မျိုးဖြစ်ပါတယ်။ တစ်ခါက ခေတ်လူငယ်တစ်ယောက်နဲ့ ခရီးသွားခဲ့ဖူးပါ တယ်။ လူငယ်လည်းဖြစ်တယ်၊ စာရေးဆရာလည်း ဖြစ်တယ်၊ ဒါပေမယ့် အရက်မသောက်တတ်ပါဘူး။ မင်းဟာ ဒီလိုခေတ်ကြီးမှာ တယ်ပြီးဆန်းတဲ့ သူပါလားလို့ စာရေးသူက ပြောမိပြီး ဘာဖြစ်လို့ အရက်မသောက်တာလဲဆို တော့ 'ဟာ ဒေါ်လေးရာ၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ခေါင်းမူးတဲ့ဝေဒနာကို ခံစားရဦးမယ်၊ မတော်လို့ အမှားလုပ်မိရင်လည်း အပြစ်ဒဏ်ကို ခံဦးမယ်၊ အဲသည်တော့ အရက်မသောက်ဘဲနေတာပေါ့'လို့ ပြောပါတယ်။ အဲသည်လို မူးယစ်သောက်စားခြင်းကို ရှောင်နိုင်မယ်ဆိုရင်တော့ ရာဇဝတ်မှုခင်းနဲ့ ခပ် လှမ်းလှမ်းမှာ နေတာပဲလို့ ပြောနိုင်ပါတယ်။ ခေါင်းကြည်နေမှ လုပ်သင့်တဲ့ကိစ္စ



မလုပ်သင့်တဲ့ကိစ္စဆိုတာကို ခွဲခြမ်းနိုင်မှာပေါ့။ အဲသည်လိုခွဲခြမ်းနိုင်ချေရှိမှ မလုပ်သင့်တာကို ရှောင်နိုင်မှာပေါ့။ အဲသည်လိုရေးထားတာကို ဖတ်ပြီး သူပြောမှလား၊ ဒါတော့ သိတာပေါ့။ အရက်သောက်ရင်တော့ အမှားများတာ သိတယ်။ ဒါပေမယ့် အရက်ကိုကြိုက်လို့ သောက်တာပဲ၊ ဘယ်မှာမသောက် ဘဲ နေနိုင်ပါ့မလဲလို့ပြောရင် စာရေးသူကတော့ ဘာမှပြောစရာ မရှိပါဘူး။ ကိုယ့်လမ်းကို ကိုယ်ရွေးတာပါပဲလို့ ပြောရမှာ ဖြစ်ပါတယ်။

အစောပိုင်းကပြောခဲ့သလို အထိန်းရအကွပ်ရ အခက်ဆုံးက စိတ်ဖြစ် နေရတဲ့အထဲ ထိန်းရမယ့်အစား မူးယစ်မေ့လျော့အောင် ဆေးကလေးကူပြီး ပေးလိုက်ရင် စိတ်က ကိုယ့်ဘာသာကိုယ်မသိခင် ထစ်ကနဲဖြစ်ပြီး လူမှုအဖွဲ့ အစည်းကို အန္တရာယ်ပြုနိုင်မယ့်အလုပ်မျိုးကို လုပ်မိတတ်ပါတယ်။ တစ်ခါ တုန်းက ဆရာတော်တစ်ပါးထံမှာ တရားနာဖူးပါတယ်။ ဆရာတော်က ဒေါသဟာ လောဘအရင်းခံကြောင့် ဖြစ်ရတာပါဆိုတဲ့အကြောင်း ဥပမာ ကလေး တစ်ခုထည့်ပြီး ပြောပါတယ်။

တောရွာတစ်ရွာမှာ ရိုးသားတဲ့ လယ် သမားအဘိုးကြီးတစ်ယောက် ရှိပါတယ်တဲ့။ သူက လယ်ထဲကပြန်လာရင် ထမင်းတန်းပြီးစားတတ်ပါသတဲ့။ ထမင်းစားတဲ့အခါမှာလည်း ငရုတ်သီးစပ်စပ်နဲ့ထမင်းစားတတ်ပါသတဲ့။ တစ်နေ့ တော့ သူလယ်ထဲကအပြန်မှာ ဆာဆာနဲ့ ထမင်းဝိုင်းကို ထိုင်လိုက်တဲ့အခါ ငရုတ်သီးမပါတာကိုမြင်တော့ ရှင်မ၊ ငရုတ်သီးမပါပါလားလို့ မေးလိုက်ပါ တယ်။ဇနီးသည်ကလည်း ငရုတ်သီးကို ဈေးသွားတုန်းက ဝယ်ခဲ့ဖို့ မေ့လာ တယ်လို့ အရိုးခံနဲ့ ပြောလိုက်ပါတယ်။ အဲသည်မှာတင် ငရုတ်သီးစားချင်တဲ့ လောဘစိတ်ကို မထိန်းနိုင်ဘဲ လယ်သမားကြီးက ထင်းချောင်းနဲ့ ရှင်မကိုရိုက်ချ လိုက်တာ ရှင်မခမျာ လဲကျပြီး ချက်ကောင်းမိတာကြောင့် ချက်ချင်းပဲသေဆုံး သွားခဲ့ပါသတဲ့။ကိုင်း ငရုတ်သီးတစ်တောင့်အတွက် လူသတ်မိပြီလို့ ပြောရ မှာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ပြီး ချက်ချင်းဆိုသလို လယ်သမားကြီးက ရဲစခန်းကိုသွားပြီး အဖမ်းခံပါသတဲ့။ သတိလက်လွှတ်ဖြစ်အောင် ဒေါသဖြစ် သွားတာက နှစ်နာလိုက်တာနော်။ သူလိုချင်တာက ငရုတ်သီးစပ်စပ်တစ်တောင့် ပါပဲ။ လိုချင်တာ အသင့်လုပ်မထားရကောင်းလားလို့ ဒေါသနဲ့ ထင်းချောင်း တစ်ခုကောက်ပြီး ချလိုက်တာကလည်း မိနစ်ပိုင်းတောင် မကြာပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ပိုင်းကလေးသာ ကြာမှာပါ။ ဒုက္ခပင်လယ်ဝေသွားတာကတော့ ရှင်မလည်းအပြစ်ကြီးမကျူးလွန်ရဘဲ သေသွားတယ်။ သူလည်း မသေမချင်း စိတ်မကောင်းဖြစ်ပြီး နေသွားရမှာပါပဲ။ ထောင်တန်းကျသွားမယ်။ လိုချင်တာကိုလည်း လိုချင်တိုင်း ဘယ်မှာရပါ့မလဲ။ အဲသည်လိုဖြစ်ခဲ့တဲ့အကြောင်းများဟာ မိမိရဲ့အလိုသေးသေးကလေးတစ်ခု မပြည့်စုံတာကို အကြောင်းပြုပြီး စက္ကန့်ပိုင်းသာကြာမယ့် ဒေါသစိတ်ကို မချုပ်တည်းနိုင်လို့ ဖြစ်ပါတယ်။ ရာဇဝတ်မှုများကို ကျူးလွန်မိတဲ့သူများဟာ မိမိစိတ်ကိုမိမိ မချုပ်ထိန်းနိုင်လို့ ဖြစ်ကြရတာဆိုတဲ့ စကားကိုတော့ ချေဖျက်ဖို့ တစ်နည်းပြောရရင် ငြင်းဆိုဖို့ ခက်ပါလိမ့်မယ်။ လောဘကြောင့် ဒေါသဖြစ်ရတာဆိုတဲ့ နေရာမှာလည်း လောဘက အင်မတန်ကြီးတဲ့အရာကို လိုချင်မှ လောဘလို့ ခေါ်တာမဟုတ်ပါဘူး။ အဲသည်တော့ ရာဇဝတ်မှုမကျူးလွန်ဘဲ စိတ်အေးအေးနဲ့ နေနိုင်ဖို့ဆိုတာ စိတ်ကိုအေးအေးထားပြီး လိုချင်တာကို အမြဲရတဲ့သူဆိုတာ လောကမှာ မရှိနိုင်ဘူး။ လိုချင်တိုင်း မရတာကို ခေတ္တသည်းခံလိုက်ရင် ပိုမိုဆိုးရွားတဲ့ ဖြစ်ရပ်များကို ရှောင်နိုင်တယ်ဆိုတာ နှလုံးသွင်းတဲ့အကျင့် လုပ်ကြည့်ပါ၊ နှလုံးသွင်းတယ်ဆိုတာ နေ့တိုင်း အဲသည်အချက်ကို သတိထား စဉ်းစားပေးတာကို ပြောတာပါပဲ။

## ဝိပါကဝဋ်ဆိုရင်တော့လည်း မရှောင်သာ

ရာဇဝတ်မှုလို့ပြောတဲ့အခါမှာ နယ်ပယ်ကကျယ်ဝန်းပါတယ်။ ခိုးမှု၊ လုယက်မှု၊ မတရားပြုကျင့်မှုနဲ့ နောက်ဆုံးတော့ သတ်မှုများ ဖြစ်ပါတယ်။ တချို့ကတော့ အမှုမတောင့်မှ သီလစောင့်နိုင်တယ်လို့ ပြောတတ်ပါတယ်။ အဲသည်ဆင်ခြေမျိုးက မိုးကြိုးပစ် ထန်းလက်ကာတဲ့ သဘောသွားမျိုးဖြစ်ပါတယ်။ တကယ့်တကယ်တော့ ပြစ်မှုကျူးလွန်ခြင်းမှာ လုံခြုံတဲ့အပြစ်က တကယ်လွတ်ကင်းတဲ့ ဆင်ခြေမရှိပါဘူး။ သီလမစောင့်ဘဲ လုပ်ဆောင်မိတဲ့ကိစ္စအများဆိုရင် အပြစ်ဖြစ်တာပါပဲ။ဒါပေမယ့်တချို့သောမှားယွင်းမှု၊ လွဲချတာကိုခံရမှုစတဲ့ အမှုမျိုးကတော့ အမှန်တကယ်စွဲနိုင်တဲ့အပြစ်မျိုး မဟုတ်တဲ့အတွက် သေဒဏ်ခံသွားရတယ်ဆိုရင် တကယ့်ကို နစ်နာတာပါပဲ။ အပြစ်ကျူးလွန်မိတဲ့သူက ကြည့်စမ်း ငါဘယ့်လောက်လည်သလဲ၊ ငါလုပ်မှန်း ဘယ်သူမှမသိအောင် နေနိုင်တယ်ဆိုပြီး ဝမ်းသာကောင်းဝမ်းသာနေမှာပဲပေါ့။ ဒါပေမယ့် တာရှည် မခံနိုင်တဲ့ စိတ်ဖိစီးမှုမျိုးကို ခံစားရတတ်ပါတယ်။

ကျွန်မငယ်ငယ်တုန်းက မြောင်းမြမောင်ကိုဆိုတဲ့ ထောင်မှူးကြီးတစ်ယောက် ရေးတာလို့ ထင်ပါတယ်။ (နှစ်က ကြာလွန်းတော့ တိတိကျကျမမှတ်မိတော့လို့ ထင်ပါတယ်လို့ ပြောရတာပါ) သူရေးတဲ့အထဲမှာ ပါတာကတော့ တောကျတဲ့ လူမျိုးပေါင်းစုံနေထိုင်တဲ့ ဒေသတစ်ခုမှာ ဖြစ်ခဲ့တာပါ။ အဲသည်ဒေသမှာ ပွဲကတော့ ပွဲကြည့်နိုင်ဖို့ အခွင့်အလမ်းနည်းပါးတဲ့ဒေသ ဖြစ်လေတော့ လူတွေ ကျိတ်ကျိတ်တိုး လာကြည့်တာပေါ့။

တစ်ညမှာတော့ လူတစ်ယောက် အသတ်ခံရပါတယ်။ မျက်မြင်သက်သေ တစ်ယောက်ပဲရှိပါတယ်။ တိုင်းရင်းသူကြီးတစ်ယောက် ဖြစ်ပါတယ်။ သူကလည်း ပွဲကပြန်လာရင်း အခင်းဖြစ်ပွားတာကို မြင်ခဲ့တာပါ။

သူဟာ အခင်းဖြစ်ပွားတာကိုမြင်ခဲ့လို့ အပြေးအလွှားလာပြီး သတင်းပို့ပါတယ်။စကားကို ရေရေလည်လည်ပြောနိုင်တာ မဟုတ်ဘူးနော်၊ ခေတ်ကတဲ့အထဲမှာ လူကြမ်းအဖြစ် သရုပ်ဆောင်တဲ့နေရာမှာ ပီပြင်လွန်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူကြမ်းမင်းသားကြီးရဲ့အမည်ကိုပဲ ပြောနိုင်တာပါ။ ပြီးတော့ မြင်ခဲ့ရတဲ့ မြင်ကွင်းကဆိုးတော့ ငိုလို့ချည်းသာ နေခဲ့တာပါတဲ့။ မင်းသားကြီးကို သွားဖမ်းတော့ သူဟာ ဒီနေ့ညပိုင်းမှာ ဇာတ်ကခဲ့တယ်။ မင်းသားကို နှိပ်စက်တဲ့အခန်းကို အခါတိုင်းလိုပဲ ကပြအသုံးတော်ခံခဲ့တယ်။ ပြီးတော့ ဘုရားရှိခိုးပြီး အိပ်တာပါပဲတဲ့။ ညဘက်မှာတော့ ကိုယ့်အခန်းပြီးရင် ကိုယ့်ခြင်ထောင်ထဲကို ကိုယ် မြန်မြန်အရောက် ဝင်ပြီးအိပ်တတ်ကြတာ ဓမ္မတာပဲလေ။ ဘယ်သူကမှလည်း ဒီလူကြမ်းမင်းသားကြီး အိပ်ရာကထသွားပါတယ်လို့လည်း မပြောနိုင်၊ ထမသွားပါဘူးလို့လည်း တာဝန်မယူနိုင်ပါဘူးတဲ့။ တိုင်းရင်းသူကြီးရှေ့ကို ခေါ်သွားတော့လည်း အမျိုးသမီးကြီးက မင်းသားကြီး နာမည်ကိုရွတ်ပြပြီး လက်ညှိုးထိုးကာ တစ်ခုခုကို ပြောနေပါသတဲ့။

အဲသည်ခေတ်က ကိုလိုနီခေတ်ဆိုတော့ တိုင်းရင်းသားအချင်းချင်းကလည်း စကားမပေါက်၊ အစစ်ခံရတဲ့သူက ပြောတတ်တာကလည်း မင်းသားကြီးနာမည်ပဲ ဖြစ်နေပြန်တယ်။ လက်ဟန်ခြေဟန်နဲ့ ပြတဲ့အခါကျတော့လည်း မင်းသားကြီးကိုပဲ လက်ညှိုးထိုးပြတယ်ဆိုတော့၊ မင်းသားကြီးဘက်က ဘယ်လိုပဲ ငြင်းဆန်ပေမယ့် အရာမထင်ပါဘူးတဲ့။ လူတွေဟာ အရေးဆိုရင် တယ်ပြီးထင်ရာမြင်ရာ ပြောတတ်တာပဲကိုး။ အဲသည်တော့ ရာဇဝတ်ကောင်လို့ စွပ်စွဲခံရတဲ့ လူကြမ်းမင်းသားကြီးကလည်း အနုပညာသည်ပီသစွာ သူ့အခန်းကို သူပိုင်နိုင်စွာ ကပြအသုံးတော်ခံခဲ့လေတော့ ဖြစ်ပွားခဲ့တဲ့ ရာဇဝတ်မှုနဲ့ ဆက်စပ်ပြီး ပြောလိုက်တာနဲ့၊ သူ့ရုပ်ကြီးကို ကြည့်ပါလား၊ ရက်စက်တဲ့ပုံက ထင်းနေတာပဲ။ သူမသတ်ဘူးဆိုရင်လည်း တိုင်းရင်းသူကြီးက လက်ညှိုးထိုးပြတာ၊ သူ့အမည်ပြောပြတာတွေ လုပ်ပါ့မလားနဲ့ ကျဉ်းမြောင်းလှတဲ့နယ်ကလေးမှာ လူကြမ်းမင်းသားကြီးကို ကြိုးစင်ပေါ်အရောက် ပို့ပေးနေတဲ့ အပြုအမူ၊ အပြောအဆိုတွေချည်း ရှိနေတော့တာပေါ့။ တကယ်တော့ လူကြမ်းမင်းသားကြီးဟာ သူတော်ကောင်းကြီးဖြစ်ပါတယ်တဲ့။ သူ့အနေနဲ့ ပြည်မနဲ့ ဝေးလံသီခေါင်တဲ့ဒေသမှာ မြန်မာလို မတတ်တဲ့တိုင်းရင်းသူရဲ့စကားကို အမှန်ယူပြီး တရားစီရင်မယ့် မြန်မာလိုမတတ်တဲ့ နိုင်ငံခြားသား တရားသူကြီးရှေ့မှောက်ကို မရောက်ခင်မှာ ပုတီးကိုသာ မှန်မှန်စိပ်ပြီး စကားတောင်မှမပြောတော့ဘဲ သူ့ကိုယ်သူ ဆောက်တည်ပြီး နေပါတော့သတဲ့။



ကြိုးပေးမယ့်နေ့မှာလည်း တည်တည်ငြိမ်ငြိမ်နဲ့ပဲ ကြိုးစင်ပေါ်တက်သွားခဲ့ပါသတဲ့။

အဲသည်လိုနဲ့ လပေါင်းများစွာ ကြာသွားတဲ့တစ်နေ့မှာ တကယ့်တရားခံကို ဖမ်းမိပါတယ်။ ညွှန်ပြတာကလည်း ပထမအကြိမ်က လူကြမ်းမင်းသားကြီးကို လက်ညှိုးထိုးပြီးပြတဲ့ တိုင်းရင်းသူကြီးပဲဖြစ်ပါတယ်။ အခုလိုနောက်တစ်ကြိမ် ထွက်ဆိုတော့လည်း သူ့ဘာသာစကားနဲ့ပဲ ထွက်ဆိုတာဖြစ်ပါတယ်။ ဒါပေမယ့် သူ့ကိုပြန်လှန်မေးခွန်းမေးပြီး ဘာသာပြန်ပေးနိုင်တဲ့သူတစ်ယောက်က အဲသည်တော့မှ အခင်းဖြစ်ပွားခဲ့ရာဒေသကို ရောက်လာတာဖြစ်ပါသတဲ့။ သူပြောတာကို မြန်မာလိုဘာသာပြန်လိုက်တဲ့အခါမှာ လူကြမ်းမင်းသားကြီးကပြတဲ့ညက ဇာတ်အမည်၊ လူကြမ်းမင်းသားကြီးသရုပ်ဆောင်တာက ဘယ်ဇာတ်ထုတ်ဆိုတာတွေ ပြောပြပြီး၊ အဲသည်ည ပွဲကြည့်ပြီးအပြန်မှာ ဝေလီဝေလင်း သူတစ်ယောက်တည်းဖြစ်နေတော့ လူနှစ်ယောက် ရန်းရင်းဆန်ခတ်ဖြစ်နေတာကို မြင်ရတာနဲ့ သူက ချုံထဲမှာဝင်ပြီး ပုန်းနေပါတယ်။ အဲသည်အချိန်မှာ သူတို့ရွာအနီးမှာနေတဲ့ မောင်ဘယ်သူနဲ့ မောင်ဘယ်ဝါတို့ ရန်သတ်နေတာကို မြင်ရပါတယ်။ နောက်တော့ တစ်ယောက်က နောက်တစ်ယောက်ကို ဓားနဲ့ထိုးပြီး ထွက်ပြေးပါတယ်လို့ ထွက်ဆိုတော့တာကိုး။ ဒါဖြင့်ရင်ခင်ဗျားက ဇာတ်အမည်ပြောလိုက်၊ သရုပ်ဆောင်တဲ့သူကို လက်ညှိုးထိုးလိုက်နဲ့ စကားမပေါက်ဘဲ ဘာဖြစ်လို့အဲသည်လိုလုပ်ရတာတုံးလို့ မေးတော့ သူသိတာကလည်း အဲသည်လူရဲ့အမည်ကို အများကပြောနေကြလို့ သိတာဖြစ်တယ်။ ဇာတ်အမည်ကလည်း လူအများပြောနေကြလို့ သိတာဖြစ်တယ်။ အဲသည်နှစ်ခုကလွဲလို့ သူကလည်း မပြောတတ်ဘူး၊ သိတဲ့အမည်နှစ်ခု ပြောတာကတော့ သူက ညက ဇာတ်ပွဲသွားကြည့်တယ်။ တယ်သူကတဲ့ ဇာတ်ဖြစ်တယ်ဆိုတာကို ပြောတာဖြစ်ပါတယ်လို့ ဖြေပါသတဲ့။

လူကြမ်းမင်းသားကြီးမျာလည်း အကကောင်းလိုက်တာ စင်းစင်းကိုသေရောလို့ ပြောရမှာဖြစ်ပါတယ်။ ဝိပါကဝဋ်ကလည်း ကြီးမားလိုက်တာနော်။

အဲသည်လိုဖြစ်ပြီးတော့ ဗြိတိသျှအစိုးရက လူကြမ်းမင်းသားကြီးကို ကြိုးစင်တင်ခဲ့တာ မှားယွင်းတဲ့အတွက် မြန်မာလိုပြောရရင် ကြိုးစင်ကန်းသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီ ဖြစ်တယ်။ နောက်နောင်ကို ဘယ်သူ့ကိုမှ ဤကြိုးစင်ပေါ်သို့ မတင်ရလို့ အမိန့်ချမှတ်ပြီး ပိတ်ပစ်လိုက်ရပါသတဲ့။

ကျွန်မတင်ပြခဲ့တာ ငယ်ငယ်က ဖတ်ဖူးတဲ့ စာရေးဆရာ ထောင်မှူးကြီး ရေးတဲ့အကြောင်း မှတ်မိသမျှဆိုတော့ ချွတ်ယွင်းချက်များပါနိုင်ပါတယ်။ ပမာနကျတဲ့ အပြစ်မရှိဘဲ ကြိုးစင်ပေါ်တက်သွားရတဲ့ လူကြမ်းမင်းသားကြီးအကြောင်းကတော့ အမည်နာမ မတင်ပြနိုင်ပေမယ့် အမှန်ဖြစ်ပါတယ်။ ဒီအဖြစ်ကတော့ ဝဋ်ကြွေးကြောင့်ပဲလို့ပြောရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ခေတ်ကလည်း စကားပြောပါလိမ့်မယ်။ ဘာသာစကားမပေါက်တဲ့သူ ပြောတဲ့ စကားနှစ်ခွန်းနဲ့ လက်ညှိုးတစ်ချောင်းကို အတည်ယူကာ ကြိုးစင်တင်တယ်ဆိုတော့ တိုင်းရင်းသားအချင်းချင်း ခွဲခြမ်းပြီး အုပ်စိုးတတ်တဲ့ ဗြိတိသျှလူမျိုး မြန်မာပြည်ကိုရောက်ကာစ၊ မြန်မာ့ယဉ်ကျေးမှုနဲ့လည်းမကျွမ်းတဲ့ မျက်နှာဖြူ တရားသူကြီးက မြန်မာလူကြမ်းမင်းသားကြီးကိုလည်း သူကိုယ်တိုင် သံသယရှိပြီး သေစားသေစေခဲ့ဟန် တူပါတယ်။ နောက်ရောက်လာတဲ့ တရားသူကြီးလက်ထက်ကျတော့မှ အမှန်တရားက ပေါ်တာကိုး။

အခုမှပဲ လူသတ်တယ်ဆိုတဲ့သူများကို သူတို့ကိုယ်တိုင်ကလည်း မဟုတ်ဘူးလို့ ငြင်းဆန်တယ်။ မျက်မြင်သက်သေလည်း မရှိ (စကားမပေါက်တဲ့သူ ပြောတာလည်း မဟုတ်) ဆိုရင် သံသယအကျိုးကို ခံစားခွင့်ပေးပြီး သေစားသေစေလို ပြစ်မှုမျိုးကို မပေးတာ ဒါ့ကြောင့်ကိုး လို့သိလိုက်ရပါတယ်။

## ရာဇဝတ်မှုခင်းကို တားဆီးနိုင်အောင် ကြိုးစားလို့ရပါတယ်

အဲသည်စကားကိုကြားရင် အပြောနယ် ကြီးပါပေ့ရဲ့လို့ ပြောချင်ကြပါလိမ့်မယ်။ စာရေးသူကတော့ လူသူအများရဲ့ ပြစ်တင်ရှုတ်ချခြင်းကို ခံရတာက အရေးကြီးတယ်မထင်ပါဘူး။ လူအချင်းချင်း နှိမ့်ချခြင်း ကင်းရှင်းကြပါစေဆိုသလိုပဲ။ လူတစ်ယောက်ယောက်ကို ဒီကောင်ကဖြင့် နည်းနည်းမှ ကောင်းတဲ့အကောင် မဟုတ်၊ ပျက်စီးသွားမှာပဲ၊ အသုံးမကျ ဖြစ်သွားမှာပဲလို့ မအောက်မေ့သလို မပြောလည်း မပြောသင့်ဘူးလို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူ့စရိုက်ဆိုတာ ပြောင်းလဲနိုင်ခြေရှိပါတယ်။ လူ့ကံဆိုတာလည်း အဲသည်လိုပါပဲ။

အဲသည်လိုဆိုတာနဲ့ ငါ့သားတွေက လူတော်တွေပဲ၊ သူတို့ဘာသာသူတို့ ဆုံးဖြတ်လုပ်ကိုင်နိုင်မှာပါ။ ပစ်ထားလိုက်၊ ပစ်တိုင်းထောင်ဆိုတာ ထောင်မြဲထောင်နေမှာပဲလို့ အထင်ကြီးတတ်တဲ့သူများ ရှိတတ်ပါတယ်။

ကျွန်မ စိတ်မချဆုံးသူတွေကတော့ တူများ တူမများကို တုန်နေအောင် ချစ်တတ်ပြီး၊ ကိုယ့်သွေးဆိုရင် သူများသွေးထက် နီသလိုထင်တတ်တဲ့ လူကြီးသူမများဖြစ်ပါတယ်။ မိဘလုပ်တဲ့သူများက ထိန်းချုပ်ရင်တောင် ကလေးတွေ ကလေးပီပီနေပါစေဆိုပြီး ဟန့်တားချင်တတ်တဲ့ မိကြီး မိထွေးတွေ လက်ကိုအပ်ပြီး တခြားရပ်ရွာမှာ အလုပ်သွားလုပ်ရတဲ့ မိသားစုတစ်စုရဲ့ဖြစ်အင်ကို ပြောကြည့်ချင်ပါတယ်။

တစ်အိမ်သားလုံး သဘောကောင်းပါတယ်။ ကျွေးချင်၊ မွေးချင်တယ်၊ ယဉ်ကျေးသိမ်မွေ့တယ်။ ကလေးတွေက စာလည်းတော်ပါတယ်။ ထူးခြားတာက စာမေးပွဲဖြေခါနီးမှာ ဆေးရုံတက်တတ်ကြတာပါပဲ။ နောက်မှသိလာတာက ဆေးဖြတ်ဖို့ ဆေးရုံတက်တာပါ။ သူတို့က ဆေးရုံမှာတင် စာကျက်တယ်။ ဆေးရုံကဆင်းလာတော့ ဆရာကောင်းကောင်းနဲ့ မူလကတည်းက ချိတ်ထားတာဆိုတော့ ဆရာနဲ့ အနီးကပ်သင်ယူတယ်။ စာမေးပွဲ အောင်ကြပါတယ်။ ကျွန်မနားမလည် နိုင်တာကတော့ အဲသည်ကလေးများ အဲသည်

www.burmeseclassic.com



လို ဖြစ်နေတာကို မိဘများကလည်း သိပါတယ်။ ကလေးတွေ ဆေးပြတ်ပြီး စာမေးပွဲအောင်တဲ့အထိ ဖြေဆိုနိုင်တယ်ဆိုတော့ နောက် ဆေးနဲ့ပြန်မဆက်ဘူးလားဆိုတော့ ဆက်ပါတယ်။

နောက်တော့ ကိုယ်က မစပ်စုလည်း သူတို့ကကို ပြောချင်တာနဲ့ ပြောလို့သိရတာက အင်မတန် အလိုလိုက်တဲ့ကြီးဒေါ်ကြီးများဆီမှာ နေထိုင်ရင်းလိုတရာဝနဲ့ ထားခဲ့ရာက အဲသည်လိုထောတဲ့ကလေးများ၊ ထိန်းရကောင်းမှန်းမသိဘဲ အလိုလိုက်ချင်တာရယ်၊ ကလေးတွေကို ကောင်းကောင်းဆင်ကောင်းကောင်းထားချင်တာရယ်ကိုပဲသိတဲ့ ကြီးဒေါ်ကြီးများရဲ့ တူများကို ဆွဲဆောင်ပြီး ဆေးသုံးတာတ်အောင်လုပ်ချင်တဲ့သူ လုပ်ပေးတဲ့သူတွေ များလာခဲ့ပါသတဲ့။

သီအိုရီက မထူးခြားပါဘူး။ ပထမတော့ ညီလေး ဒါကလေးကို စမ်းကြည့်စမ်းဆိုပြီး သူတို့နဲ့အတူရှိနေတုန်း အစမ်းခိုင်းတာပါပဲ။ နောက်တော့ ယောကောင် မင်းကလည်း တစ်လှည့်တယ်ဦးလေကွာ၊ ဒီလောက်အဖိုးတန်တာကို တို့ကချည်း မစိုက်နိုင်ဘူး ဖြစ်လာတော့တာပါပဲ။

နောက်တော့ သိမ်းထားတဲ့ကြီးဒေါ်ကြီးများရဲ့ ရွှေဘီးက ဘီးဆံကလေးတွေ စပြီးပျောက်တာပေါ့။ နောက်တော့ တစ်အိမ်လုံးက အဖိုးတန်တွေ ကုန်တာပါပဲ။ အဲသည်အချိန်တိုင်အောင် အချိန်တန်ဆေးရုံတက်ပြီး ဆေးဖြတ်လိုက်၊ စာမေးပွဲဖြေလိုက် လုပ်နေသေးတာပါ။ နောက်တော့ ဆေးရုံက အဲသည်နည်းကို အသုံးမခံတော့ပါဘူး။ တိုတိုပြောရင် ဆေးကုသတဲ့ စခန်းများကိုလည်း ပို့တားခဲ့ပါတယ်။ ဆေးပြတ်တယ်ဆိုပြီး ဆင်းခွင့်ရလို့ အိမ်ကိုပြန်လာပြီး ဆေးပြန်သုံးတယ်ဆိုတဲ့ ရှာချာလည်ဓာတ်လမ်းအဆုံးမှာ ညီအစ်ကိုများ သေခဲ့ကြပါတယ်။ မိဘများလည်း ဆင်းရဲခြင်းမက ဆင်းရဲခဲ့ကြပါတယ်။

စောစောပိုင်းကသာ ကလေးတွေ ဘယ်လိုနေကြတယ်၊ ဘယ်သူတွေနဲ့ပေါင်းပြီး ဘယ်လိုအလုပ်ကို လုပ်နေတယ်ဆိုတာ သိအောင်ဆန်းစစ်လိုက်မယ်ဆိုရင် မလွန်တန်တာ မလွန်နိုင်တော့ဘူးပေါ့။

စတင်ပြီး မှားတော့မယ်ဆိုရင် အထိန်းက ချက်ချင်းလိုက်မယ်ဆိုရင် ထိန်းလို့ရပါတယ်။ ကလေးတွေက အစောပိုင်းက လိမ္မာတာကိုး။ အစောပိုင်းက လိမ္မာပြီးသားကလေးများ ရေတိမ်နစ်ရတာကတော့ ပိုပြီး နှမြောစရာ



ကောင်းပါတယ်။ ရေတိမ်နစ်စပြုတဲ့အချိန်မှာ အင်မတန်လိမ္မာခဲ့တဲ့ မိဘကိုချစ်ခင်ခဲ့တဲ့ ကလေးများက ဆေးမရရင် အိမ်မှာရှိတဲ့ပစ္စည်းတွေကို ဖျက်လိုက်ဆီးလိုက်နဲ့။ မိဘကိုလည်း ဘယ်လိုမှ မညှာတာဘဲ ရက်စက်ရိုင်းစိုင်းနေတော့တာပဲတဲ့။

သေသွားတောင်မှ အကုသိုလ်တွေတစ်ပုံကြီးနဲ့ ကိုယ့်သားသမီးများ သွားကြရမယ့်ခရီးကလည်း ကြမ်းလိုက်မယ့် ဖြစ်ခြင်းနော်။

www.burmeseclassic.com

www.burmeseclassic.com

## *မှုခင်းများ နည်းပါးလာအောင် ဘယ်လိုလုပ်ရပါ့*

အခုတလော နိုင်ငံတကာသတင်းများကိုကြည့်ရင်း ကမ္ဘာလောကကြီးမှာ ဖြစ်နေတဲ့ ပြဿနာတွေက များလှချည့်လားလို့ တွေးမိပါတယ်။ အခုပဲ ကြည့်ခဲ့ရတဲ့ ပြဿနာက ပြဒါးကိုတရားမဝင်ထုတ်ပြီး ရွှေလုပ်ဖို့ကြိုးစားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံက တာဝန်ရှိတဲ့သူများ ကို အယ်လ်ဂျားဇီးယား သတင်းဌာနက သတင်းထောက်တစ်ယောက်က အင်တာဗျူး လုပ်နေပါတယ်။ တကယ်တော့ မေးမြန်းဆွေးနွေးနေပါတယ်လို့ ဘာသာပြန်ရတာပါ။ ဒါပေမယ့် မေးပုံက အပြစ်ရှိတဲ့သူကို မေးနေတဲ့နည်းလို ပါပဲ။မေးချင်းတာကို တောက်လျှောက်မေး၊ ဖြေတာကို မကြိုက်ရင်လည်း လိုတာကိုရအောင် ရှေ့ကကြောင်းပြီး မေးနဲ့၊ တော်တော်တော့ အထက်စီးနိုင်ပါ တယ်။ ယင်ယင်တုန်းက နိုင်ငံတကာ သတင်းဌာနလိုနေရာမျိုးမှာ အလုပ်လုပ် ချင်ခဲ့တာ ဖြစ်မလာလို့ တော်သေးတယ်လို့ အောက်မေ့ပါတယ်။

တရားမဝင် ပြဒါးထုတ်ပြီး ရောင်းချနေမှုနဲ့ပတ်သက်လို့ မေးမြန်းတဲ့ အခါမှာ အသက်ခပ်ကြီးကြီး တာဝန်ရှိသူတစ်ယောက်ကို အဲသည်လိုတရားမဝင် ရောင်းချနေတဲ့ကိစ္စကို ဘယ်လိုကိုင်တွယ်ပါသလဲလို့ မေးပါတယ်။ ဖြေတဲ့ သူက ကျွန်တော်တို့ တားမြစ်မိန့် ထုတ်ပြန်ထားပါတယ်လို့ ဖြေပါတယ်။ အဲသည်အချိန်မှာ မေးခွန်းမေးသူက ရှင်တို့ကတော့ ဒါပဲ။ အမိန့်ထုတ်ပြီး တားမြစ်ပေမယ့် ထပ်ပြီးနိုးလုပ်ရင်ကောလို့ မေးပါတယ်။ အဲသည်တော့ အသက်လည်းကြီးပြီး ဘာသာစကားကလည်း အင်္ဂလိပ်လိုပြောရမှာဆိုတော့ တုံ့နှေးနေပြီး ပြုံးရုံသာပြုံးနေတဲ့သူကို မလေးမစားနဲ့ နောက်တစ်ယောက်ကို ပြောင်းပြီးမေးမြန်းပါတယ်။

နောက်ထပ်အမေးခံရတဲ့သူက လူငယ်ဖြစ်ပါတယ်။ အခုခေတ်လူငယ် များဟာ အင်္ဂလိပ်စာတတ်မှ လူရာဝင်တယ်ဆိုတာကို သိနိုင်တဲ့ အတွေ့နဲ့ အတူရောပြီး မွေးဖွားလာရသူများဖြစ်နေတော့ အင်္ဂလိပ်စာကောင်းကောင်း တတ်တော့ ဘလွတ် ဘလွတ်နေအောင် အင်္ဂလိပ်လိုပြောနိုင်အောင် လေ့



ကျင့်ထားတဲ့ မချောလေးနဲ့ တန်းတူစကားပြောနိုင်သူ ဖြစ်ပါတယ်။ သူက အဖြေပေးရာမှာလည်း ပါးနပ်တယ်။ သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာဟာ တကယ်တော့ သူတို့နိုင်ငံတစ်နိုင်ငံတည်းနဲ့တင် သက်ဆိုင်တာမဟုတ်ပါဘူး တဲ့။ တခြားသောနိုင်ငံများက ပင်မထုတ်လုပ်သူအဖြစ် တရားမဝင်ပစ္စည်းကို ကျွန်တော်တို့နိုင်ငံထဲ တင်သွင်းလာပြီးမှ တစ်ဆင့်တစ်ဆင့် သယ်ကြတာ ဖြစ်ပါတယ်။

ပြီးတော့လည်း အဲသည်တရားဝင်ပစ္စည်းက ရွှေထုတ်လုပ်တဲ့အခါမှာ သုံးတဲ့ပစ္စည်းဖြစ်တဲ့အတွက် နိုင်ငံတကာမှာ သုံးတယ်ဆိုရင်တောင်မှ ချမ်းသာ တဲ့နိုင်ငံများမှာ အသုံးများပါတယ်စသည်ဖြင့် ခပ်သွက်သွက်ပြောသွားတဲ့အခါ မှာ မေးမြန်းသူ မချောကလေးက ပြဒါးပြဿနာကို ဆက်မမေးတော့ပါဘူး။ စာရေးသူလည်း သတင်းကိုကြည့်နေ၊ နားထောင်နေရင်းနဲ့ ရယ်မိပါတယ်။ အင်တာဗျူးခံရရင် ကိုယ့်ကိုစွပ်စွဲနေတဲ့ပြဿနာဟာ နိုင်ငံတကာနဲ့ဆိုင်တယ် ဆိုရင် တစ်ဖက်က နောက်ဆုတ်သွားတတ်ပါတယ်၊ အင်၊ အခုခေတ်က တစ်မျိုးတော့ တစ်မျိုးပါပဲ။

အဲသည်အင်တာဗျူးနဲ့ မရှေးမနှောင်းမှာလည်း၊ ဆေးရွက်ကြီးများ ထုတ်လုပ်မှုကို တားဆီးပိတ်ပင်ပါမယ်လို့ နိုင်ငံတကာကလည်း ဆေးရွက် ကြီးလို နစ်ကိုတင်းလို အဆိပ်ပြင်းတဲ့ ပစ္စည်းမျိုးကို ဝှရစ်၊ ဆေးလိပ်၊ စီး ကရက်အဖြစ် သုံးရင် သုံးတဲ့သူသာမက အတူနေမိသားစုများပါ အဆုတ် ရောဂါ၊ ကင်ဆာရောဂါဖြစ်နိုင်တယ်လို့ ကြေညာချက်ထုတ်ပြန်တော့ အရှေ့ တောင် အာရှနိုင်ငံတစ်နိုင်ငံက လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဒါပေမယ့် အဲသည်နိုင်ငံကတရားဥပဒေကို ကိုင်တွယ်နေကြတဲ့သူများ ကို ချမ်းသာတဲ့နိုင်ငံတစ်နိုင်ငံက ဖိအားပေးပြီး ဆေးရွက်ကြီးကို မပိတ်ပင်ပါနဲ့၊ စီးပွားရေးအတွက် အင်မတန်အရေးကြီးပါတယ်လို့ ပြောထားလို့ တည်ဆဲဥပဒေ ကြီးကို ပြန်ပြီးမရုပ်သိမ်းဘဲ ဆေးရွက်ကြီးအရောင်းအဝယ်က မြင့်တက်လာတဲ့ အကြောင်း သတင်းမှာ ကြည့်လိုက်ရပါတယ်။

ဆေးရွက်ကြီး အခြောက်လှမ်းတဲ့နေရာ၊ ထုပ်ပိုးတဲ့နေရာမှာ ယောက်ျား ကြီး၊ မိန်းမကြီးတွေဟာ မီးခိုးတလူလူထအောင် ဆေးလိပ်တွေကို ဖွာပြီး ချောင်းကလည်း တဟွတ်ဟွတ်နဲ့ ဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသိပညာဆင်းရဲသူ၊ ဆေးကုသဖို့လိုအပ်တယ်ဆိုတာကို မသိနားမလည်တဲ့၊ သိနားလည်ရင်လည်း ပိုက်ဆံမရှိဘူး။ ထမင်းစားဖို့တောင်မှ အနိုင်နိုင်ရယ်ဆိုတဲ့စကားနဲ့ ဆေးမကုသဖြစ်တဲ့သူတွေ သေကြဦးတော့မယ်လို့ တွေးမိရင်း အသိပညာနဲ့ပတ်သက်ပြီး စာတစ်စောင်ပေတစ်ဖွဲ့ ရေးဦးမှပဲလို့ တွေးမိပါတယ်။

စာရေးသူ ရေးချင်တဲ့ ဆောင်းပါးကတော့ ရာဇဝတ်မှုဆိုတာ ငယ်ငယ်ကတည်းက စနစ်တကျသွန်သင်မယ်ဆိုရင် ပပျောက်သွားနိုင်တယ်ဆိုတဲ့ အကြောင်းကို ရှေ့တန်းတင်ပြီး ဆွေးနွေးချင်တာဖြစ်ပါတယ်။ အဲသည် အကြောင်းကို မစတင်မီမှာ တင်ပြချင်တာကတော့ သီတဂူဆရာတော်ကြီး ဟောကြားတော်မူတဲ့ တရားတစ်ပုဒ်ထဲက အကြောင်းဖြစ်ပါတယ်။

## သူတို့ အယူအဆ

အမေရိကန်နိုင်ငံမှာ သီတဂူဆရာတော်ကြီး ကလေးများကို ဟောတော်မူခဲ့တဲ့တရားကို ပြန်လည်တင်ပြတဲ့ ဆောင်းပါးကို ရေးသားတင်ပြလိုပါတယ်။

ဆရာတော်ကြီး ဟောကြားတော်မူတဲ့ တရားကတော့ အမေရိကန်ပြည်မှာ အဲသည်အချိန်က ကျောင်းသားငယ်ကလေးတွေအချင်းချင်း ပစ်ခတ်သတ်ဖြတ်နေတဲ့အတွက် သေကြေကြတာကို ဆရာတော်ကြီးက စိတ်မကောင်းပါဘူး။ အဲသည်လို စိတ်မကောင်းရတဲ့အထဲမှာ ကလေးတစ်ယောက်ကို အင်တာဗျူးကြတဲ့ သတင်းထောက်များက လူသတ်မှုကျူးလွန်တဲ့ ကလေးကို မင်းဘာဖြစ်လို့ ကိုယ့်ကျောင်းသားအချင်းချင်းကို သတ်ဖြတ်တာလဲလို့ မေးလိုက်တာဖြစ်ပါတယ်။ ကလေးက ရာဇဝတ်မှုကျူးလွန်ခြင်းဟာ ကျော်ကြားချင်သူများအတွက် ဖြတ်လမ်းပဲလို့ ဖြေလိုက်ပါသတဲ့။ အမယ်လေးလေ၊ တော်တော်ကြောက်စရာကောင်းတဲ့ အယူအဆပါကလား။

ဒီကလေးဟာ သူ့အမည် သတင်းစာထဲမှာပါပြီး ဓာတ်ပုံကလေးလည်း ပါမှာပေါ့လေ။ သူ့ကို လူအများကသိအောင် တခြားသူများကို သူက သတ်ဖြတ်နိုင်ခွင့် ရှိတယ်လို့ ထင်နေပုံရပါတယ်။ သတင်းစာများ၊ ရေဒီယိုများ၊ တီဗီများမှာလည်း အဲသည်သတင်းကို ထုတ်လွှင့်ပေးနေပါသတဲ့။ ဆရာတော်



ကြီးက ကလေးတစ်ယောက်မှားတာကို သတင်းထုတ်လွှင့်နေတာကလည်း နေ့စဉ်ဆိုတော့ မလိမ်မိုးမလိမ္မာကလေးတွေဟာ ပိုပြီးသတ်ချင်ဖြတ်ချင်လာတော့မှာပဲလို့ တွေးရင်း ဆရာတော်က အဲသည်လိုထုတ်လွှင့်နေတာကို မနှစ်သက်ပါဘူးတဲ့။

ဆရာတော်ကြီးကို အမေရိကန်နိုင်ငံကို ကြွရောက်တဲ့အခါတိုင်းမှာလည်း ဖိတ်ခေါ်တဲ့ကျောင်းရှိလေတော့ အဲသည်ကျောင်းမှာ ကလေးတရားပွဲကျင်းပပေးခဲ့ပါတယ်တဲ့။ ဆရာတော်ကြီးရဲ့ရည်ရွယ်ချက်ကတော့ ရာဇဝတ်မှုပပျောက်ရေးပဲ ဖြစ်ပါတယ်။ အဲသည်ကျောင်းရောက်တော့ ကလေးများကို ဆရာတော်ကြီးက ကလေးတွေကို ဘာဖြစ်လို့ အခုတလော ကလေးကလေးချင်း သတ်ဖြတ်မှုတွေ ဖြစ်ပွားနေတာလဲလို့ မေးလိုက်တော့ ကလေးတွေက တညီတညာတည်း "ရာဇဝတ်မှုကျူးလွန်ခြင်းဟာ ကျော်ကြားမှုအတွက်လမ်း၊ ဖြတ်လမ်းဖြစ်တယ်"လို့ ဖြေကြပါသတဲ့။

ဆရာတော်ကြီးက မင်းတို့အယူအဆကို ငါနားထောင်ပြီးပြီ။ ရာဇဝတ်မှုခင်းကို ကျူးလွန်တဲ့အတွက် ကျော်ကြားတာဟာ ကောင်းတဲ့အလုပ် မှန်ရဲ့လားဆိုတာကို ဆန်းစစ်ရမယ်။

မင်းတို့ကို နာကျင်အောင်လုပ်ပြီး တစ်ခါတည်း လူ့လောကက ထွက်သွားအောင် လုပ်လိုက်တာကို ခံရရင် မင်းတို့ ကြိုက်ကြမလားလို့ မေးတော့ မကြိုက်ပါဘူးလို့ ဖြေကြတာပေါ့။ ကိုယ့်ကိုလုပ်ရင် မကြိုက်တဲ့နည်းနဲ့ သူတစ်ပါးကို မင်းတို့က လုပ်မယ်၊ မင်းတို့ဟာ အဲသည်နည်းနဲ့ ကျော်ကြားအောင် လုပ်လိုက်တဲ့အချိန်မှာ မင်းတို့အတန်းထဲက သူငယ်ချင်းလည်း သေရမယ်၊ သူ့မိသားစုလည်း စိတ်ဆင်းရဲရမယ်၊ ငိုကြွေးမှုဆွေးရမယ်ဆိုရင် ကောင်းသလားဆိုတော့ နည်းနည်းလောက် တွေဝေနေကြပြီး မကောင်းပါဘူးလို့ ဖြေကြတာပေါ့။အဲသည်လိုနည်းနဲ့ ငါးပါးသီလကို ဆရာတော်ကြီးက တစ်ခုချင်း သင်သွားခဲ့ပါသတဲ့။ သင်တာလို့သာ ပြောတာပါ။ ဆရာတော်ကြီးရဲ့ သင်ကြားနည်းက သီလတစ်ပါးချင်းကို မင်းတို့ ခံရင် ခံလို့ကောင်းမလား၊ နှစ်သက်ဖွယ်ဖြစ်မလားဆိုတာကို မေးရင်း သင်သွားတာပါပဲ။

နောက်ဆုံးတော့ ကလေးများက သူတို့အနည်းနဲ့အများ ကျော်ကြားရေးလမ်းစဖြစ်တယ်လို့ ယုံကြည်နေကြတဲ့လုပ်ငန်း ဟာ ကိုယ့်ကိုလုပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



သူများနစ်နာမယ်၊ ဒုက္ခဆင်းရဲရောက်မယ်ဆိုတာကို လက်ခံသွားကြပါတယ်တဲ့။ သူများက ကိုယ့်ကိုလုပ်ရင်ရော ကိုယ်ကြိုက်ပါ့မလားလို့မေးရင်း တစ်ဆင့်ပြီး တစ်ဆင့် မြင့်သွားတဲ့သင်ကြားနည်းနဲ့ ကလေးများ လက်ခံလာအောင် သွန်သင်တော်မူခဲ့တာ ဖြစ်ပါတယ်။

အဲသည်လိုလက်ခံလာကြတဲ့အချိန်ကျမှ ကျော်ကြားမှုလမ်းကြောင်း အစစ်ဆိုတာ မကောင်းမှုများကို မလုပ်သင့်တဲ့အကြောင်း တစ်ချက်ချင်း ပြန်ပြီးသွန်သင်ပေးတာပါပဲ။ သီလစောင့်ထိန်းသူဟာ အများအကျိုးကို မထိပါးဘဲ စောင့်ရှောက်ရာကျတဲ့အတွက် ရေရှည်အားဖြင့် ကျော်ကြားသွားနိုင်တယ်ဆိုတာကို နိဂုံးချုပ်မှာပြောကြားရင်း နိဂုံးချုပ်တော့ ကလေးများနားနဲ့တန်ရုံ သီလစောင့်ထိန်းခြင်းကို သင်ကြားပြီးဖြစ်သွားတဲ့အခါ ကလေးများက ပျော်ရွှင်စွာ လက်ခုပ်တီးကြပါသတဲ့။

ပြီးတော့လည်း အဲသည်အကြောင်းကို ဘယ်သူက ပြောပြတာလဲ၊ ကိုယ်တိုင်သိတာလားလို့ မေးကြပြန်ပါသတဲ့။

အဲသည်အချိန်ကျမှ မြတ်စွာဘုရား ဟောကြားခဲ့တာ ဖြစ်တယ်ဆိုပြီး ကလေးများနားလည်နိုင်တဲ့နည်းနဲ့ မြန်မာလို ရိုးရိုးပြောရရင် တရားဟောတော်မူခဲ့တဲ့အကြောင်း သီတဂူဆရာတော်ကြီးက မိန့်တော်မူပါတယ်။

## *ကလေးများ လိုက်နာရမယ့်စည်းကမ်းကို နားလည်လက်ခံနိုင်မယ့်နည်းကိုသုံးပြီး သွန်သင်ပါ*

စာရေးသူက ရာဇဝတ်မှု တားဆီးခြင်းကို ကလေးများ ငယ်ငယ်ကတည်းက လူကြီးမိဘများ အသိုင်းအဝန်းများက သိသိပ်စွာ စတင်သင်ကြားသင့်တယ်ဆိုတာကို တင်ပြခဲ့တာ တော်တော်ကလေး ကြာသွားပြီဖြစ်ပါတယ်။ အခုတစ်ခေါက် တင်ပြချင်တာကတော့ ကလေးအရွယ်မှာလည်း ကလေးနဲ့လိုက်လျောတဲ့ အသိပညာကို ပေးဖို့လိုပါတယ်။ အဲသည်လိုပေးတဲ့အခါမှာ ငရဲနဲ့ခြောက်လှန့်ပြီး သွန်သင်တာ၊ အတင်းအကျပ် တားမြစ်တာ၊ မှားယွင်းမှု တစ်စုံတရာကို တွေ့လိုက်ရင် ဆူပူကြိမ်းမောင်းတာစတဲ့ အလုပ်များကို မလုပ်သင့်ဘူးဆိုတဲ့ အကြောင်း ဖြစ်ပါတယ်။

အလိမ္မာ စာမှာရှိတယ်လို့ ဆိုတဲ့အတိုင်း ယဉ်ကျေးမှုကို သိအိုရီအရ သင်ပေးတာမျိုးမဟုတ်ဘဲ ကလေးများ နားလည်သွားအောင်၊ လက်ခံလာအောင် သင်ပေးတာကမှ ပိုပြီးအကျိုးရှိပါတယ်။ အဲသည့်နည်းက မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် သုံးခဲ့တဲ့ သင်ကြားနည်းဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ဆွမ်းခံကြွတော်မူရာလမ်းမှာ ကလေးတစ်စုက မြွေတစ်ကောင်ကို တုတ်ချောင်းနဲ့ ဝိုင်းပြီး ဟိုဘက်ကထိုးလိုက်၊ သည်ဘက်ကထိုးလိုက်နဲ့ ဆော့ကစားနေပါသတဲ့။ အဲသည်လိုလုပ်ပြီး ဆော့ကစားနေတဲ့မြွေကလည်း သေးပြီး ကလေးကလည်း ဦးရေများလို့ထင်ပါတယ်။ မြွေကလေးမှာမှာ အလွန်ပင်ပန်းဆင်းရဲနေပြီ ဖြစ်ပါတယ်။

အဲသည်လို ကစားနေတဲ့နေရာကို မြတ်စွာဘုရား ကိုယ်တော်တိုင် ရောက်အောင် ကြွချီတော်မူသွားတယ်ဆိုတာကလည်း ချွတ်လို့ ကျွတ်တန်းဝင်မယ့် ကလေးများဖြစ်တယ်ဆိုတာ သိမြင်လို့ပဲ ဖြစ်ပါတယ်။

အဲသည်လိုပြောလိုက်လို့ တို့က သာမန်လူသားတွေပဲ၊ ချွတ်လို့ ကျွတ်

www.burmeseclassic.com

www.burmeseclassic.com



**မယ်မှန်၊** တယ်လိုလုပ်သိပ့်မလဲလို့ ပြောရင်း ကလေးများ လုပ်ချင်တာကို **ဝယ်ဝေးတော့** လုပ်ပါစေ၊ ကြီးတော့ သူ့အလိုလို ပြင်သွားလိမ့်မပေါ့လို့ **ပြောတတ်ကြတဲ့** လူကြီးသူမများ ရှိတတ်ပါတယ်။ တကယ်တော့ အလိုလို ဖြစ်လာတာက ရှားပါတယ်။ ငယ်တုန်းဆိုတာက နုနယ်သေးတော့ ပျော့ပျော့ပျောင်းပျောင်းနဲ့ သင်ကြားမယ်ဆိုရင် သဘောပေါက် နားလည်လွယ်ပါတယ်။

ပြောလက်စကို ပြန်ဆက်ရမယ်ဆိုရင် မြတ်စွာဘုရားရှင် ကြွလာတဲ့ အခါမှာ ကလေးများဟာ မြွေကလေးကို နှိပ်စက်ပြီး ကစားနေတာကို ရပ်လိုက်ပါတယ်။ ကလေးတွေဟာ ငယ်ငယ်ကတည်းက အတိုင်းအတာ တစ်ခုအရ သိတတ်နားလည်ကြပါတယ်။ မကောင်းတဲ့အလုပ်ကို လုပ်မိနေပြီ ဆိုရင် လူကြီးရှေ့မှာ ဆက်မလုပ်ဘဲ ရပ်ပစ်လိုက်တတ်ကြပါတယ်။ မြတ်စွာ ဘုရားရှင်က 'ကလေးတို့ ဘာလုပ်နေကြတာတုံးဆိုတော့ မြွေကလေးနဲ့ ကစားနေကြပါတယ်'လို့ လျှောက်ထားကြပါတယ်။ အဲသည်လိုလျှောက်ထား ကြတော့ မြတ်စွာဘုရားရှင်က 'ဘယ်လိုကစားတာလဲ၊ မြွေကလေးကို တုတ် နဲ့ရိုက်လိုက်၊ ဟိုဘက်သည်ဘက် ထိုးလိုက်နဲ့ ကစားနေကြတာလား'လို့ မေး တော့ ကလေးများက မြတ်စွာဘုရားရဲ့ ပျော့ပျောင်းတဲ့အသံတော်နဲ့ မေးမြန်း တာကို ကြောက်ရွံ့သွားတာကြောင့် မဟုတ်ဘဲ နှစ်လိုတဲ့စိတ်ထားကြောင့် 'ဟုတ်ပါတယ်ဘုရား'လို့ ဖြေကြားကြပါတယ်။ အဲသည်လိုဖြေကြားတဲ့အခါမှာ မြတ်စွာဘုရားက 'ကလေးတို့၊ အသင်တို့ကိုလည်း အဲသည်လို ဝိုင်းပြီးထိုး ကြ၊ ကော်ကြနဲ့ ကစားကြရင် သင်တို့ နာကျင်ဆင်းရဲကြမှာပဲ။ သင်တို့ကို အဲသည်လိုလုပ်ရင် ကြိုက်ကြမှာလား'လို့ မေးတော်မူလိုက်ပါတယ်။ ကလေးများ က မေးခွန်းကို ကြားတာနဲ့ သူတို့လုပ်တာ မကောင်းမှုတစ်ခုပဲလို့ သဘော ပေါက်သွားခဲ့ပါတယ်။ ခေါင်းကလေးများကို ခါရမ်းပြီး ထွက်ပြေးသွား ကြပါတော့တယ်။

အဲသည်လို ကလေးများကို ငယ်ငယ်ကတည်းက သူ့အတိုင်းအတာနဲ့ သူ သွန်သင်မယ်ဆိုရင် တစ်စတစ်စနဲ့ ယဉ်ကျေးလိမ္မာလာမှာ ဖြစ်ပါတယ်။ တကယ်တော့ ယဉ်ကျေးလိမ္မာလာအောင် တတ်သိနားလည်လာအောင် သင် တာဟာ မွေးကင်းစကတည်းက စတင်ရမယ်ဆိုတာ ပညာရေးသီအိုရီထဲမှာ



ပါပါတယ်။ ကလေးအမေတစ်ယောက်က ပါမောက္ခကြီးတစ်ယောက်ဆီကို သွားပြီး ကျွန်မ သားကလေးကို ပညာသင်ပေးချင်လို့ပါလို့ ပြောလိုက်ပါသတဲ့။ ပါမောက္ခကြီးက ဘယ်အရွယ်လဲလို့ မေးလိုက်တဲ့အခါ ကလေးအမေက ငါးနှစ်ပါလို့ ပြောလိုက်ပါတယ်။ ပါမောက္ခကြီးက ကလေးကို ဒီအရွယ်ကျမှ ပညာသင်မယ်ဆိုရင် တော်တော်နောက်ကျသွားပြီ။ သူက ဒီအရွယ်ကလေးကို လက်မခံဘူးလို့ ပြောလိုက်ပါသတဲ့။ ဒါက ဥရောပက ပညာရေးဆိုင်ရာ ပုံပြင်ကလေးတစ်ခု ဖြစ်ပါတယ်။ ကလေးကို သိသင့်သိထိုက်တာတွေကို စောစောသင်ပေးရမယ်။ လူ့လောကမှာ သင်ယူစရာတွေများလို့ သင်ကြား ခြင်းကို စောစောစသင့်တယ်လို့ ပြောတာဖြစ်ပါတယ်။

ကျောင်းကို စောစောပို့စေချင်လို့ ပြောတာမဟုတ်ပါဘူး။ ပတ်ဝန်း ကျင်ထဲမှာ လွတ်လပ်စွာနေရင်း သိသင့်သိထိုက်တာတွေကို သင်ကြားရင်း လူတော်လူကောင်းကလေးဖြစ်အောင် လေ့ကျင့်ပေးရမှာဖြစ်ပါတယ်။ လွှတ် ထားတဲ့ ကလေးရယ်၊ စည်းကမ်းတင်းကျပ်စွာ ပြဋ္ဌာန်းပြီး ချုပ်ထားတဲ့ကလေး ရယ်၊ လိုအပ်သလောက် လွတ်လပ်ခွင့်ပေးပြီး ထိန်းထားတဲ့ကလေးရယ်ဆိုပြီး ကလေးကို မွေးမြူပုံ အမျိုးမျိုးကွဲပြားခြားနားတဲ့အထဲမှာ အလယ်အလတ် နည်းကိုသုံးပြီး ကလေးကို သွန်သင်တဲ့ မိဘများဟာ မိကောင်းဖခင်များလို့ ညွှန်းဆိုပြီး လေးစားရမှာ ဖြစ်ပါတယ်။ ကလေးဟာ ငယ်ငယ်ကတည်းက ကိုယ့်စိတ်နဲ့ ကိုယ့်အပြုအမူကို ထိန်းသိမ်းနိုင်တယ်ဆိုရင် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းတတ်တဲ့ ကလေးဖြစ်လာမှာ သေချာပါတယ်။ အခု ခေတ်မှာ ကလေးများ ရင်ဆိုင်နေရတဲ့ ပတ်ဝန်းကျင်ကလည်း ပွလောင်နေတယ်၊ လိုချင်စရာတွေကလည်း များပြားနေတယ်။ အာရုံအမျိုးမျိုးကလည်း ဆွဲဆောင် နေတယ်ဆိုတော့ ကလေးကို ထိန်းသိမ်းဖို့ကိစ္စဟာ ပေါ့သေးသေးကိစ္စ မဟုတ်ပါဘူး။ စာရိတ္တကောင်းမွန်ရမယ်ဆိုတာ ရွတ်ဆိုနေရုံနဲ့ ဖြစ်လာမှာ မဟုတ်ပါဘူး။ ကျင့်ပေးမှ တိုးတက်လာမယ့် အရည်အချင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## သားသမီးကို ငယ်စဉ်ခါက မဆုံးမသော် မိဘတလည် ရန်သူမည်၏

ယခုရေးသားတင်ပြမယ့် ဆောင်းပါးရဲ့ခေါင်းစဉ်ကတော့ မြန်မာများ ကြား ဖူးနေကျ စကားစပ်တစ်ခုထဲက တစ်ခုဖြစ်ပါတယ်။ အဲသည်လို သားသမီးများ လိမ္မာစွာ ကြီးပြင်းလာဖို့ကိစ္စမှာ မိဘများရဲ့သွန်သင်မှုက အလွန်အရေးကြီး တဲ့နေရာကပါပါတယ်ဆိုတဲ့အကြောင်းကိုတော့ မြန်မာနိုင်ငံမှာသာမက တခြား နိုင်ငံများမှာလည်း လက်ခံလေ့ရှိတယ်။ မိဘများက သားသမီးများကို ရိုးသား ဖြောင့်မတ်အောင် သွန်သင်မှုမပြုရင် သားသမီးများကို ကြီးလာလေလေ ဒုက္ခတွင်းသက်ဆင်းအောင် တွန်းပို့ရာရောက်လေလေဖြစ်တယ်ဆိုတာ နည်း အမျိုးမျိုးနဲ့ ပညာပေးခဲ့ကြတာ စာရေးသူတို့ငယ်စဉ်ကတည်းက သတိတရ မှတ်သားခဲ့ရပါတယ်။ အခုခေတ်မှာတော့ မီဒီယာအားက သိပ်ကောင်းပါတယ်။ ဒါပေမယ့် အားကောင်းတဲ့မီဒီယာအားဟာ သန့်ရှင်းစင်ကြယ်ပြီး ဖြောင့်စင်းတဲ့ အသိ၊ ရင့်ကျက်တဲ့စိတ်ထား၊ မှန်ကန်တဲ့လုပ်ရပ်များဖြစ်စေဖို့ မိဘများက သွန်သင်ရမှာဖြစ်ပါတယ်။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနဲ့ဘ ဆိုတဲ့ဆိုရိုးအတိုင်း မိဘများဟာ သားသမီးကို ချစ်လိုက်တာ တုန်နေပြီး အသွန်သင် နည်းပါးနေလျှင်သော်လည်းကောင်း၊ နည်းလမ်းမမှန်တဲ့ မွေးမြူနည်း မျိုးနဲ့ မွေးမြူလျှင်သော်လည်းကောင်း သားသမီးဟာ ပုံမမှန်တဲ့သူများအဖြစ် ကြီးပြင်းလာတတ်ပါတယ်။

စာရေးသူငယ်ငယ်က အိန္ဒိယရုပ်ရှင်တစ်ကားကို ကြည့်ဖူးပါတယ်။ ထူးထူးခြားခြား ကုလားကားဆိုလို့ အဲသည်ကားတစ်ကားပဲ ကြည့်ဖြစ်ပါတယ်။ အဲသည်ကားကို ဘဘဦးသုခကလည်း လက်ဦးဆရာအမည်နဲ့ မြန်မာမှုပြုပြီး ရုပ်ရှင်ရိုက်ခဲ့ပါတယ်။

ဇာတ်လမ်းကတော့ အမျိုးသမီးကြီးတစ်ယောက်ဟာ သားကလေးတစ် ယောက်နဲ့ ကြိုးစားပြီး ရှာဖွေစားသောက်နေရတာနဲ့ စပါတယ်။ သားကလေးက



လည်း ချစ်စရာကောင်းတဲ့ ကလေးကလေး ဖြစ်ပါတယ်။ တစ်နေ့တော့ ကျောင်းမှာ သူငယ်ချင်းများနဲ့အတူ သင်္ချာတွက်ရင်း ခဲတံနဲ့အတူ ခဲတံချွန်တဲ့ ဓားကလေးတစ်ချောင်း သူ့လွယ်အိတ်ထဲမှာ ပါလာခဲ့ပါတယ်။ အမေဖြစ်တဲ့ သူအဖြစ် ခပ်ကြမ်းကြမ်းဇာတ်ရုပ်ကိုရွေးပြီး ထည့်ထားပါတယ်။ ကလေး ကျောင်းကပြန်လာတော့ ခရမ်းသီးလှီးနေတဲ့အမေဖြစ်သူအနားလာပြီး ထိုင်ပါ တယ်။ ဒီလိုအမေ့အနားကို ကျောင်းကနေ အိမ်ပြန်လာတဲ့ကလေးများ လာပြီး ထိုင်တတ်တာ သဘာဝပဲလေ။

အဲသည်လိုထိုင်ပြီး စကားပြောကြရင်း အမေဖြစ်သူက ကလေးရဲ့ကျောင်း လွယ်အိတ်ထဲက ဓားကလေးကိုတွေ့တာနဲ့ ဖြတ်ကနဲဆွဲယူပြီးတဲ့နောက် သူလှီးလက်စ ခရမ်းသီးကို ကောက်လှီးလိုက်ပါတယ်။ သူ့အိမ်က ဓားက တုံးလှုပြီဖြစ်တဲ့အပြင် လှီးနေတဲ့ ခရမ်းသီးကလည်း ဈေးပေါ်ပေါ်နဲ့ ဝယ်ထား တော့ ပိန်လိမ်နေပါပြီ။ အဲသည်တော့ ခရမ်းသီးကိုလှီးလို့ မကောင်းတော့ဘူး ပေါ့။ အမေဖြစ်တဲ့သူက ခရမ်းသီးကို ဖိုးခနဲဇတ်ခနဲ လှီးနေရင်းက ကောင်း လိုက်တဲ့ ဓားကလေး၊ သား ဘယ်ကရခဲ့တုံး၊ အမေ ယူမယ်နော်လို့ ပြောလိုက်ပါတယ်။

ကလေးကဟာ မဖြစ်ဘူး၊ ကျွန်တော့ဓား မဟုတ်ဘူး။ ဒါက သူငယ်ချင်းရဲ့ဓား၊ နက်ဖြန်ပြန်ပေးရမှာလို့ ကန့်ကွက်ပေမယ့် ရှေ့အလားအလာ ကို မမြင်ဘဲ လိုချင်တာကိုသာသိတဲ့ အမေက ဓားကလေးကို ရအောင်ယူလိုက် ပါတယ်။ မနက်ဘက် ကျောင်းသွားခါနီးကျတော့ အမေ့ဆီက ဓားကို ပြန် တောင်းပေမယ့် မရတော့ပါဘူး။ သူငယ်ချင်းကပြန်တောင်းတဲ့အခါ မပေး နိုင်ရင် ဆရာကရိုက်မှာ ကျောင်းထုတ်ခံရမှာစသည်ဖြင့် ပြောတော့လည်း 'ငါ့ဆီ မင်းဓား ပါမလာပါဘူးလို့ ပြောလိုက်တာ ခက်တာမှတ်လို့၊ မင်း အဲသည်လိုပဲ ပြောလိုက်၊ ရန်ဖြစ်မယ်၊ အရိုက်လည်းခံရဦးမယ်ဆိုရင် အမေ လိုက်ပြီးဖြေရှင်းမယ်'လို့ ပြောကတည်းက သားဖြစ်သူဟာ အမေ့နည်းကို သူမသုံးရင် သူနဲ့ အမေ့ကြားမှာ အလွန်ကြီးတဲ့ပြဿနာဖြစ်မယ်၊ ညာလိုက် တာပဲ ကောင်းတယ်လို့ လက်ခံသွားပါတော့တယ်။

အဲသည်သူငယ်ဟာ သူ့အမေက ဓားကလေးတစ်ချောင်းနဲ့ ခရမ်းသီး ကလေးတစ်လုံးကိုပြပြီး သွန်သင်လိုက်တာ ဘယ်လောက်များ တော်သွားသလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အသက်ကြီးလာတော့ ချောမောတဲ့သူငယ်ကလေး ဖြစ်လာလေလေ၊ လူတောထဲကို အလိမ်အညာစကားများ သုံးပြီး ဝင်ရောလိုက်နိုင်တာများ တကယ့်ကိုချမ်းသာတဲ့မိသားစုများက သူ့ကို လူကောင်းသူကောင်း တက္ကသိုလ်ကျောင်းသား၊ ပညာတတ် လူချမ်းသာမျိုးရိုးကလာတယ်လို့ ယုံကြည်လက်ခံသွားကြပါတယ်။ ရိုးသားဖြူစင်တဲ့ မိန်ကလေးတစ်ယောက်နဲ့ ချစ်ခင်ပြီး ထိမ်းမြားနိုင်ခဲ့ပါတယ်။

သူက လက်သွက်သွက်နဲ့ ခိုးတာဝှက်တာ၊ လုတာတွေလုပ်လည်း သူကျင်လည်နေတာက သူ့ဗွေအသိုက်အဝန်းဖြစ်တဲ့အပြင်၊ သူနဲ့ချစ်ကြိုက်ပြီး၊ လက်ထပ်မယ့်ဆဲဆဲမိန်းကလေးက ရဲအရာရှိကြီးတစ်ယောက်ရဲ့ နှမဖြစ်နေပါတယ်။ အဲသည်တော့ သူ့ကိုမယုံသင်္ကာဖြစ်နေရုံနဲ့တင် အရာရှိငယ်တွေက ကြောက်လှပြီ။ နှုတ်ကထုတ်ပြီး စွပ်စွဲဖို့က မလွယ်ပါဘူး။

အဲသည်လိုနဲ့ပဲ လူငယ်လူချောကလေးဖြစ်တဲ့ ကလေးဘဝက ရိုးသားသူဟာ သူခိုးဓားပြအကြီးစားကြီး ဖြစ်သွားပါတယ်။ သူချစ်တဲ့ မိန်းကလေးနဲ့လည်း ထိမ်းမြားနိုင်ခဲ့ပါတယ်။ ဘယ်သူကမှလည်း သူ့ကို မစွပ်စွဲနိုင်တော့ဘဲ မိန်းကလေးမှာ နှုတ်ငုံရှိလာပါတယ်။ တစ်နေ့မှာတော့ မိန်းကလေးရဲ့အစ်ကိုက သူတို့အိမ်ကို လာလည်ပါတယ်။ ဘယ်သူ့ကိုမှမတွေ့တော့ ထိုင်ပြီးစောင့်ရင်း စီးကရက်သောက်ချင်လာတာနဲ့ အိတ်ထဲကို နှိုက်လိုက်တော့ ဆေးလိပ်ဘူးထွက်လာပါတယ်။ နောက်ထပ် မီးခြစ်ဗူးကိုထပ်ပြီးရှာတာ မတွေ့တော့ ဧည့်ခန်းမှာ တင်ချိတ်ထားတဲ့ ကုတ်အင်္ကျီရဲ့အိတ်ကို နှိုက်လိုက်ပါတယ်။

အဲသည်လို အိမ်ကိုလွတ်လွတ်လပ်လပ်ဝင်လာပြီး ဟိုအိတ် သည်အိတ်တွေကို စတင်နှိုက်တုန်းက မိန်းကလေးရဲ့အစ်ကိုဟာ ရဲအရာရှိကြီးဖြစ်ပေမယ့် ဘယ်သူ့ကိုမှ မသင်္ကာမဖြစ်သေးပါဘူး။ မိဘအိမ်လည်းဖြစ် နှမနဲ့ ယောက်ဖတို့နေတဲ့အိမ်လည်း ဖြစ်တဲ့အတွက် ရဲတင်းစွာဝင်ရောက်ပြီး မိမိအိမ်မှာလိုပဲ အိတ်များကို နှိုက်ခဲ့တာဖြစ်ပါတယ်။ နောက်တော့ ကုတ်အင်္ကျီထဲက မျက်နှာကိုစွပ်ပြီး ရုပ်သွင်ပြောင်းတဲ့အခါ အသုံးပြုတဲ့ မျက်နှာဖုံးအနက်ကို ဆွဲထုတ်မိလျက်သား ဖြစ်သွားပါတယ်။ အဲသည်မျက်နှာဖုံးကို ရဲအရာရှိကိုယ်တိုင် မြင်လိုက်တယ်။ သူခိုးကိုဖမ်းတုန်းကလည်း ရဲအရာရှိကြီးကိုယ်တိုင် ပါဝင်ခဲ့တယ်ဆိုတော့ သူ့လက်ထဲမှာလည်း မျက်နှာဖုံးတစ်ခုကို ဖမ်းမိထားပြီးဖြစ်ပါ



တယ်။ အဲသည်အကြောင်းတွေ တွေးနေတုန်း ယောက်ဖနဲ့နှမတို့ ပြန်လာတဲ့အခါ တစ်သက်လုံးဖုံးသမျှ ကုန်းကာမှပေါ်ဆိုသလို အကုန်ပေါ်သွားတော့တာပါပဲ။ အဲသည်လိုလည်းပေါ်ရော၊ သူခိုးဖြစ်သူရဲ့ဇနီးအပြင် သူတို့မိသားစုအားလုံးလည်း အံ့အားသင့်သလောက် ထိတ်လန့်သွားကြပါတယ်။

အမေဖြစ်သူက သူကိုယ်တိုင် ဓားကလေးတစ်ချောင်းကို ခိုးယူပြီး အသွန်အသင်ကောင်းလိုက်တာ သားဖြစ်သူလည်းသူခိုးကြီးဖြစ်ကာမှ အဖမ်းခံရပြီး ဘဝပျက်ခဲ့ပါတယ်။ သားဖြစ်သူရဲ့ဇနီးကမွေးတဲ့ ကလေးကလေးမျောလည်း ငယ်ငယ်ကလေးကတည်းက ထောင်ဒဏ်ကျသွားတဲ့ ဖခင်နဲ့ကွဲသွားတာကြောင့် ဖတဆိုးကလေးအဖြစ် ကြီးပြင်းခဲ့ပါတယ်။ ဘဝဆိုတာကလည်း ထောက်တိုင်အမျိုးမျိုးနဲ့ထောက်ပြီး ထားနိုင်မှ တင့်တယ်တာကိုး။ ဘယ်လိုထောက်တိုင်မျိုးလဲဆိုတော့ ငွေ၊ ဂုဏ်၊ အသိုက်အဝန်း၊ သိက္ခာစသည်ဖြင့်ပေါ့လေ။ အခုပြောလက်စ ကလေးမှာတော့ ဖခင်က လူဆိုးကြီးဖြစ်လေတော့ သူ့မွေးခင်က အလွန်ချမ်းသာပြီး ထင်ရှားတဲ့မိသားစုကြီးလည်း ပျက်စီးပြီး ကလေးနဲ့ ကလေးရဲ့မိခင်တို့လည်း အဆင်းရဲကြီး ဆင်းရဲသွားပါတယ်။ ဇာတ်သိမ်းကလေးက ကောင်းပါတယ်။ သူခိုးကြီးဟာ လွတ်ရက်ရောက်လာတော့ ထောင်ကပြန်ထွက်ထွက်ချင်း သူ့ဇနီးနေတဲ့အိမ်ကို တန်းသွားပါတယ်။ ကလေးကို သူမှမမြင်ဘူးပဲကိုး။ ကြည့်ချင်တာပေါ့။ မြင်ကွင်းက သူ့ကို အထူးစိတ်ထိခိုက်စေပါတယ်။ သူ့မိန်းမက ခရမ်းသီးလှီးနေပါတယ်။ ကလေးက သူကျောင်းကယူလာတဲ့ ဓားကလေးကို ကိုင်နေတာ အမေဖြစ်တဲ့ သူ့မိန်းမကမြင်တော့ ဗျာပျာသလဲ ဆွဲယူလိုက်ပြီး ကလေးကို နောက်သူများ ပစ္စည်း မယူခဲ့နဲ့၊ ပစ္စည်းကလေး နည်းနည်းဖြစ်ဖြစ်၊ သေးသေးဖြစ်ဖြစ်ယူလိုက်တာနဲ့ တစ်သက်လုံး ဒုက္ခရောက်သွားတာကို အမေ ပြောပြမယ်လို့ဆိုကာ သူ့မွေးခါနီးမှာ ဖြစ်တဲ့ဖြစ်ရပ်တွေကို ပြောပြတော့တာပါပဲ။ ထောင်ကလွတ်လာတဲ့ သူခိုးကြီးလည်း အဲသည်မြင်ကွင်းကိုကြည့်ပြီး သူ့မိန်းမက ကလေးကို ဆုံးမနေတာကို နားထောင်ပြီး ထွက်သွားပါတော့တယ်။

မှုခင်းတားဆီးရေးနဲ့ပတ်သက်ပြီး ရေးတဲ့ဆောင်းပါးကလည်း ရုပ်ရှင်တစ်ပုဒ်လုံး ပြန်ပြောတာပါပဲလားလို့ ပြောချင်တယ်ဆိုရင် ဟုတ်ပါတယ်။ ဘဝဆိုတာကလည်း ရုပ်ရှင်လိုပြဇာတ်လိုပါပဲ။ ဖန်တီးပြီးပြောတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ တကယ့်အဖြစ်အပျက်တွေထဲမှာ သားသမီးကို ငယ်စဉ်ခါက မဆုံးမသော် မိဘတလည် ရန်သူမည်၏လို့ဆိုတဲ့စကားက မှန်လှပါတယ်။ အဲသည်လို ဓာတ်လမ်းကိုရော မိဘကိုယ်တိုင်က နိုးနည်း ဝှက်နည်းများကို သင်ပေးလို့ တစ်စတစ်စကြီးလာတဲ့ သားသမီးများ ဘဝပျက်ရတဲ့ဓာတ်လမ်းကိုရော ပတ်ဝန်းကျင်မှာ ကြည့်လို့မကုန်၊ နားထောင်လို့ မဆုံးဖြစ်နေတာကို ပြန်ပြောတဲ့ ဆောင်းပါး ဖြစ်ပါတယ်။

## ဗီဇပတ်ဝန်းကျင်နှင့် ရာဇဝတ်မှုခင်းများ

အခုတလော ရာဇဝတ်မှုခင်းများအကြောင်းကို အဖတ်ရများပါတယ်။ တစ်ခုရှိတာက မီဒီယာကလည်း ပွင့်လင်းလာတဲ့အတွက် သိသင့်သိထိုက်တာတွေကို ဖတ်ခွင့်ရတာလည်း ပါပါတယ်။ သာမန်အတွေးနဲ့တွေးရင်တော့ အခုခေတ်မှာ ရာဇဝတ်မှု တယ်များသကိုးလို့ ကောက်ချက်ချကြရမှာပါပဲ။

ဒီအကြောင်းကို သုံးသပ်လို့ရနိုင်တဲ့ ဓာတ်လမ်းကလေးတစ်ပုဒ်ကို အမှတ်ရလို့ ပြန်ပြောကြည့်ချင်ပါတယ်။ ကလေးထိန်းကျောင်းကို ရောက်လာတဲ့ ကလေးများဟာ မိသားစုအမျိုးမျိုးကလာတာဖြစ်လို့ စရိုက်ဆိုး စရိုက်ကောင်း ရောနှောနေတာ သဘာဝပါပဲ။ သွေးချင်းနှောတဲ့ မိသားစုများမှာတောင်မှ အဲသည်လိုဗီဇကွဲနေတာကို တွေ့ရတတ်သေးတာကိုး။

ကြည့်မိတဲ့ ဓာတ်လမ်းမှာ ကလေးထိန်းကျောင်းကို ရောက်လာတဲ့ ကလေးတစ်ယောက်ကို မကြာခင်မှာပဲ ပြန်ပြန်ပို့ရပါတယ်။ အဲသည်ကလေးဟာ ကလေးထိန်းကျောင်းကို ရောက်လာလိုက်၊ ပြန်ပို့တာကို ခံရလိုက်နဲ့ အရွယ်က ကြီးလာပါတယ်။ နောက်ဆုံးတော့ အိမ်တစ်အိမ်ကို ရောက်လာပြီး အဲသည်အိမ်ကလည်း လက်မခံနိုင်လို့ ပြန်ပို့မယ်လည်း လုပ်ကရော၊ ကလေးထိန်းကျောင်းမှာထားဖို့လည်း အရွယ်ကလွန်နေတဲ့အပြင် သူ့မိဘဆွေမျိုးများရဲ့လိပ်စာလည်း ရှာလို့မရနိုင်လို့ အိမ်တစ်အိမ်မှာ သောင်တင်နေပါတယ်။

အစောပိုင်းကတည်းက ကလေးရဲ့ဗီဇဟာ မကောင်းရှာဘူးလို့ ပြောခဲ့သလို နောက်ဆုံး အိမ်မှာလည်း အိမ်ရှင်မနဲ့မသင့်တင့်ပါဘူး။ အိမ်ရှင်အမျိုးသားကတော့ ပြန်ပို့လို့မရတဲ့အတူတူ ကောင်းကောင်းမွန်မွန် သားလိုဂရုစိုက်ပါတယ်။ ပုံဆွဲ သင်ပေး၊ ချစ်ခင်စွာ ပြောဆိုဆက်ဆံပေးနဲ့ ကလေးကို ဖျောင်းဖျခဲ့ပါတယ်။

စရိုက်ကြမ်းတဲ့ကလေးကတော့ ရုပ်ရှင်ကြည့်ရင်း လူဆိုးကိုသဘောကျသွားပြီး လူဆိုးလုပ်သမျှကို လိုက်လုပ်နေပါတယ်။ နောက်ဆုံးတော့ သူ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် လူဆိုးကလေးဖြစ်တော့မယ့်ဆဲဆဲမှာ မွေးစားအမေနဲ့ လူဆိုးတို့ ပူးပေါင်းပြီး သူ့ကိုနှိပ်စက်တဲ့အခါကျမှ ကလေးက စဉ်းစားမိသွားပါတယ်။ အဲဒါကတော့ သူ့ကိုမေတ္တာနဲ့ ညှာညှာတာတာ ဆက်ဆံတာက မွေးစားအဖေပဲဆိုပြီး မွေးစားအဖေကို ချစ်တဲ့စိတ်နဲ့ သူလည်း လူဆိုးကိုအတုမခိုးတော့ဘဲ ကောင်းသွားတဲ့ ဇာတ်လမ်းကလေး ဖြစ်ပါတယ်။

အခုလောလောဆယ်ဖြစ်နေတဲ့ ရာဇဝတ်မှုများထဲမှာ မသိနားမလည်မှုများကြောင့် အတုခိုးမှားတာတွေလည်း များပါတယ်။ ရုပ်ရှင်များ၊ ဗီဒီယိုများကို ရိုက်ကူးတဲ့သူများလည်း ဂရုစိုက်ကြဖို့လိုအပ်ပါတယ်။ လက်တုံ့ပြန်တဲ့ကိစ္စများကို ထည့်သွင်းရိုက်ကူးခြင်း မပြုမိဖို့က အရေးကြီးပါတယ်။

ပြီးတော့ မိသားစုထဲမှာရော ပတ်ဝန်းကျင်မှာရော ကလေးသူငယ်များနဲ့ ဆက်ဆံတဲ့နေရာမှာရော မေတ္တာစေတနာနဲ့ ထိန်းသိမ်းပြုပြင်ပေးတဲ့ အလုပ်ကလေးများ ယုယဖျောင်းဖျတဲ့ စကားများကို ပြောဆိုပေးဖို့ လိုအပ်ပါတယ်။ သူတို့ အတုယူနိုင်တဲ့ လူပုဂ္ဂိုလ်များ၊ ရုပ်ရှင်ဇာတ်ကားများကိုလည်း လူကြီးများကိုယ်တိုင် ပေါင်းသင်းကြည့်ရှုပြီးမှ ကလေးများနဲ့ ရင်းနှီးစေသင့်ပါတယ်။ အထူးသဖြင့် မိသားစုဝင်များဟာ တစ်ဦးနဲ့တစ်ဦး ကြင်ကြင်နာနာ ပြောဆိုပေါင်းသင်းနိုင်ကြဖို့ လိုအပ်ပါတယ်။ တစ်ဦးက တစ်ဦးကို ကြမ်းတမ်းစွာ နှိပ်စက်ကလူပြုခြင်း သွေးထွက်သံယိုဖြစ်စေခြင်းစတဲ့ အလုပ်များကို ရှောင်ကြဉ်သင့်ပါတယ်။

မိဘကစပြီး ယုယကြင်နာစွာဆက်ဆံခြင်းကနေပြီး ဆွေမျိုးမိတ်သင်္ဂဟများထဲမှာလည်း မေတ္တာစေတနာနဲ့ အချင်းချင်း ဆက်ဆံတတ်သူများများဖို့ လိုအပ်ပါတယ်။

ဒါမှသာ မိမိသားသမီးများကို ဘယ်သူတို့မိသားစုကို ကြည့်လိုက်စမ်း၊ အချင်းချင်း ကြင်နာမှုဘယ့်လောက်ထားသလဲ၊ အစ်ကိုကြီး အစ်မကြီးများကလည်း သူတို့ထက်ငယ်တဲ့သူများကို ညှာတာလို့၊ ညီငယ် နှမငယ်များကလည်း အစ်ကိုကြီး အစ်မကြီးများက ဆုံးမတာကို ညှာတာလို့ တစ်အိမ်သားလုံး အေးအေးချမ်းချမ်းနဲ့ စိတ်ချမ်းသာစရာကောင်းလိုက်တာ၊ အဲသည်လို မိသားစုများကို အတုယူသင့်တယ်စသည်ဖြင့် မိမိတို့သားသမီးများကို သွန်သင်သင့်ပါတယ်။



ဗီဇကကောင်းရင်လည်း ဆိုးမသွားအောင်၊ လူကြီးမိဘများက သွန်သင်ရပါမယ်။ ကောင်းတဲ့စိတ်တွေ မပျက်ပြုန်းအောင် လူကြီးမိဘများက အစဉ်သဖြင့် စောင့်ရှောက်ပေးရမှာ ဖြစ်ပါတယ်။ ကလေးများကို စောင့်ရှောက်မယ့်သူဟာ မိမိတို့ စိတ်နေသဘာဝကိုလည်း မကြမ်းတမ်းအောင် သတိထားရမှာ ဖြစ်ပါတယ်။ ငါလိုချင်တာကို ရအောင် ဘယ်လိုနည်းနဲ့ပဲ ယူရသည်ဖြစ်စေ၊ ယူမှာပဲဆိုတဲ့စိတ်ကို မမွေးသင့်ပါဘူး။ အဲသည်လို ငါ့အတွက်သာကြည့်ပြီး မတရားမှုကို လုပ်တတ်တဲ့သူများဟာ သားသမီးများကို ရာဇဝတ်မှုကျူးလွန်အောင် စံနမူနာပြနေတဲ့သူများ ဖြစ်ပါတယ်။

ရာဇဝတ်မှုခင်းများဟာ မဖြစ်ခင်က တားရမယ့်ကိစ္စများ ဖြစ်ပါတယ်။ ဖြစ်ပြီးမှတော့ ခံစားသွားရတဲ့သူများကို ပေးဆပ်ဖို့ အစားထိုးပစ္စည်းများကလည်း အစားရှာလို့မရနိုင်တဲ့ပစ္စည်းများဖြစ်ပါတယ်။ သတိကြီးစွာနဲ့ ဝိုင်းဝန်းစောင့်ရှောက်ပြီး ထိန်းသိမ်းပေးရင် မကြားဝံ့မနာသာအဖြစ်တွေကို ရှောင်နိုင်ကြမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝတ်မှုခင်းများ

အခုတလော ရာဇဝတ်မှုခင်းများအကြောင်းကို အဖတ်ရများပါတယ်၊ ဖတ်တိုင်းလည်း မိမိအပါအဝင် အပြင်မှာ သွားလာနေရတဲ့သူများ၊ အင်အားနည်းပါးသူများရဲ့ လုံခြုံရေးအတွက် တွေးမိပြီး ကြောက်စိတ်ပေါ်မိပါတယ်။ အဲသည်နောက်တော့ ရာဇဝတ်မှု ကျူးလွန်သူအတွက် ပြန်လည်ပေးဆပ်ရမယ့် ဝဋ်ကြွေးများ၊ ဆင်းရဲဒုက္ခများနဲ့ပတ်သက်လို့ သနားစိတ် ပေါ်မိပါတယ်။ ဒုက္ခတွေ တသီကြီးကို ရင်ဆိုင်ရတော့မှာပါလားလို့တွေးပြီး ကိုယ်လည်း အဲသည်လို မမှားချင်ဘူး၊ သူများလည်း အဲသည်လိုအမှားနဲ့ မကြုံစေချင်ဘူးလို့တွေးရင်း မေတ္တာပို့မိပါတယ်။

မသိတဲ့သူပေမယ့် လူလူချင်းပဲလေ။ အဲသည်လို မကောင်းတဲ့အလုပ်မျိုးကို လုပ်မိတာကလည်း စိတ်ကိုမထိန်းနိုင်လို့ ဖြစ်ပါတယ်။ ပြင်းပြင်းထန်ထန် ဒေါသဖြစ်လို့ လက်တုံ့ပြန်လိုက်တဲ့အဖြစ်မျိုးကို ကျွန်မတို့တစ်တွေ သတင်းထဲမှာ ဖတ်လိုက်ရတယ်ဆိုရင် အမယ်လေး ဖြစ်မှဖြစ်ရပလေ၊ တဒင်္ဂဖြစ်ပေါ်လာတဲ့ ဒေါသစိတ်ကို တားဆီးနိုင်ခြင်းမရှိလို့ သူများအတွက်လည်းမကောင်း၊ ကိုယ့်အတွက်လည်း ဝဋ်တွေခံရပြီး မဆုံးနိုင်တဲ့သံသရာထဲမှာ ဒုက္ခရောက်ချေဦးတော့မယ်လို့ တွေးမိပါတယ်။

တကယ်တော့ တဒင်္ဂဖြစ်ပေါ်လာတဲ့ ဒေါသစိတ်လို့သာ ပြောရတာပါ။ အရှိန်နဲ့ဖြစ်ပေါ်လာတဲ့ ဒေါသဆိုတာ ပြင်းထန်စမြဲပဲကိုး။ သတ်ဖြတ်ညှဉ်းဆဲတဲ့အလုပ်ကို ဒေါသမထိန်းနိုင်လို့ လုပ်ဖြစ်တာလို့ ပြောနိုင်ပေမယ့် ဒေါသဖြစ်အောင် တွန်းပို့ခြင်းခံရတဲ့ ဖြစ်ရပ်တွေက တော်တော်အားကောင်းခဲ့မှာကိုး။ အဲသည်လိုမကောင်းတဲ့တွန်းအားတွေကိုလည်း ထည့်ပြီးစဉ်းစားသင့်ပါတယ်။

ကျွန်မတင်ပြနေတာက ရာဇဝတ်မှုခင်းများကို စစ်ဆေးအပြစ်ပေးခြင်းနဲ့ မပတ်သက်ပါဘူး။ အဲသည်အဆင့်ကိုကျွန်မ မကျွမ်းကျင်ပါဘူး။ ကျွန်မက ကျောင်းဆရာသက်တမ်း တော်တော်များတဲ့အထိ လူငယ်များနဲ့ ရင်းနှီးခဲ့ရတော့



မှုခင်းများနဲ့ ပတ်သက်ပြီး ဖတ်ရှုလေ့လာတဲ့အခါ ခံရတဲ့သူ (သေဆုံးသူ)ဟာ သူ့သေတွင်းသူတူးသလို တစ်ဖက်သားကို မခံသာအောင် အနိုင်ကျင့်ခဲ့တာကို သိလာရပါတယ်။လူတစ်ယောက်ဟာ မူလကတည်းက ဘယ်သူ့ကို အားကိုးရမှန်း မသိအောင် တွယ်ရာမဲ့သူလည်းဖြစ်နေမယ်၊ တစ်ယောက်ပြီးတစ်ယောက်က သူ့ကိုဖိနှိပ်တဲ့ စကားတွေကိုလည်း ပြောနေမယ်ဆိုရင် သူ့စိတ်ထဲမှာ ဒေါသက အလိပ်လိပ်တက်နေမှာဖြစ်ပါတယ်။ဒါပေမယ့် ဒေါသကို ချေဖျက်ရမယ့်အစား မတတ်သာလို့ မြိုသိပ်ပြီး ထားရဖန်များလာရင် ပေါက်ကွဲတဲ့အခါမှာ အရှိန်ပြင်းထန်မှာ ဖြစ်ပါတယ်။ သာမန်ရိုက်မှု ခိုးမှုမဟုတ်တော့ဘဲ သတ်ဖြတ်မှုများ ဖြစ်လာနိုင်ပါတယ်။

အဲဒါကြောင့်ပဲ မြတ်စွာဘုရားရှင်က သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ နေသင့်တယ်၊ မကောင်းတဲ့သူများနဲ့ မပေါင်းမဖော် မမှီဝဲ မဆည်းကပ်ရဘူးလို့ ဟောတော်မူတာဖြစ်ပါတယ်။ တကယ်တော့ မကောင်းတဲ့သူများက စလိုက်တဲ့ပြဿနာကို ကိုယ်က မခံမရပ်နိုင်လို့ လက်တုံ့ပြန်လိုက်တဲ့အခါ အပြစ်ဒဏ်ကို ကျူးလွန်သူက မိမိပဲဖြစ်တယ်လို့ အမြင်ရော အကြားနဲ့ပါ အစွပ်စွဲခံရပြီး အပြစ်ဒဏ်ကို ခံယူရတတ်ပါတယ်။

မြတ်စွာဘုရား လက်ထက်တော်မှာတောင်မှ ပညာသိပ်တတ်ပြီး ဉာဏ်လည်းများတဲ့ ဒိသာပါမောက္ခဆရာကြီးကို အဟုတ်မှတ်ပြီး ကိုးကွယ်ဆည်းကပ်မိတဲ့ အဟိံသကဆိုတဲ့သူငယ်ကို ဆရာကြီးက သူ့ဇနီးနဲ့ အထင်မှားမိပါတယ်။ အဲသည်လို အထင်မှားအောင်လည်း အဟိံသကလို စာမတော်တဲ့ ကျောင်းသားများက ဆရာကြီး အထင်မှားအောင် တအိအိနဲ့ တိုက်တွန်းခဲ့ကြတာ ဖြစ်ပါသတဲ့။

ဆရာကြီးက ဆူဆူပူပူလုပ်ရင် သူ့ပဲ အရှက်ကွဲမယ်ဆိုပြီး တပည့်ဖြစ်သူက စာလည်းသိပ်တော်တယ်၊ ဆက်ပြီးလည်း တော်ချင်သေးတယ်ဆိုတာ သိတော့ လက်ညှိုးပေါင်းတစ်ထောင်ပြည့်အောင် ဖြတ်ပြီး သူ့ဆီယူလာခဲ့ပါ၊ ပညာပိုပြီးတတ်လာအောင် သင်ပေးမယ်ဆိုပြီး ပြန်လွှတ်လိုက်ပါသတဲ့။ လူတွေ သေကြကြတာ အများကြီးပဲပေါ့။ အဟိံသကဟာ နောက်ဆုံးဘဝကိုရောက်နေလို့သာ မြတ်စွာဘုရားနဲ့တွေ့ပြီး ကျွတ်တန်းဝင်သွားခဲ့တာ ဖြစ်ပါတယ်။ နို့မဟုတ်ရင် အမေကိုပြန်သတ်တော့မယ့်ဆဲဆဲ ဖြစ်နေပါပြီ။ မြတ်စွာဘုရားရှင် ကြွလာတော်မူလို့သာ နောက်ဆုံးတော့ ကျွတ်တန်းဝင်သွားခဲ့တာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တော့ ကိုယ့်ကို ဘယ်လိုကယ်မမယ်၊ စောင့်ရှောက်မယ်၊ ကူညီမယ်ဆိုပြီး မဟုတ်တဲ့အလုပ်တွေကိုလုပ် နိုင်းနေပြီဆိုရင် အဲသည်ပုဂ္ဂိုလ်ဟာ ပါပပုဂ္ဂိုလ်ဖြစ်ပါတယ်။ လောကီစည်းစိမ်များကို ရအောင်ယူပေးနိုင်တဲ့သူဖြစ်ပေမယ့် မကောင်းတာကိုကိုယ်ပြုမိတယ်ဆိုရင် ယခုဘဝမှာလည်း ကိုယ်က ပဓာနပြုရာ ဖဝတ်မှုကျူးလွန်သူအဖြစ် အပြစ်ခံရမှာဖြစ်ပါတယ်။ နောက်နောင်ဘဝများမှာလည်း ကိုယ်ကပဲဝဋ်ကြွေးကို ပြန်ဆပ်ရမှာဖြစ်ပါတယ်။ လူတွေနဲ့ ပေါင်းတဲ့အခါ ဟိတ်ဟန်ကြည့်ပြီးလည်း အထင်မကြီးပါလေနဲ့။ မကောင်းမှုကိုပြုဖို့ သိကြားမင်းက နားကင်းကြီးတကားကားနဲ့ လာပြီးတိုက်တွန်းလည်း ငြင်းသာငြင်းလိုက်ပါ။ သိကြားမင်း အစစ်မဟုတ်နိုင်လို့ဖြစ်ပါတယ်။ အရေးကြီးတာက အပြစ်ကင်းအောင် နေတတ်ဖို့ပါပဲ။

## *ဘယ်နေရာရောက်ရောက် အဖွဲ့မရှိစေနဲ့၊ အမြတ်ရအောင် ယူတတ်ပါစေ*

စာရေးသူ ငယ်ငယ်ကလေးကတည်းက စာဖတ်တာဝါသနာ ကြီးပါတယ်။ ဝါသနာပါတယ်လို့မရေးဘဲ ကြီးတယ်လို့ရေးတာက ဂါဝန်ဝတ်နဲ့ ကျောင်းတက်နေရင်း ကျောင်းကအပြန်မှာ စာအုပ်ဆိုင်ကိုဝင်ပြီး ဗုဒ္ဓဟောကြားတဲ့ တရားအမျိုးမျိုးကို ရောက်ပြီလားလို့ မေးတတ်ပါတယ်။ ဆိုင်ရှင်ဦးတင်ညွှန့်က နင့်အရွယ်နဲ့ ဒီလိုစာအုပ်တွေ ဘာဖြစ်လို့ဖတ်တာလဲ၊ သွားစမ်း သွားစမ်း ငါတို့တောင် မဖတ်သေးဘူးလို့ပြောတော့ စာရေးသူဖြစ်လာမယ့် ဂါဝန်ဝတ်ထားတဲ့ ကောင်မကလေးက တခြားဆိုင်မှာ သွားမှာပြီး ဝယ်ဖတ်တာပေါ့။ ဘုရားစာကိုဖတ်တာပေမယ့် ငရဲခန်းလို အကြောင်းမျိုးကိုဖတ်ပြီး ထိတ်လန့်ကြောက်ရွံ့ရတာ အကျိုးရှိတယ်၊ မတော်တာကို မလုပ်ဖြစ်အောင် ထိန်းနိုင်တာပေါ့။

နောက်ပိုင်းကျတော့ ဆရာကြီးမြောင်းမြမောင်ကိုရေးတဲ့ ထောင်နဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေကိုပါ ဖတ်တော့တာပါပဲ။ ပြီးတော့ စိန်လုံဒိတ်ဆိုတဲ့အမည်နဲ့ ဆရာကြီးတစ်ယောက်ရေးတဲ့ ထူးခြားဆန်းပြားတဲ့အကြောင်းတွေကိုလည်း ဖတ်ဖြစ်ပါတယ်။ မိဘကိုစော်ကားပြီး တောထဲထွက်သွားကာ သားကောင်တွေသတ်စားပြီး ချက်ချင်းမြွေကြီးဖြစ်သွားတဲ့သူ တစ်ယောက်အကြောင်းကို စာရေးဆရာက လိပ်စာရော နေရပ်ရော၊ ဘယ်သူ့ဘယ်ဝါရဲ့ သားသမီးဆိုတာပါ ထည့်ရေးတာပါ။

အဲသည်လိုနဲ့ ဆရာကြီးမောင်းမြမောင်ကိုရေးတဲ့ ထောင်အကြောင်းကို ဖတ်တဲ့အခါ သိပ်ပြီးစိတ်ဝင်စားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အရေးကောင်းလေတော့ အကျဉ်းထောင်၊ အကျဉ်းသားများရဲ့ ဘဝကိုရော၊ အဲသည်အကျဉ်းသားများရဲ့ စားဝတ်နေရေးကို တာဝန်ယူရတဲ့ အရာရှိကြီးငယ်များရဲ့ ဘဝကိုရော သိရတာပေါ့။

www.burmeseclassic.com



တကယ်တော့ အကျဉ်းထောင်ကိုရောက်တယ်ဆိုတာ ကံမကောင်း အကြောင်းမလှလို့ ဖြစ်ပါတယ်။ ကံမကောင်းဘူးဆိုတာ အလိုလိုမကောင်းတာ မဟုတ်ပါဘူး။ မိမိတွေးတောတာ၊ လုပ်ဆောင်တာ တစ်နေရာရာမှာ မှား နေလို့သာ ဖြစ်ရပါမယ်။ အကြောင်းမလှဆိုတာကတော့ ကံမကောင်းတာနဲ့တွဲ ပြီး သုံးတတ်တဲ့စကား ဖြစ်ပါတယ်။ ကံမကောင်းတာက မိမိလုပ်မိတဲ့အလုပ် ဟာ တစ်နေရာရာမှာ မှားနေလို့ဆိုရင် အကြောင်းမလှဆိုတာက အဲသည်လို မှားတဲ့အကြောင်းကို ဘယ်လိုမှခွင့်လွှတ်လို့မရနိုင်အောင် အကျိုးအကြောင်း က မလှပလို့ပဲ ဖြစ်ပါတယ်။

စာရေးသူ ငယ်ငယ်ကလေးကတည်းက ရာဇဝတ်မှုကျူးလွန်တဲ့သူတွေ အကြောင်းကို ဖတ်မိခဲ့တာ အရေအတွက် မနည်းတော့ပါဘူး။ အဲသည်လို ရာဇဝတ်မှု ကျူးလွန်မိတဲ့သူများမှာလည်း သတိကိုနိုးပေးတဲ့ ကိုယ်စောင့်နတ် မရှိဘူးများ မအောက်မေ့ပါနဲ့။ ငါတော့ ဒီအလုပ်ကို ဆက်မလုပ်ဘဲ ရပ် လိုက်မှ တော်မယ်လို့ တွေးနေတာ အခါခါရှိနေပြီး ကိုင်းလေ ဒီတစ်ခါတော့ နောက်ဆုံးပါပဲလို့ ဆုံးဖြတ်ပြီး လုပ်လိုက်တာနဲ့ ကွိကနဲမိသွားတော့တာပါပဲ။ စာရေးသူက အဲသည်အဖြစ်ကိုဖတ်မိတိုင်း တကယ့်ဖြစ်ရပ်တွေပဲ၊ စိတ်မကောင်း လိုက်တာလို့ ထပ်ခါထပ်ခါ ခံစားမိပါတယ်။ အခုအချိန်အထိ ရာဇဝတ်မှုခင်း များနဲ့ ပတ်သက်တဲ့စာကို မိမိသင်ရမယ့်သင်ရိုးထဲမှာ မပါဘဲ စာကြည့် တိုက်တွေကိုသွားပြီး ရှာဖွေဖတ်ရှုဖြစ်ပါတယ်။

အဲသည်တော့ ဒီတစ်ခါနောက်ဆုံးပဲဆိုရင် တီကနဲရပ်လိုက်ပါ။ ဒီ တစ်ခါတော့ လုပ်လိုက်ဦးမယ်လေ၊ တကယ့်ကို ဒီတစ်ခါတည်းပါဆိုရင် မိသွားတတ်တဲ့အကြောင်း သူများတွေကိုလည်း မေးကြည့်ပါ၊ ဟုတ်တယ်လို့ ပြောကြပါလိမ့်မယ်။

ထောင်ဆိုတာကတော့ အမေ့အိမ်မဟုတ်ဘူးလေ။ မတစ်ရာသားများ ကို ထိန်းရတဲ့နေရာ ဖြစ်ပါတယ်။ ကောင်းတယ်လို့ မပြောသာတဲ့နေရာ ဖြစ်ပါတယ်။ အဲသည်လိုနေရာမှာတောင် ဟာသကလေးတွေရှိနေသေးတာလည်း ပြောချင်ပါတယ်။ ဆရာကြီးမြောင်းမြမောင်ကိုက ရခိုင်သားကိုး။ သူကလည်း ရခိုင်ငပိနဲ့ ရခိုင်ငရုတ်သီးစပ်စပ်ကို မီးကင်ပြီး ထောင်းကာ ထောင်သားများကို ချဉ်ပေါင်ဟင်းနဲ့ ကျွေးချင်ရှာပါသတဲ့။သူ့ဒေသမှာ သူစားလေ့ရှိပြီး ကြိုက် နဲ့တဲ့အစားကို ထောင်သားများစားဖို့ စီစဉ်ပေးတယ်ဆိုကတည်းက ဩော်



စေတနာ ထားရှာတယ်လို့ အောက်မေ့မိပါတယ်။ သူက အဲသည်ငရုတ်သီးဟာ မြန်မာနိုင်ငံမှာတော့ အစပ်ဆုံးပဲ၊ သေသေချာချာထောင်းပေးတာကိုပဲ စား ကြပါ၊ ငရုတ်သီးချည်းဘဲ တို့မြှုပ်ပြီး မစားကြပါနဲ့လို့ ကြိုပြီးပြောထားပါ သတဲ့။ ဆရာကြီးနှယ် ဆင်အိပ်ရာ ဆိတ်နှိုးဆိုသလို ဘာမှမပြောဘဲထားရင် ဘာမှဖြစ်မှာမဟုတ်ဘူး။ ညသန်းခေါင်လောက်ကျတော့ အကျဉ်းသားတစ် ယောက်ဟာ သေမတတ် အသံကွဲကြီးနဲ့ အော်ပြီးနေတော့ ထောင်မှူးကြီး ရော၊ တာဝန်ရှိသူများရော ဝိုင်းလာရတာပေါ့။ အကျဉ်းသားဟာ တစ်ကိုယ်လုံး ဇောချွေးတွေပြန်ပြီး လူးလိမ့်နေတာကိုမြင်ရတော့ တာဝန်ကျထောင်ဆရာဝန် ကြီးကို ခေါ်ရတာပေါ့။ ဆရာဝန်ကြီးလည်း လာပါတယ်။ သူဟာ နားကျပ် တစ်ချောင်းကို အကျဉ်းသားရဲ့ကိုယ်ခန္ဓာမှာ နေရာမလပ်ထောက်ပြီး ဘာရောဂါ မို့ ဒီလောက်ဖြစ်နေတာလဲလို့ လှေ့လာတဲ့ တိုင်အောင် အဖြေက မထွက်ဘူး။ ဘာစားသလဲဆိုတော့ ထောင်ကကျွေးတာကလွဲလို့ ဘာမှမစားဘူးလို့ပြောတော့ တာဝန်ရှိတဲ့ သူများမှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး၊ စိတ်ဒုက္ခရောက်ကြရတာပေါ့လေ။ နောက်တော့ ဆရာဝန်ကြီးက ဆေးတစ်လုံး ထိုးပေးပါတယ်။ အိပ်ဆေးပါတဲ့ဆေး ဖြစ်ပါလိမ့်မယ်။ လူနာက အိပ်သွား တယ်လို့ဆိုတာကိုး။ ပြီးတော့ ဆရာဝန်ကြီးက အနာသက်သာတဲ့ဆေးကိုလည်း ကျွေးခဲ့ပါသေးသတဲ့။ အဲသည်လိုနဲ့ ထောင်က တာဝန်ရှိပုဂ္ဂိုလ်များလည်း တချို့ အိပ်၊ တချို့တော့ စောင့်နဲ့ စိတ်မအေးစွာ စောင့်ကြ၊ အိပ်ရာဝင် ကြရတာပေါ့။ မနက်ကျတော့ လူနာက ကောင်းသွားပါသတဲ့။ ဘာမှမဖြစ် တော့ဘူး ဆာတာပဲလို့ဆိုတော့ အခါတိုင်းလို စားနေကျ အစားအစာများကို ကျွေးကြရတာပေါ့။

ထောင်ဆိုတာ ကျဉ်းကျဉ်းကလေးရယ်။ ပြီးတော့ စကားမပြောရရင် မနေတတ်တဲ့သူ အရေအတွက်များစွာ စုနေတဲ့နေရာလည်းဖြစ်တယ်။ အဲသည် တော့ ညက ဒုက္ခပေးတဲ့သူဟာ ရောဂါကြောင့်မဟုတ်ဘဲ ထောင်မှူးကြီး မြောင်းမြမောင်ကို အထပ်ထပ်တားထားတဲ့ကြားက ထောင်သားနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက်လောင်းကာ အလွန်စပ်လို့ သူ့ချည်းများတော့ မစားပါနဲ့လို့ သေသေချာချာ တားထားတဲ့ငရုတ်သီးကို လောင်းတဲ့အလေ့နဲ့ တစ်ယောက်ကစားပါသတဲ့။ အဲဒါကြောင့် အဲသည်လိုဗိုက်နာတာဖြစ်ပါသတဲ့။ ထောင်မှူးကြီးက အပြစ်ပေးတယ်လို့ ဖတ်ရတဲ့အထဲမှာမပါပါဘူး။ သူ့ခများ

www.burmeseclassic.com

www.burmeseclassic.com



လည်း ခြော် မသေတာဘဲ တော်သေးတယ်၊ သေများသေရင် ငါ့မှာဒုက္ခမလှမပကြီးနဲ့ တွေ့ရတော့မှာလို့ တွေးမိဟန်တူပါတယ်။ အပြစ်ပေးတယ်လို့လည်း မဖတ်ရ။ နောက်တစ်ခါ ရနိုင်ငပိထောင်း ကျွေးတယ်လို့လည်း မဖတ်ရပါဘူး။

နောက်တစ်ခု ဖတ်မိတာကတော့ အမျိုးသားထောင်နဲ့ အမျိုးသမီးထောင်ကြားမှာ ကူးသန်းလို့မရအောင် သံဆူးကြိုးများနဲ့ အလုံကာထားပါသတဲ့။ ဒါပေမယ့် ဒီကြားထဲကနေပြီး အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ဆီကို နေ့စဉ် ကူးသန်းသွားလာနေတယ်ဆိုတဲ့သတင်း ရောက်လာပါသတဲ့။ အဲသည်သတင်းမရောက်ခင် ဘယ့်လောက်ကြာကြာ ကူးသန်းနေမှန်း မသိပေမယ့် ကူးသန်းတာကတော့ အမှန်ပါပဲ။ မြေပေါ်မှာ တစ်ဖက်နဲ့တစ်ဖက် ကူးလို့မရအောင် ဘယ့်လောက်ပဲလုပ်ထားထား မြေအောက်က ရေထွက်တဲ့မြောင်းကနေပြီး ကူးတာကတော့ သိထားမှသာ စောင့်ဖမ်းလို့ရမှာ ဖြစ်ပါတယ်။ အခုတော့ အမျိုးသားနဲ့ အမျိုးသမီးတို့က ထောင်ကြီးက ထမင်းချက်တဲ့ ဗိုကြီးက ထမင်းရည် ဘယ်အချိန်မှာစွန့်သလဲ၊ ဘယ်အချိန်ဆိုရင် ထမင်းရည်ခြောက်သလဲဆိုတာကို သေသေချာချာလေ့လာထားတဲ့သူတွေကိုး။ ထမင်းရည်မစွန့်သေးခင်အချိန်မှာ အဆောင်ကူးကြပြီး ကူလီကူမာတောင်လုပ်ဖို့ အချိန်ရပါသေးသတဲ့။ ပြောသာပြောရ ကန်တော့ပါရဲ့နော်။ အဲသည်လိုစခန်းသွားနေတာကို သတင်းသဲ့သဲ့ကြားလို့ အပေါ်က လူတွေကို တန်းစီမစစ်ခင်မှာပဲ လူတစ်ယောက် လျော့နေတာကိုတွေ့ရပါသတဲ့။ အမျိုးသမီးဆောင်ကို သွားစစ်တော့ အဲသည်လိုလူပျောက်တာ ဂိုးဂိုးမဟုတ်ဘူး။ မြောင်းထဲက အကူးအသန်းလုပ်ပုံပေါ်တယ်ဆိုတာကို တာဝန်ရှိသူကပြောတာနဲ့ အမျိုးသမီးတစ်ယောက်က ငိုတော့တာပါပဲတဲ့။ သူတို့ ကူးသန်းနေကျ၊ သူ့အမှတ်အသားနဲ့သူ ပြန်တက်ရမယ့်အချိန်ဆိုရင် ပြန်တက်သွားမှသာ ထောင်သားအားလုံး စားဖို့ချက်ထားတဲ့ထမင်းရည်ကို မြောင်းထဲသွန်ချလိုက်တဲ့အချိန်နဲ့ မမိဘဲ လွတ်မှာကိုး။ ပြီးတော့ တဏှာပေမဆိုတာ အချိန်ကိုလည်းမေ့နိုင်တော့ ဗိုကြီးက အင်မတန်ပူတဲ့ထမင်းရည် သွန်ချလိုက်တာနဲ့ တစ်ခါတည်း သေရှာမှာပါပဲ။ ထွန့်ထွန့်လူး ဖြစ်သွားရှာမှာပဲ။ ဘဝအကျိုးပေးများ မကောင်းလိုက်တာနော်။

စာရေးသူဟာ ထောင်အတွေ့အကြုံများကို စာကတစ်ဆင့်သာ သိနေတာ ကြာခဲ့ပါပြီ။ နောက်တော့ အကျဉ်းဦးစီးဌာနက စာရေးသူကို



ဟောပြောပွဲ ဖိတ်ပါတယ်။ အဆင့်အမျိုးမျိုးနဲ့ တာဝန်အမျိုးမျိုး ထမ်းဆောင်ရတဲ့ သားအရွယ် အရာရှိငယ်များက စတင်ပြီး ဟောပြောရတာပါ။ သူတို့တစ်တွေ စိတ်ခေတ်နီးကြားတက်ကြွလေလေ အလုပ်လုပ်တဲ့နေရာမှာ ပိုမိုကောင်းမွန်လေလေ ဖြစ်မှာပါ။ အဲသည်တော့ လမ်းမှာကတည်းက လာကြိုတဲ့ အရာရှိကို မေးရပါတယ်။ ဒီကနေ့ ဘယ်လိုပုဂ္ဂိုလ်တွေကို ပို့ချရမလဲလို့ မေးရတာပေါ့။ ဘယ်လိုလူမျိုးတွေပါ ကြီးကြီးဆိုတဲ့တိုင် ကျွန်မဘယ်လိုစပြီးသင်ရမယ်ဆိုတာ မသိသေးပါဘူး။ အေး အဲသည်လူတွေကစိတ်ပျော်နေပုံပေါက်သလား၊ စိတ်ညစ်နေပုံပေါက်သလားလို့ စုံထောက်မယ်စုံရှားလုပ်လိုက်တော့ ဟာ စိတ်ညစ်နေပုံပေါက်တယ်။ တချို့ ကျွန်တော်တို့ဆီ မလာချင်ဘူးလေလို့ ပြောလိုက်ပါတယ်။ အဲသည်လောက်ဆိုရင် လုံလောက်ပါပြီ။

ကျွန်မ စာသင်တဲ့အခါမှာ ဘယ်လိုနေရာကိုရောက်ရင် ပျော်စရာကောင်းမှာပဲ၊ အဆင်ပြေမှာပဲ။ အခု ငါသွားရမှာကတော့ ဟန်မယ်မထင်ပါဘူးလို့ ယူဆရင် မှားမယ်။ ဘယ်နေရာပဲဖြစ်ဖြစ် ငါဟာ အစွမ်းအစနဲ့လုပ်ပဲ။ ငါတိုးတက်အောင် ပတ်ဝန်းကျင်ကို မှီနေရမှာလား။ ပတ်ဝန်းကျင်ကို ကောင်းအောင်လုပ်နိုင်တဲ့အစွမ်း ငါ့မှာရှိတယ်၊ လုပ်မကြည့်ဘဲနဲ့ အလောတကြီးမဆုံးဖြတ်နဲ့။ ငါက ပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲရင်း ငါကိုယ်တိုင်လည်းထူးခြားထင်ရှားတဲ့သူ ဖြစ်သွားရမယ်လို့ ယုံကြည်လိုက်ကြစမ်းပါ။ အောင်မြင်မှာ သေချာတယ်။ ဘာဖြစ်လို့ကြီးကြီးက အဲသည်လို ပြောနိုင်တာလဲလို့မေးရင်းဟဲ့ အဲဒီလိုမကြိုက်တဲ့နေရာကို ပြောင်းလဲပစ်ဖို့ ကိုယ့်ကိုယ်ကိုယုံကြည်စွာနဲ့ကြိုးစားရင်း တက်လာတာတဲ့သူတွေထဲမှာ ကြီးကြီးက တစ်ယောက်အဖြစ်ပါတယ်။ စစချင်းမှာဆိုရင် ဘယ်သူမှ ဘုကျ၊ ခွကျပြီး မိမိကိုယ်ကိုမိမိယုံကြည်လွန်းတဲ့ ကြီးကြီးကို ဒီအနေအထိ တိုးတက်လာမယ်လို့ မထင်ကြဘူး။ နောက်တော့လည်း ကိုယ့်နည်းကိုလိုက်ပြီး မိမိကိုယ်ကိုယုံကြည်မှုအပြည့်နဲ့ အားမလျှော့တမ်း ကြိုးစားလာရင်း ဒီအနေကို ရောက်လာတာပဲလို့ အားပါးတရပြောလိုက်တာ အားလုံးတက်ကြွပျော်ရွှင်သွားကြပါတယ်။ အတန်းလည်းဆင်းရော အပြင်ဘက်မှာ လူတစ်ယောက် ရပ်နေပါတယ်။ ဘာကိစ္စရှိလို့ပါလဲလို့မေးတော့ ကျွန်တော်က သင်တန်းသား မဟုတ်ပါဘူး။ တခြားတာဝန်နဲ့ ဒီနားကဖြတ်သွားရင်း ဆရာမကြီး ဟောပြောနေတာကို နားထောင်နေရင်း

www.burmeseclassic.com



ခြေထောက်က သင်တန်းကျောင်းနားအထိ ရောက်လာတာပါခင်ဗျာလို့ ပြောပါတယ်။ အဲသည်လိုနဲ့ အကျဉ်းဦးစီးဌာနနဲ့ ကိုယ်နဲ့က ရင်းနှီးသွားပါတယ်။

နောက်တစ်ခါတော့ အကျဉ်းထောင်ထဲအထိ ကိုယ်တိုင်ရောက်သွားတော့တာပါပဲ။ အထဲဆိုတာ စာသင်တဲ့ခန်းမကို ပြောတာမဟုတ်ဘူးနော်။ တကယ့်ကို အကျဉ်းသားများနေတဲ့ အတွင်းဘက်ကို ရောက်သွားတာဖြစ်ပါတယ်။ ကျွန်မ မလိုက်ဘူးလို့လည်း မငြင်းနိုင်ပါဘူး။ မတင်ဝင်းကို ပါအောင်ခေါ်ခဲ့ကြပေ့လို့ အမိန့်ပေးတော်မူတာက သီတဂူဆရာတော်ဘုရားကြီးဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးက အကျဉ်းသားများကို ဟင်း ထမင်းများကောင်းမွန်ပြည့်စုံစွာ ချက်ပြုတ်ကျွေးမွေးစေပြီး တရားလည်း ဟောတော်မူမှာဖြစ်ပါတယ်။ အဲသည်တော့ ကျွန်မကလည်း လိုက်ရတာပေါ့။ ထောင်တွင်းကို ဝင်တဲ့အခါမှာ အကျဉ်းထောင်ဝန်ထမ်းများ ဘယ့်လောက်တာဝန်ကြီးတယ်ဆိုတာကို သိရတော့တာပါပဲ။ ကျွန်မတို့စီးလာတဲ့ကား ဝင်တော့မယ်ဆိုမှ အဲဒီကားဦးတိုက်ပြီး ရပ်ထားတဲ့တံခါးကိုဖွင့်ပြီး အဲသည်အခန်းထဲမှာရှိနေတဲ့ကားကို တစ်ဖက်ကနေ အပြင်ထုတ်ပြီး ရပ်ထားရပါတယ်။ ကားအောက်ဘက်ကိုလည်း သေသေချာချာ စစ်ဆေးပါသေးတယ်။ ပြီးတော့မှ နောက်တစ်ခန်းကိုဖွင့်ပြီး ကားမောင်းသွင်း၊ ကားမောင်းသွင်းပြီးမှ နောက်ဘက်တံခါးကို ပိတ်ကာ ရှေ့ဘက်ကတံခါးကို ဖွင့်ရပါတယ်။ အဲသည်နောက်မှ ဆရာတော်ကြီးများနဲ့ ကျွန်မတို့တစ်တွေ ဆင်းရပါတယ်။ ဆရာတော်ကြီးများက သြော် တော်တော်တာဝန်ကြီးကြရှာတာပဲလို့ မိန့်တော်မူကြပါတယ်။

အဲသည်လိုနဲ့ ကျွန်မတို့ အကျဉ်းသားများ နေထိုင်တဲ့အခန်းများထဲကို ဝင်ခဲ့ကြရပါတယ်။

ကျွန်မစိတ်အဝင်စားဆုံး အခန်းအကြောင်းကစပြီး ပြောပါမယ်။ ကျောင်းစိမ်းလုံချည်ကို ဝတ်ထားတဲ့ လူပျိုပေါက်အရွယ်ကလေးတွေ မတ်တတ်ရပ်ပြီး ကြိုဆိုကြတဲ့အခန်း ဖြစ်ပါတယ်။ သူတို့ကို ကျောင်းစိမ်းဝတ်ခွင့်ပေးတာက သူတို့ကိုယ်သူတို့ အကျဉ်းသားလို့ မခံစားစေချင်လို့ ဖြစ်ပါတယ်လို့ အကျဉ်းဦးစီးဌာန ညွှန်ချုပ်က ပြောပါတယ်။ ကလေးတွေကို ကျွန်မက 'သားတို့ ဘယ်နေရာရောက်ရောက် အရှုံးမရှိစေနဲ့၊ သတိနဲ့ ကောင်းတာကို ရအောင်ယူပါ'လို့ ပြောခဲ့ပါတယ်။ ကလေးတွေကိုလည်း တကယ့်ကို သနားကရုဏာဖြစ်မိပါတယ်။ မိဘများအနေနဲ့ ကောင်းစွာမသွန်သင်နိုင်လောက်



အောင် စားရေး နေရေး ခက်ခဲတော့ ကလေးများဟာ လွတ်ချင်တိုင်းလွတ်ပြီး ဖြားယောင်းတာကို ခံခဲ့ရလို့များ ဒီအနေအထိ ရောက်တာလားလို့လည်း တွေးမိပါတယ်။ ကလေးတွေကိုတော့ အခုနေတဲ့အချိန်ကာလမှာ အမှားတစ်ခုမှ မရှိအောင် နေပါ။ သင်ယူရမယ့်စာကို ရအောင်သင်ယူပါ။ တခြားဘာမှ မတွေးပါနဲ့။ ပြီးတော့ ချက်ချင်းလိုလို အသက်မွေးဝမ်းကျောင်းမှုကို တတ်မြောက်အောင် သင်ကြားပေးနိုင်တဲ့ လက်မှု စက်မှုလုပ်ငန်းလည်း ထားပေးထားတယ်ဆိုတော့ အဲသည်သင်တန်းများကိုလည်း သေသေချာချာသင်ယူပါ။ ကလေးတို့ စိတ်လည်းမငယ်ပါနဲ့၊ သိပ်ပြီး အောင်မြင်ကျော်ကြားတဲ့သူတွေလည်း တစ်ခါတလေ ခြေချော်ကျတဲ့အဖြစ်မျိုးနဲ့ တူတဲ့အဖြစ်နဲ့ ကြုံရတာပဲ။ ဒါပေမယ့် စိတ်ကိုတင်းပြီး ငါတို့မှားခဲ့တာကို စိတ်ညစ်ပြီး အချိန်ကို မဖြုန်းနိုင်ဘူး၊ အခုသင်တန်းကို ကောင်းကောင်းတက်ပြီး ကောင်းစေချင်လို့ ဆုံးမတာကို လိမ္မာစွာလိုက်နာရင် ငါတို့အမှားကို ငါတို့ ပြန်ပြီးပြုပြင်နေတာပဲ။ တစ်ဖြည်းဖြည်းနဲ့ ငါတို့အပြစ်တွေ ကျေသွားမှာပဲလို့သာ တွေးပေတော့လို့ ပြောရပါတယ်။ အကျဉ်းကျခံနေရတယ် ဆိုတဲ့စိတ်ကို မမွေးဘဲ သင်ယူမှုတစ်ခု၊ သင်တန်းတစ်ခု တက်နေတယ်လို့သာ တွေးပါ။ တချို့လူတွေက ဟုတ်မှမဟုတ်တာ၊ အကျဉ်းကျတာ ကျတာပဲပေါ့။ မျက်စိလှည့်စားနေတာလို့ ပြောတာမျိုးကိုကြားရင်လည်း မယုံခင်မှာ စဉ်းစားပါ။ ဘယ်လိုစကားမျိုးပဲကြားကြား သေသေချာချာစဉ်းစားပြီးမှ ယုံပါ။ ဟုတ်တယ်၊ အကျဉ်းထောင်မှာ ရောက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမှားတစ်ခု လုပ်ခဲ့မိလို့ ဖြစ်တယ်။ အဲသည်အမှားအတွက် ပြန်လည်ပေးဆပ်တဲ့သဘောနဲ့ နောင်ကိုကောင်းတဲ့အလုပ်များများလုပ်ပြီး မိမိနဲ့မိသားစုများလည်း အေးချမ်းတည်ငြိမ်စွာ၊ သိက္ခာရှိစွာ နေနိုင်အောင်၊ ဒီအကျဉ်းထောင်က သင်ကြားပေးတဲ့ ပညာများကို သေသေချာချာ မှတ်သားသင်ယူသွားပါ။ အဲသည်လို သင်ယူရရှိတဲ့ အတတ်ပညာများဟာ ကလေးတို့အတွက် အကျဉ်းထောင်မှာ မိမိရဲ့ဘဝအစိတ်အပိုင်းများကို ဖြုန်းပစ်ရာမကျစေရအောင် သင်ယူခဲ့တဲ့ပညာတွေဖြစ်တယ်။ တတ်အောင်သင်ယူသွားပါ။ ကောင်းတာကို များများလုပ်နိုင်တဲ့သူဟာ အမြတ်များများကိုရအောင် ယူသွားနိုင်ကြတဲ့သူများ ဖြစ်ပါတယ်။ စိတ်လည်းငယ်စရာမလိုပါဘူး။ အမှားအတွက် အမှန်လမ်းကိုရွေးပြီး ခြေလှမ်းမှန်မှန် ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်မယ်ဆိုရင် တစ်နေ့တခြား

www.burmeseclassic.com



တက်သွားမှာ ဖြစ်ပါတယ်။ ပထမဆုံးတက်မှာက အသိပညာ၊ နောက်တက်လာမှာက စိတ်တည်ကြည်ရဲရင့်မှု၊ နောက်တော့ အမှားနဲ့အမှန်ကို မှန်မှန်ကန်ကန်ကြီး ခွဲခြားနိုင်တဲ့အစွမ်းအစတို့ ဖြစ်ကြပါတယ်။ ကြီးကြီး အပြင်မှာလည်း ခဏခဏပြောတတ်တဲ့ စကားရှိတယ်။ အခုလည်း ပြောပြလိုက်ပါမယ်။ "လဲကျတာဟာ ရှက်စရာမဟုတ်ဘူး။ ပြန်မထနိုင်မှသာ ရှက်စရာတဲ့" သားတို့လည်း ပြန်ပြီးထနိုင်သူ၊ ကိုယ့်ခြေလှမ်းကို လမ်းဖြောင့်ဖြောင့်ပေါ်မှာ သေသေချာချာရွေးပြီး မှန်မှန်လျှောက်နိုင်သူများဖြစ်စေချင်ပါတယ်။ ကြီးကြီးလည်း ဆုတောင်းနေမိပါတယ်။ တကယ်တမ်း အရေးကြီးတာကတော့ သားတို့ကိုယ်တိုင် စိတ်ခိုင်ခိုင်နဲ့ မယိုင်မလဲအောင် ကြိုးစားလျှောက်လှမ်းကြဖို့ ဖြစ်ပါတယ်။

## *မလိမ်နဲ့ မညာနဲ့ မအနဲ့ လက်ကောက်ဝတ်ရလိမ့်မယ်*

စာရေးသူဟာ လောကအကြောင်းကို စာအုပ်ထဲကတစ်ဆင့်သာ သိခွင့်ကြည့်ခွင့်ရခဲ့သူ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာဖတ်ဝါသနာကြီးပြီး လူတွေနဲ့ ရောရောနှောနှော နေမိတိုင်းလည်း အဆင်ပြေအောင်မပေါင်းဖို့ အခက်အခဲများနဲ့ ကြုံခဲ့ရလို့ ဖြစ်ပါတယ်။

ပထမအချက်က မကွေးကောလိပ်မှာကတည်းက ကြုံခဲ့တာပါ။ စာဖတ်များတဲ့သူကို စာမရလို့ အကူအညီတောင်းတဲ့သူ များပါတယ်။ စာရေးသူကလည်း တစ်ခါဖတ်ရာက နှစ်ခါဖတ်သလိုဖြစ်အောင် ပြန်ပြောရတာပဲ၊ ခက်တာမှတ်လို့ ကိုယ်တောင် စာပိုတတ်သေးတယ်ဆိုပြီး စာပြန်ဖတ်ကာ ရှင်းပြပါတယ်။ နောက်တော့ စာကလေးနည်းနည်းပါးပါးတတ်တာနဲ့ လူတောသူတောတောင် တိုးအောင်မနေတတ်တဲ့သူပဲဆိုတဲ့ စကားနဲ့ အတင်းပြောတာခံရပါတယ်။ မကွေးကောလိပ်ဆိုတာက ကျဉ်းကျဉ်းကလေးပဲ။ ပြန့်ကြားတာပေါ့။ အဲသည်လိုမကောင်းတဲ့သူများက အတန်းချင်းတူပေမယ့် အသက်ငယ်တဲ့ ကျွန်မအပါအဝင် ကျောင်းသူများကို အနိုင်ကျင့်ပါတယ်။ စာရေးသူတို့အိမ်ကပို့လိုက်တဲ့ စားစရာများကို သူကြိုက်သလို ချက်တယ်၊ ကျွန်မက အိမ်မှာတော့ ကျွန်မက ဘယ်လိုစားတတ်တယ်လို့ပြောတော့ ညည်းက စားဖူးလို့လားလို့ မေးတာခံရပါတယ်။ တကယ်တော့ စားစရာက ကျွန်မတို့အိမ်က ပို့လိုက်တာပါ။ အဲသည်လိုအနိုင်ကျင့်တာကို ခံရဖန်များတော့ ကျောင်းသူအချင်းချင်း ရင်းနှီးခင်မင်ခွင့်ဆိုတာကို စာရေးသူ အရမယူချင်တော့ စာအုပ်နဲ့ မျက်နှာအပ်ချိန် များလာပါတယ်။ အဲသည်တော့ လူတွေအကြောင်း သိပ်မသိတော့ဘူးပေါ့။ စာတော့ ပိုတတ်လာတာပေါ့လေ။

စာတတ်တယ်ဆိုပေမယ့် ခေတ်က လျှင်မြန်စွာပြောင်းနေသလို လူတွေရဲ့စရိုက်ကလည်း ပြောင်းနေခဲ့ပါတယ်။ အထူးသဖြင့် မုသာဝါဒကို ရှောင်ရမယ့်အစား ခါးဝတ်ဆောင်းဘီလို ဝတ်လာပါတယ်။ ခေတ်ပြောင်းတော့ ပုဆိုးထက် ဘောင်းဘီက ပိုတွင်ကျယ်နေပါတယ်။ လူကမညီးမညီး၊

www.burmeseclassic.com

www.burmeseclassic.com



ချက်ထဲမှာ ဘာရှိသလဲဆိုတာ သေသေချာချာခြစ်ထုတ်ကြည့်ရင် ရွှံ့ခြောက်ပဲ ရှိမှာပါ။ ရိုးရိုးသားသားပြောတတ်တဲ့သူဆိုရင် ကျွန်တော်တို့က တောသားခင်ဗျ။ အစုမှ လယ်ကလေး ကိုင်းကလေးကောင်းလာလို့ တစ်နည်းဆိုရင် မိဘများက ကောင်းကောင်းသိမ်းဆည်းပြီး ပိုလာတဲ့ငွေကလေးနဲ့ စာသင်ပေးတာကို ကြိုးကြိုးကုတ်ကုတ်နဲ့ ကြိုးစားခဲ့ပေလို့ အခုလိုနေရတာပေါ့ဗျာလို့ ပြောလိုက်ရင် စာတတ်ပေတတ် တောသားကလေး၊ ရိုးကလည်းရိုးပါဘိ၊ သူတောသား ဆိုတာကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောဖော်ရတာ တော်ပါပေတယ်လို့ ချီးကျူးကြတဲ့သူလည်း ရှိမှာပါပဲ။ ကိုယ့်ဘာသာကိုယ် ဘယ်အမျိုးဘယ်အနွယ် ကလာတယ်ဆိုတာကို ပြောရင်း လက်ကောက်ဝတ်သွားရတဲ့သူတစ်ယောက် အကြောင်းကတော့ ပိုပြီးစိတ်ဝင်စားဖွယ်ကောင်းလို့ ပြောပါရစေ။

ရွာတစ်ရွာက ချမ်းသာတဲ့သူတစ်ယောက်ဟာ ရုပ်ကလည်း ချောပါတယ်။ တက္ကသိုလ်တွေကိုလည်း တက်နိုင်ခဲ့ပါတယ်။ ဘွဲ့ရတာ မရတာတော့ မသိပါဘူး။ သေရည် သေရက်၊ ဖဲ၊ လောင်းကစား၊ မိန်းမဆိုတဲ့ကိစ္စများနဲ့တော့ တော်တော်နာမည်ပျက်ပါတယ်။ သူတို့အိမ်မှာ ငယ်မွေးခြံပေါက်အဖြစ်နေခဲ့ တဲ့လူငယ်တစ်ယောက်က မကောင်းမှုမှာမွေ့လျော်တတ်တဲ့သူရဲ့အကြောင်း ကို ကောင်းကောင်း မသိပါဘူး။ သူသိတာကတော့ ချမ်းသာတဲ့အိမ်မှာ ငွေရေးကြေးရေးကအစ သူက ကိုင်ပြီးသုံးရတယ်ဆိုတာကို ဂုဏ်ယူနေတာပါ။ တကယ်တော့ အခုနပြောတဲ့ မကောင်းမှုမှာမွေ့လျော်တတ်တဲ့သူကို မိဘများကတောင် စိတ်မချရလို့ ရိုးအတဲ့သူငယ်ကို နည်းနည်းချင်းခွဲပေးပြီး လိုအပ်တဲ့ပစ္စည်းကို အဝယ်ခိုင်းနေတာဖြစ်ပါတယ်။ သူကတော့ သူ့ကို တူအရင်း သားအရင်းလို မှတ်ယူတယ်ဆိုပြီး ပိုပြီးသစ္စာရှိရှိ ကြိုးစားပြီး လုပ်ကိုင်ပေးပါတယ်။ ရိုးတာတော့ ကောင်းတာပေါ့လေ။ ရိုးတဲ့စကားနောက် မှာ အ,တာပါလာရင်တော့ မကောင်းနိုင်တော့ပါဘူး။

အဲသည်ကလေးကို နောက်ပိုင်းမှာ နယ်က အိမ်မှာ မထားတော့ဘဲ မြို့အိမ်ကိုလွှတ်တော့တာပါပဲ။ အဲဒီမှာ သူတို့သားက ဖဲရော၊ ဆေးရော ကိစ္စမျိုးစုံနဲ့ ရောပြွမ်းလာနေတော့ မိဘများက ကြာခိုတဲ့သားကို မြို့ပို့ထားပြီး နယ်မှာချွေးမနဲ့မြေးကလေးကို ခေါ်ထားရပါတယ်။ အဲသည်တော့ အစ်ကို ကြီးလို့ တဖွဖွခေါ်ရင်း အင်မတန်ချမ်းသာတဲ့သူနဲ့ ညီအစ်ကို တော်စပ်ရတာကို



မသိမ်းနိုင် မဆည်းနိုင် ဝမ်းအသာကြီးသာနေတဲ့သူဖြစ်တဲ့အတွက် တာဝန်ရှိ တဲ့သူများက သူ့နောက်ကို လိုက်ခဲ့ပါတော့တယ်။ တိုက်ရိုက်တော့လည်း မစစ်ဆေးပါဘူး။ သူနဲ့ စားစားသောက်သောက်၊ သွားသွားလာလာနေရင်း တစ်ခွန်းစနှစ်ခွန်းစ မေးတာပါပဲ။ သူ့အစ်ကိုကြီးကတော့ သူရဲ့စံနမူနာဖြစ်တဲ့ အတွက် အစ်ကိုကြီးအကြောင်းပြောရရင် သောက်တတ်ကာ အစ်ကိုကြီး ပေးတဲ့ နိုင်ငံခြားကလာတဲ့ ဆေးလိပ်သောက်ရတာထက် မြိန်နေတော့ တစ်ခွန်းမေးရင် ဆယ်ခွန်းပြောတတ်လာပါတယ်။ တိုက်ရိုက်လည်း ဘာမှ မမေးတော့ သူကလည်း မထိတ်မလန့်ဘဲ သိသမျှပြောတာပေါ့လေ။ အဲသည် တော့ မိန်းမနဲ့ကလေးကို နယ်မှာထားခဲ့တဲ့အစ်ကိုကြီး အဖော်ရဖို့ အဘိုးနဲ့ အဘွားက သူ့ကိုထည့်လွှတ်လိုက်တဲ့အကြောင်း၊ သိပ်ပြီးပိုက်ဆံချမ်းသာတဲ့ အစ်ကိုကြီးတို့အိမ်ပြောင်းတော့ နည်းနည်းနောနော ပစ္စည်းတွေမှမဟုတ်တာ။ ကျွန်တော်မပါရင် ဘယ်ပြောင်းလို့ရမလဲ။ ကျွန်တော်ပါကူပြီးသယ်ရတာပေါ့လို့ ပြောတဲ့အခါ 'ဘာတွေများလဲဗျာ'လို့ မေးတော့ 'အဲဒါတော့ မသိဘူးဗျ'လို့ ဖြေပါတယ်။ တကယ်မသိတာပါ။

www.burmeseclassic.com

www.burmeseclassic.com

## နောက်မှရတဲ့နောင်တ သုံးမရ

ကျွန်မတို့ဘဝတွင် ကိုယ်တိုင်သော်လည်းကောင်း သူတစ်ပါးတို့ ပြောဆိုညည်းညူနေသည်ကို ကြား၍လည်းကောင်း လူတစ်ယောက်ယောက်သည် လုပ်သင့်သည့်အလုပ်ကို မလုပ်မိဘဲ အချိန်အခါလွန်မှာ မှားလေခြင်းနော်၊ နောက်ကျမှ သတိရတယ်၊ နောက်ကျမှ လုပ်သင့်တာကို မလုပ်မိတာ သိနားလည်လာရတယ်၊ စိတ်ဆင်းရဲလိုက်တာနော်၊ ငါ့နှယ် ဘာလုပ်ရပ့ါစသည်ဖြင့် ပြောဆိုနေကြခြင်းကို နောင်တရနေခြင်းဟု ခေါ်ဆိုသည့်အကြောင်း တစ်စတစ်စရင့်ကျက်လာသည့်အချိန်ကျမှ သိတတ်ကြပါသည်။

နောင်တဆိုသည်မှာ အချိန်အခါအလိုက် လုပ်သင့်သည်ကိုလုပ်ခြင်း၊ မလုပ်သင့်သည့်အလုပ်တို့ကို ရှောင်ကြဉ်ခြင်းဟူသော အသိတရားနှင့် ထိန်းသိမ်းလုပ်ဆောင်ရမည်တို့ကို လုပ်ဆောင်တတ်သူတို့တွင် နောင်တကို ခံစားရခြင်း နည်းပါးပါသည်။ အသိနှင့်သတိကို အမြဲတစေ ထိန်းသိမ်းကာ နေတတ်သောသူများသည် မည်သည့်အလုပ်ကိုမဆို လုပ်ဆောင်သင့်သည့်အချိန်တွင် လုပ်ဆောင်တတ်သဖြင့် မလုပ်ခဲ့ရလေခြင်းဟု နောင်တရကာ ညည်းညူနေစရာအကြောင်း မရှိပါ။

လူတိုင်းလူတိုင်း၏ဘဝတွင် မိဘဆရာသမားများ သွန်သင်ဆုံးမသည်တို့ကို လိုက်နာရန် လိုအပ်ပါသည်။ ထိုသို့သွန်သင်ဆုံးမသည်ကို လိုက်နာခြင်းမပြုဘဲ အမှားများကိုကျူးလွန်ပြီးကာမှ မှားမိလေခြင်းနော်၊ မိဘဆရာသမားများကိုလည်း ထိုက်ထိုက်တန်တန် မပြုစုလိုက်ရဘူး။ ကျေးဇူးမဆပ်လိုက်ရဘူးဟု နောင်တတရားနှင့်ပူလောင်ရသူ စိတ်ဆင်းရဲရသူများကို မကြာခဏတွေ့ဖူးကြပါလိမ့်မည်။ ထိုသို့ နောက်မှသိရသော ငါမှားခဲ့ပြီ၊ ငါအမှားတွေလုပ်ခဲ့ပြီ သို့မဟုတ် ငါဟာ ဖြောင့်မှန်စင်ကြယ်တဲ့အမှုကိစ္စများကို လုပ်သင့်တယ်ဆိုတဲ့ အသိဉာဏ်လည်းရှိပါလျက်နဲ့ မှားခဲ့ပြီလို့ မည်မျှပင်နောင်တရနေသည်ဖြစ်စေ မှားခဲ့သောအမှားအတွက် ပြင်ဆင်၍ မရနိုင်တော့ပါ။ နောက်တစ်ခါ မမှားအောင်တော့ သတိထားပြီး ဆင်ခြင်နိုင်ကောင်း ဆင်ခြင်နိုင်ပါ



လိမ့်မည်။ သို့သော် မိမိ၏ချွတ်ယွင်းမှုကြောင့် ကုသိုလ်ကောင်းမှု မပြုလိုက်ရခြင်း၊ ရတနာသုံးပါးနှင့်တကွ မိဘဆရာသမားများကို ရှိသေစွာ ဆည်းကပ်လုပ်ကျွေးမှု မပြုလိုက်ရခြင်းစသည့် ဟာကွက်များကိုတော့ ဖြည့်၍မရနိုင်ပါ။ ထို့ကြောင့် နောက်မှရတဲ့နောင်တ သုံးမရဟု ခေါင်းစဉ်တင်ထားခြင်း ဖြစ်သည်။

နောင်တဆိုတာ လုပ်သင့်တဲ့အလုပ်ကို မလုပ်ဖြစ်ခဲ့လို့ ပူလောင်ပင်ပန်းရတဲ့စိတ်ကို ခေါ်တဲ့စကားဖြစ်ပါတယ်။ သတိတရား ရတာနဲ့လည်း မလုပ်ခဲ့ရသေးတဲ့ မလုပ်ခဲ့မိတဲ့ ကောင်းမှုများကို လုပ်မှာပါပဲ။ ဘာဖြစ်လို့ နောင်မှရတဲ့နောင်တ သုံးမရလို့ ပြောတာလဲလို့ မေးချင်သူများလည်း ရှိမှာဖြစ်ပါတယ်။ မိဘများကို ပြုစုတာ၊ ကျေးဇူးရှင်များကို ကျေးဇူးဆပ်တာဆိုတဲ့ ကောင်းမှုများဟာ သူ့အချိန် သူ့အခါနဲ့လုပ်မှ အကျိုးရှိတာ များပါတယ်။ မိဘကို စားနိုင်သောက်နိုင်တုန်းမှာ စားဖို့သင့်တဲ့ အစားအစာများကို တယုတယ ကျွေးကြဖို့ လိုပါတယ်။ ဆေးဝါးကုသဖို့လိုတယ်ဆိုရင် နေ့ရွှေ့ညရွှေ့ရွှေ့ မနေသင့်ပါဘူး။ အချိန်ရှိတုန်း သိတတ်နားလည်တဲ့ သမားတော်များနဲ့ ပြသပြီးဆေးကုသပေးဖို့ လိုအပ်ပါတယ်။ တချို့ကတော့ လက်ထဲမှာ လိုအပ်တဲ့ငွေမရှိရှာလို့ ပြေးပြေးလွှားလွှား ဆေးဖိုးရှာရတာ၊ ဆေးဖိုးရှာရင်း အချိန်မမီလို့ မိဘဖြစ်စေ ကျေးဇူးရှင်ဖြစ်စေကို ဆေးကုသမပေးနိုင်ဘဲ လက်လွှတ်လိုက်ရတာတွေ ရှိပါတယ်။ အဲသည်လိုလူမျိုးအတွက်ကတော့ စိတ်ဆင်းရဲရုံ ဝမ်းနည်းရုံပါပဲ။ နောင်တရတဲ့သူဆိုတာကတော့ ငွေကြေးမတတ်နိုင်တာလည်း မဟုတ်ဘဲ မိဘကို ဂရုမစိုက်မိလို့ အချိန်တွေသာ ကုန်သွားပြီး မိဘသာ ဆုံးပါးသွားရော ထိုက်တန်တဲ့ပြုစုမှုကို လုပ်ဆောင်မပေးလိုက်နိုင်တာကတော့ ဖြေဆည်စရာ နည်းလမ်းမရှိပါဘူး။ လက်ထဲမှာ ကျန်ရစ်တဲ့ ငွေစ၊ ကြေးစတွေက မိစား ဖစားကို ပြန်ပေးနိုင်တာမှ မဟုတ်တာပဲ။ အမေ အဖေ မရှိတော့ဘူး၊ ကျေးဇူးတုံ့တွေ လာပြောမနေနဲ့လို့ ပြောချင်တဲ့သူများလည်း ကိုယ်တိုင်အိမ်မစွမ်းရှိလာတဲ့အချိန်မှာ တစ်ယောက်ပြီးတစ်ယောက် ရှောင်ဖည်သွားတာခံစားရလိမ့်မယ်၊ သတိသာထားပေတော့။

နောက်တစ်ခု တင်ပြချင်တာက ကျေးဇူးတုံ့ကို ဆပ်ရကောင်းမှန်းမသိတဲ့သူများနဲ့ ပတ်သက်ပါတယ်။ စာရေးသူဟာ အသက် ၇၀ ကျော်နေ ကျော်

www.burmeseclassic.com



လာပြီ ဖြစ်ပါတယ်။ ကျန်းမာရေး တော်တော်ကောင်းသေးတယ်လို့ ပြောနိုင်ပါတယ်။ ငွေကြေးလည်း မလိုပါဘူး။ ဒါပေမယ့် မမရေ နေမှကောင်းရဲ့လားလို့ ဆိုတဲ့စကားနဲ့ အကြောင်းအားလျော်စွာ နှုတ်ဆက်တာ၊ အမေရေ မတွေ့ရတာကြာလို့ သတိရလွမ်းဆွတ်နေပါတယ်စတဲ့ စကားကလေးများဟာ အသက်ကြီးတဲ့သူများအတွက် အားဆေးကလေးတွေ ဖြစ်ပါတယ်။ တကယ်တော့ ငွေကုန်ကျေးကျခံနိုင်မှ ပေးနိုင် ကျွေးနိုင်မှ လက်ခံရရှိတဲ့သူများက စိတ်ချမ်းသာတာ မဟုတ်ပါဘူး။ စေတနာစိတ်ကောင်းနဲ့ မေတ္တာပို့သတဲ့စကားကလေးများကို ပြောပေးရုံနဲ့တင် တစ်ဖက်သားလည်း စိတ်ချမ်းသာပြီး ကိုယ့်မှာလည်း ကုသိုလ်ရနိုင်ပါတယ်။ နောက်မှ နောင်တရစရာ မလိုတော့ဘူးပေါ့။

တချို့ကတော့ နောင်တမရဘဲ နေတတ်ကြပါတယ်။ တာဝန်တွေ ကျေပွန်ခဲ့လို့၊ ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းသိလို့ တချို့သောသူတို့ကတော့ တစ်ဖက်သားကို နိုင်ထက်စီးနင်းပြောတတ်ကြပါတယ်၊ တူသလား တန်သလားဆိုတဲ့ အပြောမျိုးကအစပေါ့လေ။ ဒါပေမယ့် လောကကြီးဟာ မထင်မှတ်ဘဲ အပြောင်းအလဲတ များပါဘိသနဲ့။ ဘယ့်လောက်မှမကြာတဲ့ ကာလအတွင်းမှာ တကတဲ ဦးစောက်ပြောင်းပြန်ဖြစ်သွားလိုက်တာ နိုင်ထက်စီးနင်း အလုပ်ခံခဲ့ရတဲ့သူရဲ့ဘက်က သဘောကောင်းပြီး လောကဓံတရားကို ကောင်းစွာနားလည်တဲ့သူဆိုရင်တော့ အပြောအဆို အဆက်အဆံမှာ ထိန်းထိန်းသိမ်းသိမ်းရှိတတ်ပါတယ်။ ဘယ်လိုပဲ တစ်ဖက်က ကောင်းကောင်းမွန်မွန် ဆက်ဆံသည်ဖြစ်စေ အမှားလုပ် အမှားပြောတတ်တဲ့ သူများဘက်ကတော့ အဆတိုးပြီး စိတ်ငယ်စရာ၊ နောင်တရစရာတွေ ဖြစ်ကုန်တတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လောကဓံအလှည့်အပြောင်းမှာ မူလကတည်းက ကိုယ်နေနေကျအတိုင်း နေ၊ သူလည်း သူနေနေကျအတိုင်း နေကြမယ်ဆိုရင် နေလို့ကောင်းနေမှာပါပဲ။ နင်ပဲငဆဆိုသလို သူတစ်ပါးကိုနှိမ့်ချပြီး တကယ်တမ်းကျတော့ ကိုယ့်က ကျရတာလို့ဆိုရင်တော့ မျက်နှာပူစရာ ဖြစ်မှာပါပဲ။ အဲသည်တော့ နောင်မှ နောင်တမရ ရလေအောင် စိတ်ကောင်းစေတနာမွေးပြီး ဝင့်တုံ့မရှိအောင် နေသင့်ကြပါတယ်မဟုတ်ပါလား။ တချို့ကတော့ စာတတ်ပေတတ် ပညာတတ်သာဖြစ်တယ်။ သူတစ်ထူးရဲ့ကျေးဇူးလည်း ဆပ်ဖို့နေနေသာသာ ကျေးဇူးရှိပါတယ်လို့ တောင်မပြောဘဲ ကြောင်တောင်နေတတ်ပါ



တယ်။ ကျေးဇူးတင်ကြောင်း မပြောရင်လည်း ကိစ္စမရှိပါဘူး။ လူ့လောကဆိုတာ ကိစ္စက အများသားကိုး။ အချိန်မရဘူးဆိုလည်း မေတ္တာပို့လို့ ရနိုင်တာပါပဲ။

စာရေးသူ တွေ့ဖူးတဲ့သူများကတော့ ငွေကြေးပေးဖို့ဆိုတာ နားမှလေသံမကြားချင်တဲ့ ဗုဒ္ဓခေတ်က တောဒေယျပုဏ္ဏားများ ဝင်စားသလားမသိပါဘူး။ ဆရာတော် သမားတော်များကို အလှူအတန်းပြုဖို့ နေနေသာသာ ရနိုင်ရင် သံဃာတော်များ၊ ကျေးဇူးရှင်များ၊ လူအိုလူမင်းများထံကတောင် ဘာပဲရရ ဘယ့်လောက်ပဲရရ ယူချင်တတ်တဲ့သူများကို တွေ့ရပါသေးတယ်။ ဩော် သူတို့မှာ ချို့တဲ့နေလို့ဖြစ်မှာပေါ့လို့ ပြောချင်တဲ့သူများလည်း ရှိမှာပါပဲ။ တကယ်တော့ မဟုတ်ပါဘူး။ တောဒေယျပုဏ္ဏားနဲ့တူနေလို့ ဘယ်လိုပစ္စည်းမျိုးကိုမှလည်း မပေးကမ်း၊ မလှူဒါန်းနိုင် ဖြစ်နေတာပါ။ တကယ်တမ်း သူ့ကိုကျေးဇူးပြုထားတဲ့ ကျေးဇူးရှင်ကြီးများကိုတောင်မှ ဆုံးပါးတော့မယ်လို့ သိနေတဲ့ကာလမှာတောင် ဂရုမစိုက်ဘဲ နေနိုင်ပါတယ်။

ငယ်ငယ်တုန်းကဆိုရင်တော့ စာရေးသူဟာ အဲသည်လို ကိုယ့်ကိုယ်ကိုတောင် မသထာလို့ သုံးစွဲသင့်သလောက် သုံးစွဲဖို့ ငွေကြေး ဥစ္စာရှိပါလျက်နဲ့ ပစ္စည်းကောင်းကို မသုံးဘဲ နေရတဲ့သူ၊ လူတောသူတောထဲကိုလည်း မတိုးဘဲ ရနိုင်သမျှကို လက်ဆုပ်မဖြေသူများကို အပြစ်တင်မိမှာ ဖြစ်ပါတယ်။ အခုတော့ အပြစ်မတင်ချင်တော့ပါဘူး။ သူ့ကိုကြည့်ပြီး ကိုယ်သာ သူ့လိုစိတ်နဲ့ သူ့လို သူတစ်ပါးပစ္စည်းကို လိုချင်နေတဲ့သူဖြစ်ရင် နောင်လာမယ့်ဘဝများစွာမှာ ဒုက္ခဆင်းရဲနဲ့ တွေ့တော့မှာပဲ။ အခုတော့ မိဘဆရာသမားများက ရတနာသုံးပါးနဲ့ ပတ်သက်တဲ့အကြောင်းကို နေ့တိုင်းလိုလို ပြောတဲ့စကားထဲမှာ ထည့်သွင်းသင်ကြားပေးတဲ့ ကျေးဇူးဂုဏ်ကြောင့် ပြန်တွေးမိရင်တောင် နောင်တတရားနဲ့ မျက်ရည်ဖြိုင်ဖြိုင်ကျလောက်တဲ့ အမှုများကို ပြုနေသလို မိမိတို့ မပြုမှုဘဲ ထိန်းသိမ်းနိုင်ပါကလား၊ မသင့်တဲ့အမှုကို ပြုရင်း မမြဲတဲ့ ပစ္စည်း ဥစ္စာများကို မတရားနည်းနဲ့ စုဆောင်းသူကို မြင်ရတာ ဝန်လေးလိုက်တာလို့ စဉ်းစားပြီး သနားတဲ့စိတ် ပေါ်မိပါတယ်။

မိမိကိုယ်တိုင်တော့ ဆိုးရွားတဲ့နောင်တမျိုးနဲ့ မတိုးခဲ့ပါဘူး။ တော်လွန်းလို့ မဟုတ်ပါဘူး။ မိဘများ၊ ဘိုးဘွားများက အမြဲတစေဆိုသလို သွန်သင်ဆုံးမခဲ့ကြလို့ နောင်တကြီးစွာရမိပါတယ်ဆိုတာကို မှတ်တမ်းမတင်နိုင်ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးများက သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့ အုပ် ဆိုတဲ့စကားလို တစ်ခါမှတ်သားမိရင် နောင်တစ်သက် မှတ်မိစေနိုင်တဲ့ စကားမျိုးကို စာကိုးများအဖြစ် နှုတ်တိုက်လည်းချပြီး သွန်သင်ခဲ့ပါတယ်။

သတိဆိုတာ ပိုတယ်လို့မရှိဘူးဆိုတာကိုလည်း ခဏခဏကြားဖူးနေရလို့ သတိကြပ်ကြပ်ထားနေတဲ့ကြားကပဲ သတိလက်လွှတ်ဖြစ်တဲ့အခါများလည်း ရှိခဲ့ဖူးပါတယ်။ အဲသည်လို သတိလက်လွှတ်တယ်ဆိုရင် စကားမှားတာတို့၊ လုပ်သင့်တဲ့အလုပ်မှာ ပိရိသေသပ်ခြင်း မရှိတာတို့ ဖြစ်တတ်ပါတယ်။

တမံအဖြစ်ဆေးရမှာက သတိဖြစ်နေလေတော့ ဘယ်လိုအလုပ်ကို ဦးစွာလုပ်သင့်တယ်၊ ဘယ်နည်းကို သုံးသင့်တယ်၊ ဘယ့်လောက်ကြိုးကုတ်အားထုတ်မှ တော်မယ်ဆိုတာကို တွက်ဆလို့ရနိုင်ပါတယ်။ ဒါတောင်မှ သတိထားတာကို တချို့လူတွေ ပြောတတ်သလို (ကျွန်မတို့လည်း ပြောမိတတ်ပါတယ်။) သတိထားနေတဲ့ကြားက လစ်မှန်းမသိ လစ်သွားတာနဲ့ မထင်မှတ်တာတွေ ဖြစ်လာတယ်ဆိုတာ ကိစ္စတိုင်းမှာဖြစ်တတ်တဲ့ သတိလစ်ခြင်းရဲ့ ဆိုးကျိုးဖြစ်ပါတယ်။ မထင်မှတ်တာတွေ ဆိုတာက လဲကျလို့ ခြေထောက်နာတာကလေးကအစ ခြေထောက်ကျိုးတာ၊ လက်ကျိုးတာ၊ ပစ္စည်းအဖိုးတန်ကို မေ့ထားခဲ့လို့ ပြန်မရတော့ဘဲ ဆုံးသွားတာစတဲ့ ခေါင်းစဉ်မျိုးစုံအောက်က ကိစ္စအဝဝပါတတ်လေတော့ သတိလစ်ဟင်းလို့ ရင်ဆိုင်ရမယ့်ကိစ္စများက ပေါ့သေးသေးမဟုတ်ပါဘူး။ အဲသည်တော့ သတိကို မပေါ့ဆဘဲ မြဲရလေအောင် ကောင်းစွာဆောင်ဖို့သင့်ပါတယ်။

ဉာဏ်မြေကတုတ်ဆိုတာကတော့ လူငယ်များ ကောင်းစွာနားလည်ဖို့ ခက်ကောင်းခက်ပါမယ်။ ရှေးကတော့ ဘေးရန်လုံအောင် မြေကတုတ်ထဲမှာ လူများဝင်ပြီး နိုနေ၊ ပုန်းနေလို့ ရပါတယ်။ ဉာဏ်မြေကတုတ်ဆိုတာ တင်စားပြီးပြောတာဖြစ်လေတော့ ဝင်ရောက်ပုန်းအောင်းနေတဲ့ သဘောနဲ့ အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုဘဲ ပညာဉာဏ်ဟာ အရာရာကိုလုံခြုံအောင် ဆောင်ရွက်ပေးနိုင်တယ်ဆိုတဲ့ ဖွင့်ဆိုချက်နဲ့ ကျယ်ပြန့်တဲ့အကျိုးကျေးဇူးနဲ့ တင်စားလို့လည်း ရနိုင်ကောင်းပါတယ်။

ပညာစွမ်း ချွန်းကဲ့သို့အုပ်ဆိုတာကတော့ အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ ပညာဉာဏ်နဲ့အုပ်မထားခဲ့ဘူးဆိုရင် လူတွေရဲ့စိတ်ဟာ မုန်ယိုတဲ့ တောဆိုင်ရိုင်းလို ပရမ်းပတာ ဖြစ်ချင်ရာ ဖြစ်သွားနိုင်ပါတယ်။



အဲသည်လို ဖြစ်ချင်သလိုဖြစ်သွားကာမှ နောင်တရမယ့်အစား အချိန်ရှိတုန်းမှာ သတိရှိရှိနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စအဝဝကို နည်းစနစ်မှန်မှန် လုပ်ဆောင်နိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

အဲသည်လိုစကားများနဲ့ ကျွန်မတို့ငယ်စဉ်ကတည်းက တတွတ်တွတ် ပြောဆိုဆုံးမခဲ့တဲ့ အဘိုး အဘွား၊ မိကြီး မိထွေး၊ အမိ အဖများရဲ့ကျေးဇူးကြောင့် သတိမေ့လျော့ ပေါ့တန်တယ်ဆိုရင်တောင်မှ ထပ်ကြိမ်သိပ်မများလှပါဘူး။ အရွယ်ရလာတာနဲ့ သိမှတ်သင့်ရာရာ အသိပညာများကို ခိုင်ခိုင်မြဲမြဲ သတိထားတတ်သွားပါတယ်။

လူ့လောကကြီးထဲကို တိုးဝင်လာတာနဲ့အမျှ မိမိတို့ကို ငယ်စဉ်ခါက ကောင်းစွာဆုံးမတတ်လွန်းတဲ့ မိခင်ဖြစ်သူကို မေမေကလည်း သမီးကလေးတစ်ယောက်ပဲရှိတာ၊ တပြောတည်းပြောပြီး အလုပ်တွေကို လုပ်ခိုင်းနေတော့တာပဲ၊ မသနားဘူးလားလို့ မိုက်မိုက်မဲမဲ နှုတ်လှန်ထိုးခဲ့မိပါသေးတယ်။ မေမေက သမီးကလေးတစ်ယောက်ပဲရှိလို့ သနားလွန်းတာကြောင့် များများ သွန်သင်နေရတာပဲ။ လူ့လောကကြီးက အကွေ့အကောက် သိပ်များတယ်။ ဘယ်လိုကွေ့မှာ ဘယ်လိုတက်နဲ့ လှော်ရမယ်ဆိုတာ ချက်ခနဲသိအောင် ငယ်ငယ်ကတည်းက သွန်သင်နိုင်ပါမှ တန်ကာကျမယ်တဲ့။ ဟုတ်လိုက်တာ မေမေရယ်။ အခုလိုသင်ထားတာတောင်မှ ခေတ်အမျိုးမျိုးလည်းပြောင်း၊ လူအမျိုးမျိုးနဲ့ အပေါင်းအသင်းလုပ်ရတော့ သိသင့်သိထိုက်တာကလေးတွေကို မေမေသာ သင်မထားရင် တုံးအောက်ကဖားလို ပြားလို့လည်းသွားနိုင်ပါတယ်။ ဘယ်လိုကွေ့မှာ ဝဲကြီးရှိတယ်ဆိုတာ မသိလို့ ဝဲစုပ်လို့ နစ်နစ်မြုပ်တဲ့ဘဝကို ရောက်သွားနိုင်ပါတယ် မေမေရယ်။

မေမေ့ကို အရင်လည်းပြောပြီး အခုလည်း ရင်ထဲနှလုံးထဲကလာတဲ့ စကားနဲ့ ဦးတင်ပြီး ပြောချင်တာက ကျေးဇူးတင်ပါတယ်မေမေ ရယ်ဆိုတဲ့စကား ဖြစ်ပါတယ်။ ဒီစကားဟာ အလှအပစကားတစ်ခုအနေနဲ့ အပေါ်ယံကြော ကနေ ပြောတဲ့စကားမဟုတ်ပါ၊ စာတစ်စောင်အဖြစ် ရေးသားတာကလည်း မေမေ့သမီးတစ်ယောက်မက သတိရှိရှိနဲ့ ပျော်ရွှင်အောင်မြင်တဲ့အမျိုးသမီးများ အဖြစ် နေသွားနိုင်ကြဖို့ စကားလက်ဆောင် ကမ်းလိုက်တာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်ပါတယ် မေမေ

ကျွန်မငယ်ငယ်က စာအုပ်တစ်အုပ်ဖတ်ဖူးပါတယ်။ တဂိုးရေးတဲ့ စာအုပ်ဖြစ်ပါတယ်။ သူတို့ငယ်ငယ်က မိဘတွေဟာ စည်းစနစ်ကြီးကြီးနဲ့ သားသမီးကို ထိန်းကျောင်းခဲ့တာကို ပြန်ရေးတာပါ။ ကဗျာဆရာကြီးလည်းဖြစ်၊ စာရေးဆရာကြီးလည်းဖြစ်တော့ သူရေးထားတာက ရိုးရိုးကလေးနဲ့ ပေါ့ပါးရွှင်မြူးစရာကောင်းပါတယ်။ အနုခေတ်များ သားသမီးတွေကို မိဘများက ဘယ်လိုဂရုစိုက်လိုက်တာ၊ ကျုပ်တို့ခေတ်ကများဆိုရင် ဘယ်မှာ ဒီလိုဟုတ်ပါ့မလဲဗျာဆိုတဲ့ စကားအသုံးအနှုန်းကလေးတွေနဲ့၊ စိတ်ဝင်စားစရာပါပဲ။ ကျွန်မတို့ငယ်ငယ်ကတော့ မိဘများစားတဲ့ အစားအစာအတိုင်း ညီတူညာတူ စားရပါတယ်။ တယုတယ ကျွေးတာတော့ရှိပါတယ်။ ထမင်းဆီးဆမ်းကို ဆီမွှေးမွှေးကလေးနဲ့ နှမ်းလှော်မွှေးမွှေးကလေးထည့်ပြီး မေမေနယ်ပေးမယ်၊ ထမင်းဆုပ်ကလေးလည်း ဆုပ်ပေးမယ်လို့ဆိုရင် အမေ့ထမင်းဗန်းနားကမခွာဘဲ စောင့်နေကြတာကလား။ မေမေက သေသေချာချာနှံ့အောင်နယ်ပြီး ထမင်းဆုပ်ကလေးတွေကို ကိုင်စားရင် ပြုတ်မကျအောင် ခပ်ကျစ်ကျစ်ဆုပ်ပေးပြီး ကိုင်း တစ်ယောက်တစ်ဆုပ် စားကြပေတော့။ အောက်ကို ပြုတ်မကျစေနဲ့နော်။ သေသေချာချာထိုင်ပြီး အောက်က ပန်းကန်ပြားကလေး ခံစား။ မဝသေးရင် တောင်းနော်ဆိုပြီး အနားမှာ ကော်ဖီခွက်ကလေးဖြစ်ဖြစ်၊ နို့ခွက်ကလေးဖြစ်ဖြစ် လာချပေးပါတယ်။ သူတို့လည်း ကျွန်မတို့စားသလိုပဲစား ကြတာပါပဲ။ တစ်ခါတလေ လူကြီးတွေစားတာကို ကလေးက မစားချင်တာတွေရှိတတ်ပါတယ်။ အဲသည်အခါမျိုးမှာ မေမေက ဘာဖြစ်လို့ ဟင်းသီးဟင်းရွက်ကို အစားခိုင်းရသလဲဆိုတာကို ပြောပြပါတယ်။ ဟင်းသီးဟင်းရွက်ဆိုတာ ကျန်းမာရေးအတွက်လိုအပ်လို့ အစားခိုင်းတာ၊ စားကြည့် ဆိမ့်ဆိမ့်ကလေးနေအောင် မေမေ ချက်ထားတာ၊ သမီးတို့ကြိုက်တတ်တဲ့ ပုစွန်ခြောက်လည်းပါတယ်ဆိုတဲ့ ချော့မော့တဲ့စကား ကလေးနဲ့ပေါ့။

ဟော အခုခေတ်ကျတော့ ဆရာကြီးတဂိုးထက်တောင် ကျွန်မတို့



အံ့သြတကြီး ဖြစ်ကြရပါပြီ။ မိဘက အမဲသားမစားပေမယ့် သားသမီးက စားချင်လို့ ချက်ကျွေးရတာမျိုးလို အလွန်အလိုလိုက်ရတာတွေ အများကြီးကြားလာရပြီ ဖြစ်ပါတယ်။ သားသမီးများရဲ့ ထမင်းပန်းကန်ကို မိဘက ဆေးပေးတာတို့ကတော့ ရိုးနေပါပြီ။ ကျွန်မတို့ခေတ်ကတော့ တစ်မျိုးပါ။ ကိုယ့်ပန်းကန်ကို ကိုယ်ဆေးရပါတယ်။ ကိုယ့်အဝတ်ကိုလည်း အမေနဲ့အတူ ကူပြီးလျှော်ပေးရင်း လျှော်ပြီးဖြစ်သွားတာပေါ့။ အမေ ပြောတဲ့စကားက ငယ်ငယ်ကလေးကတည်းက သိပ်ထင်းတယ်၊ သိပ်ရှင်းတယ်။ ဒီလိုအလုပ်မျိုးတွေကို လုပ်ခိုင်းတာ မုန်းလို့မဟုတ်ဘူး၊ ချစ်လို့ပဲ။ လူ့ဘဝဆိုတာ ဘယ်လိုလာမယ်၊ ဘယ်ပုံရင်ဆိုင်ရမယ်ဆိုတာ သိတာမဟုတ်ဘူး။ ဘဝက အကြွေ့အကောက်များလို့ ကိုယ်က သေသေချာချာ နည်းလမ်းစုံ ကျွမ်းကျင်အောင် လေ့ကျင့်မထားရင် ဆိုးရွားတဲ့ အကွေ့အကောက်နဲ့တွေ့ရင် ဘာလုပ်ရမှန်းမသိလို့ ဒုက္ခရောက်ပြီပေါ့။ အဲသည်တော့ ဘဝမှာ တွေ့ရာကမ်းကို တွေ့ရာတက်နဲ့ထိုးလှော်ပြီး ဒုက္ခကလွတ်အောင် ရှောင်တတ်ရမယ်။ အသက်ကြီးလာတဲ့အခါ ကိုယ်မထင်မှတ်တဲ့ ဘဝအကျပ်အတည်းများကို ရင်ဆိုင်ရရင်လည်း အဲသည်အကျပ်အတည်းကို ကျော်လွှားနိုင်အောင် ရှောင်တတ်ရမယ်။ ကောင်းမြတ်တဲ့ အလုပ်ဟူသမျှကို လူတကာက တသသဖြစ်အောင် လုပ်ဆောင်ပြသနိုင်ရမယ်။ တကယ်လို့ ကိုယ်ကတတ်နိုင်တဲ့သူဖြစ်လို့ သူများကို အလုပ်ခန့်နိုင်တယ်ဆိုရင်လည်း အလုပ်ကိုကောင်းကောင်းနဲ့ မှန်ကန်စွာလုပ်အောင် စီဖြာ (ခွဲခြမ်းဝေဖန်) နိုင်ရမယ်။ အဲသည်အတတ်ပညာအားလုံးကို ကြီးမှသင်လည်း ရတာပဲလို့ သမီးတို့ကို သင်မပေးဘဲထားရင် လူ့အောက် သူ့အောက်ကျတဲ့အခါ ပြန်လည်တိုးတက်လာအောင် လူမွန်လူချွန်များဖြစ်အောင် လုပ်ဆောင်ပေးဖို့ ခက်လိမ့်မယ်။ မေမေပြောတာ ဟုတ်မဟုတ် သမီးကြီးတော့ သိလိမ့်မယ်လို့ မေမေကပြောပါတယ်။ အသက် ၂၅ နှစ် နိုင်ငံခြားကို သွားရတော့ မေမေပြောတာကို ကောင်းစွာနားလည်သွားပါတယ်။ ကိုယ်ထူကိုယ်ထ အကုန်လုပ်တတ်တဲ့သူများအတွက် ဘာမှမခက်တဲ့ကိစ္စကို ခက်နေလို့ သင်တန်းဆက်မတက်နိုင်ဘဲ ပြန်သွားရတဲ့သူတစ်ယောက်ကို သိပ်ကရုဏာဖြစ်မိပါတယ်။ အိမ်မှာ ယောက်ျားယူခါနီးအထိ ကလေးလေးတစ်ယောက်လို ယုယထားတော့ နိုင်ငံခြားပညာသင်ဆိုတာ ပြေးပယ် လွှား

www.burmeseclassic.com

www.burmeseclassic.com



ဟယ်နဲ့ ထမင်းပွဲရှေ့ချပေးတဲ့ နေရာမှ မဟုတ်တာ။ စာဖတ်တော့လည်း တရစပ်ဖတ်ရတာ။ စာရေးသူတို့ကိုတော့ ငယ်ငယ်ကတည်းက မေမေက သိပ်မောင်းထားတော့ ဘယ်လိုမဆို အဆင်ပြေပါတယ်။

စားတဲ့အခါ အဝစားတယ်၊ ပြေးတယ် လွှားတယ်၊ စာကျက်တယ်။ နောက်ဆုံးတော့လည်း ပင်ပန်းကြီးစွာနဲ့ ပန်းတိုင်ကပန်းကို ဆွတ်ခူးလိုက်နိုင်တာပါပဲ။ ပန်းကို လှမ်းဆွတ်ပြီးတော့ မောသမျှ ပြေသွားတာပါပဲ။ ကျေးဇူးတင်ပါတယ် မေမေ။

## ပဒေသာပင် မကွယ်အောင် စည်းရှိကြပါ

ကမ္ဘာဦးတုန်းက ပဒေသာပင်ကနေ ခူးဆွတ်စားကြရတယ်ဆိုတဲ့ ပုံပြင်ကို ကျွန်မတို့အရွယ်ကလေးများ မကြာခဏ ကြားခဲ့ရပါတယ်။ အဲသည်အချိန်လောက်ကတော့ နိုးတာဝှက်တာ ရှိမယ်မထင်ပေါင်လို့ တွေးခဲ့မိတာ၊ မဟုတ်ပါဘူး။ ပဒေသာပင်ကွယ်ရတာကိုက လူတွေက လိုတာထက်ပိုပြီး ယူကြရာက စတာဆိုတော့ ခိုးဝှက်တာမဟုတ်ပေမယ့် မတရားယူတာ ဖြစ်နေလို့ ရာဇဝတ်မှုလို့ပဲ ပြောရမယ်ထင်ပါတယ်။

စာရေးသူတို့ ငယ်ငယ်တုန်းက ဆင်ဖြူကျွန်း အနောက်ဘက်ပိုင်းက ရွာတစ်ရွာမှာ ကျောက်သေတ္တာကြီးတစ်ခုရှိပါသတဲ့။ အဲသည်သေတ္တာကြီးထဲမှာ ကျောက်သံပတ္တမြား၊ ရွှေ ငွေလက်ဝတ်လက်စားတွေ အပြည့်ရှိပါသတဲ့။ အလှူအတန်းမှာဖြစ်ဖြစ် တခြားပွဲလမ်းသဘင်မှာဖြစ်ဖြစ် ဝတ်ချင်စားချင်တယ်ဆိုရင် ကျောက်သေတ္တာကို ခေါ်ယူပြီး ဝတ်ဆင်ပါရစေ၊ ဖွင့်ပေးပါလို့ ပြောရင် ဖွင့်လို့ရပါသတဲ့။ လိုချင်တဲ့တန်ဆာများကိုယူပြီး ဝတ်ခဲ့ရုံပါပဲတဲ့။ ကိုယ့်ပစ္စည်းမဟုတ်တာကို လူတိုင်းသိနေတာပဲ။ ဝှက်လည်းဖော်စရာမလိုသလို၊ စိတ်လည်းပူစရာမလိုပါဘူး။

အဲသည်လိုနေကြရင်းနဲ့ ကျောက်သေတ္တာကိုဖွင့်နိုင်းပြီး ယူငင်ကာဝတ်ဆင်ပြီးတဲ့နောက် ပြန်မထားကြတဲ့သူတွေ များလာတဲ့အခါမှာ ကျောက်သေတ္တာက ဖွင့်ပေးပါလို့တောင်းပန်ရင်လည်း မပွင့်တော့ပါဘူးတဲ့။ သူ့ဆီက ပစ္စည်းတွေကို မသမာတဲ့သူများက ယူငင်သွားတာ ကုန်သွားလို့ မဖွင့်တော့တာလည်း ဖြစ်နိုင်ပါတယ်။ အဲဒါထက်ပိုပြီး စိတ်မကောင်းစရာ အဖြစ်က အဲသည်နယ်ပတ်ဝန်းကျင်မှာ ကိုးရေယာဉ်ဆိုတာလည်းရှိခဲ့ပါသတဲ့။ အဲသည်အကြောင်းကို ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း ရေးခဲ့ဖူးပါတယ်။ စာရေးသူတို့ အမေလည်း ပြောခဲ့ဖူးပါတယ်။ ရေယာဉ်ဆိုတာ ရေထွက်တဲ့စမ်းပေါက်ကိုပြောတာ ဖြစ်နိုင်ပါတယ်။ ထန်းတစ်ပင်ရေယာဉ်ဆိုရင် ထန်းပင်တစ်ပင်လောက်သည်းရှိတဲ့နေရာက စမ်းပေါက်ပေါ့။ စာရေးသူ ကြားဖူးတဲ့အထဲမှာ သရဖီရေယာဉ်

www.burmeseclassic.com



ကံ့ကော်ရေယာဉ်ဆိုတာလည်း ပါပါတယ်။ ပန်းမျိုး တော်တော်စုံလင်တဲ့ စမ်းပေါက်တွေရှိနေတဲ့ သာယာတဲ့နေရာကလေးတစ်ခု ဖြစ်ပါတယ်။ အဲသည်နေရာကို ရှေးခေတ်အခေါ် ကာလသား ကာလသမီးများက စားသောက်ဖွယ်ရာတွေကို လှည်းပေါ်တင်ပြီး ပျော်ပွဲစားသွားကြရတာလည်း အတော်ပျော်စရာကောင်းပါသတဲ့။

ဒါပေမယ့် စကားအပြောအဆို ဆင်ခြင်ကြရပါသတဲ့။ အပြောင်အပျက်စကားတွေ၊ ယောက်ျားလေးနဲ့ မိန်းကလေးကို စတဲ့နောက်တဲ့စကားတွေကို ပြောရင် ကိုးရေယာဉ်က ပြန်မထွက်နိုင်အောင် မျက်စိလည်နေတတ်ပါသတဲ့။ တောင်းပန်ပါမှ လမ်းမှန်ကို ပြန်ရောက်ပါသတဲ့။ မေမေတို့ငယ်ငယ်က ကိုယ်တွေ့ကို ပြန်ပြောခဲ့တာကို မှတ်သားမိသလောက် ပြန်ပြောတာ ဖြစ်ပါတယ်။

အဲသည်အထိတော့ ပုံပြင်လိုပါပဲ။ ဒါပေမယ့် စာရေးသူတို့အမေက ကိုယ်တွေ့အဖြစ် ပြောပြတာတွေဖြစ်တဲ့အတွက် စာရေးသူကတော့ ကိုးရေယာဉ်ကို လွမ်းတနေသလို ရောက်ဖူးချင်တဲ့စိတ်တွေလည်း ဝေနေပါတယ်။ အခုတော့လည်း အဲသည်ကိုးရေယာဉ်ဆိုတာ မရှိတော့ဘူးလို့ ကြားပါတယ်။ ကိုးရေယာဉ်လို့ခေါ်ပြီး ရေများထွက်နေတဲ့နေရာမှာ သစ်ပင်တွေလည်း ရှိတယ်ဆိုပေမယ့် စိုက်ပျိုးမြေအဖြစ် အသုံးပြုနိုင်လောက်အောင် မြေခံက မကောင်းပါဘူးတဲ့။ ကျောက်စရစ်တို့ ကျောက်သားတို့အခံပေါ်မှာ တည်ရှိတော့ ဆန်စပါး စိုက်ပျိုးဖို့ မကောင်းဘူးပေါ့။ လူတွေက အဲသည်လိုစိုက်ပျိုးလို့ မကောင်းတာကိုလည်း ထည့်မတွက်တော့ဘူး။ ဦးရာလူ မြေရနိုင်တယ်လို့ ယူဆပြီး တူးကြ ဖော်ကြပါသတဲ့။ မြေကမကောင်းတော့ တူးဖော်တယ်ဆိုပေမယ့် ဆန်စပါး မထွက်၊ မြေတွေလှန်ပစ်တော့ ရေတွေကလည်း ခန်းကုန်ကြပါသတဲ့။ အဲသည်အကြောင်းကို ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း ရေးတဲ့ဆောင်းပါးတစ်စောင်မှာ ဖတ်လိုက်ရတာ ဖြစ်ပါတယ်။

အဲသည်အကြောင်းကို ဘာ့ကြောင့် မှခင်းတားဆီးရေးထဲမှာ ထည့်ရေးတာလဲလို့မေးရင် ဖြေစရာရှိပါတယ်။ လူ့လောကမှာ ရှိသမျှမြေတို့ ရေတို့ သစ်ပင်တောတောင်တို့ဆိုတာ ပိုက်ဆံရှိလို့ ဝယ်နိုင်တယ်ထားပါဦး။ ကိုယ်တစ်ယောက်တည်း လုပ်ချင်တာကို လုပ်ပစ်နိုင်အောင် ပိုင်တယ်လို့ မဆို



နိုင်ပါဘူး။ တကယ်တော့ နယ်မြေအနေအထားနဲ့ ပြောရင် နယ်မြေသားအားလုံး ပိုင်တာပါ။ မိမိစိတ်ကြိုက် လုပ်ချင်သလို လုပ်ပစ်လို့ မရနိုင်ပါဘူး။ တစ်ယောက်၊ နှစ်ယောက်၊ တစ်စုတို့ စိတ်ကြိုက်လုပ်ချင်သလို လုပ်ပစ်တယ်ဆိုရင် ဒီဆောင်းပါးအစမှာ ဖော်ပြခဲ့သလို ကျောက်သေတ္တာကြီးက ရတနာပစ္စည်းများကို အသုံးလိုလို့ ဖွင့်ဖို့သွားပြီး တောင်းပန်တဲ့အခါမှာ မဖွင့်တော့သလို ရွှေသီးပါတယ်လို့ ဂုဏ်ယူကာ ပြောဆိုနေကြတဲ့ မြေကြီးက ငြင်းဆန်တဲ့အထိ ဖြစ်သွားရင် ဘယ်လိုလုပ်ကြမလဲ။ ပေါ့ပေါ့လေး မတွေးကြပါနဲ့။ မြေကြီးပေါ်က ကိစ္စတွေက ဆက်စပ်နေတာဖြစ်တဲ့အတွက် ရာဇဝတ်မှုတစ်ခု ဖြစ်ပွားတယ်ဆိုရင် ဆက်စပ်တွေးတောပြီး သေသေချာချာ ဆင်ခြင်ကြည့်လိုက်တာနဲ့ တစ်ယောက်တည်းကို ဖမ်းဆီးချုပ်နှောင်ထားလိုက်ရုံနဲ့ ကိစ္စမပြီးပါဘူး။ အသိတရားတွေ နိုးကြားလာအောင် နှိုးပြီး မလုပ်သင့်တာနဲ့ လုပ်သင့်တာကို ခွဲခြမ်းစိတ်ဖြာနိုင်မှ အားလုံးအဆင်ပြေသွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်အတွေး ကိုယ့်အကြံ ကိုယ့်ကံနှင့်ကိုယ်သာ

ခေတ်ပြောင်းသွားတာဟာ သိပ်မြန်တာပဲ။ အစောပိုင်းကတော့ စာဖတ်ရင်း မတောက်တစ်ခေါက်ပင်ဖြစ်စေ အင်တာနက်ကိုမွှေရင်း သတင်းတွေကြည့်ရင်း ကိုယ့်ကိုယ်ကို ခေတ်နဲ့အမီနေနိုင်ခဲ့တဲ့ ခေတ်မီစွာတွေးနိုင်ခဲ့တဲ့ အဘွားတစ်ယောက်လို့ ကိုယ့်ကိုယ်ကို ထင်ခဲ့တယ်။ နိုင်ငံခြားက ခဏပြန်လာတဲ့ သူငယ်ချင်းတွေကိုလည်း သူတို့နေထိုင်ခဲ့တဲ့ နိုင်ငံများနဲ့ပတ်သက်လို့ သိချင်တဲ့ သတင်းစကားတွေကို မေးတယ်။ ငါ့ကို ပြောပြစမ်းပါဟာ၊ ငါက စာရေးတဲ့အခါ တလွဲတချော်ဖြစ်မှာလည်း စိုးတယ်၊ ခေတ်နဲ့အမီ မလိုက်နိုင်မှာလည်း စိုးတယ်။ အဲဒါကြောင့် နင်တို့ဆီက သတင်းစကားကို ကြားချင်တာပါလို့ ပြောတော့ သူငယ်ချင်းတစ်ယောက်က အောင်မယ် ခင်ဗျားလို အမျိုးသမီးကများ ပြောရသေးတယ်ဆိုပြီး တွေတွေရာရာစကားများကိုပြောပြီး တယ်လီဖုန်းကို ချသွားပါတယ်။ ကျွန်မကလည်း သတင်းတွေ နားထောင် စာတွေဖတ်ရင်းနဲ့ အသက် ၇၀ ကျော်လာတဲ့အခါမှာ အတွေးတစ်မျိုး ပြောင်းလာပါတယ်။ ငါဟာ ဘယ်နှနှစ်ဆက်နေရမလဲဆိုတာ မသိနိုင်ဘူး၊ အခုတော့ ကျန်းကျန်းမာမာပဲ၊ စိတ်လက်ကြည်ကြည်သာသာနဲ့ အတူနေသမီးကလည်း သိပ်ပြီးဂရုစိုက်တယ်၊ သိပ်ပြီးမျက်နှာလွှဲရတယ်။ သား သမီးရယ်လို့ ကိုယ်ကလည်းသတ်မှတ်ပြီး သူတို့ကလည်း သူတို့ကိုယ်သူတို့ အဲဒီလိုပဲ ယူဆထားတဲ့သူများကလည်း အမေနေမကောင်းဘူးဆိုရင် ပြေးလာကြတယ်။ တစ်ခါတလေလည်း အမေ ဘာစားချင်လဲ၊ လာမလို့ တစ်ခါတည်းဝယ်ခဲ့မယ်ဆိုတာတွေလည်း ပြောကြတယ်။ အဲဒီအချက်အလက်တွေကတော့ ကိုယ့်ကို စိတ်ချမ်းသာစေနိုင်ပါတယ်။ ဒါပေမယ့် စိတ်ညစ်တယ်လို့ မပြောနိုင်တဲ့ အသိတစ်ခုကတော့ အခုပြင်ချင်ပြင်၊ ကုသိုလ်မှုကို အခုစုချင်စု၊ မဟုတ်ရင်တော့ အပြောင်းအလဲမြန်တဲ့ ခေတ်၊ လူတိုင်းလူတိုင်း အပြေးအလွှားလှုပ်ရှားရတဲ့ ခေတ်မှာ ဘယ်လောက်ပဲ ဂရုစိုက်ချင်သည်ဖြစ်စေ အမေရေ၊ စိတ်တင်းထား၊ ဘာမှမဖြစ်နိုင်ဘူး၊ လာတာကတော့ လာခဲ့မှာ၊ မရောက်သေးခင် စိတ်မလျှော့



လိုက်ပါနဲ့လို့ ပြောကြမယ့်သားသမီးတွေ များလာနိုင်တယ်။ အဲဒီစကားကို စိတ်ဆင်းရဲစွာ ပြောနေတာမဟုတ်ပါဘူး။ အတွေ့အကြုံကလေးတစ်ခုလည်း ရှိခဲ့ပါတယ်။ ရာသီဥတုတွေက အပြောင်းအလဲ များတယ်လေ။ တစ်နေ့လုံး နေသာနေရာက ရေလျှံလောက်အောင် မိုးသည်းသည်းမဲမဲရွာတာနဲ့ ကြုံရဖူးတဲ့အခါတွေ ကြုံရဖူးတဲ့သူတွေ အများကြီးထဲမှာ ကျွန်မတို့ရော ကျွန်မတို့ရဲ့ မိတ်ဆွေတွေရော တစ်ကြိမ်မက နှစ်ကြိမ်မက ပါခဲ့ဖူးပါတယ်။ ပထမဆုံး ကြုံခါစကဆိုရင် ကြောက်ရမှန်းတောင် သိပ်မသိပါဘူး။ ဒုတိယကြုံရတဲ့ အခါမှာတော့ ကြောက်ရမှန်းမသိလို့မဖြစ်တော့ပါဘူး။ ရေတွေက ဒူးဆစ်ပေါင်လည်အထိ ရောက်လာပြီ။ ကိုယ်က ကံကောင်းတော့ ကြိုတင်ပြီး သတိပေးထားတဲ့အချက်ကို လုပ်လိုက်နိုင်ပါတယ်။ အဲဒါကတော့ တစ်အိမ်လုံးရဲ့ မီးခလုတ်ကို ပိတ်လိုက်နိုင်တာပါပဲ။

မိုးလည်းပွင့်လင်းပြီး နေခြည်လည်း လင်းလာတဲ့အချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်နိုင်လို့ ဘယ်သူ့အိမ်ကဖြင့် ဘယ်လိုပစ္စည်းတွေ မျောသွားလိုက်တာ ပြန်ဆောင်ဆည်လို့မရဘူးဆိုတာတွေလည်း ကြားရပါတယ်။ ကူမယ့်သူမရှိဘူးလားဆိုတော့ သားသမီးအရင်းအခြာတွေဆီကို တယ်လီဖုန်းဆက်နိုင်လို့ သားသမီးတွေကလည်း ချက်ချင်း ကားနဲ့လာကြတယ်ဆိုတဲ့ အကြောင်းကို မိတ်ဆွေတစ်ယောက်က ပြောပါတယ်။ အဲဒီလို လာပေမယ့် သူတို့ဆီကိုတော့ ရောက်မလာနိုင်တဲ့အတွက် သူတို့လည်း အောက်ကိုမဆင်းရဲဘူးတဲ့။ ခေတ်အလျောက် လျှပ်စစ်ကြိုးများစွာနဲ့ တစ်အိမ်လုံးကို ဆက်သွယ်ပြီး ကွန်ပျူတာသုံးတာကအစ မီးပိုအစရှိတဲ့ ခေတ်မီပစ္စည်းအမျိုးမျိုးကို သုံးဖို့ စီမံထားတဲ့ ကြိုးတွေဟာ လျှပ်စစ်ဓာတ် စီးဝင်နေနိုင်တာကြောင့် အိမ်ပေါ်က မဆင်းဘဲ နေကြရတဲ့သူတွေလည်း ရှိပါတယ်တဲ့။

အဲဒီလိုနေတဲ့ဆီကို သားသမီးများက လာတဲ့အခါမှာလည်း အဖေအမေ နေတဲ့အထပ်ကို စားစရာပစ္စည်းပို့ဖို့ တုတ်နဲ့ ခပ်လှမ်းလှမ်းကနေ ထိုးပြီးတင်ပေးရပါသတဲ့။ အပေါ်ကလူကြီးတွေက မိအောင်ဖမ်းပြီး ယူရတာပေါ့လေ။ ကျွန်မတို့ကတော့ အဲသည်ဒုက္ခမျိုး မကြုံခဲ့ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဆီကိုလာတဲ့ သားတပည့် သမီးတပည့်များက ကားမြင့်မြင့်ကို ယူလာနိုင်တယ်။ ကျွန်မတို့ကလည်း လျှပ်စစ်ကြိုးများများ သုံးမထားတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်နှစ်ချက်ပိတ်ရုံနဲ့ မာတ်မလိုက်နိုင်တော့တဲ့အခြေအနေကို ရောက်သွားတယ်။ အဲဒီလိုနဲ့ အသိုက်အဝန်းများရဲ့စေတနာကြောင့် အခုနေတဲ့အိမ်ကို ပြောင်းနိုင်ခဲ့ကြပါတယ်။

နေရာတကျဖြစ်ဖို့ဆိုတာကတော့ အချိန်တော်တော်ကြာတာပေါ့လေ။ တော်တော်အသက်ကြီးကာမှ ကြုံခဲ့ရတဲ့အမှုဖြစ်တော့ ပျက်စီးတဲ့ ဆုံးရှုံးတဲ့ အရာများနဲ့ပတ်သက်ပြီး ဖြေနည်းကတော့ ခိုင်ခိုင်မာမာ ရလိုက်ပါတယ်။ အို လူတောင်မှ သေရသေးတာ၊ ဒါတွေ တွေးမနေနဲ့၊ သိပ်အရေးကြီးတဲ့ အရာနှစ်ခုကို လက်မလွှတ်ရသေးဘူး။ အဲဒီအချက်က တွေးလေလေ ပျော်စရာကောင်းလေလေပဲ။ အခုပြောရင်တောင် အခုပျော်ပါတယ်။ ကျွန်မအတွက် သမီးကလေးကို မဆုံးရှုံးဘူး၊ သမီးကလည်း အမေဖြစ်သူကျွန်မကို မဆုံးရှုံးဘူး။ အဲဒါနဲ့တင် အဖြေသာကြီး ဖြေသာသွားပြီ။ နောက်ပြီးတော့ ခပ်ငယ်ငယ်ကတည်းက ဆရာမလုပ်ခဲ့တဲ့ ကျွန်မဟာ တပည့်များ၊ လူငယ်များကို သားတို့သမီးတို့လို့ ခေါ်လေ့ရှိပါတယ်။ အပေါ်ယံခေါ်နည်းနဲ့ ခေါ်တာ မဟုတ်ပါဘူး။ စိတ်ထဲက လှိုက်လှိုက်လှဲလှဲနဲ့ ခေါ်တာပါ။ ငယ်ငယ်ကတည်းက ကလေးတွေ ကျွေးတဲ့မုန့်ကို ကျွန်မ စားဖို့ငြင်းဆန်လေ့ရှိပါတယ်။ ငါက လခရပြီး မင်းတို့က မိဘဆီကယူပြီး စားရတယ်။ အဲဒါကြောင့် ကျွေးချင်းကျွေးရင် ငါကကျွေးရမယ်ဆိုပြီး အဲဒီလိုလည်း ကျွေးပါတယ်။ အဲဒီလိုနဲ့ တပည့်တွေ တပည့်မတွေဟာ ကျွန်မရဲ့သားတွေ သမီးတွေလို ချစ်ခင်လာကြပါတယ်။ အပြန်အလှန်စေတနာထား စောင့်ရှောက်ကြတာကတော့ အခုအထိပါပဲ။

အကျပ်အတည်း တစ်စုံတစ်ခုတွေ့ရင် ကျွန်မရဲ့သမီးတွေ သားတွေဆီကလည်း လာကြပါဦးလို့ မပြောသည့်တိုင် ဘာလိုလဲ၊ ဘာလုပ်ပေးရမလဲ ဆိုတာမျိုး ပြောရင်းနဲ့ ခုခေတ်ကြီးမှာ အလုပ်များလွန်းလို့ တယ်လီဖုန်းနဲ့ပြောရင် လုံလောက်ပါပြီ၊ မလာပါနဲ့ဆိုတာတောင်မှ မဖြစ်ဘူးလေ၊ မျက်နှာလေးတော့ လာပြဦးမှဆိုပြီး လာပြကြတဲ့သူတွေ ရှိပါတယ်။ အားငယ်တတ်တဲ့ လူထဲမှာ ကျွန်မ မပါဘူးလို့ သားသမီးများက ယုံကြည်ထားတယ်၊ ကျွန်မကိုယ်ကျွန်မလည်း ယုံကြည်တယ်။ ဒါပေမယ့် ထူးထူးခြားခြား ပြောင်းလဲလာတာကတော့ မမာမကျန်းလည်းမဖြစ်ဘဲနဲ့ တွေ့ချင်မြင်ချင် စကားပြောချင်



တဲ့စိတ်တွေ ပေါ်လာပြီး တွေ့ရင်မြင်ရင် စကားပြောလိုက်ရရင် ကိုယ်ကမဲ့ တစ်ပြန်စီး ဟဲ့ ဘယ်သူနေကောင်းလား၊ ဘယ်ဝါနေကောင်းလား၊ ငါ့မြေးလေးရော ဘယ်အရွယ်ရှိသွားပြီလဲဆိုတာမျိုးကို မေးရင်း ကျွန်မ တကယ် အားတက်ပါတယ်။

ဒေါ်တင်ဝင်းက သူ့ဘာမှမဖြစ်ဘူးဆိုတာကို လူသိအောင်ကြေညာနေတယ်လို့ မထင်ပါနဲ့။ အသက်ကြီးလာတဲ့အခါမှာ အပေါ်ယံကသာ ဘာမှမဖြစ်တာ၊ စိတ်ကလည်း ပြောင်းလာတော့ လမ်းလျှောက်တာတောင်မှ သတိထားရပါတယ်။ ငယ်သူငယ်ချင်းချင်း တွေ့လို့ရှိရင်လည်း သတိထားနော်၊ အစားမမှားစေနဲ့ဆိုတာမျိုးကို အပြန်အလှန်ပြောရင်း သတိပေးတတ်ကြပါတယ်။ ဟိုတုန်းကတော့ သူငယ်ချင်းအချင်းချင်း အင်မတန်မှတွေ့ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချိန်မပေးနိုင်ကြလို့ပါပဲ။ အခုတော့ ကျွန်မတို့ အချိန်ပေးနိုင်သလောက် ပေးကြပါတယ်။ အခုမပေးရင် နောင်ကျရင် မပေးနိုင်ဘဲ ဖြစ်သွားမှာစိုးလို့ ဘယ်ဘက်ကပဲဖြစ်ဖြစ် ဘုရားနဲ့စပ်တဲ့စကား တရားနဲ့စပ်တဲ့စကားများကို ပြောရင်း မရှည်ရှယ်ဘဲနဲ့ ငါတို့အိမ်မှာ ဟင်းကောင်းတယ်၊ ထမင်းစားသွားဟေ့လို့ဆိုရင် သူငယ်ချင်းက ဟာ နေပါစေလို့ အားနာလို့ ပြောတာနဲ့ သမီးက သမီးချက်နေတဲ့ဟင်းတွေ မကောပါရစေနဲ့၊ ဦးနဲ့ အန်တီတို့ အကြိုက်တွေပါပဲဆိုပြီး ပြောလိုက်ရင် ဟာ သမီးလက်ရာဆိုရင် စားတာပေါ့လို့ သူတို့ကလည်း ပြန်ပြောကြပါတယ်။ ပြီးရင် သမီးရေ၊ ဟောဒီမှာ ညည်းအမေကြိုက်တတ်တဲ့အသီးတွေ ဝယ်လာတယ်ဟေ့ဆိုပြီး စားပွဲပေါ်ကို အထုပ်ကြီး အထုပ်ငယ်တွေ တင်လိုက်ကြပါတယ်။

ကျွန်မအခုပြောတာက ပြည့်စုံပျော်ရွှင်နေတာတွေချည်း ပြောနေတော့ ကျွန်မတို့တစ်တွေ တောက်လျှောက်ကြီး ကြွယ်ကြွယ်ဝဝ ချမ်းချမ်းသာသာ နေနိုင်လို့ပေါ့၊ ငါတို့လို ရုန်းကန်နေရရင် ဘယ်ဒီလိုရေးမလဲလို့များ မထင်ကြပါနဲ့။ ကျွန်မတို့လည်း သိပ်ရုန်းကန်ခဲ့ရတာပါပဲ။ သူလိုငါလိုလူတွေ ရုန်းကန်နည်းမျိုးနဲ့ ရုန်းကန်တာကိုတော့ အကျယ်မချဲ့တော့ပါဘူး။ သို့သော် အရေးကြီးတဲ့ အခုနတင်ပြခဲ့သလို အရေးကြီးတဲ့ရတနာ အမေကလည်း သမီးကို မဆုံးရှုံး၊ သမီးကလည်း အမေကို မဆုံးရှုံးဘဲ ချစ်ခင်လှယ်တာ

www.burmeseclassic.com



ရွာ ဆက်လက်နေထိုင်နိုင်တာကလည်း အင်မတန်ကိုကြီးမားတဲ့ ပြည့်စုံခြင်း ပါပဲ။ တစ်ခါတလေ စိတ်ထဲက တိမ်းတိမ်းမွေ့မွေ့ရှိရင် (အညာလိုပြောသလို ပြောတာပါ) စိတ်ငယ်တဲ့နေတဲ့အခါဆိုရင် တစ်ယောက်ယောက်လာတာနဲ့ အရမ်းပျော်ပါတယ်။ အမေ နေကောင်းလားဆိုရင် အေးအစုတလော အမေ စိတ်ငယ်နေတယ်၊ လူကြီးကတော့ကွယ် မြင်တဲ့အတိုင်းပဲ ဝဖီးနေတာပဲလို့ ပြောရင်း ပြုံးတူရယ်လိုက် မောလိုက်ရင် ဆေးကောင်းတစ်ခွက် သောက် လိုက်ရသလို တစ်ကိုယ်လုံး တက်ကြွလန်းဆန်းသွားပါတယ်။ အလိုနည်းလို့ ရှိရင်တော့ ရတဲ့ပစ္စည်းဟာ ဘယ်တော့မှ မနည်းပါဘူး။ အမေ နေကောင်း လားဆိုတဲ့ စကားတစ်ခွန်းကကို အင်မတန်ကြီးမားတဲ့ လက်ဆောင်ကြီးပဲ ဖြစ်ပါတယ်။

တစ်ယောက်ယောက်က အမယ်လေး ဖတ်လာတာ အရှည်ကြီး၊ ပြီးတော့လည်း ဘာမှမဟုတ်သလိုပဲလို့ ပြောချင်ရင် ကိုယ့်အတွေး ကိုယ့် အကြံ ကိုယ့်ကံအတိုင်းပဲ ဘာမှမဟုတ်တာလေးနဲ့ ပျော်နိုင်တဲ့ စိတ်ထားမျိုးကို ထားကြည့်ကြစမ်းပါရှင်၊ သိပ်စိတ်အေးချမ်းတာပါပဲလို့ ပြောပါရစေ။

၇၊ ၉၊ ၂၀၁၀။

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)

## ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ၏ ထုတ်ဝေပြီးစာအုပ်များ

*၁။ ရာဇဝင်ထဲက မိန်းမသား (ပဉ္စမအကြိမ်)
*၂။ ထင်ရှားသော ကမ္ဘာ့သုခမိန်များ (တတိယအကြိမ်)
၃။ လက်နှိပ်စက်နှင့် မျက်နှာချင်းဆိုင်ထိုင်နေတဲ့ မိန်းမ
၄။ မြည်းတစ်ကောင်နှင့် မတင်ဝင်း
*၅။ မှတ်သားဖွယ်သော စကားများ
*၆။ သမီးကို ပြောဖြစ်သော ပုံပြင်များ (တတိယအကြိမ်)
*၇။ မေမေပြောတဲ့ ရှေးရှေးစကား
၈။ ဘိုးဘိုးအောင်၏ ဝလုံးလေးများ
*၉။ စစ်သူကြီးများ စစ်ဘုရင်များ
*၁၀။ မင်းယောကျ်ား မင်းမိန်းမများ
*၁၁။ သမိုင်းစဉ်တွင် နေရာယူခြင်း
၁၂။ လူငယ်များနှင့် စကားပြောခြင်း
*၁၃။ ပလုတ်တုတ်ပုံပြင်များ (မေမေ့ရဲ့စကားပုံပြင်များ)
*၁၄။ မင်းကျွန်စစ်ကို ချစ်တဲ့သူများ
*၁၅။ ဇာတ်နဲ့ အစဉ်အလာ (အဋ္ဌမအကြိမ်)
*၁၆။ အလုပ်ဆိုတာ အင်အားပါ
*၁၇။ အလုပ်နဲ့ ဘဝကိုတည်ဆောက်ခြင်း
၁၈။ ကြီးပွားသူ ထူးချွန်သူနှင့် အလုပ်
၁၉။ အောင်မြင်ခြင်း ပျော်ရွှင်ခြင်းနှင့်မိသားစု
၂၀။ လူတို့ဇာတ်တွင် ဝင်စားခြင်း
*၂၁။ လွတ်လပ်ပေါ့ပါးသော စိတ်ထားရှိပါစေ
*၂၂။ သားနဲ့ မိဘ
၂၃။ ငယ်ငယ်ကကြားခဲ့ဖူးတဲ့ မိန်းမများအကြောင်း
*၂၄။ ဝဋ်ဆိုတာ လည်တတ်တဲ့သဘောရှိတယ်
၂၅။ ဒါလေးကို ဖတ်ကြည့်ပါဦး
၂၆။ အတွေးပါသောဇာတ်ကြောင်းများ
၂၇။ အောင်ဟိတ်နဲ့လူ (အောင်မြင်စေသောအကြောင်းရင်းခံတရားရှိသူ)
၂၈။ ဘုံအနှမ်းမှ လူဆန်းများ
*၂၉။ အလှရတနာသိုက် ဖွင့်လိုက်စမ်းမယ် (ဒုတိယအကြိမ်)
*၃၀။ ကိုယ်ပဲလူကြီး ကိုယ်ပဲကလေး
၃၁။ လောကကို ဆရာတင်၍
*၃၂။ မပျက်စီးအောင် ဒါတွေရှောင် (ဒုတိယအကြိမ်)
၃၃။ အတွေးမိုးစက်များ

www.burmeseclassic.com

*၄၄။ ကြည်စင်ပွင့်လင်းသော စိတ်အထာဖြင့် (ဒုတိယအကြိမ်)
၄၅။ ပညာလိုလျှင် ပျိုးမျစ်တယ်
၄၆။ စကားနှင်းပွင့်များ
၄၇။ လက်ဆင့်ကမ်းရတနာ
၄၈။ ပုလဲတစ်လုံး ရွှေတစ်လုံး
၄၉။ ထက်မြက်ထူးချွန်သူတို့၏ နှုတ်ထွက်စကားများ
၅၀။ ချေကြည်ချမ်းမြ
၅၁။ သမီးလိမ္မာ မရှစာ
၅၂။ ကြည်ညိုဖွယ်ရာ မာတာများ
၅၃။ ပုံသကူအတွေးများ
*၅၄။ ကုန်းဘောင်ကိုဆန်၍ (ဒုတိယအကြိမ်)
၅၅။ ကမ္ဘာအနှံ့ပတ်ကြမယ်
၅၆။ သားလိမ္မာလှ သုဝဏ္ဏ
*၅၇။ ပုံပြင်ကြိုက်သူ ဝင်စားသူ
၅၈။ ဇိဝကနှင့် ကိုယ်ပိုင်ဂုဏ် (ဘဘဦးသုခနှင့်တွဲ၍)
*၅၉။ မင်းဆယ်ပါးရာဇဝင်
*၆၀။ လူစွမ်းကောင်းများ
*၆၁။ လှိုင်နှင့်ကနောင် (ရာဇဝင်ပုံရိပ်များ) ဒုတိယအကြိမ်
၆၂။ သံယောဇဉ်ရှုပ်သွင်များ
*၆၃။ ဇာတ်တော်လာဆင်များ
၆၄။ နိုင်ငံနှစ်ဆယ် မြို့နှစ်ဆယ်
၆၅။ ဇာတ်လိုက်
*၆၆။ မဟောသ သုခမိန်၏ ဖြတ်ထုံးများ (ပတွဲ)
၆၇။ မနောမယ အတွေးများ
*၆၈။ အာရှနိုင်ငံများကို ဖွဲ့ယူသိမ်းယူခဲ့ကြသည့် နယ်ချဲ့များ
*၆၉။ အောင်ရာအောင်ကြောင်း ကောင်းသည့်စကားများ
*၆၀။ မင်းယောကျ်ားတို့ရဲ့ စကားရာဇဝင် (ဒုတိယအကြိမ်)
၆၁။ ရှင်ခြင်းနှင့်သေခြင်းကြားမှ ကျွန်မတို့တစ်တွေ
၆၂။ သပြေညိုအောင်ပန်း ကမ်းလိုက်ပါတယ်
*၆၃။ ရေနံစွမ်းအင် ပထမကမ္ဘာစစ်တွင်းသို့ ဝင်ခဲ့ပြီ
*၆၄။ မိမိကိုယ်ကို သတ်သေသူများ
*၆၅။ အားပါတဲ့ စေတနာစကားများ
*၆၆။ သစ်ပင်စိမ့်စမ်း ချစ်စမ်းစေချင်
၆၇။ လုပချင်ရင် စိတ်ကိုလည်းပြင် ရုပ်လည်းပြင်ပါ
၆၈။ ဘယ်လိုလုပ်ရပါ့
၆၉။ ချစ်ပန်းပုံတင်

၇၁။ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးခြင်း
၇၂။ ကိုယ်တွေ့နဲ့နော ပြောချင်တဲ့အကြောင်းကလေးတွေ
*၇၃။ ချစ်သူမုန်းသူများသည့် ကျော်ကြားသူများ
၇၄။ အတွေးမှန်ကူကွက်များ
၇၅။ နေခြင်း သေခြင်းနှင့် လွတ်မြောက်ခြင်း
၇၆။ မင်္ဂလာဆိုသည်မှာ ကောင်းမှုကိုမျိုးထောင်ခြင်း
*၇၇။ အထွတ်အထိပ်သို့ လမ်းရိုးမှတက်ခြင်း
၇၈။ ကုမုဒြာ အားပါပါပွင့်သလိုပ
*၇၉။ လူကြီးနဲ့ကလေးကြား စကားဘယ်လိုပြောကြမယ်
*၈၀။ စစ်မီးမငြိမ်း မြက်မစိမ်းနိုင်သည့်မြေ
*၈၁။ ၂၀၀၆ ခုအတွင်းမှ နိုင်ငံတကာထူးခြားဖြစ်စဉ်များ
*၈၂။ ကမ္ဘာ့ရာဇဝင်ထဲမှ ထူးခြားသူများ
၈၃။ ခေတ်ဦးမြန်မာ့ရာဇဝင်ကို ဖန်ဆင်းသူများ
၈၄။ သောကကင်းစင် ပျော်ရွှင်ချမ်းသာ
*၅။ အဖေကြီးဦးတင်ရဲ့ မေတ္တာရနံ့သင်းပျံ့တဲ့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ (နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ အမြီးအပိုင် လှူထားသောစာအုပ်)
*၈၆။ မြတ်ဗုဒ္ဓသာသနာ ကြည်စင်ပွင့်လင်းစွာ
*၈၇။ ပျော်ရွှင် အောင်မြင် လုပ်ငန်းခွင်မှာ
*၈၈။ နိုင်ငံတကာစစ်မီးလျှံများ၏ သမိုင်းအစ (စတုတ္ထအကြိမ်)
*၈၉။ ပညာလည်းရ ပျော်ရွှင်ကြမည့် ဇာတ်တော်များ
*၉၀။ မျိုးစေ့ကလေးမှသည် ဝေဆာစည်ပင်သောသစ်ပင်ကြီးသို့
*၉၁။ မေတ္တာပေါင်းကူး မေတ္တာဥယျာဉ်မှူးများ
*၉၂။ ပုဂံမှ သာသနာ့ဒါယကာကြီးများနှင့် သာသနိက အဆောက် အအုံများ (အင်္ဂလိပ်ဘာသာဖြင့် ထွက်ပြီး)
*၉၃။ အဖေနဲ့ အမေ (ဒုတိယအကြိမ်)
*၉၄။ ဆရာကိုချစ်လျှင် စာကိုချစ်သည် (ဒုတိယအကြိမ်)
*၉၅။ ဗုဒ္ဓခေတ်မှ သူဋ္ဌေးကြီးများ
*၉၆။ ဗုဒ္ဓခေတ်မှ ကျော်ကြားသူအချို့၏ ကုသိုလ်အကုသိုလ် အကျိုးပေးများ
*၉၇။ မြတ်ဗုဒ္ဓဒေသနာ ရင်အေးနိုင်စေရာ
*၉၈။ လိမ္မာသောတိရစ္ဆာန်များအကြောင်း
*၉၉။ မိဂဿမွတာမြစ်ကမ်းပါးမှ အဆိပ်သွေးကိုဆေးကြောခြင်း
*၁၀၀။ ရုရှားတွင် ပညာသင်ယူခဲ့စဉ်က
*၁၀၁။ အဖိုးတန်ရတနာများကို မေတ္တာဖြင့်ဝေငှခြင်း
*၁၀၂။ ကျေးဇူးတင်ပါတယ် ဖေဖေ၊ ကျေးဇူးတင်ပါတယ်မေမေ
*၁၀၃။ ကောင်းနေတဲ့ကံကို မဆိုးပါစေနဲ့
*၁၀၄။ ဦးဆောင်သူနှင့် အသိပညာ အလိမ္မာစွမ်းအား

www.burmeseclassic.com